
www.burmeseclassic.com

# ထုဂ်မြသိန်း

## ငြိုးသမားနှင့်ကြမ္မာ



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

စီစဉ်သူ.... မောင်တင်ဒွေး

မျက်နှာဖုံးပန်းချီ.... ဝဏ္ဏဟန်

အုပ်ရေ.... (၃၀၀)

တန်ဖိုး.... ၁၇၀/-

ဒုတိယအကြိမ်

၁၉၉၉ - ခုနှစ်

BURMESE CLASSIC

ကျော်မြသန်း

# ကြိုးသမားနှင့်ကြမ္မာ

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ်- ၂၆၉/၉၉/(၆)
မျက်နှာဖုံးခွင့်ပြုချက်အမှတ်- ၄၄၀/၉၉/(၇)

**ထုတ်ဝေသူ-** ဒေါ်မြမြ (၀၁၆၆၃)
စိုးတော်စာပေ၊
ဖဆပလ၊ တိုက်(ဂ)၊
အခန်း(၆)၊ ရန်ကုန်မြို့၊

**မှုံနှိပ်သူ-** ဒေါ်တင်ရွှေ (၀၁၄၄၀-မြ)၊
အောင်ချမ်းသာပုံနှိပ်တိုက်၊
အမှတ်(၂၄)၊ ၉၃ လမ်း
ကန်တော်ကလေး၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။

**မျက်နှာဖုံး-** ဒေါ်ခင်သန်း(၀၂၆၇၂)
နဝရတ်ပုံနှိပ်တိုက်၊
၁၀၊သင်္ဂဟလမ်း၊
ကျောက်မြောင်း၊တာမွေ၊
ရန်ကုန်မြို့၊

# ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး ..... ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ..... ဒို့အရေး
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏
ပဓာနကျသော တာဝန်ဖြစ်သည်။

---

# ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

www.burmeseclassic.com

www.burmeseclassic.com

ကျော်မြသန်း

# ကြိုးသမားနှင့်ကြမ္မာ

www.burmeseclassic.com

www.burmeseclassic.com

ဤစာအုပ်နှင့်ပတ်သက်၍....

'ကြိုးသမားနှင့်ကြမ္မာ' အမည်ပေးထားသည့် ဤစာအုပ်မှာ ဝတ္ထုလတ်နှစ်ပုဒ်ကို တွဲ၍ဖြစ်စေ၊ ခွဲ၍ဖြစ်စေ သွက်သွက်လက်လက်ဖတ်ရှုရန်ရေးဖွဲ့ထားသည့် ထောင်ဇာတ်လမ်းဖြစ်ပါသည်။

ဇာတ်လမ်းအနေနှင့် နှစ်မျိုးခွဲစေကာမူ တစ်မျိုးတည်း၊ တစ်ပုဒ်တည်းအဖြစ် တွဲ၍လည်း ဖတ်ရှုနိုင်ပါသည်။

ထောင်ဝတ္ထုများမှာ အချစ်ဝတ္ထုများကဲ့သို့ မဟုတ်ဘဲ ဇာတ်လမ်းထက် အကြောင်းအရာကို ဇောင်းပေးရသည့်အပြင် ရသနှင့်သုတတွဲ၍ ရေးရသောကြောင့် အကြောင်းအရာအားဖြင့်လည်း ဆက်စပ်မှု ရှိနေပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤစာအုပ်တွင် ယခင်ခေတ် ထောင်အကြောင်းနှင့် ယခုခေတ် ရဲဘက်စခန်းအကြောင်းကို တွဲစပ်၍ ရေးသားထားပါသည်။

'ပြစ်မှုကြေးကို ချွေးနှင့်ဆပ်ရမည်' ဆိုသည့် ဆောင်ပုဒ်မှာ ဒုစရိုက်မှု ကျူးလွန်သူများကို နှိပ်စက်ညှဉ်းပန်းရေးသဘောမမူဘဲ ပြုပြင်ရေးကိုဦးတည်ချက်ထားပြီး အလဟဿ ဆုံးရှုံးနေသော လုပ်အားများကို နိုင်ငံတော်အတွက် အသုံးပြုရမည်ဟူသော ရည်မှန်းချက်ထားသည်မှာ ပဓာနဖြစ်ပါသည်။

ထိုသို့ အကျဉ်းသားများ၏ လုပ်အားကို အသုံးပြုရာတွင် ခေတ်အဆက်ဆက် ထောင်များတွင် မရရှိ၊ မခံစားခဲ့ရသော အခွင့်အရေးများကို အပြည့်အဝပေးထားမည်ကို တွေ့ရမည်ဖြစ်သလို လူကောင်းလူတော်များ ဖြစ်လာရေးအတွက် ပညာပေးရေးသဘောမူထား သည်များကိုလည်း တွေ့ရမည်ဖြစ်ပါသည်။

ဆောင်ဝတ္ထုရှည်နှစ်ပုဒ်ကို တစ်အုပ်အသွင် ပေါင်း၍ ထုတ်လုပ်ရသည်မှာအကြံအဖန်လုပ်ခြင်းမဟုတ်သလို ဝတ္ထုဟောင်းများလည်း မဟုတ်ဘဲ အသစ်စက်စက် ဝတ္ထုနှစ်ပုဒ်ဖြစ်ကြောင်းရိုးသားစွာဝန်ခံအပ်ပါသည်။



ဇာတ်လမ်း အားဖြည့်မှုများနှင့် ထောက်ကူ၍ အသိုင်းအဝိုင်းအခွဲ့အကားများဖြင့် စာချစ်သူများကို ဇာတ်လမ်းအရသာပေးရသည်ထက် မြူခန်း၊ ဒေါက်ခန်း ကွင်းကွင်းရှင်းရှင်း ဇာတ်လမ်းအရသာ ပေးလိုသည့် ဆန္ဒမှန်ဖြင့် ဇာတ်လမ်းနှစ်ပုဒ်ကို တစ်ပုဒ်အသွင် ဖန်တီးသွယ်လျှား ပေါင်းစည်း၍ ရသော်လည်း မပေါင်းစည်းတော့ဘဲ တစ်ပုဒ်စီ ခွဲခြား၍ တင်ပြထားပါသည်။

စာရေးသူ၏ စေတနာကို တုံ့ပြန် အသိအမှတ်ပြုသည့် သဘောမှ၍ ခွင့်လွှတ်မှုဖြင့် ဆက်လက်ဖတ်ရှုကြပါမည့်အကြောင်း ရိုးသားသောဝန်ခံချက်ဖြင့် ထပ်လောင်း၍ အနူးအညွတ် တောင်းပန်အပ်ပါသည်။

စာချစ်သူများ၏ မေတ္တာကို

ထာဝစဉ် ခံယူလျက်

ကျော်မြသန်း

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း ( ၁ )

## အခန်း ( ၁ )

ဒီဇင်ဘာလ(၁၂)ရက်။

ညဉ့်ခုနစ်နာရီသာသာခန့်။

မျက်နှာကြီးနီရဲပြီး ကွမ်းတမြုံ့မြုံ့ဝါးနေသည့် အသားဖြူဖြူ ရဲစာရေးကြီးမှာ သူ၏စားပွဲရှေ့ သမံတလင်းပေါ်တွင် ဆောင့်ဆောင့်လေးထိုင်နေကြသည့် ကောင်မလေး နှစ်ယောက်ကို မတ်တတ်ရပ်ခိုင်းလိုက်သည်။

တစ်ယောက်က အသက်နှစ်ဆယ်ကျော်ခန့်၊ တင်ယောက်မှာ အသက်နှစ်ဆယ် မပြည့်တတ်သေး။ နှစ်ယောက်စလုံး၏ မျက်နှာပေါ်တွင် ရှိနေသော အပေါစားမိတ်ကပ်နှင့် နှုတ်ခမ်းနီများမှာ ပျက်ပြယ်စပြုနေပြီ။ ကွက်တိကွက်ကြား အပ်နေသော မိတ်ကပ်များမှာ သူ၏မျက်နှာ အလှအပများကို လျော့ပြေစေသည်သို့ ရှိချေ၏။

www.burmeseclassic.com

www.burmeseclassic.com



ရဲစခန်းသို့ရောက်နေသည့်တိုင် ကောင်မလေးများ၏မျက်နှာပေါ်တွင် ကြောက်ရွံ့ဟန်၊ ထိတ်လန့်ဟန်၊ စိုးရွံ့ဟန်၊ အရိပ်လုံးဝမထင်။ ရောက်ဖူးနေကျနေရာကို ရောက်နေသည့်အလား တည်တည်ငြိမ်ငြိမ် ပြုံးပြုံးရယ်ရယ်ပင် ရှိနေကြသည်။

စာချုပ်ရေးနေသည့် ရဲစာရေးကြီးကိုပင် မျက်စပစ်ပြလိုက်၊ နှုတ်ခမ်းစူ၍ပြလိုက်၊ နှာခေါင်းရှုံ့ပြလိုက် လုပ်နေကြသည်။

'ကဲ...ဂန်းမတွေ နင်တို့နာမည်တွေပြော'

တစ်ယောက်က ပြောလိုက်သည်။

'အညို'

တစ်ယောက်က....

'အရီ'

ရဲစာရေးကြီး၏ ပြူးကျယ်သော မျက်လုံးနှစ်လုံးမှာ ပို၍ပြူးသွက်လာပြီး မျက်ခုံးနှစ်ဖက်မှာ အပေါ်သို့မြင့်တက်သွားသည်။

'တယ်...ငါထလုပ်လိုက်ရရင်တော့လား၊ နင်တို့အကောင်တွေကိုပြောတဲ့နာမည် မပြောနဲ့၊ နာမည် အပြည့်အစုံပြော'

'မအေးညီနဲ့ မလှရီပါ ဆရာကြီး'

အသက်နည်းနည်းကြီးဟန်ရှိသည့် ကောင်မလေးက သွက်သွက်ကလေး ဖြေလိုက်သည်။

ရဲစာရေးကြီးက နေရပ်လိပ်စာကို ဆက်မေးရင်း....



'နင်တို့ပါးစပ်ထဲတွေ့တာတွေ မပြောနဲ့နော်၊ နေရပ်လိပ်စာ အမှန်ကိုပြော၊ ငါနဲ့တွေ့သွားလိမ့်မယ်'

ဟု တစ်ဆက်တည်း သတိပေးလိုက်၏။

ရဲစာရေးကြီးက ရေးမှတ်စရာများ ရေးမှတ်ပြီးနောက်၊ အညိုနှင့်အရီတို့ကို ပန်းဘဲတန်းရဲစခန်းတွင် ချုပ်ထားရန် နေရာမရှိသဖြင့် ဗိုလ်တစ်ထောင် ရဲစခန်းသို့ပို့ရန် ရဲသား နှစ်ယောက်နှင့် အစီအစဉ်လုပ်ပေးပြီး ခါးညောင်းဆန့်လိုက်ရုံ ရှိသေး ရဲစခန်းထဲသို့ လူသုံးယောက် ဝင်လာသည်။ ဝင်လာသူသုံးယောက်အနက် အလယ်ခေါင်မှ လိုက်ပါလာသူမှာ ရဲစာရေးကြီးနှင့် ရင်းရင်းနှီးနှီးသိသူဖြစ်နေသောကြောင့် နီသောသွားများဖွင့်၍ ကြိုဆိုလိုက်၏။

'သူဌေးပါလား၊ ထိုင်ပါ...ထိုင်ပါ၊ ဘာကိစ္စများရှိလို့လဲ'

'ကျွန်တော့်သားလေး ကိစ္စပါ'

'ကဲ....ပြောပါဦး၊ ဘာများဖြစ်လို့လဲ၊ ကျွန်တော်တို့ ဘာအကူအညီပေးရမလဲ'

သူ့သားကိစ္စကို ပြောပြနေသည့် သူဌေးဆိုသူ၏အသံများမှာ တုန်ယင်နေသည်။

'ဒါဆို တာဝန်မှူးနဲ့တွေ့မှဖြစ်မယ်၊ ခဏလေးစောင့်ပါ၊ ထမင်းသွားစားနေလို့'

သူဌေးက နှစ်နှစ်မြိုမြိုမရှိသည့် အပြုံးဖြင့် ခေါင်းညိတ်လိုက်သည်။

....o....

www.burmeseclassic.com

## အခန်း ( ၂ )

### ဟာဂျီမှာမက်ဟူစိန်။

သူ၏ မြန်မာအမည်မှာ ဦးမောင်မောင်စိန်။

သူ့ငွေး ဦးမောင်မောင်စိန်ကို ပန်းဘဲတန်း ရဲစခန်းတွင် ရှိကြသည့် ရဲသားကအစ ရဲမှူးကြီးအထိ အားလုံးက တရင်းတနှီးသိကြသည်။ စမိုင်အစ်နှင့် ဘက္ကရီးအစ်နေ့ရောက်တိုင်း ဦးမောင်မောစိန်၏တိုက်ကို တစ်စခန်းလုံး ရောက်ခဲ့ကြသည်။

တစ်နှစ်နှစ်ကြိမ် ရောက်မြဲရှိခဲ့သမို့ ရဲစခန်းတစ်ခုလုံးမှာ ဦးမောင်မောင်စိန်နှင့် မျက်မှန်းတန်းမိနေကြသည်။

ဦးမောင်မောင်စိန်၏ စီးပွားရေးလုပ်ငန်းများမှာ ပန်းဘဲတန်း ရဲစခန်းအပိုင်တွင် ရှိနေရာ ဦးမောင်မောင်စိန်က လူရည်လည်သော စီးပွားရေးသမားပီပီ ပန်းဘဲတန်းရဲစခန်းရှိ



ရဲသားကအစ ရဲမှူးကြီးအထိ မျက်မှန်း တန်းမိနေအောင် ပေါင်းသင်းထားသည်။

ဦးမောင်မောင်စိန်က အိုင်၊စီ၊ အိုင် ဆိုးဆေး ကိုယ်စားလှယ်ကြီး ဖြစ်ရုံမက သိမ်ကြီးဈေးထဲရှိ နှစ်ခန်းတွဲအထည်ဆိုင်ကြီး တစ်ဆိုင်နှင့် ဆန်စက်တစ်လုံးကိုပါ ပိုင်ဆိုင်သူ ဖြစ်၏။ သင်းကုန်ထုတ်ကုန် လိုင်စင်များကို ဝယ်ရောင်းနေသူလည်း ဖြစ်၏။ မြေလတ်ပိုင်းမြို့ငယ်လေးတစ်မြို့မှာ ကျုလယာကုန်ဆေးဆိုင်ဖွင့်ပြီး ကြီးပွားခဲ့သူဖြစ်သည့်အလျောက် မြန်မာရည်အလည်လှန်နေသူ ဖြစ်၏။

သူ့မှာ သမီးမိန်းကလေးနှစ်ယောက်နှင့်သားယောကျ်ားလေး တစ်ယောက်သာ ရှိသည်။ ချုတ်တားတိုင်လို့ အများခေါ်ကြသည့် သူ၏သားအငယ်ဆုံးမှာ အသက် (၁၁) နှစ်ကျော်ရုံပဲရှိသေးသည်။ ဦးမောင်မောင်စိန်က အထွေးဆုံးသား ချုတ်အားတိုင်လေးကို နင့်နင့်ပိုးပိုး ချစ်သည်။ ကုလားလူမျိုးများမှာ သားသမီးကို ဘယ်လောက်ချစ်ချစ် အလွန်အကျွံ အလိုလိုက်လေ့ မရှိ။ စည်းနှင့်ကမ်းနှင့်ချစ်ကြသည်။ အလိုလိုက်ကြသည်။ မုန့်ဖိုးပေးသည်ကအစ စည်းကမ်းထားသည်။ သာသာထိုးထိုး ပိုပေးသည်ဟူ၍ မရှိ။

ငယ်ငယ်က စည်းကမ်းသေမှ ကြီးရင် စည်းကမ်းရှိကြသည်၊ အပိုးသေသည်။

ချုတ်တားတိုင်လေးက စက်ဘီးစီးရမည်ဆိုရင် အခြားဘာကိုမှမမက်၊ ကလေးစီးစက်ဘီးတစ်စီး ဝယ်ပေးဖို့ ခဏ ခဏ

www.burmeseclassic.com

www.burmeseclassic.com



ဗူဆာဒေသ၌လည်း ဦးမောင်မောင်စိန်က အမြဲတမ်း ခေါင်းခေါ်ခဲ့သည်။ သားဖြစ်သူကို စက်ဘီးသာမက မော်တော်ကားပင် ဝယ်ပေးနိုင်သည့် ဦးမောင်မောင်စိန်မှာ သားအပေါ်ချစ်သည့် မိဘအချစ်ကို ရင်ထဲမှာပဲထားသည်။

အလွှဲသုံးအလိုလိုက်နည်းမျိုးဖြင့် အလိုမလိုက်။

ချွတ်တားဘိုင်လေးက မုန့်ဖိုးကိုစုပြီး စက်ဘီးအငှားဆိုင်က စက်ဘီးအဟောင်းလေးကို ဦးမောင်မောင်စိန် အလစ်ငှားစီးပြီး သူ၏ချဉ်ခြင်းကို ဖြေသိမ့်ခဲ့ရသည်။

...၀...

**တာဝန်မှူးရဲ့အုပ်ဦးသိန်းစိုး။**

တာဝန်မှူးဦးသိန်းစိုး ရောက်လာသည်။ တရင်းတနှီးနှုတ်ဆက်သံများမှာသူတို့နှစ်ဦး၏ ပါးစပ်များမှ ပြိုင်တူလိုထွက်သွားကြသည်။

ဦးမောင်မောင်စိန်ကို သူ၏စားပွဲရှေ့သို့ ပြောင်းရွှေ့ထိုင်ခိုင်းပြီး အကျိုးအကြောင်းကို စတင်မေးမြန်းခဲ့၏။

‘ချွတ်တားဘိုင်လေးတို့ ကျောင်းဘယ်အချိန် ဆင်းသလဲ ဦးစိန်’

‘လေးနာရီပါ’



‘အိမ်က ကျောင်းကြိုဖို့ကား၊ ဘယ်အချိန် လွှတ်လိုက်ပါသလဲ’

‘ခါတိုင်းလိုပဲ သုံးနာရီခွဲရင် သွားကြိုပါတယ်’

‘ဒရိုင်ဘာက သူကျောင်းဆင်းလာတာကို မတွေ့ဘူးပေါ့’

‘ဟုတ်ပါတယ်’

‘ဒရိုင်ဘာက ဦးစိန်ကို ချက်ချင်းလာပြောသလား’

‘ဟုတ်ကဲ့၊ ပြောပါတယ်’

‘ဒီတော့’

‘ကျွန်တော်ကျောင်းကိုလိုက်သွားပါတယ်၊ သူ့အတန်းပိုင်ဆရာကိုမတွေ့တာနဲ့ဆရာ့အိမ်ကို လိုက်သွားပါတယ်၊ ဆရာက မနက်ပိုင်းကျောင်းလာတာကိုတော့ ပြောနိုင်ပါတယ်၊ မုန့်စားဆင်းပြီးမှ ကျောင်းပြန်တက်မတက် ဆိုတာတော့ သူအဖြစ်သွားနေရလို့ သတိမထားမိဘူးလို့ ပြောပါတယ်’

‘သူ့လွယ်အိတ်ကရောကော’

‘အဲဒါတော့ မကြည့်မိသေးပါဘူး’

‘ကလေးကို နေ့စဉ်ကားနဲ့ပို့ ကားနဲ့ကြိုတယ်ပေါ့’

‘ဟုတ်ပါတယ်’

‘ကားက ဘာကားလဲ’

‘ဖိုးယက်ကားပါ’

‘ဒါနဲ့ ဦးစိန်တို့ လိုက်ရှာကြတယ်ပေါ့’

‘ကားသုံးစီးနဲ့ တစ်မြို့လုံးအနှံ့ပါပဲ’

‘အရင်ကကော ဒီလိုသွားဖူးသလား’

www.burmeseclassic.com

www.burmeseclassic.com

'တစ်ခါမှ မသွားဖူးပါဘူး၊ အိမ်ရောက်ပြီးမှကစားတာ လောက်ပဲ ရှိပါတယ်'

'ဦးစိန်ရဲ့ ထင်မြင်ချက်ကကော'

'ကျွန်တော်ဘယ်လိုမှ မထင်တတ်အောင် ဖြစ်နေပါတယ်'

'ကလေးမှာရွှေတွေဘာတွေဝတ်ထားတာကောရှိသလား'

'လက်စွပ်တစ်ကွင်းနဲ့ လည်ပင်းမှာဆွဲပေးထားတဲ့ ရွှေသီး လေးတစ်ခုရှိပါတယ်'

'ဘယ်လောက်သားလောက်ရှိမလဲ'

'သုံးမတ်သားပါ'

'ဦးစိန်ရဲ့ဒရိုင်ဘာက ဦးစိန်ဆီမှာ အလုပ်လုပ်တာ ဘယ် လောက်ကြာပြီလဲ'

'ခြောက်နှစ်လောက်ရှိပါပြီ'

'စိတ်ချရတဲ့ ဒရိုင်ဘာ တစ်ယောက်ပေါ့နော်'

'ဟုတ်ကဲ့၊ စိတ်ချရပါတယ် ရိုးလဲရိုးသားပါတယ်'

'ကျွန်တော်ကြိုးစားပါမယ်၊တစ်စုံတစ်ရာအကြောင်းထူး ရင် ကျွန်တော့်ဆီချက်ချင်းအကြောင်းကြားစေချင်ပါတယ်'

'ဟုတ်ကဲ့၊ စိတ်ချပါ ဦးသိန်းမိုး'

ရဲစာရေးကြီးက ပထမသတင်းပေးတိုင်ချက်ရေးမှတ်လိုက် သည်။

ကလေးပျောက်မှု။

ဦးသိန်းစိုးမှာ ရဲလုပ်သက်ငါးနှစ်ကျော် ရှိလာပြီဖြစ်သည့် အလျောက် အမှုလိုက်ကျွမ်းကျင်သည်။ သူကိုင်ရသည့် အမှု တိုင်းကို ပေါ့ပေါ့တန်တန် သဘောမထားဘဲ အလေးအနက်



ပြီး လိုက်တတ်သည်။လူဆိုးတို့၏အထာကိုလည်းခံနှာကြေ သူ ဖြစ်သည်။

သူ့စိတ်ထဲကတော့ ဆင်လိုက်သည်။ပြန်ပေးမှုများဖြစ်နေ ားလို့။

လူဆိုးထိန်းများကို အပိုင်တွင်းရှိ ရာဇဝင်လူဆိုးများ၏ အနေနှင့် လှုပ်ရှားမှုအနေအထားကို ခါတိုင်းထက် ကြည့်ဖို့ တာဝန်ပေးလိုက်၏။

ဦးသိန်းစိုးမှာမူ မည်သို့မှမလှုပ်ရှားသေး၊ကုလားထိုင်ပေါ် ခြူးတစ်လိပ်နှင့် နှပ်နေသည်။ သူ၏အမှုအရာမှာ [illegible] ဆေးဆေး၊ စောစောကအကြောင်းကို သူ့ခေါင်းထဲမှ ယ်ထုတ်ထားလိုက်သည်။

များအပေါ် တချို့သောအမှုသည်များ၊မကျေမနပ်ဖြစ် သည်မှာ ကျသည်ကြောင့်။

အမှုသည်တို့၏အမြင်မှာ မှုခင်းတစ်ခုဖြစ်လာ၍ သွား ကဝုန်းဝုန်းဒိုင်းဒိုင်းထလုပ်စေချင်ကြသည်။ရဲက ဘာမှမလုပ်ဘဲ ဦးသိန်းစိုးတို့လို အမှုအရာမျိုးကို မြင် နပ်ကြ၊အေးဝက်စက်လုပ်သည်ဟုမြင်ကြသည်။ ရ ပြောတတ်ကြသည်။

တွေကတော့ကွာ ရေခဲတုံးပါပဲ၊ပေါ့တီးပေါ့ဆနဲ့ အမှု လိုက်ဖို့မှ စိတ်ဝင်စားရဲ့လားမသိပါဘူးကွာ' သို့ ပြောတတ်ဆိုတတ်ကြသည်။

ပိုင်နိုင်းကမှုခင်းတစ်ခုဖြစ်လာလျှင်မှုခင်းဖြစ်အကြောင်း ချင့်ရမည်။ အစကိုရှာရမည်။ယင်းအမှုကို ဘယ်

www.burmeseclassic.com

www.burmeseclassic.com



လိုက်ရမည်ကို စဉ်းစားရမည်။ အမှုဂွင်အနေအထားအရ ပ
သက်နိုင်သူထဲက ဘယ်သူ့ကိုစကိုင်ရမည်။ဘယ်ပုံစံနှင့် ကို
မည်ကို အချိန်ယူ ဉာဏ်ကွန့်ရသည်။ ပြီးမှ အမှုဂွင်နောက်လို
ရသည်။

ဦးသိန်းစိုးက ခြူးဆေးလိပ်တစ်လိပ် ကုန်လုနီးပါးရှိကာ
သူ့ခေါင်းထဲမှအစီအစဉ်များကို သူ၏နှေ့စဉ် မှတ်တမ်းထဲ
ရေးမှတ်လိုက်သည်။

သူပထမဆုံး ကိုင်တွယ်ရမည့်လူမှာ ဦးဓမ္မစင်မောင်စိ
ဒရိုင်ဘာ။

...ဝ...

## အခန်း (၃)

### ဒရိုင်ဘာခင်မောင်

ဒရိုင်ဘာ ခင်မောင်မှာ မြန်မာမှုအလင်ကပြား၊ ပုသိမ်
သွန့်ရပ်ကွက်မှာနေသည်။

အရပ်အနေတော်၊ ပိန်ပိန်၊ အသားမည်းသည်။ကောက်
နေသောဆံပင်ကို ပိပိပြားပြား၊ သပ်သပ်ရပ်ရပ်ဖြီးသင်ထား
သည်။ ဒရိုင်ဘာဆိုသည့်အတိုင်း လူရည်လည်ပုံ ရသည်။

ဦးသိန်းစိုးက သူ့စားပွဲရှေ့တွင်ထိုင်နေသည့် ခင်မောင်ကို
ဘာမှမမေးသေးဘဲ ခင်မောင်မျက်လုံးလှုပ်ရှားနေပုံ အနေ
အထားကို ခြူးဆေးလိပ်ကထွက်နေသည့်မီးခိုးများကြားထဲမှ
သေိမသာ လေ့လာအကဲခတ်နေသည်။ လူကိုအကဲခတ်ပြီးမှ
သိုင်စင်ကို တောင်းယူကြည့်ပြီး ခေတ်ပုံကိုပါ စူးစမ်းလေ့လာ
ကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဦးသိန်းစိုးနှုတ်ဖျားမှ စတင်ထွက်လာသည့် မေးခွန်းမှာ မေးရိုးမေးစဉ် မေးခွန်းမျိုး မဟုတ်ဘဲ အမှတ်မထင်မေးခွန်း ဖြင့် စလိုက်သည်။

'ကိုခင်မောင်ရှဲမိတ်ဆွေတွေထဲမှာထောင်ကျဖူးတဲ့အပေါင်း အသင်း ဘယ်နှစ်ယောက်ရှိသလဲ'

ကိုခင်မောင်က ရှုတ်တရက်မဖြေဘဲဦးသိန်းစိုးကို ကြော ကြည့်နေသည်။

'ဥပမာဗျာ၊ ကားတိုက်မှုနဲ့ ထောင်ကျဖူးတဲ့ အပေါင်း အသင်းဆိုပါတော့၊ ဘယ်နှစ်ယောက်လောက်ရှိသလဲ'

သည်တော့မှ ကိုခင်မောင် လှုပ်ရှားလာသည်။

'လေးငါးခြောက်ယောက်တော့ ရှိတယ်ဆရာ'

'ဒီ့ပြင်အမှုနဲ့ ကျတဲ့လူတွေကောဗျာ'

'သုံးလေးယောက် ရှိပါတယ်'

'ဆိုစမ်းပါဦး၊ ဘယ်လိုအမှုမျိုးတွေလဲ'

'မူးရမ်းပြီး၊ ရန်ဖြစ်ဘာတို့ ဘာတို့ပါပဲဆရာ'

'ရာဇဝတ်မှုကြီးတွေ ဘာတွေနဲ့ ကျတဲ့လူကော'

ကိုခင်မောင်က ခဏစဉ်းစားပြီးမှ အဖြေပေးလိုက်သည်

'နှစ်ယောက်ရှိပါတယ်ဆရာ'

'ဘာမှုနဲ့လဲ'

'တစ်ယောက်က လုယက်မှု၊ တစ်ယောက်ကလူသတ်မှုပါ'

'သူတို့ရဲ့လိပ်စာလေးတွေသိရင် ကူညီပါဦး'

ကိုခင်မောင်ပြောသည့် လိပ်စာများကို ဦးသိန်းစိုးက ရေ မှတ်ယူလိုက်သည်။



'ခင်ဗျားမှာ အိမ်ထောင်ဘယ်နှစ်ဆက် ရှိသလဲ'

'တစ်ဆက်ပါပဲ ဆရာ'

'ဦးမောင်မောင်စိန်ဆီမှာ အလုပ်မလုပ်ခင် ဘယ်မှာလုပ်ခဲ့ သလဲ'

'ကျွန်တော် လိုင်းကားမောင်းခဲ့ပါတယ်'

'ဘယ်လိုင်းတွေမှာ မောင်းဖူးသလဲ'

'တစ်လိုင်းနဲ့ တစ်ဆယ်လိုင်းမှာပါ'

'ခင်ဗျားအရင် ဦးမောင်မောင်စိန်ဆီမှာ ကားမောင်း တာ ဘယ်သူလဲ'

'ဆာဟာစ်ဆိုတဲ့ လူပါ'

'ခု သူက'

'အဲဒါတော့ ကျွန်တော် မသိဘူး ဆရာ'

'ခင်ဗျား သူ့ဇနီးနဲ့ကော အဆင်ပြေရဲ့လား'

'ပြေပါတယ်ဆရာ၊ ကျွန်တော့် အပေါ်မှာလဲ ကောင်း ပါတယ်'

'ကောင်လေးကရော ခင်ဗျားပေါ် ခင်ရဲ့လား'

'သိပ်ခင်ပါတယ်ဆရာ၊ ကောင်လေးက လူကြီးကောနား ထောင်တဲ့ ကောင်လေးပါ၊ ကျွန်တော်တို့ရဲ့ ရန်ဇမ်ဥပုသ် တစ်လလုံးမှာ ဥပုသ်တစ်လုံးမှမပျက်အောင်စောင့်တဲ့ ကောင် လေးပါ'

'ခင်ဗျား ဆာဟာစ်အကြောင်း စုံစမ်းပြီး ကျွန်တော်တို့ကို အကူအညီ ပေးပါ'

'စိတ်ချပါဆရာ'

www.burmeseclassic.com

www.burmeseclassic.com



ဦးသိန်းစိုးက ခင်မောင်ကိုစစ်ဆေးရင်း သူ့အပေါ် နည်းအမျိုးမျိုးနှင့် စူးစမ်းအကဲခတ်ခဲ့၏။

ရဲလုပ်ငန်းတွင် လူတိုင်းကို ဖြစ်မှုကျူးလွန်သူ ဖြစ်လိမ့်မည်ဟု အကဲမဖြတ်ရသလို လူတိုင်းသည်လည်း ရိုးသား၍ ဖြစ်မှုကျူးလွန်သူမဟုတ်နိုင်ဟု အကဲမဖြတ်ရပေ။

ဖြစ်မှုဟူသည် ကျူးလွန်နေကျ လူဆိုးမဟုတ်သူများကလည်း ကျူးလွန်တတ်သည်ကို အစဉ် သတိပြုနေရမည်ဖြစ်ပေသည်။

ယခု အမှုသည်....

ပြန်ပေးမှုလား။

ကလေးကို အဝေးခေါ်သွားပြီး ပစ္စည်း ဖြုတ်ယူလိုက်သည့် အမှုလားဆိုသည်ကို ယတိပြတ် မဆုံးဖြတ်နိုင်သေးပေ။

ဦးသိန်းစိုးကတော့ ဒုတိယအမှုမျိုးဖြစ်ပါစေဟုဆုတောင်းလိုက်သည်။

....o....

အခန်း ( ၄ )

---

ဦးမောင်မောင်စိန်၏ တိုက်။

ဦးမောင်မောင်စိန်၏တိုက်မှာ မဂိုလမ်း(ခေါ်)ရွှေဘုံသာလမ်းထဲတွင်ရှိသည်။ သူဌေးတိုက်ဟု ပြောစရာမလိုအောင် သူပိုင် သုံးထပ်တိုက်ကြီးမှာ ခန့်ခန့်ထည်ထည် ရှိသည်။ အိမ်တွင်းပစ္စည်းများကတော့ ပြောဖွယ်ရာမလို။ ကောင်းပေ့ ညွှန့်ပေ့ အဖိုးတန် အကောင်းစား ပစ္စည်းတွေချည်း။

တစ်တိုက်လုံး တိတ်ဆိတ် ငြိမ်သက်နေသည်။ ရေဒီယိုဖွင့်သံတို့၊ စကားပြောသံတို့ လုံးဝ မကြားရ။ အခ်ချက်တစ်ချက် ထွက်လာသည့် အသံမှာ ဖဒေါ်ဗာဘမာတီဘီခေါ် ဒေါ်ဘီဘီ၏ ရှိုက်သံသဲ့သဲ့သာ။

ဦးမောင်မောင်စိန်မှာ ပယင်းမှတ်ကလေးကို ခိုင်ရင်းတိုက်ပေါ်တွင် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေ

www.burmeseclassic.com

www.burmeseclassic.com



သည်။ တမန်တော်မိုဟာမက်ထံ သားဖြစ်သူအတွက်ဆုတောင်း ပတ္တနာ ပြုနေဟန်ရှိသည်။

သူ၏လူများမှာမူ ကားနှစ်စီးနှင့် အင်းစိန်၊ ထောက်ကြံ့၊ မှော်ဘီဘက်အထိ ရှာဖွေရေးကို ဆက်လုပ်နေကြသည်။ ကားတစ်စီးမှာ ရန်ကုန်မြို့ထဲသို့ လှည့်နေဆဲ။

တစ်အိမ်သားလုံး မည်သူမှ ထမင်းစားဖို့ သတိမရကြ။

ဦးမောင်မောင်စိန်၏ မျက်လုံးများမှာ လမ်းအက်သို့သာ ရောက်နေသည်။ ထိုနေ့ညဥ့်သန်းခေါင်ယံမတိုင်မီ သူ့သားလေး ပြန်ရောက်လာလိမ့်မည်ဟု မျှော်တလင့်လင့်ရှိနေသည်။

....၀....

## ကုလားလေးတစ်ယောက်နှင့် စာတစ်စောင်

အောက်ထပ် ဘာဂျာတံခါးမှ လူခေါ်ခေါင်းလောင်းသံ မြည်လာသည်။ အပေါ်ထပ်မှ ဖွင့်လိုက်သော မီးပွင့်၏အလင်း ရောင်မှာတံခါးနားဥ္ဘရပ်နေသူကိုထင်ထင်ရှားရှားမြင်ရသည်။

စာရွက်ခေါက်ကလေးတစ်ခုကို ထောင်ပြနေသည့် ကုလားလေးတစ်ယောက်။

ဦးမောင်မောင်စိန်ကိုယ်တိုင် အောက်ဆင်းသွားပြီး မေးလိုက်သည့်အခါ လူတစ်ယောက် လမ်းထိပ်ကနေ သူ့ကို မုန့်



ဖိုးနှစ်ကျပ်ပေးပြီး ဘာရုးဆပ်အိမ်ကို စာတစ်စောင်ပေးခိုင်း ကြောင်း ကုလားလေးက အဖြေပေးသည်။

စာပေးသွားသူနှင့် သိမသိ၊ မေးသည့်အခါ ကုလားလေးက ခေါင်းခါသည်။ သူ့ကိုစာပေးခိုင်းပြီး ၎င်းပေးခိုင်းသူမှာ သိမ်ကြီးဈေးဘက် ထွက်သွားကြောင်းကိုပါ တစ်ဆက်တည်း အဖြေပေးလာသည်။

ဦးမောင်မောင်စိန်က....

စာရွက်ခေါက်ကလေးကို ကမန်းကတန်း ဖြန့်ကြည့်လိုက် သော်လည်း စာလုံးများကို သဲကွဲစွာမမြင်ရ၊ စိတ်စောနေသမို့ စာရွက်ခေါက်လေးကို ဖြန့်လိုက်ခြင်းဖြစ်ရာ မျက်မှန်အကူအညီ မပါဘဲ သူ၏မျက်လုံးများက စာလုံးများကိုမြင်နိုင်စွမ်းမရှိပါ ရှလေ။ မျက်မှန်ပါသည့်တိုင် ကဘောက်တိ ကဘောက်ချာ လက်ရေးကို သူ ကောင်းကောင်းမဖတ်တတ်။ သူ၏စိတ်များ မှာ အလွန်အကြူး လှုပ်ရှားနေပြီ။

ကမန်းကတန်း တိုက်ပေါ်ပြန်တက်ပြီး သမီးအကြီးဖြစ်သူ ထံ စာရွက်ကို အပ်လိုက်ရသည်။

မိသားစုအားလုံး ငြိမ်နေကြသည်။ မျက်တောင်မှခတ်မိပါ လေစ၊ အသက်မှရှူမိပါလေစလို့ ထင်ရလောက်အောင်ပင် ငြိမ်ငြိမ်သက်သက် ရှိနေကြသည်။

ပြန်ပေးဆွဲသူများထံမှ ပို့လိုက်သည့်စာ။

လက်ရေးက ကဘောက်တိကဘောက်ချာ၊ သတ်ပုံက ကိုး ရိုးကားရား၊ လူဆိုးများတောင်းသည့်ငွေမှာ ငါးသောင်း (၅၀၀၀၀ိ)။

www.burmeseclassic.com

www.burmeseclassic.com



ရဲကိုမတိုင်ဖို့နှင့် ငွေကို ဘယ်ပုံဘယ်နည်း လာပေးရမည်။ ဘယ်နေရာတွင် ပေးရမည့်ဆိုသည့် နေရာ လမ်းညွှန်ချက်ပါ ပါလာသည်။

အချိန်သုံးရက်ပေးမည်၊ သုံးရက်အတွင်း သူတို့လက်ထဲ ငွေမရောက်လျှင် ချွတ်တားဘိုင်အလောင်း ဘယ်နေရာမှာလာယူရမည်ကိုပါ ရေးလိုက်သည်။

ပြန်ပေးသမားတို့၏ထုံးစံအတိုင်း ခြိမ်းခြောက်သံအပြည့်လွှမ်းထင်နေသည့်စာ၊ ပေးစာ၏အဓိပ္ပာယ်ဖွင့်ဆိုချက်ကို တွေ့လိုက်ရသည့်အခါ တစ်အိမ်သားလုံး တစ်ယောက်မျက်နှာတစ်ယောက် လှမ်းကြည့်လိုက်မိကြသည်။ မည်သူ့ထံကမှ အသံထွက်မလာ၊ အသက်ရှူသံများ ပြင်းလာသည်ဟု ထင်ပါ။ တစ်ယောက်အသက်ရှူသံကို တစ်ယောက်က ပြန်ကြားနေသည်။

ငွေငါးသောင်း။

လူဆိုးများ တောင်းဆိုလိုက်သည့်ငွေငါးသောင်းမှာ သူတို့အတွက် ဘယ်လိုမှအခက်အခဲမရှိ။ သူတို့ ချမ်းသာသည့် ငွေကြေးပမာဏနှင့် တိုင်းဆကြည့်လျှင် လူဆိုးများ တောင်းဆိုသည့်ငွေငါးသောင်းမှာ နည်းပင်နည်းသေးသည်ဟုဆိုရမည်။ သူတို့ အလွယ်တကူပေးနိုင်သည့် ငွေကြေး ပမာဏဖြစ်သော်လည်း သားဖြစ်သူ လှမမယ်လေး လူဆိုးများလက်တွင်းသို့ ကျရောက်နေပြီဟု သိလိုက်ရသည်နှင့် သူတို့ရင်ထဲမှာ တင်းကျပ် ဆို့နှင့်သွားကြသည်။



ပထမဆုံးစကားပြောလိုက်သူမှာဦးမောင်မောင်စိန်။

'ငါရဲစခန်းသွားပြီး အကြောင်းကြားလိုက်ဦးမယ်၊ စာကိုလဲ ရဲစခန်းကို အပ်လိုက်မယ်'

ပါးပေါ်သို့ စီးကျနေသည့် မျက်ရည်များကို မသုတ်နိုင်ဘဲ သွက်သွက်ကြီး ခေါင်းခါလိုက်သူမှာ ဒေါ်ဘိဘိ။

'စာထဲမှာရဲကိုအကြောင်းမကြားရဆိုဘာပါနေပြီးအကယ်၍များရဲကိုအကြောင်းကြားလိုက်လျှင် သားလေးကို အသက်ရှင်လျက်တွေ့ရပါ့မလား၊ ငွေငါးသောင်းမှာ သူတို့အတွက် ဘာမှ အပန်းမကြီး၊ သားကိုအသက်ရှင်လျက် တွေ့ရဖို့သာ အရေးကြီးသည်။ ဒီတော့ ရဲကိုအကြောင်းမကြားဘဲ ငွေငါးသောင်း လူဆိုးများကိုပေးလိုက်ရင်'

မိန်းမတွေး၊မိန်းမတွက်တွေးပြီးသည်လိုပဲတွက်လိုက်သည်။ ဦးမောင်မောင်စိန် ကိုယ်တိုင်ကလည်း ငွေငါးသောင်းထက် သူ့သား ပြန်မတွေ့ရမည်ကို ပူလာသည်။ငွေအစား ရှာဖို့ကလွယ်သည်။ သားအစား ရှာဖို့ကမလွယ်။ ရဲတိုင်လိုက်လို့ ခြေချော်လက်ချော် ဖြစ်သွားရင်....

သည်သို့သောအတွေးစဉ်ကို အခြေခံသည့် သူတို့မိသားစု ဆွေးနွေးပွဲဝိုင်းတွင် တစ်ညီတစ်ညွတ်တည်းသာ ဆုံးဖြတ်ချက်ချလိုက်ကြသည်။

ငွေတောင်းသည့်စာနှင့် ပတ်သက်၍ ရဲကိုအသိမပေးဘဲ လူဆိုးများတောင်းသည့်ငွေကိုပေးပြီး သားကို ရွေးယူမည်ဟူ၍....

....o....

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၅ )

### ကျောင်းအုပ်ဆရာဦးရဲထွန်း

စိန့်ဂျွန်းကျောင်းမှချတ်ဘားဘိုင်လေး၏ အတန်းပိုင်ဆရာ။ အလုံ ဆရာမှတ်ကြီးလမ်းတွင် နေသည်။ ဆရာဦးရဲထွင်မှာ သူ့အတန်းမှ ကလေးများအားလုံး၏ ရုပ်ပုံသဏ္ဌာန်ကို တစ်ယောက်ချင်း ခွဲခြား၍ ပီပီပြင်ပြင် ပြောနိုင်သလို သူတို့စရိုက်ကိုလည်း အကုန်လုံးသိအောင် လေ့လာမှုပြည့်စုံသူဖြစ်သည်။ တစ်ဦးချင်း၏ အမူအကျင့်အနေအထိုင်နှင့် သူတို့လေးများ၏ ဝါသနာကို အကုန်လုံး လေ့လာထားရုံမက ဘယ်သူနှင့် ဘယ်သူကတွဲဖော်။ ဘယ်သူနှင့်ဘယ်သူကအခင်ဆုံး ဆိုသည် များကိုလည်း ပြောနိုင်သည်။

ထိုနေ့က ချတ်တားဘိုင်လေး မနက်ဘက်အတန်းထဲတွင် ရှိနေသည်ကို အသေအချာမှတ်ထားမိသည်။ သင်္ချာပုစ္ဆာအတွက်အမှက်ဘယ်လောက်ပေးခဲ့သည်ကိုပင် မှတ်မိနေသည်။



နေ့လယ်ဘက် မုန့်စားလွှတ်ချိန်တွင် ဆရာကြီး ခိုင်းလိုက်သော ပြင်ပကိစ္စတစ်ခုအတွက် သွားနေခဲ့ရာမှ ကျောင်းသို့ ပြန်ရောက်ချိန် နောက်ကျခဲ့သောကြောင့် ချတ်ဘားဘိုင်လေး မရှိကို သတိမထားလိုက်မိပေ။

ဆရာဦးရဲထွန်း ကျောင်းသို့ ပြန်ရောက်လာသည့် အချိန်မှာ ကျောင်းလွှတ်ဖို့ နာရီဝက် ခန့်အလိုတွင် ဖြစ်၏။

ရဲအုပ် ဦးသိန်းစိုး ဆရာဦးရဲထွန်းထံသို့ရောက်သည့်အချိန်မှာ ...နာရီခွဲပြီးစ။

ချတ်တားဘိုင်လေးနှင့် တပူးတွဲတွဲနေတတ်သည့်ကျောင်း ...ားအမည်နှင့် လိပ်စာကိုဘောင်းယူပြီး မနက်ကျောင်းဘက် ...၊ ထိုကျောင်းသားလေးများနှင့် တွေ့ဆုံမေးသည့်အခါ ...ဦးရဲထွန်းအကူအညီပေးဖို့ မေတ္တာရပ်ခံပြီး ပြန်ခဲ့သည်။ သလွန်စနှင့် ခြေရာမှာမူ ပျောက်နေဆဲ။

....ဝ....

...ဦးသိန်းစိုးဦးမောင်မောင်ဝိန်တို့ဘိုက်ကိုရောက်သည့်အချိန် (၆)နာရီသာသာခန့်။

...ဦးမောင်မောင်စိန်တို့မိသားစုငွေခပေးဖို့ ဆုံးဖြတ်ပြီး မိနစ် ...သယ်ခန့်အကြာတွင် ဦးသိန်းစိုးရောက်လာသည်။

www.burmeseclassic.com



အကြောင်းထူးမထူး မေးမြန်းသည့်အခါ ဦးမောင်မောင်စိန်က စာရသည့်အကြောင်းကို ဖုံးထားပြီး အကြောင်းဘာမှ မထူးသေးကြောင်း အဖြေပေးလိုက်သည်။

ဦးမောင်မောင်စိန်၏ မျက်နှာမှာ မလုံမလဲ။

သဘောရိုး ထင်ထားသူ ဦးသိန်းစိုးကမူ ဦးမောင်မောင်စိန် အမူအယာပျက်နေသည်ကို သတိမထားမိလိုက်။

‘ဦးမောင်မောင်စိန်ရွှေသားကိုသွားကြိုတဲ့အခါ ဒရိုင်ဘာပဲ အမြဲတန်း သွားကြိုသလား’

‘အမြဲတန်းလိုကတော့ ဒရိုင်ဘာပဲသွားကြိုပါတယ်၊ ဒရိုင်ဘာမလာတဲ့အခါ ကျွန်တော်ကိုယ်တိုင် ကားမောင်းပြီးသွားကြိုပါတယ်၊ ကားအဆင်မပြေတဲ့အခါကျရင်တော့ကျွန်တော့်ညီ သူ့ဦးလေးပဲ သွားကြိုပါတယ်’

‘တခြားဘယ်သူမှ သွားမကြိုဘူးပေါ့’

‘ဟုတ်ပါတယ်’

‘လက်ရှိဒရိုင်ဘာခင်မောင်အပေါ် ကောဘယ်လိုထင်သလဲ’

‘ခင်မောင်ကတော့ လူရိုးပါပဲ၊ အသောက်အစားမရှိဘူး အလုပ်လုပ်တာလဲ အပြစ်မတွေ့ဖူးပါဘူး’

‘ခင်မောင်အရင် ဒရိုင်ဘာ ဘယ်နှစ်ယောက်ရှိဖူးသလဲ’

‘တစ်ယောက်ပဲ ရှိဖူးပါတယ်၊ ဒီအရင်က ကျွန်တော့်ညီ မောင်းနေတာပါ၊ သူ့ကိုဒီပြင်လုပ်ငန်းတစ်ခု လွှဲထားပြီး ဒရိုင်ဘာငှားတာပါ’

‘ခင်မောင်အရင် ဒရိုင်ဘာက’

‘ဆာဟစ်ဆိုတဲ့ အကောင်ပါ’



‘သူ ဦးမောင်မောင်စိန်ဆီမှာဘယ်လောက်ကြာကြာ လုပ်သွားသလဲ’

‘တစ်နှစ်ကျော်လောက်ပါပဲ’

‘သူ့ဟာသူ ထွက်သွားတာလား၊ ဦးမောင်မောင်စိန်က ထုတ်ပစ်လိုက်လား’

‘ကျွန်တော် ထုတ်ပစ်လိုက်တာပါ’

‘အကြောင်းက’

‘ဒီကောင်က အရက်သဲသောက်တယ် အလုပ်ကိုမမှန်ဘူး၊ မကြိုက်တာနဲ့ ထုတ်ပစ်လိုက်ပါတယ်’

‘သူ့ကိုအလုပ်ထုတ်ပစ်တော့ စကားတွေဘာတွေ ပြောရသေးသလား’

‘သူနဲ့ ဘာမှမပြောရပါဘူး၊ သူ့ကိုတာဝန်ခံပြီး အလုပ်သွင်းပေးတဲ့ ကျွန်တော့်မိတ်ဆွေကိုပဲ ပြောလိုက်တာပဲ’

ဦးသိန်းစိုးက ဆာဟစ်ပုံသဏ္ဌာန်နှင့်လိပ်စာကို ရေးမှတ်ယူပြီး ပြန်ပေးမှုဖြေရှင်းနိုင်မယ်ရှိကြောင်းထင်မြင်ချက်ပေး၍ လူဆိုးတွေဆီက တယ်လီဖုန်းတို့ စာတို့လာလျှင် သူ့ထံချက်ချင်း အကြောင်းကြားဖို့ပြောပြီး ပြန်လာခဲ့သည်။

ဦးသိန်းစိုး၏ခေါင်းထဲတွင် စွဲထင်သွားသူမှာ ‘ဆာဟစ်’

....o....

www.burmeseclassic.com

www.burmeseclassic.com



## မှောင်ရိပ်ထဲမှလူတစ်ယောက်

ဦးမောင်မောင်စိန်၏တိုက်ကို မှောင်ရိပ်ခိုရှ် စောင့်ကြည့်နေသူက ရဲကားအဝင်အထွက် လုပ်သည်ကို မြင်သွားသည်နှင့် မှောင်ရိပ်ခိုနေသူမှာ ကိုယ်ရောင် ပျောက်ထွက်သွားသည်။

မှောင်ရိပ်ခိုရှ် စောင့်ကြည့်နေသူကို ဘယ်သူမှ မမြင်လိုက်။

ညဥ့်အမှောင်သည် ဒုစရိုက်သားများအတွက် အသာစီးရတတ်သည်။ ဒုစရိုက်မှုကျူးလွန်သူများသည် အလင်းထက် အမှောင်ကို ကြိုက်နှစ်သက်ကြ၏။

သူခိုးတို့ လှုပ်ရှားချိန်မှာ ညဥ့်နှစ်နာရီမှ လေးနာရီအတွင်း။

ဖောက်ထွင်းသမားတို့ လှုပ်ရှားချိန်မှာ ညဥ့်တစ်နာရီမှ သုံးနာရီအတွင်း။

တချို့ဖောက်ထွင်းသမားများမှာ နေ့ဖောက်ရသည်ကို ပိုကြိုက်ကြသည်။ သူတို့မျိုးက အနည်းစု။

မှောင်ရိပ်ခိုရှ် ဦးမောင်မောင်စိန်၏တိုက်ကို စောင့်ကြည့်နေသူမှာ ပြန်ပေးမှု တရားခံထဲမှ တစ်ယောက်ဖြစ်မည်ကို ဖော်ပြရန် လိုမည်မထင်ပေ။

သို့သော်...

သူဘယ်သူလဲ။

...၀...



ပြန်ပေးဆွဲမှုဖြစ်ရန် သေချာသလောက် အနေအထား ယူဆထားသူ ဦးသိန်းစိုးက သူ၏ အထက်အရာရှိဖြစ်သူကို အသေးစိတ် အစီရင်ခံလိုက်သည်။

ထို့မှ ပန်းဘဲတန်း ရဲစခန်းထဲရှိ တယ်လီဖုန်းမှာ သ၏ ခက်ပေါ်တွင် အငြိမ်မနေရဘဲ လှုပ်ရှားနေရသည်။ စခန်းမှ ဆက်သည်၊ စခန်းကိုပြန်ဆက်ကြသည်။

အခြားသော ရဲစခန်းများတွင်လည်း တယ်လီဖုန်း မြည်သံများ ထွက်လာသည်။

ပြန်ပေးမှုအတွက် သတင်းအသိပေးခြင်းနှင့် အပိုင်းပိုင်းရှိ လူဆိုးများလှုပ်ရှားမှုကို ဂရုစိုက်ကြည့်ရန် သတိပေးခြင်းအတွက် အထက်ဆိုင်ရာမှ တပ်လှန့်ပေးခဲ့သည်။

ယင်းပြန်ပေးမှုကို ဦးသိန်းစိုးပင် ဆက်ကိုင်ရတော့မည်။ ညနှစ်နာရီခန့်လှုပ်ရှားလိုက်သည့်လှုပ်ရှားမှု၏ရလဒ်မှာ ရေးရေးပေါ်ထင်လာသည့် သဲလွန်စတစ်ခုကို ဆုပ်ကိုင်မိလိုက်ခြင်းပင် ဖြစ်ပေသည်။

ကလေးကိုခေါ်ဖို့မှာ ကလေးနှင့်ရင်းနှီးသူ မျက်မှန်းတန်းမိသူ ဖြစ်ရမည်။ ကလေးကို အလွယ်တကူ ခေါ်နိုင်ဖို့အတွက် ကလေး၏အထာကို သိသူ ဖြစ်ရမည်။

ဦးသိန်းစိုး၏ တွက်ဆချက်အရ ခြေရာအစမှာ ဦးမောင်မောင်စိန်၏ ပထမ ဒရိုင်ဘာ ဆာဘူဟာစ်ဆီသို့ ဦးတည်လိုက်သည့် ခြေရာအဆုံးကို လိုက်ရတော့မည်။

www.burmeseclassic.com

www.burmeseclassic.com



သဲလွန်စဟူသည် ထင်းထင်းပပ ကျန်ရစ်ခဲ့သည် ရှိသ ရေးရေးပျပျကျန်ရစ်ခဲ့သည်လည်း ရှိသည်။ လုံးဝ မကျန်ရ သည်လည်း ရှိတတ်သည်။

သဲလွန်စ လုံးဝ မကျန်ရစ်ခဲ့သောအမှုမှ သဲလွန်စခြေရာအ ကို တွေ့ပြီဆိုသောအခါ ဦးသိန်းစိုးမှာ သွားကောင်နောက် လိုက်သည့်မုဆိုးသို့နှယ် အဲသဲမဲမဲလိုက်တော့မည်ဖြစ်သည်။

ငွေစက္ကူငါးသောင်းကို လူဆိုးတို့သွန်ကြားသည့် အတို ထစ်ထောင်စီအထုပ်များထုပ်၍ ငွေစက္ကူနံပါတ်များကို ေ မှတ်နေကြရသောကြောင့် ညဉ့်သန်းကောင်ကျော်မှ အိပ်ရာ ဝင်နိုင်ခဲ့ကြသည်။

ဦးမောင်မောင်စိန်မှာ စိတ်လှုပ်ရှားလွန်းနေသောကြော ဘယ်လိုမှ အိပ်၍မပျော်။

စိတ်ငြိမ်ဆေး ထသောက်ရသည်။

အချိန်မှာ နံနက် နှစ်နာရီ။

သားဖြစ်သူကိုပြန်ပေးဆွဲထားပြီးမှန်းသိနေပါလျက်သ ဖြစ်သူကို တွေ့လေမလားလို့ အပေါ်ထပ် ပြတင်းပေါက် ဖွင့်ပြီး အပြင်သို့ လှမ်းကြည့်လိုက်သေးသည်။ ညဉ့်အမှော မှာ တိတ်ဆိတ်ငြိမ်သက်လျက်။

သားသမီးတို့နှင့် ပတ်သက်လာလျှင် မိဘတို့အပူမှာ ငြိမ် အေးခြင်းနှင့် ကင်းဝေးတတ်ပါလေ၏။

....ဝ....

## အခန်း ( ၆ )

---

ဒီဇင်ဘာလ (၁၃) ရက်

ဦးမောင်မောင်စိန်မှာ အငွေဝေကြီးထပြီး ဘုရားဝတ်ပြု နေသည်။ တစ်အိမ်သားလုံး နိုးနေကြပြီ။ ဒါပေသည့် ဒါ တိုင်းလို စကားပြောသံများ ထွက်မလာ၊ တိတ်တိတ်ဆိတ် ဆိတ် ရှိနေကြသည်။ လက်ဖက်ရည်စားပွဲတွင်မင် စုမထိုင်မိကြ။ ကိုယ့်ပန်းကန်နှင့်ကိုယ် မီးဖိုချောင်မှာပဲ သောက်လိုက်ကြ သည်။ ဦးမောင်မောင်စိန်အတွက်သာ လက်ဖက်ရည်စားပွဲတွင် အဆင်သင့် ပြင်ဆင်ထားကြသည်။

စားပွဲပေါ်ရှိ အိတ်အနက်ထဲတွင်ရှိနေသည့် ငွေငါးသောင်း မှာ ငွေစက္ကူအဟောင်းတွေချည်း ဖြစ်သော်လည်း နံပါတ် များကိုမူ လိုရမယ်ရ မှတ်သားထားခဲ့သည်။

ဘုရားဝတ်ပြုပြီးသည်နှင့် ဦးမောင်မောင်စိန်မှာ လ ဖက်ရည်စားပွဲသို့ ဝင်ထိုင်လိုက်သော်လည်း ဒါတိုင်းလို

www.burmeseclassic.com

www.burmeseclassic.com



အေးအေးဆေးဆေး မုန့်စား လက်ဖက်ရည်သောက်သည်မျိုး မဟုတ်ဘဲ လက်ဖက်ရည်တစ်ခွက်ကိုသာ မြိုးကျပြစ်သောက်လိုက်သည်။ မုန့်ကိုမူလက်ဖျားနှင့်ပင်မတို့။ ထိုနေ့မနက်သောက်လိုက်ရသည့် လက်ဖက်ရည်မှာ မည်သို့သောအရသာ ရှိလိမ့်မည်ကို သူ၏လျှာက ခွဲခြားပေးနိုင်လိမ့်မည်မထင်ပါ။

နာရီကိုကြည့်လိုက်သည်။ ရှစ်နာရီ။

လူဆိုးများချိန်းဆိုထားသည့်အချိန်မှာ ဆယ်နာရီ။

သူတို့ ချိန်းဆိုထားသည့်နေရာကို သွားရန်မှာ သူ၏ကားနှင့် အလွန်ဆုံး တစ်နာရီပဲမောင်းရမည်။

ချိန်းဆိုထားသည့် နေရာမှာ အဝေးကြီးမဟုတ်၊ တိုးကြောင်လေး အလွန်သို့။

လူဆိုးများပေးသည့် စာထဲတွင် ငွေလာပေးသည့် အခါ အိမ်ကကားနှင့်လာရမည်။ ကားကို တခြားဒရိုင်ဘာမမောင်းရ။ ဦးမောင်မောင်စိန်က ဒရိုင်ဘာနှင့်အတူ ရှေ့ခန်းက ထိုင်လာရမည်။ နှစ်ယောက်စလုံး ဝတ်လာရမည့် အကျီမှာ အဖြူ။ ကားကို လမ်းမကြီးပေါ်မှာ အသွားအပြန် နှစ်ခေါက်မောင်းပြီးမှ အဝတ်အနီတင်ထားသော ချုံပုတ်နားတွင် ငွေအိတ်ချသွားခဲ့ရမည်။ ငွေအိတ်ချထားပြီး တစ်နာရီအတွင်း ထိုနေရာသို့ တစ်ခေါက်ပြန်လာသည့်အခါ ကလေးကို ထိုနေရာအနီးအနားတွင် တွေ့ရမည်ဟု လူဆိုးများ ပေးစာထဲတွင် ဖော်ညွှန်းထားသည်။

ဦးမောင်မောင်စိန်မှာ နာရီကို တကြည့်ကြည့်ရှိနေသည်။ ကိုးနာရီဆယ်မိနစ်။



ငွေအိတ်ကိုဆွဲ၍ သွားဖို့ပြင်ဆင်လိုက်စဉ် တယ်လီဖုန်းသံမြည်လာသည်။ သမီးအကြီးက တယ်လီဖုန်းကို ကောက်ကိုင်လိုက်ပြီးနောက် ဦးမောင်မောင်စိန်ကို လက်ကမ်းပေးလိုက်သည်။

'ဩော်....ဟုတ်ကဲ့ ဦးသိန်းစိုး'

'အကြောင်းထူးသလား ဦးမောင်မောင်စိန်'

'အကြောင်းမထူးသေးပါဘူး ခင်ဗျာ'

'စာတွေဘာတွေ လာသေးသလား'

'မလာသေးပါဘူး'

'ထူးရင်တော့ ချက်ချင်း အကြောင်းကြားပါနော်'

'ဟုတ်ကဲ့....ဟုတ်ကဲ့'

လူဆိုးများတောင်းသည့်ငွေကို သွားပေးဖို့ အိမ်မှထွက်အံ့ဆဲဆဲ ဦးမောင်မောင်စိန်မှာ ငိုင်တွေသွားသည်။ မဖေခွဲနိုင်သော ဇဝေဇဝါစိတ်အစဉ် လှုပ်ခတ်လာသည်။

လူဆိုးများ ငွေတောင်းသည့်စာကိုရလက်ဆို အပ်ရကောင်းနိုးနိုးစိတ် ပြန်ပေါ်လာသည်။

သူ၏မျက်ဝန်းထဲတွင် ဦးသိန်းစိုး မျက်နှာ ပေါ်လာသလိုသားလေး၏မျက်နှာလည်း ပေါ်လာသည်။

ငွေကိုလိုချင်သည့်လူဆိုးများက သူတို့လိုချင်သည့်ငွေကိုမရလို့ သားလေးကိုများ သတ်လိုက်ရင်....

ဦးမောင်မောင်စိန်က ဆက်မတွေးတော့ဘဲ ငွေအိတ်ကိုယူပြီး ကားပေါ်တက်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူ၏အတွေးအခေါ် မှားသွားပြီကိုမူ ဦးမောင်မောင်စိန် သတိမမူမိလိုက်။

....o....

(တစ်)။ ။လူဆိုးများ ရေးလိုက်သည့်စာအရ သူတို့လုပ်ဟန်မှာ သေသေသပ်သပ် ပိုပိရိရိမရှိ။

(နှစ်)။ ။သူတို့ဖော်ပြသည့် နေရာအနေအထားအရခြေရာကောက်၍လိုက်လျှင် လူဆိုးများကိုမိဖို့ဘက်က အလေးသာနေသည်။

(သုံး)။ ။ရဲအုပ်ဦးသိန်းစိုး၏တွက်ဆချက် မှန်သလို သူ၏ကြိုးပန်းမှုကလည်း အကောင်အထည် ပေါ်လာဖို့ အနေအထားရှိနေသည်။

(လေး)။ ။စာရသည့် ညတွင်းချင်း ထိုစာကိုရဲလက်သို့အပ်ခဲ့လျှင် မြေပါရေ သားပါ မဆုံးရှုံးဖို့ခုနစ်ဆယ့် ငါးရာခိုင်နှုန်းသေချာသည်။

(ငါး)။ ။ဒုစရိုက်မှု ကျူးလွန်သူတို့နှင့် ပတ်သက်လာရင် မှုခင်းအတွေ့အကြုံရှိသောရဲအမြင်နှင့် သာမန် အရပ်သားတစ်ဦး၏အမြင်မှာ မတူညီနိုင်။

လူဆိုးနှင့်ရဲ ဉာဏ်ရည်ပြိုင်ကြပြီဆိုလျှင် ရဲကသာဉာဏ်ရည်သာစမြဲရှိခဲ့သည်။ ရဲနှင့်လူဆိုးတွေ့ကြပြီဆိုလျှင် အပေါ်စီးကအသာရသူမှာ ရဲသာဖြစ်ပေသည်။



သားကောင်နောက်လိုက်နေကျ မုဆိုးသည် သားကောင်၏ ခြေရာကိုတွေ့သည်နှင့် ထိုသားကောင်၏ ခြေရာဦးတည်ချက်နှင့် သားကောင်ရှိမည့်နေရာကို ဘယ်လို လိုက်ရမည်ကို အသိဆုံး။ ကိုယ့်ပစ်ကွင်းထဲ သားကောင် ဝင်လာအောင် ဘယ်သို့သောပရိယာယ် သုံးရမည်ကို အကျွမ်းကျင်ဆုံး။

မှုခင်းအရပ်ရပ်တွင် ဥပဒေဘက်တော်သားနှင့် ဥပဒေကို ကျော်ခိုင်းသူတို့ အားပြိုင်ရာတွင် ဥပဒေဘက်တော်သားများသည်သာ အနိုင်ရစမြဲရှိခဲ့၏။ အမှုတစ်ခုတွင် ယင်းအမှုနှင့်ပတ်သက်သည့် ကာယကံရှင်များကိုယ်တိုင် ပြည်သူ့ရဲများအပေါ် ယုံကြည်အားထားပြီး ပူးပေါင်း ဆောင်ရွက်ကြမည်ဆိုလျှင် ထိုအမှုသည် အမြန်ဆုံးပေါ်ဖို့ သေချာသည်ဟု ဆိုရမည်ပါတည်း။

....o....

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( 2 )

ဒုစရိုက်သမားနှစ်ယောက်

မိုးလင်းသည်နှင့် မြန်ပေးမှုကျူးလွန်သူ အဓိက တရားခံ နှစ်ယောက် ခေါင်းချင်းဆိုင်၍ တိုင်ပင်နေကြသည်။ အနား တွင် ကြံရာပါတစ်ယောက်လည်း ရှိနေသည်။

သူတို့နှစ်ယောက် တိုင်ပင်နေသည့်အခန်းတွင် ချွတ်တားအိုင် လေးမှာ နှစ်နှစ်ခြိုက်ခြိုက်ပင် အိပ်ပျော်နေသည်။ အိပ်ရေး အနေအထားမှာမူ နှိုင်းယှဉ်မပေ်ပြသာအောင် ကျော့ရှင်းလှ ပေဘိ။

တိုက်ကြီးပေါ်မှာ အိစက် ညက်သောသည့် မွေ့ရာ နူးညံ့ပျော့အိသော ခေါင်းအုံး ဖြူဖြူဖွေးဖွေး၊ စောင်ခြုံ ထောင်ဒေးနှင့် အမြဲအိပ်ခဲ့ရသူ ချွတ်တားအိုင်လေး၏ လက် အိပ်ရာမှာ မညီမညာသော ဝါးကြမ်းခင်းပေါ်ရှိ ဖျာကြမ်း အပေါ်ကလေးပေါ်တွင် အိပ်နေရှာသည်။ ခြင်ထောင်မရှိ စောင်စုတ်ကလေးမှာ သူ့ခေါင်းတွင် မှုံလျက်။ ချွေးချေ



အထပ်ထပ် တင်နေသည့် အစွပ်မပါသော ခေါင်းအုံးနှင့် အိပ်ရစေကာမူ ကလေးပီပီ အိပ်မောကျလျက်ရှိချေ၏။

မနေ့ညနေက လယ်ကွင်းထဲမှာ ထင်သလိုဆော့ကစားပြီး ရေကူးခဲ့ရသည်ကို ချွတ်တားအိုင်လေးက ပျော်နေသည်။ နက်ဖြန်အိမ်ပြန်ရမည်ဆိုသည်ကိုပင် သူက မပြန်ချင်တော့ချင် ဖြစ်နေသည်။ ငါးအသေးအဖွဲ့လေးများကို ဆီနှင့်လှိမ့်၍ ချက်ထားသည့်ဟင်းမှာလည်း သူ့အတွက် ခံတွင်းတွေ့သလို ရှိနေသည်။ နေ့စဉ် အိမ်မှာစားနေရသည့် ဖွယ်ဖွယ်ရာရာဟင်းများနှင့် မတူသည်ကပင် ကလေးပီပီ ကြိုက်နှစ်သက်သလို ရှိနေပြန်သည်။

ဆာဟစ်က အသံပိုင်ကောင်းကောင်းမို့ သူတို့အိမ်မှာဒရိုင်ဘာလုပ်စဉ်ကပင် ဆာဟစ်က ချွတ်တားအိုင်လေးကို အလိုလိုက်ခဲ့သည်။ ချွတ်တားအိုင်လေးက ဆာဟစ်ကိုခင်သည်။ ဆာဟစ်က ကလေးများကြိုက်တတ်သည့် ရေကူး၊ ငါးမျှား၊ ဘဲအုပ်မောင်း စသည်များနှင့် မြူဆွယ်ထားသည်။

ချွတ်တားအိုင်လေးက အိမ်ပြန်ချင်သည်ဟု မဆို၊ မငို၊ ကလန်ကဆန်မလုပ်သဖြင့် အဆင်ပြေသလို ရှိနေသည်။

အဆင်မပြေသည်မှာ မနေ့ညကမှောင်ရိပ်ခိုကြည့်ခဲ့ရသည့် မြင်ကွင်း။

မနေ့ညက ရဲအဝင်အထွက် လုပ်သည်ကို မြင်ခဲ့ရသော ကြောင့် သည်နေ့မနက်သူတို့နှစ်ယောက်ခေါင်းချင်းရိုက်ကြရ သည်။ ကြံရာပါ တရားခံတစ်ဦးဖြစ်သူ တိုးကြောင်လေးသည်း

www.burmeseclassic.com

www.burmeseclassic.com



ဆင်တို့က နေရာရွှေပြောင်းဖို့ အကြံပြုခဲ့သည့်အတိုင်း ဆင်တို အစီအစဉ်အရ တိုးကြောင်လေးမှ နေရာရွှေ့ခဲ့ကြသည်။

ငွေယူဖို့အစီအစဉ်ကိုသည်း ဖျက်လိုက်ကြသည်။

....o....

ရဲအုပ်ဦးသိန်းစိုးမှာ မနက်မိုးလင်းကတည်းက ဆာဟာစ်နောက်သို့ လိုက်ခဲ့သည်။ မေးပါများစကားရ၊ လိုက်ပါများတွေ့ ဆိုသလို ဆာဟာစ်နေသည့် နေရာကို သိရပြီ။

ဆာဟာစ်က တာမွေအိုးစု ကျူးကျော်တဲ တစ်ခုတွင်နေသည်။ ဦးသိန်းစိုးရောက်သွားသည့်အခါ ဆာဟာစ်ကိုမတွေ့ရဘဲ ဆာဟာစ်မိန်းမကိုသာ တွေ့ခဲ့ရသည်။ ဆာဟာစ်မိန်းမက ဆာဟာစ်ပြန်မလာသည်မှာ သုံးရက်ရှိပြီဖြစ်ကြောင်း ပြောပြလိုက်သည်။ ဦးသိန်းစိုး ဆာဟာစ်အိမ်သို့သွားစဉ်က ရဲအသွင်ဖြင့် မဝင်ဘဲ ဆာဟာစ်သူငယ်ချင်း ဒရိုင်ဘာတစ်ယောက်အဖြစ် အလုပ်အကြောင်း ပြောဖို့လာသူ တစ်ယောက်အသွင်အကြောင်းပြု၍ ဆာဟာစ်မိန်းမကို ဆာဟာစ်အကြောင်း မေးမြန်းစုံစမ်းခဲ့၏။

တော်တော်လေး စုံစုံသိရသည်။

ဆာဟာစ်မှာ လက်ရှိပင်တိုင်အလုပ်မရှိဘဲ ဘော်ဒါဒရိုင်ဘာအဖြစ်ကြုံရာကားကိုမောင်းနေကြောင်းနှင့် နောက်ဆုံးအိမ်က



ထွက်သွားသည့်မနက်က ဂိုလန်မာမက်ဆိုသူနှင့် ထွက်သွားကြောင်းပါသိခဲ့ရသည်။

ဂိုလန်မာမက်မှာ ဆာဟာစ်လို ဒရိုင်ဘာမဟုတ်။

ဆာဟာစ်က ကပြား၊ ဂိုလန်မာမက်က ကုလားအစစ်။

ဦးသိန်းစိုး အလှည့်အပတ်တော်သမို့ ဆာဟာစ်ဓာတ်ပုံတစ်ပုံကိုပင် ရလာခဲ့သည်။ ဆာဟာစ်သာ ယခုဖြစ်မှုကို ကျူးလွန်သူ ဖြစ်ခဲ့ရင် သူအိမ်ပြန်မည့်အချိန်မှာ ညဥ့်အချိန်ဖြစ်ဖို့ ပိုများသည်ဟု ဦးသိန်းစိုးက တွက်လိုက်သည်။ သို့စေကာမူ နောက်ယောင်ခံ စောင့်ကြည့်ဖို့ ဆာဟာစ်ဓာတ်ပုံနှင့် အရပ်ဝတ် ရဲတစ်ယောက်ကို လွှတ်ထားလိုက်သည်။

သတင်းအစရလာသည့် ဂိုလန်မာမက်နောက် ခြေရာခံလိုက်ရဦးမည်။

ဂိုလန်မာမက်နောက် မလိုက်ခင် ကျောင်းကုန်းထဲသို့သွားရမည်။ ချတ်တားဘိုင်လေး၏ သူငယ်ချင်းများကို လိုအပ်သည်များ မေးရဦးမည်။ ချတ်တားဘိုင်ကလေးကို ခေါ်သွားသူ၏ ပုံသဏ္ဌာန်လေးများ ရလိုက်ရင် ဘယ်သူတရားခံဆိုသည်ကို ပိုင်ပိုင်နိုင်နိုင် အခဲဖြေထုတ်နိုင်တော့မည်။

ဂိုလန်မာမက်ခြေရာခံဖို့မှာ မခက်။ ရန်ကုန်မြို့ထဲက နံပြားကောင်းကောင်းရောင်းသည့်ဆိုင်များကို လိုက်ခိုင်းလျှင်ဂိုလန်မာမက်အကြောင်း သိရမည်။ ဂိုလန်မာမက်ကိစ္စအတွက် နယ်ထိန်းတစ်ယောက်ကို ခြေဆန့်ခိုင်းလိုက်ပြီး ဦးသိန်းစိုးက စိန်ချွန်း ကျောင်းဘက်သို့ ခြေဦးလှည့်လိုက်ရသည်။

....o....

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၈ )

### ချိန်းဆိုရာသို့အသွား

ဖိုးယက်ကားအနီလေးတစ်စီးမှာ တိုးကြွေခင်လေး လမ်းပေါ်တွင် မှန်မှန်မောင်းနေသည်။

ဒရိုင်ဘာဘေးတွင် လိုက်ပါလာသည့် ဦးမောင်မောင်စိန်၏ မျက်လုံးများမှာ ကျိုးကန်းတောင်းခံမှုက၊ သူ၏မျက်လုံးများကို လုံးဝအနားမပေးဘဲ လမ်းဘေးဝဲယာဆီ ကြည့်လျက် လိုက်ပါလာသည်။

လက်ထဲတွင်ကိုင်ထားသည့် ပယင်းပုတီးမှပုတီးလုံး ခွေခံစို့လေးများမှာ လှုပ်သွားလိုက်၊ ရပ်သွားလိုက် ဖြစ်နေသည်။

လူဆိုးများ အမှတ်အသားပေးထားသည့်နေရာတွင် အမှတ်အသားပေးထားသည့် ချုံပုတ်ကိုတွေ့သော်လည်း အဝတ်နီစကို မတွေ့။

ခေါက်တုံ့ခေါက်ပြန် သုံးခေါက် မောင်းပြီးသည့်တိုင် အဝတ်နီစလေးလို့ အဝတ်စအစ်စကိုမှ မတွေ့။



လေးခေါက်။

လေးခေါက်မှ ငါးခေါက်၊ အကြောင်းမထူး။

ဦးမောင်မောင်စိန် မျက်နှာငိုမဲ့မဲ့ ဖြစ်လာသည်။ အိမ်က ထွက်လာစဉ်တုန်းက မျှော်လင့်ချက် ရာနှုန်းအပြည့်။ခုတော့... အိမ်ပြန်လှည့်ရုံမှတစ်ပါး အခြားမရှိပြီ။

သားလေး၏ ကံကြမ္မာမှာ....

...ဝ...

ဦးသိန်းစိုး ကျောင်းကိုရောက်သွားသည်။

ဆရာဦး ရဲထွန်း၏အကူအညီဖြင့် ချတ်အားအိုင်လေးနှင့် တွဲ သော် သူငယ်ချင်းများကို တရင်းတနှီး ဖက်လှဲတကင်းလုပ်၍ သိချင်သည့် အကြောင်းအရာကို ပရိယာယ်ကြွယ်ကြွယ်ဖြင့် ချိန်ယူ၍ မေးမြန်းခဲ့၏။

ပထမနှစ်ယောက် မေးမြန်းပြီးသည့်အထိ လိုချင်သော အဖြေကိုမရခဲ့။

မေးပါများစကားရ၏ ထုံးမှာ သုံးယောက်မြောက်တွင် လက် အကောင်အထည်ပေါ်လာသည်။

မောင်သက်လွင်။

ကောင်းပြောသက်သည်။ ချက်ချက်ချာချာရှိသည်။ ဆရာ ထွန်းက အတန်းထဲမှာ အတော်ဆုံးကလေးဟု အသိုပြုခဲ့

www.burmeseclassic.com

www.burmeseclassic.com



သည်။ ဆရာဦးရဲထွန်း အဆိုပြုခဲ့သလိုဖြင့် မောင်သက်လွင်က မှတ်ဉာဏ်ကောင်းသည်။

ဆာဟစ် လာခေါ်ပုံ၊ ဆာဟစ်ကို သူ ကောင်းကောင်း မှတ်မိပုံ၊ ချွတ်တားဘိုင်လေး၏ လွယ်အိတ်ကို သူ ယူပေးလိုက် ရပုံ၊ ချွတ်တားဘိုင်လေး၏ ပခုံးကိုဖက်ပြီး ဘယ်ဘက်ကိုထွက် သွားပုံများကို ဂဃနဏ ပီပီပြင်ပြင် ပြောပြနိုင်ခဲ့သည်။

ဘယ်သူ တရားခံလဲဆိုသည်ကို စဉ်းစားစရာ မလိုတော့၊ ပြန်ပေးမှု ကျူးလွန်သူမှာ ဆာဟစ်ဟူ၍ ဒွိဟ သံသယမရှိ ဆုံးဖြတ်နိုင်ပြီ။

တရားခံကို အချုပ်ခန်းထဲ အမြန်ဆုံးရောက်အောင် ပို့ပြီး အလုပ်ပဲကျန်တော့သည်။

ပြန်ပေးမှုဆိုကတည်းက ငွေတောင်းစာ လာတော့မည်မှာ သေချာနေပြီ။ ငွေတောင်းစာသာလာပါစေ၊ ပြန်ပေးမှုတရား ခံများကို ဖမ်းဆီးမိပြဖြဲကြောင်း မှုခင်းသတင်းထုတ်ပြန်ပေး လိုက်ရုံသာ။ ရဲစခန်းသို့ပြန်လာသည့် ဦးသိန်းစိုး၏ ရင်ထဲမှာ ပီတိရိပ်အပြည့် လွှမ်းထင်လာသည်။

ရဲစခန်းရောက်သည်နှင့် သတင်းကောင်းက ဆီးကြိုနေပြီ သည်။

ဂိုလန်မာမက် ဘယ်သူလဲဆိုသည်ကို သိရပြီ။

ဦးသိန်းစိုးက သူ၏အထက်အရာရှိကို အစီရင်ခံပြီး ထမင်း ပင် မစားနိုင်ဘဲ ပြန်ထွက်ခဲ့ရပြန်သည်။

ရဲအရာရှိတစ်ယောက်မှာ မိမိကိုင်ရသော မှုခင်းတစ်ခုမပေါ် မချင်း အိပ်ခြင်းနှင့် စားခြင်းကို မေ့နေတတ်၏။ အမှုပေါ်



တော့မည့် အရိပ်အယောင် ပေါ်လာလေ နားချိန် စားချိန် သီးသန့် အချိန်ပေးနိုင်လေ ရှိကြသည်။

ရဲပီသသော ရဲအရာရှိတိုင်း မိမိတို့၏ ဘဝတစ်သက်တာတွင် မေ့မရနိုင်စရာသော ရှက်စရာဟူ၍ နှလုံးသားထဲတွင်စွဲစွဲမြဲမြဲ ထွေးပိုက်ထားလေ့ရှိသည်မှာ ကိုယ်ကိုင်ရသောအမှုပေါ်ပါဘဲ တရားခံကို မဖမ်းမိနိုင်ခြင်းပင်။

မှုခင်းတစ်ခုကို ပေါ်ပေါက်အောင် စုံစမ်း၍ တရားခံကို အချုပ်ထဲရောက်အောင် ပို့နိုင်သူမှသာ ပြည်သူတို့ အားကိုး အားထားရာ ရဲအရာရှိဟူ၍ မှတ်တမ်းတင်ခံရမည် ဖြစ်ပေသည်။

သို့မဟုတ်ပါက 'ကြက်မခုတ်တတ်သော ငကြောင်' 'အသုံး မကျသည်သော သကြန့်အမြောက်' ဟူ၍ ကင်ပွန်းတပ် ခံရလိမ့်မည် သာ။

......ဝ......

အင်္ဂလိပ်ခေတ်က ရဲအဖွဲ့တွင် နာမည်တစ်လုံးနှင့် ထင်ရှား ခဲ့သည့် အနောက်ပိုင်းရာဇဝတ် ဝန်ကလေး ဦးထွန်းလှအောင် က တရားခံဖမ်း၍သွားမည့် သူ့လက်အောက်ရှိ ရဲအရာရှိများ၊ ရဲသိုးထိန်းများကို တရားခံဖမ်းမသွားမီ အမှာစကား ပြော လေ့ရှိ၏။

တရားခံဖမ်းသွားမည့် ဝန်ထမ်းကို သူ့ရှေ့သို့ ခေါ်လိုက် ပြီးလျှင် ထိုသို့ မေးခွန်းဖြင့် စမည်။

www.burmeseclassic.com

www.burmeseclassic.com



ဦးထွန်းလှအောင်၏ လက်ထဲတွင် ကိုင်ထားသည်မှာ လက်ထိတ်။

'ဒါဘာလဲကွာ'

'လက်ထိတ်ပါ ဝန်မင်း'

'လက်ထိတ်က ဘာကိုခတ်ရမလဲကွ'

'တရားခံကိုပါ ဝန်မင်း'

'ရော့...မင်းပြန်လာရင် တရားခံကို ဒီလက်ထိတ်နဲ့ ခတ်ခဲ့ရမယ်၊ တရားခံကိုမခတ်နိုင်ရင် မင်းလက်ကို မင်းပြန်ပြီး ခတ်လာခဲ့'

ထိုသို့ အမှာစကား ပြောပြီးမှ လူဆိုးကို ဖမ်းဖို့လွှတ်တော်သည်။

ဦးထွန်းလှအောင်မှာ ရန်ကုန် ဒုစရိုက်လောကကို ဖိန့်ဖိန့်တုန်သွားအောင် ပြတ်ပြတ်သားသား ဖမ်းဆီး နှိမ်နင်းခဲ့သူအဖြစ် နာမည် အလွန်ကြီးခဲ့ရာ ဒုစရိုက် ပဂေးကြီးများပင် ဦးထွန်းလှအောင်အသံ ကြားလျှင် သိမ့်ခနဲ တုန်သွားတတ်ကြသည်။

ရဲလက်ထက်က 'ကွက်'အခုတ်တော်သော 'ကြောင်'အဖြစ် အလွန်နာမည်ကြီးခဲ့သူပါတည်း။

....o....

ဂိုလန်မာမက် နေထိုင်သည်မှာ သဿန်းကျွန်းတွင် ဖြစ်၏၊ ဂိုလန်မာမက်၏ အိမ်ကိုမူ သူကိုယ်တိုင်မသွား၊ တခြားရဲကို လည်းမလွှတ်ဘဲ လူရှည်လည်သည့် တပည့်ကျော် အရပ်သား တစ်ယောက်ကို လွှတ်လိုက်သည်။ ရဲက သူတို့နောက်လိုက်နေသည်ကို လူဆိုးများ မရိပ်မိစေချင်။ ရဲလုပ်ငန်းတွင် ရဲမဟုတ်သော ကိုယ်ဖျောက်တပည့်တွေ မွေးထားရသည်။ ကလေးကချေ နေတတ်ထိုင်တတ်သော ဒုစရိုက်သားကောင် အငယ်လေးများကို တစ်ခါတစ်ရံတွင် လုပ်ငန်းထဲသို့ ဆွဲသွင်းအသုံးချရ၏။ သူတို့အကူအညီကို ရယူကြရ၏။

ဦးသိန်းစိုး လွှတ်လိုက်သူ ပြန်လာပြီ။

ဂိုလန်မာမက် အိမ်မပြန်သည်မှာ လေးရက်ရှိပြီ ဆိုသော အဖြေကို ရခဲ့ပြန်၏။

ဆာဖာစ်မိန်းမ အဖြေနှင့် ဂိုလန်မာမက် မိန်းမ၏ အဖြေမှာ ထပ်တူရှိနေသည်။ သုံးရက်နှင့် လေးရက်ပဲ ကွာသည်။

စုံစမ်းမှုကို အဆုံးသတ်လိုက်ပြီ။ စောင့်ရမည်မှာ လူဆိုးများထံမှ ရောက်လာမည့်စာ။

ဦးမောင်မောင်စိန်ထံမှ တယ်လီဖုန်းသတင်းကို စောင့်သည်။ မလာ။ ဦးသိန်းစိုး ရင်ထဲမှာ မဘာင်မကျကြီး ဖြစ်နေသည်။ ဘယ်နည်းနှင့်မဆို လူဆိုးများထံမှ စာသည်နေ့လာရမည်။ ခုထိ စာမလာသည်မှာ ဦးသိန်းစိုးအတွက် ဘဝင်မကျစရာ ဖြစ်နေသည်။ ပြန်ပေးအဆင့်မရောက်ဘဲ ကလေးတွင် ပါသွားသည့်ရွှေကိုယူပြီး ဖျောက်ပစ်လိုက်ပြီလား။ သည်သို့သောအတွေးက သူ၏ဦးနှောက်ကို အလုပ်ပေးနေပြန်သည်။

....o....

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၉ )

### နေမထိထိုင်မသာဖြစ်နေသော ရဲအရာရှိ

တယ်လီဖုန်း ကောက်လှည့်လိုက်သည်။ ဦးမောင်မောင်စိန်၏အသံကို ကျက်မိနေသဖြင့် အမေးပုစ္ဆာ ထုတ်လိုက်ရသည်။

'ဦးမောင်မောင်စိန် ဘာမှ မထူးသေးဘူးလား'

'ဘာမှမထူးသေးဘူးခင်ဗျ၊ ကျွန်တော်လဲ စောင့်နေတုန်းပဲ၊ ကျွန်တော်တောင် အခုလာမလို့' —

'ဒီ ဖြင့်လဲ မြန်မြန်လာခဲ့ဗျာ'

'ဟုတ်ကဲ့...ဟုတ်ကဲ့'

တယ်လီဖုန်းမြန်ချလိုက်သည်နှင့် ဖုန်းခေါ်သံ ထပ်မြည်လာပြန်သည်။

'ကျွန်တော် ရဲအုပ်သိန်းစိုးပါ'

'ဟုတ်ကဲ့ ဝန်မင်း'



ဦးသိန်းစိုးက ရဲဝန်ထောက် ဦးသာထွန်းကို အမှုအခြေအနေ အပြည့်အစုံ အစီရင်ခံလိုက်သည်။

ရဲဝန်ထောက် ဦးသာထွန်းက သတင်းထောက်တွေဆီ သတင်းမရောက်ဖို့ ပိပိရိရိလုပ်ရန် ညွှန်ကြားပြီး တယ်လီဖုန်းကို ပြန်ချသွားသည်။

'ကဲ...ဆိုင်ဗျာ ဦးမောင်စိန်၊ ခုချိန်ထိ ဘာသတင်းမှ မကြားဘူးဆိုဘာကိုတော့ ကျွန်တော် အဝင်မကျဖြစ်နေတယ်လေ'

ဦးမောင်မောင်စိန် မျက်နှာပျက်သွားသည်။ ချက်ချင်း ဟန်ခြေပြန်ဆောင်လိုက်သည်။

'ဦးသိန်းစိုးတို့လိုက်နေမှန်းသိသို့များ သူတို့ဆီက စာမလာဘာလား မသိဘူး'

'ဒါမဖြစ်နိုင်ဘူး ဦးမောင်စိန်၊ စာလာရမယ်၊ အဲ...တစ်ခုတော့ ရှိတယ်၊ နက်ဖြန်ခါ စာမလာဘူးဆိုရင် ခင်ဗျား သားကိုမှာပါသွားတဲ့ ရွှေကိုယူပြီး ကလေးကို ဖျောက်ပစ်လိုက်ပြီလို့သာ တွက်ပေတော့'

'ဒီလိုဆိုရင်....'

'ဒီမှာ ဦးမောင်စိန်၊ အခုအမှုက တရားခံဘယ်သူသဲဆိုတာ ရှားနေပြီလေ၊ ခင်ဗျားတို့ရဲ့ ပူးပေါင်းဆောင်ရွက်မှုကိုသာ ကျွန်တော်တို့ လိုချင်တာပါ၊ တရားခံမိဖို့က ကျွန်တော်တို့ ဆက် ခင်ဗျားတို့အပေါ်မှာ တည်ပါတယ်၊ ခင်ဗျားတို့က လာတာ ဖုံးဖုံးဖိဖိလုပ်ပြီး ငွေပေးလို့တော့ ထွက်မယ်မထင်

www.burmeseclassic.com

www.burmeseclassic.com



နဲ့၊ တရားခံက မျက်နှာသိတရားခံ၊ ဒီတော့ ငွေရပြီးရင်လဲ ကလေးကို လွှတ်ချင်မှ လွှတ်လိမ့်မယ်'

ဦးသိန်းစိုးက ဦးမောင်မောင်စိန် မျက်နှာပျက်သွားသည်ကို အကဲဖမ်းမိလိုက်သောကြောင့် ဦးမောင်မောင်စိန်၏စိတ်ကို သွယ်ဝိုက် ဓာလိပေးလိုက်ခြင်းဖြစ်၏။

'ကဲ....ဒီနေ့ည၊ ဒါမှမဟုတ် နက်ဖြန်၊ ကျိန်းသေ စာရောက်လိမ့်မယ်၊ ကျွန်တော်တို့ရဲ့ လှုပ်ရှားမှုကို ခဏ ရပ်ထားမယ်၊ ခင်ဗျားဆီက ထူးခြားတဲ့ သတင်းကိုပဲ စောင့်တော့မယ်၊ ခင်ဗျားဆီက သဘင်းထူးရင်သာ ချက်ချင်း အကြောင်းကြားပါ'

စားပွဲပေါ် တင်ထားသည့် ဦးမောင်မောင်စိန် လက်မျာ မငြိမ်မသက်ဖြစ်နေသလို သူ၏မျက်လုံးများမှာလည်း ဝေ ဝေသည့် အရိပ်ထင်နေသည်။

'အကြောင်းထူးတာနဲ့ ကျွန်တော် ချက်ချင်း ဖုန်းဆက် ပါမယ် ဦးသိန်းစိုး စိတ်ချပါ'

'မှုခင်းတစ်ခု ဖြစ်တဲ့အခါ ကာယကံရှင်များရဲ့ ပူးပေါင်း ဆောင်ရွက်မှုဟာ အထူးပဲ အရေးပါပါတယ် ဦးမောင်စိန် ဥပမာဆိုပါတော့ မှုခင်းတစ်ခု ဖြစ်လာတဲ့အခါ ရဲစခန်းမ တိုင်ချက်ဖွင့်ပြီးရင် အမှုသည်ဘက်က တာဝန်ပြီးဆုံးပြီလို့ ယ လေ့ရှိကြပါတယ်၊ တိုင်ချက်ဖွင့်ပြီးရင် ကျန်တာ ရဲအလုပ် သဘောထားလေ့ ရှိကြပါတယ်၊ ကျွန်တော်တို့က တာဝ ပိုင်းအရ လုပ်ရမယ့်လူတွေပါ၊ ဒါပေမယ့် ကာယကံရှင်ဘေ ဘက်က ငြိမ်နေလို့မရပါဘူး၊ အကြံဉာဏ်ပေးဖို့ လိုပါတ



ဖြစ်နိုင်မယ်ထင်တဲ့ ထင်မြင်ချက်ကို ပွင့်ပွင့်လင်းလင်း ပြောဖို့ လိုပါတယ်၊ တတ်နိုင်ရင် ကျွန်တော်တို့နဲ့ပူးပေါင်းပြီး လှုပ် ရှားဖို့လိုပါတယ်၊ ကျွန်တော်တို့ကို အဘက်ဘက်က အကူအညီ ပေးဖို့လိုပါတယ်၊ အမှုရှင်နဲ့ကျွန်တော်တို့ ပူးပေါင်းဆောင် ရွက်ခြင်းဟာ အမှုပေါ်ဖို့ ငါးဆယ်ရာခိုင်နှုန်း သေချာပြီလို့ တွက်လို့ရပါတယ်၊ ကဲ....ဦးမောင်စိန်လဲ အိမ်ပြန်စောင့်လိုက် ပါဦး'

တကယ်တော့ ဦးသိန်းစိုးက ဦးမောင်မောင်စိန်ကိုအကျပ် ကိုင်နိုင်ပါသည်။ စာရမရကို အစ်အောက် ထုတ်နိုင်ပါသည်။ သို့သော်လည်း ထင်ကြေးနှင့် လုပ်ရမည့်အလုပ်မျိုးကို ဦးသိန်း စိုးက မလုပ်ချင်။ အကယ်၍များ စာ ရောက် နေခဲ့သော် ဦးမောင်မောင်စိန်ကိုယ်တိုင် သဘောပေါက်ပြီး အပ်လာဖို့နှင့် ရှေ့ဆက်လုပ်ရမည့်အလုပ်များကို အမြန်ဆုံး လုပ်နိုင်အောင် နားသွင်းပေးလိုက်ရခြင်းဖြစ်ပေသည်။

....o....

ဦးမောင်မောင်စိန်မှာ ရဲစခန်းကပြန်လာပြီးသည်နှင့် သူ၏ ခေါင်းကို အများကြီး အလုပ်ပေးနေရပြီ။ ဦးသိန်းစိုးလက်ထဲ စာကိုအပ်ပြီး အကျိုးအကြောင်း ပြောရမလား၊ ဒါမှမဟုတ် လူဆိုးတွေဆီက နောက်ထပ်ပေးလာမည့် စာကို စောင့်ပြီးမှ ဘာဆက်လုပ်ရမည်ကို ဆုံးဖြတ်ရမလား ဆိုသည်ကို မစဉ်းစားနိုင်တဲ့ ပြဿနာပေါင်းစုံနှင့် လုံးထွေးနေသည်။

www.burmeseclassic.com

www.burmeseclassic.com



မိသားစုအပေါ်အဝင် ဆွေမျိုးများနှင့် တိုင်ပင်ခဲ့ပြီး ဦး သိန်းစိုးဖြေဖြေသည်များကိုလည်း အားလုံးပြန်ပြောပြခဲ့သည်။

လူဆိုးများဆီက စာလာမည့်အကြောင်း အခုမှ ရဲကိုပြော လိုက်လျှင် ရဲက ဖေတာနှင့်သိနိုင်မည်။ ရဲလှုပ်ရှားသည်ကို လူဆိုး များအကြောင်းသိပြီး ကလေးကို ဒိုးရိုးမက်စက် သတ်လိုက်မည် ကို အားလုံးက စိုးရိမ်နေကြသည်။ သူတို့ဆန္ဒအတိုင်း ငွေ ပေးပြီးပဲ ရွေးချင်ကြသည်။

အားလုံးသဘောတူနှင့် ဆန့်ကျင်သူမှာ ဦးမောင်မောင် စိန်၏ညီဖြစ်သူ၏ သဘောထားပင်။

ဆာဟစ်သာ မြန်မြန်ပေးဆွဲရှိမှန်ရင် ငွေပေးသည်တိုင် ကလေးကို ဘယ်နည်းနှင့်မှ ပြန်လွှတ်လိမ့်မည် မဟုတ်ကြောင်း သူ၏သဘောထားကို အခိုင်အမာ ပြောခဲ့သည်။

နောက်ဆုံးတွင် နောက်ထပ်လာမည့်စာကို စောင့်ကြည့် ပြီးမှ ဘာဆက်လုပ်ရမည်ကို ဆုံးဖြတ်ရန် အတည်ပြုလိုက် ကြသည်။

ဒီဇင်ဘာလ(၁၃)ရက် နေ့၏ အအေးဒဏ်မှာ ထူးထူး ကဲကဲ မဖြစ်သေးသည့်တိုင် အတော်ကလေးအေးနေပြီ။ တော ထဲမှာ သားလေး ဘယ်လိုနေပါ့မလဲ။ သားလေး ထမင်း စားရပါ့မလား၊ သားလေး ဘယ်လောက် ချမ်းနေရှာမလဲ ဆိုသည်ကိုသာ တစ်မနားတွေးရင်း ငိုရှိုက်ဖြစ်နေသူ ဒေါ် သီမှာ အရုပ်ကြိုးပြတ် လူမမာကြီးတစ်ယောက်လိုဖြစ်ပြီး အိပ် ရာထဲက လုံးဝမထတော့ပေ။

အစားကိုလည်း ဟုတ်တိပတ်တိမစား။



ဘာကျွေးကျွေး၊ သားလေး ဘယ်လိုစားနေပါ့မလဲ မေး မေးပြီး သူကိုယ်တိုင်လည်း ဘာမှမစားဘဲ ခေါင်းသာတွင်တွင် ခါနေသည်။

ထိုနေ့ငါးကြိမ် စိတ်ဖြုမြိုရှိခဲ့သည့် ဦးမောင်မောင်စိန်၏ စိတ်ဖြုချိန်မှာ ပိုရှိကြာလာသည်။

အလ္လာအရှင်မြတ်၏ ကယ်မမှုကိုသာ မျှော်လင့်တကြီး တမ်း တနေရှာသည်။

အိမ်သားအားလုံး၏ လှုပ်ရှားမှုမှာ ငြိမ်သက်တိတ်ဆိတ် လျက်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၀ )

### ဆာဟစ်

မြန်မာမှုဆလင်ကပြား၊ သူ၏မြန်မာအမည်မှာ မောင်ရွှေ။ ငယ်ငယ်ကတည်းက မြန်မာစာကို ရေးတတ်ဖတ်တတ်သည်။ ခပ်ပေပေခပ်တေတေ နေခဲ့သည်။ အရပ်ပုပု၊ အသားညိုညို၊ မျက်နှာဝိုင်းဝိုင်း၊ ဆံပင်ကိုအရှည်ထားပြီး သပ်သပ်ရပ်ရပ်ဖြီးသင်နေတတ်သည်။ သူ၏လှုပ်ရှားဟန်မှာ ပျာယိပျာလောင် ရှိသည်။ ဆေးလိပ်မသောက်၊ ကွမ်းကြိုက်သည်။ အရက်ကို မသောက်ရမနေနိုင်အောင် စွဲစွဲမြဲမြဲသောက်တတ်သည်။

ဘော်ဒါအာဝကစပယ်ယာ၊ ထိုမှ ဒရိုင်ဘာဖြစ်လာသူ ဖြစ်သည့်အတိုင်း လူရည်အလွန်လည်သည်။ ဒရိုင်ဘာလောကမှာ ဆာဟစ်ကိုလူသိများသည်။ အပေါင်းအသင်းနှင့် တွေ့လျှင် အိမ်အတွက် ငွေပြန်မပါရင်နေ၊ အကုန် သောက်ပစ်တတ်သည်။



ဂိတ်တစ်ခေါက် ပြန်ဝင်တိုင်း ငါးမူးဖိုးလောက် အာဆွတ်လိုက်ရမှဖြစ်သည်။ ငါးမူးဖိုးလောက်အာဆွတ်ပြီးရင် မူစကီး၊ အာမွှေး ကွမ်းတစ်ရာဝါးပြီး ငြိမ့်နေတတ်သည်။

ကားတိုက်မှုကြောင့် နှစ်ခါ အဖမ်းခံရ ဖူးသော်လည်း တခြားရာဇဝတ်မှုကို မကျူးလွန်ဖူးခဲ့။ ကားတိုက်မှုကြောင့် ထောင်ထဲ တစ်ခါရောက်ဖူးပြီး ၁၄–ရက် နေခဲ့ရသည်။

အရက်ကလေးတမြမြနှင့် နေတတ်သည်ကြောင့် ယာဉ်ပိုင်ရှင်များက သူ့ကိုမသုံးချင်ကြ။ အကြောင်းမသိလို့ သုံးမိသူများက အကြောင်းသိလျှင် ခါကြသည်။

ယာဉ်မောင်းလောကတွင်ကား မမြဲသော ဒရိုင်ဘာအဖြစ် သူ့ကို လူသိများကြသည်။

သားကျေးမှု၊ မယားကျေးမှုကို အလေးမထား၊ ရလာသည့်ပိုက်ဆံ ပိုရင်ပေးသည်။ မပိုရင် အိမ်ကသားမယားက ကိုယ့်ပိုက်ပြဿနာ ကိုယ့်ဟာကိုယ်ရှင်းသမား။ သူကိုယ်တိုင်ကလည်း အိမ်မှာထမင်းမစား၊ ကြုံရာစားပြီးမှ အိမ်ပြန်သည်။ သူ့အတွက် အိမ်ဆိုသည်မှာ အိပ်ရုံသက်သက်သာ။ သူ့ တစ်ယောက်စာ စားဖို့သောက်ဖို့ကတော့ အမြဲတန်း အဆင်ပြေနေသည်။ ပင်တိုင်ကားမမောင်းရသည့်အခါ ဂိတ်မှာထိုင်ပြီး ဘော်ဒါဒရိုင်ဘာလုပ်သည်။ တစ်နေ့တစ်နေ့ လိုင်းရှည်ကားကိုးခေါက် ဆယ်ခေါက် မောင်းရသူများမှာ နေ့စဉ်အလုပ်ဖြစ်သောကြောင့် တစ်ရက်လုံး မဟုတ်တောင် တစ်ခေါက်စ နှစ်ခေါက်စ နားချင်ကြသည်။ သည်သို့သော အခါမျိုးတွင် ဆာဟစ်က ခေါက်ကြေးနှင့် ဝင်မောင်းပေးသည်။

www.burmeseclassic.com

တစ်ခါတစ်ရံလည်း မမောင်းရသည့် နေ့မျိုးရှိသည်။ လိုင်းကားမောင်းသည့် ဒရိုင်ဘာများမှာ ပါးစပ်ကိုသူများဖြစ်သည်အလေ့ကို ထမင်းအတွက်တော့ မပူရ။ သောက်ဖို့အတွက် ပါးမှုးကောင်း ကင်မတ်ဘောင်းနှင့် အလုပ်ဖြစ်သည်။

သည့်တစ်ခါ ရာဇဝတ်မှုအျူးလွန်မိသည်မှာ ဂိုလန်မာမက်ကြောင့်။

...ဝ...

ဂိုလန်မာမက်

အရပ်အေးထောင်ထောင်မောင်းမောင်း၊ မျက်လုံးပြူးပြူး၊ နှာခေါင်းကားကား၊ နှုတ်ခမ်းမွှေးစနှင့် ကိုယ်လုံးကိုယ်ဖန် တောင့်တင်းသူ ဂိုလန်မာမက်မှာ နံပြားရိုက်သမား။

နံပြားရိုက်သမားထဲမှာ ဂိုလန်မာမက်က နာမည်ရထားသူ သတင်းကြီးသည့် နံပြားမင်းသားကြီး။

ဂျုံနယ်ကောင်းမှ နံပြားဖုတ်သည်။ မီးဖြင့်မှန်မှ နံပြားကျက်သည်။ နှဖူးကချွေး နဲ့နေသည့်ဂျုံထဲကို တပေါက်ပေါက်ကျနေမှ နံပြားအရသာရှိသည်။ ဂျုံနယ်သည့်နေရာတွင် ရေပေးမှန်ဖို့နှင့် လက်သီးဆုပ်နှစ်ထိုး အတက်အဆင်းမှန်၍ နှံစပ်ဖို့မှာ အရေးအကြီးဆုံး။



ဒါအပြင် လက်ဝါးရိုက်မြှင်း၍ ဂျုံပြားကိုအထူအပါးညီအောင် အပ်တော်လုံးပေါ်ဆွဲတတ်ဖို့မှာ အဓိက။

တစ်ကိုယ်လုံး ချွေးသီးချွေးပေါက် ကျအောင် နှဲထားသော နံပြားသည် ဖောင်းဖောင်းအိအိ စားမြိန်ဖွယ်ရှိတိသည်။

လက်ဖက်ရည်ဆိုင်များက နံပြားကို အသားပေးရောင်းကြသည်။ နံပြားနှင့် ဆိတ်ခြေထောက်စွပ်ပြုတ်။ နံပြားနှင့်မဆိုင်၊ နံပြား ကီးမား(ဆိတ်သား ခေါက်ခေါက်စင်းတင်း)ရောင်းကြသည်။

လက်ဖက်ရည်ထက် အမြတ်ပိုကျန်သည်မှာ တရုတ်မုန့်မျိုးနှင့် ကုလားနံပြားတို့ဖြစ်၏။

ရန်ကုန်မြို့ထဲက ဆိုင်ကြီးတွေကဂိုလန်မာမက်တို့လို နံပြားရိုက်ကောင်းသူများကို ကြိုတင်စရံငွေပေးပြီး အလုပ်ခေါ်ယူကြသည်။ လခဆိုလည်း ကောင်းကောင်း ပေးရသည်။ ထမင်းစားဆိုလည်း သူများထက် ပိုပေးရသည်။

ဂိုလန်မာမက်က နံပြားဝိဇ္ဇာ။

ဒါပေသည့် သူက အလုပ်မမြဲ ဆိုင်ရှင်တွေက သူ့ကိုချော့ထားပေမယ့် သူက မွေ့မောက်တတ်သည်။

မိန်းမနှင့်တွေ့လျှင် ညကနှဲထားသည့် ဂျုံကို မေ့သွားတတ်သည်။ ဂျုံတွေ နှဲထားပြီးမှ နံပြား မရိုက်လိုက်ရသည့် ဆိုင်ရှင်မှာ စိတ်မောလူမောနှင့် 'ယနေ့နံပြားမရပါ' ဆိုင်းဘုတ် ချိတ်ရသည်။

ဂိုလန်မာမက်အဖို့တော့ ဘာအရေးလဲ။

www.burmeseclassic.com



သည်ဆိုင်နှင့်စကားများပြီး အလုပ်မဖြစ်ရင် နောက် တစ်ဆိုင် ပြောင်းရုံပေါ့၊ သူ့ကို လက်ကမ်းနေသူတွေ ကလည်း အမြဲတမ်းရှိနေကြဝေသကိုး။

ဆိုင်ပြောင်းပေမယ့် သူ၏အကျင့်ကိုတော့ မပြောင်း။

ကြာတော့လည်း သူ့အကျင့်တန်ပုံ သတင်းက ပျံ့တွက်လာသည်။ သတင်းဆိုးကြောင့် သူ့ကိုခေါ်ကြသည်။ မခေါ်လို့လည်း မဖြစ်။ ခါးကော့ကျန်ခဲ့သူတွေက များသထက်များလာပြီ။ နံပြားရိုက်သမားဆိုတာက ချက်ချင်း ရှာလို့မရ။ စားပွဲထိုးလို သည်တစ်ယောက်သွား၊ နောက်တစ်ယောက်လာလုပ်လို့မရ။ သုံးလေးငါးရက် ရှာရသည်။ အချိန်ကုန် လူပင်ပန်းပြီး ဖောက်သည်ပျက်သည်။

ဂိုလန်မာမက်မှာ လက်ရှိမိန်းမနှစ်ယောက်။ ကြားပေါက်တွေကလည်း ရှိသေးသည်။ သူဝါသနာ ထုံမွှေ့ရာ ပျော်ပါးဖို့ ငွေရှာရသည်မှာ မလွယ်။

အလုပ်မရှိသည်မှာ ခြောက်လကျော်ပြီ။ သူ အားကြီးစိတ်ညစ်နေသည်။ နှုတ်ခမ်းမွေးမသန့်နိုင်၊ ဆံပင် မဖြီးနိုင်သည်မှာ ကြာလေပြီ။

တစ်နေ့။

ဂိုလန်မာမက်နေသည့် သဃ်နှန်းကျွန်းသို့ ဆာဟစ်ရောက်လာသည်။ သူတို့နှစ်ယောက်က သူငယ်ချင်း။ နှစ်ယောက်စလုံးတစ်ယောက်တစ်မျိုးစီ အကျင့်တန်သည်။ လက်ရှိအခြေအနေမှာ နှစ်ယောက်စလုံး အလုပ်မရှိ။ နှုတ်ခမ်းပွဲနှစ်ယောက်တွေ့ရပေါက်ရလမ်း အကြံအဖန်များ ပြောကြဆိုကြ တိုင်ပင်



ကြရင်း ပြန်ပေးမှုကိုကျူးလွန်ကြရန် ဂိုလန်မာမက်က အခေါ်ပေး၍ ဆာဟစ်က ခေါင်းညိတ်ပြီး ခြေလှမ်း စပြင်လိုက်ကြသည်။

သတ္တိနေရာတွင်တော့ သူတို့နှစ်ယောက် မတူ။

ဆာဟစ်ထက် ဂိုလန်မာမက်က မိုက်သွေးရှိသည်။

သူတို့ အစီအစဉ် လုပ်ကြသည်။

ဒုစရိုက်မှုတစ်ခု ကျူးလွန်ပြီးနောက် အရိပ်သဖွယ်လိုက်ပါနေမည့် ဥပဒေစက်ကွင်းကိုမူ သူတို့မမြင်ကြ။

....၀....

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၃ )

### နှောက်ထုပ်စာတစ်စောင်

စာရောက်လာသည့်အချိန်မှာ ညဥ့်ရှစ်နာရီ ကျော်ကျော်၊ စာလာပေးပုံမှာ ယခင်အတိုင်း၊ လူတော့လွဲသည်။ နှောက်တစ်ယောက်။

ငွေပေးပုံပေးနည်း လမ်းညွှန်ချက်မှာ ယခင်အတိုင်း။

နေ့ရာမှာမူ တိုးကြောင်လေး မဟုတ်တော့။ ဒါးပိန်အနီးတစ်နေရာ။

ရဲနှင့်ဆက်သွယ်နေသည့်အကြောင်း သူတို့သိသည်။ နက်ဖြန် မနက် ငွေမရရင် နက်ဖြန်ညနေ အလောင်းရမည်ဟု အပြတ် ခြိမ်းခြောက်လိုက်သည်။

ငွေပေးရမည့်အချိန်မှာ မနက်ကိုးနာရီ။

ရဲအရိပ်အငွေ့ယောင်တွေ့ရင် ငွေကိုမယူ၊ အလောင်းကိုပေးမည်ဟု နှောက်ဆုံးစာကြောင်းတွင် ထည့်ရေးထားသည်။



အိမ်တွင်အသင့်ရှိနေသူများ ခေါင်းချင်းရိုက်ကြရပြီ။

ကဲ....ဘာလုပ်မလဲ။

အများဆန္ဒက ငွေပေးဖို့။ ဦးမောင်မောင်စိန် ကလည်း ခေါင်းညိတ်လိုက်သည်။

ငွေရောကားပါ အဆင်သင့်။ မနက်စောစော ထွက်ရမည်။ နေရာက ပထမနေရာထက် ဝေးသည်။

တယ်လီဖုန်းသံ မြည်လာသည်။ ကိုးနာရီ။ ဦးသိန်းစိုးထံမှ။

ဦးမောင်မောင်စိန်ကစာလုံးဝမရောက်ကြောင်းနှင့်ကလေးတွင်ပါသွားသော ရွှေကိုယူပြီး ဖျောက်ပစ်လိုက်ပြီဟု ထင်မိကြောင်းကိုပါ ပြောလိုက်သည်။

ဦးသိန်းစိုးက အဝင်မကျ။ ဒါပေသိ ကာယကံရှင်ကိုယ်တိုင်က စာမရောက်ပါဟု ဆိုနေပြီ။ ပြေးနေသူများ နောက်ကို ကိုယ့်နည်းကိုယ့်ဟန်နှင့် လိုက်ရုံမှတစ်ပါး အခြားမရှိပြီ။ သူ့ဘက်က လှုပ်ရှားမည့် အစီအစဉ်ကိုဆွဲပြီး အထက်အရာရှိထံ အစီရင်ခံလိုက်သည်။

ဆက်လုပ်။

ညွှန်ကြားချက်က တိုတိုသာပင်။

....o....

www.burmeseclassic.com



ဒီဇင်ဘာလ (၁၄) ရက်

ပီးယက်ကားအနီကလေး မြို့ထဲကထွက်လာစဉ် ပါးလွ… သည့် နှင်းမှုန်များသာ ကျနေသော်လည်း မြို့ပြင်ရောက်သ… နှင့် သိပ်သည်းထူထပ်သော နှင်းလွှာထုနှင့် တွေ့လိုက်ရသည်… ကားကိုအရှိန်လျှော့၍ မှန်မှန်ပဲမောင်းခဲ့သည်။ ဦးမောင်မော… စိန်၏စိတ်ထဲတွင် သည်ကနေ့တော့ တိုစ့်ပြီးပြတ်သွားလိမ့်မ… ဟု ယုံကြည်နေသဖြင့် မနေ့ကလောက် စိတ်မတုန်လှုပ်တော့…

အတိတ် မကောင်းဟု အယူအဆရှိသော အန်လပ်ကီး… နံပါတ် (၁၃)။ လာဘ်မကောင်းသော နံပါတ်မှာ မနေ့… ကုန်ဆုံးသွားပြီ။

သည်ကနေ့ ဒါဘယ်(လ်) လပ်ကီးနံပါတ်ဟု ဆိုနိုင်သော… (၁၄) ရက်။

၇+၇ = ၁၄။ နှစ်ထပ်ကွမ်း လာဘ်ကောင်းသောနေ့…

သို့သော်....

တိုက်ဆိုင်မှုလို့ပဲ ဆိုရမလားမသိ။ ဒါဘယ် (လ်) လပ်… နံပါတ်ကျသော ၁၄ ရက်နေ့သည်လည်း လပ်ကီးဒေး။ လာဘ် ကောင်းသောနေ့ မဖြစ်ခဲ့ပေ။

ဆာဟာစ်က ကားအသွားအလာနှင့် ရဲတို့၏ လှုပ်ရှားမှု… စောင့်ကြည့်ရန် ဆစ်တိုတို့ မနက်မိုးလင်းကတည်းကပင် ကား လမ်းပေါ်သို့လွှတ်ထားခဲ့သည်။ ဆစ်တိုက ကားလမ်းနား… မနက်အစောကြီးကတည်းက ရောက်နေသည်။ ကားအသွား အလာနှင့် ရဲတို့၏လှုပ်ရှားမှုကို စောင့်ကြည့်နေစဉ် ဆစ်…



တစ်ကိုယ်လုံးတုန်လှုပ်သွားစေသည့် ဖြစ်ရပ်တစ်ခုကို တွေ့လိုက် ရသည်။

ဂျစ်ကားတစ်စီးနှင့် ရဲများ။

ဒါ်းပိန်ဘက်သို့မောင်းသွားသည့်ရဲများပါသော ဂျစ်ကား ကို တွေ့လိုက်သည်နှင့်ဆစ်တိုမှာတစ်ချိုးတည်းနောက်ကြောင်း ပြန်လှည့်ပြေးခဲ့သည်။

ဆာဟာစ်တို့ရှိနေသည့် နေရာမှာ ကားလမ်းမနှင့် တစ်တိုင် သာသာ နှစ်မိုင်ခန့်ရှိ၏။ ဇမာကြီးမန်းကြီး ပြေးလာသည့် ဆစ်တို၏နှုတ်များမှ ဗလုံးဗထွေး ထွက်လာသည့် စကားလုံး များကြောင့် ဆာဟာစ်နှင့် ဂိုသနီမှာ ခက်တို့ ပြေးဖို့ခြေလှမ်း ပြင် ပြီးသားဖြစ်သွားရသည်။

'ရဲတွေ....ရဲတွေ'

ရာဇဝတ်မှု ကျူးလွန်ထားသူများမှာ 'ရဲ'အသံ ကြားလျှင်' သေးလန့်ကြသည်မှာ ဖြစ်စမြဲ။ သူတို့၏စိတ်က အလိုလိုနေရင်း လှုပ်ရှားနေတတ်ကြရာ အလိုလိုနေရင်း သေးလန့်နေတတ်ကြ ရာ ရဲဆိုသည်နှင့် မျက်စိတွေပြာဝေသွားတတ်သည်။ ရင်ထဲမှာ လှုပ်လှုပ် လှုပ်လှုပ်ဖြစ်လာတတ်သည်။ ပြေးဖို့ပြင်ပြီးသား ဖြစ် စေတတ်သည်။

ဆစ်တိုပြောလိုက်ပုံကလည်း ထိတ်ထိတ်ပျာပျာ၊ မျက်လုံး ပြူး မျက်ဆံပြူး၊ အမောတကောနှင့် ခုပဲ ရဲတွေ အနား ရောက်နေပြီလိုလို နောက်ကလိုက်လာပြီဆိုလိုလို ပုံဟန်မျိုး။

ရဲနှင့်ဘယ်သို့ဘယ်ပုံ တွေ့ခဲ့သည်ကို ဆာဟာစ်က မေးမနေ တော့၊ ပြေးလမ်းကို တစ်ချိုးတည်း မြှင်လိုက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ရဲဂျစ်ကားဖြတ်သွားသည်မှာ ရှစ်နာရီခန့်။

သူတို့က သူတို့ကိစ္စနှင့်သွားကြတာ၊ ဆစ်တိုက အစအဆုံး မကြည့်။ ရဲကိုမြင်သည်နှင့်တစ်ချိုးတည်းပြန်ပြေးခဲ့ပြီး သတင်းပေးတာ။ ဆာဟာစ်တို့ကလည်း ဘာမှစဉ်းစားမနေတော့။ ဦးမောင်မောင်စိန်တော့အကွက်လှည့်ပြီဟု ဒက်ခနဲ တွက်လိုက်ကြသည်။ ထို့မှ ကားလမ်းဘက်ကို မျက်နှာမမူကြဘဲ ဆန့်ကျင်ဘက်သို့ မျက်နှာမူလိုက်ကြသည်။

ဖီးယက်ကားနီလေးမှာ ချိန်းဆိုထားသည့် အချိန်အတိုင်းပင် ချိန်းဆိုထားသည့်နေရာသို့ရောက်လာခဲ့သည်။

ဖီးယက်ကားနီလေးရောက်လာသည့်အချိန်တွင် ဆာဟာစ်တို့သုံးယောက်နှင့် ချွတ်တားဘိုင်လေးတို့မှာ သူတို့မျက်နှာမူရာဘက်သို့ တရွေ့ရွေ့ သွားနေကြလေပြီ။

သည်နေ့မနက် အိမ်ပြန်ရမည်ဟုဆိုထားသောကြောင့် ချွတ်တားဘိုင်လေး၏စိတ်ထဲမှာ အိမ်ပြန်ဖို့ သွားနေကြသည် ဟူ၍ ထင်နေသည်။

ကိုးနာရီမထိုးခင် ရောက်နေသည့် ဖီးယက်ကားနီလေးမှာ ချိန်းဆိုထားသည့် နေရာတွင် တစ်နာရီခန့် ခေါက်တုံ့ခေါက်ပြန် မောင်းနေသော်လည်း အချိန်းအချက် လုပ်ထားသည့်နေရာတွင် ဘာမှမတွေ့ရဘဲရှိနေသည်။

ဦးမောင်မောင်စိန်၏ မျက်နှာပေါ်တွင်ထင်လာသည့် ချွေးသီး ချွေးပေါက်ကြီးများမှာ သုတ်ရင်း ထွက်ရင်းရှိနေသလို ဦးမောင်မောင်စိန်မှာ ခေါင်းတယမ်းယမ်း ဖြစ်နေသည်။



သူ၏အမှားကို ဖြတ်ဖြတ်ထင်ထင် ခံစားသိမြင်လာပြီ။ သူ ဆုံးဖြတ်ချက် တစ်ခုချလိုက်သည်။ သူ၏ဒရိုင်ဘာ ခင်မောင်ကို ရန်ကုန်ဘက်သို့ အမြန်ဆုံး ပြန်မောင်းခိုင်းလိုက်တော့၏။

....၀....

လူသူပြတ်သော ခင်တန်းတစ်ခုသို့ အရောက်တွင် ဆာဟာစ်တို့လူစု နားလိုက်ကြသည်။ ချွတ်တားဘိုင်လေးက သူ့ဗိုက်ဆာနေသဖြင့် တစ်ခုခုကျွေးဖို့ ငိုမဲ့မဲ့ မျက်နှာလေးနှင့် ဆာဟာစ်ကို ပူဆာနေသည်။ ဆာဟာစ်က ချွတ်တားဘိုင်လေးကို အိတ်ထဲက ဘီစကစ်နှစ်ချပ် ထုတ်ပေးပြီး သူတို့နှင့်ခပ်လှမ်းလှမ်းဆီသို့ ခေါ်သွားရန် ဆစ်တိုကို တိုးတိုးပြောလိုက်သည်။

သူတို့နှစ်ယောက်တည်း ရှိတော့မှ ရှေ့ဘာဆက်လုပ်မည်ကို တိုင်ပင်ကြသည်။

ဂိုလန်မာမက်က ပြောလိုက်။

ဆာဟာစ်က ပြောလိုက်။

အေးအေးဆေးဆေး ပြောသလို ဒေါကြီးမောကြီးလည်း ပြောကြသည်။ သူတို့နှစ်ယောက် ပြောနေကြသည့်မှာ အချီအချ။ ခဏခဏ ခေါင်းခါနေသူမှာ ဆာဟာစ်။

အခြေအတင် ပြောကြဆိုကြပြီး နောက်ဆုံးတွင် ဆာဟာစ် ခေါင်းညိတ်လိုက်သည်။

....၀....

www.burmeseclassic.com

www.burmeseclassic.com



ပန်းအဲတန်းရဲ့စခန်းသို့ ဖိုးယက်ကားနီလေး ရောက်လာသည်။

ဦးသိန်းစိုးမရှိ။

ဆက်လုပ် အမိန့်အရ သူလုပ်စရာရှိသည်များကို ပြင်ဆင်ရန် လှုပ်ရှားနေရသည်။

ဦးမောင်မောင်စိန်ရောက်ပြီး ဆယ့်ငါးမိနစ်ခန့် အကြာတွင် စခန်းမှူးဦးအောင်ထွန်း ရောက်လာသည်။

'ဘယ်နှယ်လဲ ဦးမောင်မောင်စိန် အကြောင်းထူးပြီလား'

စခန်းမှူးဦးအောင်ထွန်းက အပြုံးဆောင်သော မျက်နှာဖြင့် မေးလိုက်သည်ကို ဦးမောင်မောင်စိန်က ချက်ချင်းပြန်မဖြေနိုင်ဘဲ မချင့်ခဲသာမျက်နှာထားနှင့် ခေါင်းညိတ်လိုက်ရသည်။

အဖြစ်ရှိသူတစ်ယောက်က သူ၏အဖြစ်ကို ဘယ်လိုအခင်းဖြေကန့်ရပါမလဲဆိုသည့် မျက်နှာထားမျိုး။ ဦးမောင်မောင်စိန်၏ မျက်နှာပေါ်တွင် ထင်နေသည်။

'ကဲ...ဆိုပါဦး ဦးမောင်မောင်စိန်ဘယ်လိုများအကြောင်းထူးပြီလဲ'

'ကျွန်တော့်အဖြစ်ပါဗျာ'

'ဘယ်လိုဖြစ်လို့လဲ ဦးမောင်မောင်စိန်'

ဦးမောင်မောင်စိန်က ခေါင်းကိုရဲရဲမမော့ဝံ့သော မျက်နှာဖြင့် ပထမဆုံးတွေ့ဆုံသည့် အကြောင်းကစ၍ ဒီကနေ့မနက် အခြေအနေအထိ ပြည့်ပြည့်စုံစုံပြောပြီး သူ့အပေါ် ခွင့်လွှတ်ဖို့ပါ တောင်းပန်စကား ဆိုခဲ့၏။



ဦးအောင်ထွန်းမှာ ထောင်းခနဲ ဒေါသထွက်သွားသော်လည်း သူ့ဒေါသကို ပြန်ထိန်းလိုက်နိုင်သည်။ အမှုသည်တို့ ဖြစ်လေ့ဖြစ်ထရှိသော သဘောကို လုပ်သက်အတွေ့အကြုံအရ တွေ့ဖူးပေါင်း များနေသောကြောင့် ရုတ်တရက်ဖြစ်ပေါ်လာသည့် ဒေါသကိုပြန်ထိန်းပြီး တင်းမာသွားသော မျက်နှာထားကို ပြန်ပြင်လိုက်၏။

'အင်း...ဖြစ်ပြီးမှတော့ ဘယ်တတ်နိုင်မှာလဲလေ၊ တော်တော့်ကို မှားသွားပြီပဲ၊ ကံတရားကိုပဲ အားကိုး ပြုရတော့မှာပေါ့'

စာနှစ်စောင်စလုံး ဖတ်ပြီးနောက် ဦးအောင်ထွန်း၏ သက်ပြင်းချသံနှင့်အတူ မျှော်လင့်ချက် အနေအထား မရှိတော့သည့် အမှုအတွက် အထက်ပါအတိုင်း မှတ်ချက်ချလိုက်၏။

'ကဲ...ကဲ...ရဲစာရေးကြီးဆီမှာဦးမောင်မောင်စိန်ကိုယ်တိုင် ပြန်မေးမှုတိုင်ချက်ဖွင့်ပြီး အိမ်ပြန်နားနေပါလေ၊ ကိုသိန်းစိုး ရောက်လာတာနဲ့ ကျွန်တော်တို့ လုပ်စရာရှိတာ ဆက်လုပ်ပါ့မယ်'

'လိုသမျှအကူအညီ ကျွန်တော် ပေးပါရစေ'

'ဟုတ်ကဲ့...ဟုတ်ကဲ့...ကောင်းပါပြီ'

....၀....

www.burmeseclassic.com

www.burmeseclassic.com



ဂိုလန်မာမက်နှင့် ဆာဟာစ်က ဆစ်တိုကို ရှာမြှန်လွှတ်လိုက်ပြီး သူတို့နှစ်ယောက်နှင့် ကလေးမှာ ခရီးဆက်သွားကြသည်။

'အလ္လာ....အလ္လာ....အလ္လာ'

ဘုရားသခင်ကို တမ်းတလိုက်သည့်အသံမှာ....

....၀....

အရပ်ဝတ်အရပ်စား ဝတ်ထားသည့် လွှယ်အိတ်ကိုယ်စီနှင့် ဦးသိန်းစိုးတို့လူစု တိုးကြောင်လေးသို့ ရောက်သွားသည့်အချိန်မှာ မွန်းလွဲနှစ်နာရီကျော်ပြီ။ သယ်န်းကျွန် ရဲစခန်းမှ လူဆိုးထိန်းနှစ်ယောက်၏ အကူအညီနှင့် တိုးကြောင်လေးတစ်ဝိုက်တွင် စုံစမ်းရေးကို စတင်လှုပ်ရှားလိုက်ကြသည်။

လွန်ခဲ့သောနှစ်ရက်က တိုးကြောင်လေး ရွာပတ်ဝန်းကျင်သို့ရောက်လာသည့်ဆာဟာစ်တို့ လူစုအကြောင်းကိုစုံစမ်းနေစဉ် ဦးသိန်းစိုးရှေ့သို့ ဆစ်တိုကိုယ်တိုင် ရောက်လာပြီး ဆာဟာစ်တို့နှစ်ယောက်နှင့် ကလေးတစ်ယောက်ကို သူလက်ခံမိကြောင်း ကစ၍ ကလေး ပြန်ပေးဆွဲခဲ့သည့်အမှုကို ဖော်ကောင်လုပ်အစစ်ခံခဲ့၏။

'ကျွန်တော် ဂိုလန်မာမက်နဲ့ အရင်ကတည်းက သိခဲ့ကြပါတယ်၊ သူ နံပြားရိုက်တဲ့ လက်ဖက်ရည်ဆိုင်မှာ ကျွန်တော်က စားပွဲထိုးလုပ်ရင်း ရင်းနှီးခဲ့ကြပါတယ်၊ လွန်ခဲ့တဲ့ လေးရက်လောက်က ဂိုလန်မာမက် ကျွန်တော့်ဆီ ရောက်လာပြီး သူ့



သူငယ်ချင်းတစ်ယောက်နဲ့ ကလေးတစ်ယောက်ကို တစ်ရက်နှစ်ရက်လက်ခံရင်ကျွန်တော့်အတွက်ငွေသုံးထောင်လောက်ရမည်ပြောသဖြင့် ခေါင်းညိတ်မိလိုက်ကြောင်း'က စ၍ သည့်နေ့အဖြစ်အပျက်အထိ အစစ်ခံခဲ့၏။

ဆစ်တိုပြောလိုက်သည့် နောက်ဆုံးအခြေအနေမှာ ဦးသိန်းစိုးအတွက် ခဲလေသမျှ သဲရေကျဖြစ် ဆိုသည့် ပမာစကားအတိုင်း ဦးသိန်းစိုးတစ်ယောက် ခေါင်းငိုက်စိုက်ကျသွားရသည်။

ဆစ်တို၏တဲကိုသွားရှာပြီး ဆာဟာစ်တို့နောက် လိုက်ဖို့မှာအချိန်မရှိတော့သည်က တစ်ကြောင်း၊ ချွတ်ထားဘိုင်လေးကိုအသက်ရှင်လျက် ပြန်မတွေ့နိုင်သည်က တစ်ကြောင်းကြောင့်ဆစ်တိုကိုဖမ်းဆီး၍ ရဲစခန်းသို့ နောက်ကြောင်း ပြန်လှည့်ခဲ့ရ၏။

စခန်းရောက်သည်နှင့် အထက်အရာရှိများကို အစီရင်ခံပြီးဆစ်တိုကို ဆက်လက် စစ်ဆေးခဲ့၏။

ဖော်ကောင်ကို အချုပ်ထဲသွင်းလိုက်နိုင်သော်လည်း တရားခံများကိုမူ မမိသေး။ ဆက်လိုက်ရဦးမည်။

ဆာဟာစ်နှင့် ဂိုလန်မာမက်တို့နှစ်ယောက်၊ တစ်ယောက်ယောက်တော့ သည်နေ့ညဉ့်၊ သို့မဟုတ် မနက်ဖြန်ညဉ့် သူတို့အိမ်သို့ ပြန်ဝင်လာရမည်ဟု ဦးသိန်းစိုးက အပိုင်တွက်ပြီး ပြင်ဆင်စရာများ ပြင်ဆင်ထားလိုက်သည်။

....၀....

www.burmeseclassic.com

www.burmeseclassic.com



ဦးမောင်မောင်စိန် ရဲစခန်းရောက်လာသည်။

'ကဲ... ဦးမောင်စိန် အသက်ရှင်လျက် ပြန်တွေ့ဖို့ အခြေအနေပေးပါလျက်နဲ့ အခုတော့ ခင်ဗျား'

ရဲစခန်းထဲမှ-ခေါင်းငိုက်စိုက်ချလျက် ထွက်လာသည့် ဦးမောင်မောင်စိန်၏ မျက်အိမ်ထဲမှာ....

ကံဆိုးရှာသူ ချွတ်ဘာဒ်ကိုင်လေးမှာ ဒါဘယ်(လ်) လပ်ကီးဒေး၊ နှစ်ထပ်ကွမ်းလောက်ကောင်းသော နေ့တွင် လူ့လောကမှ အချိန်မစေ့ခင်ကလေးဘဲ လာရာလမ်းသို့ ပြန်သွားရလေပြီ။

...ဝ...

အခန်း ( ၁၂ )

---

လူပိုက်နှစ်ယောက်

ဂိုလန်မာမက်နှင့် ဆာဟစ်တို့နှစ်ယောက်မှာ ဗုဒ်မ ၃၆၃ ကို တော်ကျူးလွန်ပြီးနောက် ဗုဒ်မ ၃၀၂ ကိုပါ ထပ်မံ ကျူးလွန်ခဲ့ကြ၏။

မိုက်တွင်းနက်ပါဘိ။

မိုက်တွင်းနက်သမှ မိုက်တွင်း၏ အဆုံးထိအောင် ထိုးဆင်းခဲ့ကြလေပြီ။

သူတို့နှစ်ယောက်စလုံးအတွက် ဗုဒ်မ ၃၆၃ နှင့် ဗုဒ်မ ၃၀၂ ကို မကျူးလွန်ခဲ့ကြောင်း ခုခံချေပခွင့် လုံးဝမရှိသလို ငြိုးစင်ပေါ် မတက်ရရေးအတွက် ကြိုးစားဖို့အခွင့်အလမ်းသည်လည်း အေးရှေးပျူပျူသော်မှ မရှိနိုင်ရှာပေ။

မျက်မြင်သက်သေ ယောက်ကောင်ရှိနေပြီ။

...ဝ...

www.burmeseclassic.com



**ဆစ်တိုထွက်ဆိုချက် မှနေ့ာက်ဆုံးမြင်ကွင်း။**

'ဂိုလန်မာမက်နှင့် ဆာဟာစ်တို့က သူတို့အစီအစဉ် အသစ်လုပ်ပြီးသည့်အခါ ကျွန်တော့်ကို ငွေလာပေးမည်၊ ခုလက်ငင်းရှာပြန်ပြီး သတင်းပလင်း စုံစမ်းပါလို့ပြောပြီး ပြန်လွှတ်ကြပါတယ်'

'ကျွန်တော် သူတို့ကို ဘာမှ ပြန်မပြောပါ၊ ကျွန်တော်နောက်ကြောင်း ပြန်လှည့်ယောင်ပြုပြီးမှ သူတို့သွားရာနောက်ကို လိုက်ချောင်းခဲ့ပါတယ်၊ ဆာတစ်က ကောင်လေးလက်ကိုနောက်ပြန်ချုပ်ပေးပြီး ဂိုလန်မာမက်က လည်ပင်းညှစ်သတ်ပါတယ်၊ ကျွန်တော် ဆက်မကြည့်ရဲတာနှင့် ပြန်လာခဲ့ပါတယ်'

ဦးသိန်းစိုး၏ 'ထက်ခေါက်သံ'မှ ကျယ်လွန်းလှ၏။

စာရသည့်ညဉ့်ကသာ စာကို ချက်ချင်းအပ်ခဲ့ရင် သေချာပေါက် ညဉ့်တွင်းချင်း မိနိုင်သည့်အနေအထား ရှိနေသည်။

သူတို့လုပ်ပုံ မသေသပ်။ မပိရိသည့်အကွက်ကို တွက်ဆကြည့်မိသည်။ ဦးသိန်းစိုး၏ရင်ထဲမှာ နာကျင်မှု ဝေဒနာတစ်ခုကို ခံစားလိုက်ရသည်။

ကလေးကို တစ်နေ့ရာထားပြီး ငွေတောင်းသည်က တစ်နေ့ရာဆိုလျှင် လိုက်ရတာ ခက်ချင်ခက်ဦးမည်။ သူတို့ဘယ်မှာရှိနေသည်ကို ညွှန်ပြနေပါလျက် မဖြစ်သင့်သောအဖြစ် ဖြစ်ခဲ့ရသည်မှာ ငမိုက်သား လူနှစ်ယောက်၏အပြစ်လား၊ ဦးမောင်မောင်စိန်၏အပြစ်လား ဆိုသည်ကို ပြန်ပြောရမှာ ရင်နာစရာကောင်းလှ၏။



လူဆိုးတို့၏ လုပ်နည်းလုပ်ဟန်အထာကို ကျွမ်းဝင်သည်က ရဲ။

လူဆိုးတို့နောက် ခြေရာကောက်ပြီး ဘယ်သို့ ပရိယာယ်သွယ်၍ လိုက်ရမည်ကို အတွေ့အကြုံ နောကြေနေသည်မှာ ရဲ။

ဒုစရိုက်သမားနောက် အရုပ်သားလိုက်မှဖြင့် လမ်းပြမပါဘဲ တောမကျွမ်းသည့်လမ်းကို သွားသူနှင့်သာ တူလိမ့်မည်။

လမ်းမှား၍ မျက်စိလည်နေမည်သာတည်း။

....၀....

**ရာဇဝတ်ဘေး ပြေးလို့လွတ်မတဲ့လား။**

ရာဇဝတ်ဘေး ပြေးလို့လွတ်ရိုး အစဉ်အလာ မရှိ။

ခုမိနှင့် နောက်မိသာ ကွာမည်၊ ပြေးလို့ကတော့ မလွတ်။

ဘယ်လောက်ပြေးပြေး ဟာနေသော သက်ထိတ်ကွင်းမှ လက်တစ်ကမ်းအကွာတွင် အမြဲထာဝရရှိနေသည်ကို ဒုစရိုက်သမားတို့ သတိမမူမိကြပေ။

ဒုစရိုက်သမားတို့အတွက် လွတ်မြောက်ရာ လမ်းကြောင်းဟူ၍ ဘယ်သောအခါမှ မရှိဖူးပါလေ။

သူတို့ ပြေးနေသည်မှာ ထောင်ထဲသို့ဝင်ရာ လမ်းကြောင်းသို့သာ ဖြစ်သည်ကို သူတို့ မသိကြ။

....●....

www.burmeseclassic.com

www.burmeseclassic.com



ဆာသာ့ကိုမမြို့။

ဦးသိန်းစိုးက ဂိုလန့်မှာမက်အတွက် အဆန်းကျန်းရဲ့စခန်းအကူအညီတောင်းပြီး ဆာဟစ်ကိုမူ သူကိုယ်တိုင် စောင့်နေခဲ့သည်။

ညဥ့်ဆယ်နာရီသာသာ။

ဆာဟစ် မိန်းမ လှုပ်ရှားမှုကို မြှော်တဲက စောင့်ကြည့်နေသည့် ဦးသိန်းစိုးမှာ အချိန် တရွေ့ရွေ့ ကုန်သွားသော်လည်း နည်းနည်းမှ စိတ်မပျက်။

ဆာဟစ်နေသည့်တဲမှ ရေနံဆီမီးခွက်အလင်းရောင်ပျောက်သွားသည့်မှာ တစ်နာရီခန့်ရှိပြီ။ ခြုံးဆေးလိပ်ကို နာနာဖိ...နေသည့်ဦးသိန်းစိုး၏ မျက်လုံးနှစ်လုံးမှာ အရောင်ထွက်...သလား ထင်ရလောက်အောင် ကြည့်ကြည့်လင်လင် ရှုးရှုးစိုက်ရှိနေသည်။

ဆာဟစ်အိမ်ရှိသည့် တာမွေအိုးစု လမ်းသွယ်လေးမှာတိုက်...ဆိုတ်နေသည်။ လမ်းထိပ်ဘက်မှ ထွက်လာသည့် ရဲတို့၏...အမေ့ာ်မှုန်ဖြစ်သော ခွေးဟောင်သံကြောင့် ဦးသိန်းစိုး...ခေါင်းမှာ ဆတ်ခနဲ ထောင်သွားသည်။ လူကိုမြင်၍ ဟော...သော ခွေးသံမှန်း အတပ်သိလိုက်သည်။ ဦးသိန်းစိုး မျက်...အစုံမှာ ဆာဟစ်တဲလေးဆီသို့ စူးစိုက်သွားလိုက်သည်။

လူတစ်ယောက်။

အိပ်ပျော်နေသည့် ဆာဟစ်မိန်းမနာမည်ကိုခေါ်ပြီး နှိုး...သည်။ သူ၏အသံမှာ တိုးတိုးညင်းညင်း။



ဆာဟစ်မိန်းမနိုးမလာခင် ထိုသူ၏ပါးစပ်ကို လက်တစ်ဖက်ကပိတ်ပြီးသား ဖြစ်သွားသည်။ ရဲသားတစ်ယောက်က လက်နောက်ပြန်လှဲ၍ လက်ထိတ်ခတ်လိုက်သည်။ ပါးစပ်ပိတ်သည့်အချိန်နှင့် လက်ထိတ်ခတ်သည့်အချိန်မှာ တစ်ချိန်တည်း တစ်ပြိုင်နက်တည်း။

လက်နှိပ်ဓာတ်မီးရောင်နှင့် တွေ့လိုက်ရသည့်မျက်နှာရှင်မှာဆာဟစ်မဟုတ်။

ဦးသိန်းစိုးက ဆွယ်စိုက်မနေ၊ တိုက်ရိုက်မေးခွန်း မေးလိုက်သည်။

'ဆာဟစ်ဘယ်မှာနေခဲ့သလဲ ပြောစမ်း'

'ရွှေဗဟိုရုံနားမှာပါ'

ဖြေသူကလည်းမကွယ်မဝှက်။

'ရွှေဗဟိုရုံ ဘယ်နားလဲ'

'ရုံထောင့် သစ်ပင်အောက်က မှောင်ရိပ်ထဲမှာပါ'

လက်ထိတ်ပြန်ဖြုတ်၍ ရဲသားတစ်ယောက်နှင့် သူ့ကိုထားခဲ့ပြီး ဦးသိန်းစိုးနှင့် ရဲသားတစ်ယောက်က တစ်ဖက်လမ်းကြားမှ ဖြတ်ထွက်လိုက်သည်။သူတို့နှစ်ယောက်မှာ အမှုးသမားပုံစံနှင့် စကားကိုကျယ်လောင်ကျယ်လောင်ပြော၍ ဆာဟစ်ရှိနေသည့် နေရာဆီသို့ လျှောက်လာကြသည်။

အနားရောက်သည်နှင့် ဦးသိန်းစိုးက လှုပ်ရှားလိုက်သည်။ ဆာဟစ် အကျီကုပ်ကို ပိုင်ပိုင်နိုင်နိုင်ကိုင်ပြီး.... 'ဆာဟစ်' လို့ခေါ်လိုက်ရာ 'ဗျာ' ဟူသောအသံနှင့်အတူ ချောက်ခနဲ ထွက်

www.burmeseclassic.com



လာသည့် လက်ထိတ်သံမှာ မျက်စိတစ်မှိတ်၊ နှစ်မှိတ်ပဲ ကွာလိမ့်မည်။

တစ်ယောက်တော့ မိပြီ။

ရဲစခန်းရောက်သည်နှင့်ဆာဂျာစ်ကိုစစ်ဆေးခဲ့ရာ ဆာဂျာစ်က ချွတ်တားအိုင်လေးကို သတ်လိုက်ပြီဖြစ်ကြောင်း ဝန်ခံခဲ့သော်လည်း ချွတ်တားအိုင်လေးကို မသတ်ဖို့ သူ့အကြောက်အကန်ပြောနေသည့်ကြားထဲကဂိုလန်မာမက်ကသတ်ပစ်လိုက်ကြောင်း အစစ်ခံခဲ့၏။

ဦးသိန်းစိုးအဖို့တော့ ဒါမျိုးတွေရှိးနေပြီ၊ ဒုစရိုက်သမားအထာက သူတို့လုပ်ခဲ့သမျှကို ဘယ်တော့မှ ဝန်ခံလေ့မရှိကြ။ ဝန်ခံသည့်တိုင် အပြစ် မှန်သမျှကို တစ်ယောက် အပေါ် တစ်ယောက် ပုံချတတ်သည်။ လုပ်တုန်းက စိတ်တူကိုယ်တူ။ မိပြီဆိုရင် စိတ်တူကိုယ်တူ မဟုတ်ကြတော့။ ညီညီညွတ်ညွတ် ဆိုးတူကောင်းဘက် ဖြစ်လာသမျှကိုခါးစည်းခံမည်ဟူသော စိတ်ထားရှိသည့် ဒုစရိုက်သမားဟူ၍ လက်ညှိုးထိုးပြစရာ မရှိသလောက်ရှားသည်။

ဒါကြောင့်လည်း လုပ်ပြီးသည်နှင့် ပေါ်ကြသည်။

ဆာဂျာစ်အစစ်ခံနေသည်ကို ခြုံးဆေးလိပ် မှိန်းရင်း နားထောင်နေသည့် ဦးသိန်းစိုး၏ နောက်ဆုံးမေးခွန်းမှာ 'ဂိုလန်မာမက် ဘယ်မလဲ' ဟူပါ၍။

သူမသိပါ ပျော်ဘွယ်ဘက် သွားမည်ဟုပြောပြီး လူချင်းခွဲကြောင်း အစစ်ခံခဲ့သည်။



'အလာ လား လား' 'အိုး' 'အား' 'အင့်' 'အ နှ' 'အဲ' အသံများ ဆာဂျာစ်ပါးစပ်ဖျားက တရစပ် ထွက်လာပြီးနောက် အချုပ်ခန်းထဲသို့ လှောခနဲဝင်သွားခဲ့သည့် ဆာဂျာစ်မှာ ပြစ်မှုကျူးလွန်ခြင်း၏ အနိဋ္ဌာရုံ အစပိုင်းကို တွေ့လိုက်ရတော့၏။

ပြစ်မှုတစ်ခုကို ကျူးလွန်ပြီးသည့်နောက် တန်ပြန်လာမည့် အကျိုးဆက်သည် ကွဋ္ဌာရုံများဖြစ်ပါသည်ဟု ပြောဖူးသော ရှုစဝတ်သားဟူ၍ လောကတွင်ရှိအံ့မထင်။

နှစ်ယောက်တော့ အချုပ်ခန်းထဲရောက်ပြီး တစ်ယောက် ကျန်သေးသည်။ ထိုတစ်ယောက်ကို လိုက်ရဦးမည့်တာဝန် ရှိသေးသည့်အပြင် ချွတ်တားအိုင်လေး၏ အလောင်းကို တူးဖော် စစ်ဆေး၍ ဆေးရုံပို့ရမည့်တာဝန်လည်း ရှိနေပြန်သမို့ မိုးစင်းမိ ရသမျှ နှစ်နာရီအချိန်ကို ခေါင်းအုံးနှင့်ခေါင်း ထိပေးလိုက်ရသည်။

ခြောက်နာရီထိုး အိပ်ရာမှနိုးရန်မှာထားသည့်အတိုင်း ဇနီးဖြစ်သူက နှိုးခဲ့သော်လည်း အိပ်ရာထဲက မတော်တော်နှင့် မထနိုင်ဖြစ်ခဲ့ရသည်။ မျက်စိထို အတင်းပွတ်သတ်ပြီး ထလိုက်ရသည့်အိုင်စိတ်မရှင်လန်းဘဲ နှံ့ ချည့်နွဲ့ယိုင်ဖြစ်နေသည်။ ဆက်သာ အိပ်လိုက်ရလျှင် ထမင်းစားချိန်တောင် နိုးပါမလားမသိ။

သို့သော် တာဝန်က ရှိသေးသည်။

....o....

www.burmeseclassic.com

www.burmeseclassic.com



ဒီဇင်ဘာလ (၁၅) ရက်။

ဆာဟာစ်ကိုခေါ်ပြီး သက်သေ လူကြီး များ နှင့် အတူ အလောင်း မြှုပ်နှံထားသည့်နေရာကို သွားရမည့် တာဝန်ကြောင့် အိပ်ချင်စိတ်နှင့်နှုံးချည့်နေသည်များ ပျောက်အောင် ရေတစ်ဝချိုးပြီး ယူနီဖောင်းကောက်စွပ်လိုက်ရသည်။

ဆာဟာစ်ပြသည့်နေရာမှ ချွတ်တားအိုင်လေး၏အလောင်းကို ဖော်ယူပြီး အပြန်ခရီးတွင် သူ၏ရင်ထဲဖြစ်ပေါ်လာသည့် နာကြည်းဖွယ်ရာအတိပြီးသော ခံစားမှုဝေဒနာမှာ မျက်ရည်များ စို့လာသည်အထိ ရှိခဲ့ရချေ၏။

စိတ်လိုက်မာန်ပါသာ လုပ်လိုက်ရလျှင် သူ့ခါးပေါ်မှ ခြောက်လုံးပြူးကျည်ဆန် ခြောက်တောင့်စလုံးမှာ ဆာဟာစ် ခေါင်းထဲသို့ တစ်တောင့်ပြီး တစ်တောင့် ဝင်သွားဖို့သာ ရှိတော့မည်။

ဥပဒေကို ထိန်းသိမ်းနေရသူ တစ်ယောက်အဖို့ စိတ်လိုက်မာန်ပါ လုပ်ချင်သည့်ဒေါသကို တက်ခေါက်အံကြိတ်ပြီး ဖြေသိမ့်ခဲ့ရ၏။

ဂိုလန်မာမက်ကို အမြန်ဆုံးမိအောင်လိုက်ပြီး ရက်စက်သည့် တရားခံများကို တရားစွဲဆိုတင်ပို့သည့်အခါ ဥပဒေက ထိထိရောက်ရောက် အပြစ်ပေးနိုင်အောင် လုပ်ရမည့်အစီအစဉ်များမှာ သူ၏ခေါင်းထဲတွင် အစီအရီရှိနေပြီ။

ရိုက်ထားသည့်အကွက်မှာ လွတ်ကွက်ဟာကွက် မရှိအောင် သို့စုံနေပြီ။

မမိသေးသော တရားခံမပါဘဲရုံးတင်လျှင် ဟာကွက်တွေရှိ ...မည့်အပြင် ဥပဒေ ကျောခိုင်းသူများအတွက် ရှောင်သာ ...မ်းသာ အခွင့်အရေးများ ရရှိသွားမည် ဖြစ်သောကြောင့် ...န်မာမက်ကို ဖမ်းဆီးရမိရေးသည် ဦးသိန်းစိုးအတွက် ...ရေးအကြီးဆုံး ပြဿနာကြီး ဖြစ်နေသည်။

သဃ်န်းကျွန်းရဲစခန်းကလည်း အထူးဂရုစိုက် စောင့်ကြည့် ...သည်။

သို့သော် မနေ့ညဥ့်က ဂိုလန်မာမက် အိမ်မပြန်ခဲ့။

ဆာဟာစ်အစစ်ခံသလို နယ်ကိုများ လစ်သွားပြီလား’

ရှိပါစေတော့။ ပြေးပါစေတော့။ လိုက်ရမည်သာ။

သည်နေ့ညဥ့် ဂိုလန်မာမက်မယား၏ လှုပ်ရှားမှုနှင့် သူ၏ ...မ်ကို ဦးသိန်းစိုးကိုယ်တိုင် စောင့်ကြည့်ဖို့ ဆုံးဖြတ်လိုက်၏။

တစ်ရေးတစ်မက်တော့အိပ်ဦးမှ။ခေါင်းအုံးနှင့်ခေါင်းထိ ...က်သည်နှင့် အိပ်ပျော်သွားခဲ့သည်။ သို့သော်နှစ်နှစ်ခြိုက်ခြိုက် ...ပ်ပျော်သွားခဲ့ဟန် မရှိ။ ဂိုလန်မာမက်ကို ဖမ်းမိသည့် အိပ် ...က်ကြောင့် ဖျတ်ခနဲလန့်နိုးခဲ့ရသည်။

အိပ်မက်ကတော့ အိပ်မက်ကောင်း။ အိပ်မက်ကောင်း... ...ချွ့ ပြေးနိမိတ်ဖြစ်ပါစေဟု ဆုတောင်းပြီး အရှေ့ဦး အ...

www.burmeseclassic.com



ရောင် ,သမ်းယာသည့်အထိ စောင့်ကြည့်ခဲ့သော်လည်း အိပ်မက်ထဲကအတိုင်း ဖြစ်မလာခဲ့ပေ။

....၀....

ဒီဇင်ဘာလ(၁၆)ရက်။

နယ်ထိန်းတစ်ယောက်ကို ပျော်ဘွယ်သို့လွှတ်လိုက်ပြီး ဦးသိန်းစိုးက ရန်ကုန်မြို့ထဲလှည့်ပြီး လိုအပ်သောစုံစမ်းမှုများနှင့် လုံးထွေးနေခဲ့သည်။ ဂိုလန်မာမက်မိန်းမကို ရဲစခန်းခေါ်ပြီး စစ်ဆေးခဲ့ရာမှ သူသင်္ကာမမူလိုက်သည့် သင်္ကာလစ်ဟင်းမှုအတွက် သူ့ကိုယ်သူ ခွင့်မလွှတ်နိုင်အောင် အပြစ်တင်မိခဲ့ရသည်။

ဂိုလန်မာမက်မှာ မယားနှစ်ယောက်။

သူတို့က မယားကြီးအိမ်ကိုသာ သဲသဲမဲမဲ စောင့်ကြည့်ခဲ့သည်။ မယားငယ်အိမ်ကို မေ့နေသည်။

မယားကြီး၏ အစစ်ခံချက်မှာ....

'ဂိုလန်မာမက် မယားငယ် ယူပြီးကတည်းက ကျွန်မဆီကို တစ်လနှစ်ခေါက်လောက်ပဲ ရောက်လာတတ်ပါတယ်၊ သူ့အနေများတာက မယားငယ်နဲ့ ဖြစ်ပါတယ်၊ သူ့ရဲ့အဝတ်အစားများကို မယားငယ်အိမ်မှာပဲထားပါတယ်၊ ကျွန်မမှာ ကိုယ့်ဟာကိုယ် ရှာဖွေစားသောက်နေရပါတယ်၊ စားရေးသောက်ရေး အဆင်မပြေလို့ ဂိုလန်မာမက်နဲ့ မွေးတဲ့သားကို ကျွန်မ အစ်မများဆီပို့ထားရတာ နှစ်လလောက်ရှိပါပြီ၊ သမီးကိုသာ



ကျွန်မနဲ့အတူထားပါတယ်၊ သားကို အစ်မများဆီပို့တဲ့ကိစ္စနဲ့ပတ်သက်ပြီး စကားများကြတဲ့ အခေါက်ဟာ ကျွန်မဆီ နောက်ဆုံးလာတဲ့ အခေါက် ဖြစ်ပါတယ်၊ သားကိုတော့ ကျောင်းမှာ လာတွေ့ကြောင်း မုန့်ဖိုးပေးကြောင်း သိရပါတယ်၊ ပျော်ဘွယ်မှာ ကျွန်မအစ်ကိုရှိပါတယ်၊ ဂိုလန်မာမက်နဲ့ အဆင်မပြေကြပါဘူး'

ဟူ၍ အစစ်ခံထားသည်။

မယားကြီး မယားငယ်ရှိသောယောကျ်ားများမှာ မယားကြီးထက် မယားငယ်ကို ပို၍စွဲလန်းနှစ်သက်တတ်ကြောင်း ဦးသိန်းစိုး သတိလစ်သွားခဲ့သည်။

တချို့ကြတော့လည်း မယားငယ်ကို ဘယ်လောက်ပဲ စွဲလန်းနှစ်သက်မှုရှိစေကာမူ အရေးဟယ်အကြောင်းဟယ်ရှိလာပြီဆိုရင် ငယ်ပေါင်းကြီးဖော် မယားကြီးဆီကို ပြေးကပ်တတ်ကြသည်။ သာတုန်းနားသူထက် မယားကြီးကသာ၍အနွံ အတာ အနစ်နာခံ၍ သစ္စာရှိကြသည်။ မယားကြီးကို သတိရတတ်ကြသည့် လောကဓမ္မတာ ဖြစ်ရိုးဖြစ်စဉ်အရ ဦးသိန်းစိုး မယားကြီးအိမ်စောင့်ကြည့်ခဲ့သည်မှာ လုံးဝမှားသည်ဟုတော့ မဆိုနိုင်ရာ။ နှစ်အိမ်စလုံး စောင့်ကြည့်သင့်သည်ကိုတစ်အိမ်တည်း ကြည့်ခဲ့သည်မှာ ပမာဒလေခ ဖြစ်သွားခြင်းဟု ဆိုရန်သာရှိပေသည်။

သည်နေ့တစ်ညဉ့်တော့ မယားငယ်အိမ်ကို စောင့်ကြည့်ရပေဦးမည်။

www.burmeseclassic.com

www.burmeseclassic.com



ဂိုလ်နံမှာမက်ကို မိဖို့အတွက်ဆိုလျှင် ဦးသိန်းစိုးမှာ တစ် ညဥ့်မှဟုတ်၊ ညဥ့်ပေါင်းတစ်ရာအိပ်ရေးပျက်ပါစေ၊ သူ၏ဇွဲကို လျော့လိမ့်မည် မဟုတ်ပါလေ။

ရဲတပ်ဖွဲ့ဝင်ကောင်းတို့မည်သည် ကိုယ်လိုက်နေသောအ မှာပါမချင်း တရားခံကို မမိမချင်း၊ တရားခံကိုရုံးတစ်တရား စွဲဆိုမှု မပြုနိုင်မချင်း၊ ပဋိသန္ဓေ ဆောင်ထားရသည့် ကိုယ် ဝန်ဆောင် အမျိုးသမီးပမာသို့နှယ် ရှိချေ၏။ အမှုပေါ်ပြီ တရားခံမိပြီ၊ တရားခံကို တရားစွဲဆိုတင်ပို့နိုင်ပြီ ဆိုသောအခ ကျမှ ပဋိသန္ဓေသားကို အောင်မြင်စွာ ဖွားမြင်နိုင်လိုက်သည့် ကိုယ်ဝန်ဆောင် အမျိုးသမီးသို့နှယ် ခံစားရပေသည်။

ပဋိသန္ဓေဆောင်ထားရသူ ဦးသိန်းစိုးပင်....။

....o....

## အခန်း ( ၁၃ )

ဒီဇင်ဘာလ (၁၇) ရက်။

မနေ့က အိပ်ရေးပျက်ခဲ့ရသည်မှာအရာမထင်၊အကြောင်း မထူး။

စခန်းသို့ပြန်ရောက်သည့်အချိန်မှာ မနက်ငါးနာရီ၊ သုံး နာရီလောက် အိပ်လိုက်ရပြီး မနက်ရှစ်နာရီခွဲ သာသာခန့်တွင် ယူနီဖောင်းဝတ်ပြီး အသင့်ဖြစ်နေသည်။

ပြန်ပေးမှုမဖြစ်ခင် သူလိုက်နေရသော မပြီးပြတ်သေး သည့် အမှုနှစ်မှုရှိသေးသည်။ ဒါကိုလည်း လုံးဝမျက်ခြည်ပြတ် ထား၍ မဖြစ်။

ရဲအလုပ်တွင် အမှုတစ်မှုပြီးမှတစ်မှုလိုက်ရမည်ဟု ပုံသေ ကားချ ဇယားဆွဲထား၍မရ။ အရေးကြီးသော အမှုကြီး ပေါ်လာလျှင် အရေးမကြီးသော အမှုကိုခဏထား၍ အရေး ကြီးသော အမှုနောက်လိုက်ရမည်။ တစ်ပါတည်း ကိုင်လက်စ အမှုများကိုပါ တွဲလိုက်ရမည်။

www.burmeseclassic.com

www.burmeseclassic.com



ပျော်ဘွယ်သွားနေသော နှယ်ထိန်းက နက်ဖြန်လောက်မှ ရောက်မည်။

ဂိုလ္လန်မာမက်ဖမ်းဆီးရေးကို ဦးတည်ချက်ထား၍ကိုင်လက်စ အမှုများကိုလည်း စုံစမ်းရင်း အပြင်ထွက်ဖို့ အသွက်ပြ နေ့စဉ် မှတ်တမ်းရေးခနစ်ဉ် ခဲ့စခန်းအပြင်ဘွင် စောင့်နေသည့် အစောင့်ရဲ ခေါ်လာသည့် ကုလားတစ်ယောက် သူ့ရှေ့ မှောက် ရောက်လာသည်။

လေးငါးရက် မရိတ်ရသည့် မုတ်ဆိတ်မွေးဖရိုဖရဲ၊ နှုတ်ခမ်းမွေး ထိုးထိုးထောင်ထောင်နှင့် ဆံပင်များပွယောင်းနေသည့် ကုလားတစ်ယောက်၊ သူ၏အဝတ်အစားမျိုးမှာ ခေါသေသပ်သပ်မရှိ၊ ညစ်ထေးနေသည်။

ဦးသိန်းစိုးက နေ့စဉ်အသွက်ပြ မှတ်တမ်း ရေးနေရာမှ မျက်နှာမော့ကြည့်လိုက်သည်။

'ကျွန်တော် ဂိုလန်မာမက်ပါ'

ဦးသိန်းစိုးလက်ထဲမှ ဘောလ်ပင် လွတ်ကျသွားသည်။ မိနစ်ပိုင်းလောက် ကြက်သေသေသွားသည်။

နောက်တော့ဦးသိန်းစိုး၏မျက်နှာပေါ်မှာရာထူးတိုးအမိန့်ကို ဖတ်လိုက်ရသူ၏ မျက်နှာရိပ်မျိုး ထင်သွားသည်။

ဂိုလန်မာမက်ကို တွေ့ရင် ရေရေလည်လည်တွယ်လိုက်မည်ဟု မာန်တင်းထားသည့်စိတ်များ ဘက်ဆောက်သွားသည်မသိ။ ဂိုလန်မာမက်၏ လက်ကို ဆုပ်ကိုင်မိလျက်သား ဖြစ်သွားပြီး ကုလားထိုင်ပေါ်သို့ ထိုင်ခိုင်းလိုက်မိသည့်နှယ်ဖြစ်သွားရသည်။



လုံးစိမ်းဟုတ်သော အလုပ်တစ်ခုကိုပင် ဦးသိန်းစိုး လုပ်လိုက်မိသည်။

ဂိုလန်မာမက်အတွက် လက်ဖက်ရည် မှာခိုင်းလိုက်ခြင်း။

'ကဲ…မာမက် မင်း ပြောစရာရှိတာ ပြောစမ်း'

မာမက်က ဆာဟာစ်နှင့်သူ ဖြန်မေးဆဲ့မှုကျူးလွန်ရန် စတောင်တိုင်ပင်ခဲ့ကြသည်မှအစ ဖြစ်မှု၏အဆုံးသတ်အပိုင်းအထိ ပြောပြခဲ့သည်မှာ ဖြောင့်ဖြောင့်စင်စင်ရှိလှ၏။

ခြူးဆေးလိပ်သောက်ရင်း အနိဋ္ဌာရုံများကို ကြားနေရသည့် ဦးသိန်းစိုး၏မျက်နှာပေါ်မှာ မဲ့ ရိပ်မထင်ဘဲပြုံးရိပ်သမ်းနေသည်။

သန္တေသား မွေးဖွားချိန်ရောက်နေသော်လည်း ဗိုက်နာရသည်မှာ ငြင်ငြင်သာသာရှိသည့် ကိုယ်ဝန်ဆောင် အမျိုးသမီးပမာသို့။

ခက်ခက်ခဲခဲ မွေးရလိမ့်မည် ထင်ထားရာမှ ချောချောရှူရှူ မွေးလိမ့်မည်ဟု သိရသော ကိုယ်ဝန်ဆောင်အမျိုးသမီးသို့နှယ်။

ဂိုလန်မာမက်မှာ ပြောစရာများ ပြီးဆုံးသွားသည်နှင့်သူ၏ ခေါင်းကို အောက်ငုံ့ထားလိုက်သည်။

ဦးသိန်းစိုးက ဂိုလန်မာမက်မျက်နှာကို မော့ခိုင်းလိုက်ပြီး ခြူးဆေးလိပ်တစ်လိပ် ကမ်းပေးရင်း စူးစူးစိုက်စိုက်ကြည့်နေလိုက်မိသည်။

ကြိုးစင်ပေါ်တက်ရမည့်အမှုမျိုးတွင် ကိုယ့်ဟာကိုယ်လာရောက်အဖမ်းခံသည့် ထရားခံ။

ရှိတော့ရှိသည် ရှားသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ၏ထွက်ဆိုချက်များမှာ အထိန်အချိန် အကွယ်အဝှက် မရှိဟု ယူဆရသည်။ ဆစ်တိုနှင့်ဆာယာစ်တို့၏ အစစ်ခံထား ချက်နှင့် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်သည့် ကွဲလွဲချက်မျိုး မပါ။ သိုးကာသီကာ ကွဲလွဲချက်သာ ပါသည်။

'ဂိုလန်မာမက်'

'ဆရာ'

'မင်း ဖြောင်ချက်ပေးမလား'

'ပေးပါ့မယ် ဆရာ'

ဦးသိန်းစိုးက ဂိုလန်မာမက် တရားရုံးတွင် ဖြောင့်ချက် မပေးခင် ရဲစခန်းတွင် ထွက်ဆိုသည့် ထွက်ဆိုချက်ကို သက် သေနှစ်ဦး၏ ရှေ့မှောက်တွင် ထွက်ဆိုအစစ်ခံစေရန် စီစဉ် လိုက်၏။

ဦးသိန်းစိုးက ထပ်ဆင့်မေးခွန်းတစ်ခု မေးလိုက်သည်။ ကြိုး စင်ပေါ် တက်ရမည့် အမှုကြီး၏ တစ်တာဆုံးခံဖြစ်သူ ကိုယ်တိုင် ရဲစခန်းကို လာရောက် အဖမ်းခံရုံမက အလွယ်တကူ ဖြောင့် ချက်ပေးရန် သဘောတူခဲ့သည့် အကြောင်းဇာစ်မြစ်ကို သိလို သဖြင့် ဤသို့ ထပ်ဆင့်မေးခွန်း မေးလိုက်ရခြင်း ဖြစ်ပေ သည်။

'ဂိုလန်မာမက်'

'ဆရာ'

'မင်း ဘာဖြစ်လို့ စခန်းမှာ ကိုယ်တိုင် လာအဖမ်းခံပြီး ဖြောင့်ချက်ပေးချင်တာလဲ'



'ဒီအကြောင်းကိုတော့ ကျွန်တော် မပြောပါရစေနဲ့ဆရာ'

'ဘာဖြစ်လို့မပြောချင်ရတာလဲကွ၊ ဇာစ်မြစ်အမှန်ကို သိရင် တို့လဲ ကူညီနိုင်သလောက် အကူအညီပေးနိုင်တာပေါ့'

ဂိုလန်မာမက်က ဦးသိန်းစိုး၏အမေးကိုမဖြေဘဲ တွေပြီး စဉ်းစားနေသည်။

'မဖြေချင်လဲ ရပါတယ်ကွာ'

'ကျွန်တော် မဖြေချင်လို့ မဟုတ်ပါဘူးဆရာ၊ ပြောရမှာ'

ဂိုလန်မာမက် မျက်အိမ်တွင်းမှ မျက်ရည်များ စီးကျလာ သည်။

ငိုသံပါကြီးနှင့် သူ ပြောလိုက်သည့် စကားလုံးများမှာ ဦးသိန်းစိုး လုံးဝ မျှော်လင့်မထားသည့် စကားလုံးများဖြစ် ရာ သူ့စကားဆုံးသည်နှင့် ဦးသိန်းစိုးပါ ငိုင်ကျသွားခဲ့၏။

'ဆရာ ချွတ်တားဘိုင်လေးကို လည်ပင်းညှစ်တုန်းက သူ့ ပါးစပ်က 'အလ္လာ၊ အလ္လာ၊ အလ္လာ' ဆိုတဲ့ ဘုရားသခင်ကို တမ်းတသံလေး ထွက်သွားခဲ့ပါတယ်၊ ကျွန်တော့် သား အရွယ်လေးကက ဘုရားသခင်ကို သတိရပြီး ကျွန်တော်က ဘုရားသခင်ကို သတိမရဘဲ တမန်တော်မိုဟာမက်ရဲ့'

ဂိုလန်မာမက်၏အသံမှာ တိမ်ဝင်သွားသည်။

ရှိုက်ကြီးတငင် ငိုကြွေးလိုက်သည့် ဂိုလန်မာမက်မှာ....

....o....

www.burmeseclassic.com

www.burmeseclassic.com



မှည့်သို့ပင်ရှိသေး ဥပဒေအကြံတော်သားများသည်နှလုံးသား ရေးရာကို အလေးပေး၍မဖြစ်ပေ။ ဥပဒေ၏ အရှိသဘောကို အရှိသဘောအတိုင်း ပီပီပြင်ပြင် ဖြစ်အောင် လုပ်ရပေလိမ့် မည်သာ။

ထိုနေ့သည်ဒီဇင်ဘာလ(၁၇)ရက်။

လပ်ကီးဆဲဗင်းပါသောရက်။

၁ + ၇ = (၈)သည့် ဦးသိန်းစိုးအတွက် ကောင်းသော ဂဏန်းဟု ဆိုရချေမည်ပါတည်း။

....၀....

## အခန်း ( ၁ )

ခြောက်ရက်

နာရီအားဖြင့် (၁၄၄)နာရီ။

ထိုခြောက်ရက်တာကာလအတွင်းပူဆွေးဗျာပါဒ၊ သောက အသွယ်သွယ်ကိုရင်ဝယ်ပိုက်လျက် အသျှိုညိုးညိုး အပူရှိန်ကြီး မားသည့် မီးလုံးကြီးများကို ယယ်ထိပ်ပေါ် တင်ထားခဲ့ကြရ သည့် ဦးမှောင်မှောင်စိန်တို့ မိသားစုမှာ ကြေကွဲဝမ်းနည်းမှု၊ ပူဆွေးလွမ်းဆွတ်မှုများကို ရက်မှလသို့၊ လမှ နှစ်သို့တိုင် ထဲထဲ ဝင်ဝင်ကြီး ခံစားရမည်ဖြစ်သလို ခြောက်ရက်သာ ကြာသည့် မြန်ပေးမှုကျူးလွန်ခဲ့သူ တရားခံများမှာလည်း စိတ်ဒုက္ခ ကိုယ် ဒုက္ခအသွယ်သွယ် ရစ်နှောင်သိုင်းချည်လျက် ရက်မှလ၊ လမှ နှစ်သို့တိုင်. ပြင်းပြတုန့်လှုပ်မှုယ်ရာ ခံစားမှုဝေဒနာဆိုးကြီးကို ဆက်လက် ခံစားကြရပေတော့မည်သာ။

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်မှုကျူးလွန်သူ တရားခံများမှာ ဖြစ်မှု စတင်ကျူးလွန်ခဲ့သည့်မှ ခြောက်ရက်ကာလအတွင်း စိုးရိမ်ပူပန်မှု၊ ထိတ်လန့်တုန်လှုပ်မှု၊ ကြောက်ရွံ့မှု အသွယ်သွယ်ကို ခံစားပြီးနောက် အနိဋ္ဌာရုံခရီးရှည်ကြီးကို ဆက်လက် လျှောက်ရဦးမည် ဖြစ်ရာ ထိုခရီးတာမှာလည်း ဣဋ္ဌာရုံဟူ၍ တစ်ကွက်တစ်လေမှ တွေ့စရာမရှိပါလေ။

စိတ်မောလူမော တရားခံများနောက်သို့ လိုက်ခဲ့ရသည့် ဦးသိန်းစိုးမှာလည်း နားခွင့်မရသေးပေ။ သူတို့ကို ရုံးတော်သို့ တရားစွဲဆိုတင်ပို့ရေးအတွက် ပြင်ရဆင်ရဦးမည်။ တရားခံကိုဖမ်းဆီးပြီး ရုံးတင်လိုက်ရင်ပြီးတာပဲ လုပ်၍မရ။ တရားခံများ ကျူးလွန်ခဲ့သည့်ဖြစ်မှုအတွက် ရုံးတော်မှ သဲသဲစစ်စစ် ထင်းထင်းရှင်းရှင်း အမြင်ရှိစေရန် ဟာကွက်ပေါက်ကွက် မရှိအောင် လုပ်ရမည့်တာဝန်ကိုလည်း လျစ်လျူရှု၍ မဖြစ်ပြန်ပေ။ ဆက်လက်၍ စိတ်မောလူမော ဖြစ်ရဦးမည်သာ။

...၀...

ဒီဇင်ဘာလ(၁၈)ရက်နေ့။

ဆာဟစ်ရော ဂိုလန်မာမှက်ကပါ သူတို့သဘောအလျောက် ဖြောင့်ချက်ပေးလိုပါသည် ဆိုထားသောကြောင့် ဖြောင့်ချက်ယူမည့် တရားသူကြီးရှေ့မှောက်သို့ ပို့ပေးရသည်။ တရားခံ



များ ဖြောင့်ချက်ပေးရာတွင် ရှောရှောရှူရှူ ဖြစ်အောင် လုပ်ရသည်နှင့် တစ်မှုနှင့်လွှဲ၍ အချိန်မှာ လွယ်လွယ်လေးပင် ကုန်သွားခဲ့သည်။

တရားခံများကို ထောင်သို့ ပို့ပြီးတော့မှပဲ ဦးသိန်းစိုးမှာ အင်းချပြီး အနားယူလိုက်နိုင်သည်။

စိတ်မော လူမော ဘယ်လောက်ပင်ဖြစ်၍ ဘယ်သို့ပင် ပင်ပန်းစေကာမူ အထက်လူကြီးများ၏ ချီးကျူးထောပနာပြုသံမှာ ဦးသိန်းစိုးအတွက် ချစ်ဇနီး၏အိပ်ရာဝင် အနမ်းထက်ပိုသော ကြည်နူးပီတိဖြစ်မှုကို ခံစားလိုက်ရ၏။

၁+၈ = ၉သည် လပ်ကီး 'နိုင်း'ပါတည်း။

...၀...

တရားခံများရုံးတင်ပြီ။

ဆစ်တိုက အစိုးရသက်သေ။

ဆာဟစ်နှင့် ဂိုလန်မာမက်တို့ နှစ်ယောက်စလုံးက သူတို့အတွက် ရှေ့နေမငှားနိုင်ကြောင်း ရုံးတော်ကို တင်ပြခဲ့သဖြင့် တရားခံများအတွက် အစိုးရက ရှေ့နေ ငှားပေးခဲ့ရသည်။

ပီပြင်သောစွဲဆိုချက် ခိုင်လုံသော သက်သေများနှင့် မှုခင်းဖြစ်ရပ်ကိုရှုပ်လုံးဖော်ခဲ့သော်လည်း တရားခံများက မူလဖြောင့်ချက်နှင့် ကွဲလွဲသော ထွက်ဆိုချက်များဖြင့် ခုခံချေပခဲ့ကြ၏။

www.burmeseclassic.com



မလွှတ်နိုင်သည့်အမှုဖြစ်စေကာမူ တရားခံတို့၏တိုးစံအတိုင်း ဖြစ်မှုပေါ့လျော့စေရန် ကြိုးစားခဲ့ကြ၏။ ယင်းသို့ကြိုးစားရာ တွင် တစ်ယောက်အပေါ် တစ်ယောက် အပြစ်ပုံချသည့်နည်း ဖြင့် ကြိုးဒဏ်မှလွတ်မြောက်စေရန် ရှုန်းထွက်ခဲ့ကြ၏။

ဆာဟစ်က ဂိုလန်မာမက်အပေါ် အပြစ်ပုံချသလို ဂိုလန် မာမက်က ဆာဟစ်အပေါ် အပြစ်ပုံချခဲ့သည်။ သူတို့နှစ်ယောက် ၏ ထွက်ဆိုချက်များမှာ သူများမျက်ချေးကို လက်ညှိုးထိုးပြ ရင်း ကိုယ့်မျက်ချေးကိုယ်ပြန်ပြီး လက်ညှိုးထိုးပြသလို ဖြစ်ခဲ့ရ ချေ၏။

အမှုလမ်းကြောင်းကြီးမှာ တရားခံတို့၏ ဖြစ်မှုကျူးလွန် ခဲ့ပုံကို လယ်ပြင်မှာ ဆင်သွားစေဘိသို့ ထင်ထင်ရှားရှား မြင်ကွင်းကြီး ပေါ်လာစေခဲ့ပြီ။

သူတို့အမှုကို စစ်ဆေးခဲ့သည်မှာ လေးလကျော်ခဲ့ပြီ။

နွေးထွေးသောခြုံစောင်မပါဘဲအေးနှင့်မေးဖျား ထိထောက် အောင် ကွေး၍ ဆောင်းကာလ၏ညဉ့်ပေါင်းများစွာကို ဖြတ် ကျော်ခဲ့ရသည်မှာ မသက်သာ။ အလူးအလဲခံခဲ့ကြရ၏။ တစ် ညဉ့်လုံး ကိုယ်တွင်ပတ်ဖွဲ့နေသည့်အအေးဒဏ်ကို အလူးအလှိမ့် ခံခဲ့ရပြီး မနက်မိုးလင်းမှ အချုပ်ဆောင်ရှေ့တွင် နေပူစာ လှုံရင်း ကိုယ်ငွေ့ကို ပြန်လည်နွေးထွေးစေခဲ့ရ၏။ ဆောင်း၏ အအေးဒဏ်ကို ထောင်ထဲရောက်မှ ပီပီပြင်ပြင်ကြီး ခံစားလိုက် ရ၏။

ဆောင်းမှနွေသို့ ကူးလာပြီး။



နွေရောက်တော့လည်းမသက်သာ၊ ရေကနည်းသမို့ နှစ်ရက် သုံးရက် တစ်ခါသာရေချိုးရသည်။ ထောင်အမိုးသွပ်ပြားမှ ထိုးဆင်းလာသည့်အပူရှိန်မှာ အကျီမဝတ်နိုင်သော သူတို့၏ ကိုယ်ပေါ်သို့ ချွေးလုံးကြီးများ တင်ပေးခဲ့၏။

တစ်နေ့လုံးထွက်နေသည့် ချွေးစီးများမှာ ညဉ့်အိပ်ရာသို့ ဝင်သည့်တိုင်အောင် ဒုက္ခပေးလျက်ရှိချေ၏။

အုတ်ရိုးအပြင်တွင် အစားဆင်းရဲသော်မှ အအိပ်မဆင်းရဲ နိုင်ရာ။ ရေမချိုးရသူဟူ၍ မရှိနိုင်ရာ။ အစားအအိပ် ဆင်းရဲ သည့်တိုင် ဘယ်နေရာမှာမဆို ရေကိုတော့ တစ်ဝချိုးနိုင်မည်။

ထောင်ထဲမှာ အားလုံးဆင်းရဲသည်။

အားလုံးဆင်းရဲသည့်ဒဏ်ကို သူတို့ ရေစရလည်လည်ကြီး ခံနေရပြီ။

ထားဘိတော့။

ရှေ့မှာ ထို့ထက်ထို့ထက်ပိုသော ဒုက္ခ။ ထိုမျှထက် အဆ ပေါင်း များစွာသောဆင်းရဲခြင်းကို တွေ့ရလိမ့်ဦးမည်ဖြစ်ပေ သည်။

အမှုအမိန့်ချမှတ်ရန် ခြောက်ရက်သာ လိုတော့သည်။

အအိပ်ဆင်းရဲသောနေရာတွင် အဆမတန်သော စိတ်လှုပ် ရှားမှုထပ်၍ ပိုပိုလာသောအခါ အိပ်စက်ခြင်းနှင့်ကင်းဝေးခဲ့ ရ၏။ သူတို့နှစ်ယောက်အတွက် ထိုခြောက်ရက်ကာလအတွင်း အိပ်စက်ခြင်းဆိုသည်မှာ တစ်ရေးတစ်မက်မျှသာ။

www.burmeseclassic.com

www.burmeseclassic.com



အမှုကျူးလွန်ခဲ့သည့် ခြောက်ရက်ကာလအတွင်း စိတ်လှုပ်ရှားခြင်းနှင့် ပြေးလွှားတိမ်းရှောင်နေရခြင်းကြောင့်၊ အိပ်စက်ခြင်း အခွင့်အရေးကို နှစ်နှစ်ခြိုက်ခြိုက်ကြီး မရယူနိုင်ခဲ့သလို အမှုအမိန့်ချမှတ်ရန် ခြောက်ရက်လိုသော ကာလတွင်လည်း နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်ခြင်းနှင့် ကင်းဝေးခဲ့ရပြန်ပေပြီ။

ချမှတ်မည့်အမိန့်ကို စောင့်နေရသည့်မှာ ရင်တုန်မောဟိုက်လှပါဘိ။

....o....

## အခန်း ( ၂ )

ဧပြီလ (၅) ရက်နေ့။

မိုးမလင်းခင်ကတည်းက ပူနေပြီ။ နေထွက်လာသည်နှင့် အပူရှိန်မှာ သိသိသာသာ မြင့်လာသည်။

ချိုင့်ဝင်နေသော မျက်တွင်းများက သူတို့နှစ်ယောက်စလုံး အိပ်စက်ခြင်းနှင့် ကင်းဝေးခဲ့သည်မှာ ကြာပြီဖြစ်ကြောင်း ဖော်ပြနေသည်။ လေးလတာကာလအတွင်း နဂိုရှိခဲ့သော ကိုယ်လုံးကိုယ်ထည်မှာအလေးချိန် လေးပုံတစ်ပုံခန့်လျော့ဆင်းသွားပြီကို ဆေးရုံရှိ ကိုယ်အလေးချိန်ပြ ပေါင်ချိန်လက်တံလေးက ညွှန်ပြနေသည်။

တစ်ပတ်ရစ်အင်္ကျီ၊ တစ်ပတ်နွမ်းလုံချည်နှင့် ရုံးထွက်ခဲ့ကြသည့် ဆာဟာစ်နှင့်ဂိုလန်မာမက်တို့ မျက်နှာအနေအထားများမှာ မည်သို့ရှိလိမ့်မည်ကို ဖော်ပြရန်လိုအံ့မထင်။

တုန်လှုပ်ခြင်း၊ ထိတ်လန့်ခြင်း၊ ကြောက်ရွံ့ခြင်း၊ စိုးရိမ်

www.burmeseclassic.com

www.burmeseclassic.com



ပူပန်နေခြင်း အမှုအရာအားလုံး သူတို့မျက်နှာပေါ်မှာ [illegible]
နေသည်။

သူတို့ကို တရားရုံးသို့ ခေါ်ထုတ်သွားရမည့် ရဲများ
ခတ်ပြီးသား လက်ထိတ်ကို အပြန်ပြန်အလှန်လှန် စစ်ဆေး
သည်။

သူတို့က အရေးကြီးသော တရားခံနှစ်ယောက်။

သည်တစ်နေ့သာ အုတ်ရိုးအပြင်ကိုထွက်ရတော့မည်၊ [illegible]
ပြေးမည်ဆိုက ထွက်ပြေးဖို့အခွင့်အရေးမှာ သည်တစ်နေ့[illegible]

နက်ဖြန်ကစ၍ သူတို့အတွက် ပူပင်စိုးရိမ်စရာမလို၊ ပြေး[illegible]
ပါသည်ဆိုသည့်တိုင် ပြေးဖို့အခွင့်အရေးမရှိတော့။

မပြေးသော်ရှိ ပြေးသော်ရှိ ဒီနေ့သူတို့ကို အထူးဂရု[illegible]
ရမည်။ နည်းနည်းလေးမှ အလစ်ပေးလို့မဖြစ်။

တိရစ္ဆာန်ရုံထဲကကျားကို အစာကျွေးသူလို မျက်လုံး[illegible]
တစ်ချက်အလစ်မပေးရဲသောထုံး နှလုံးမူရမည်။

ရုံးတော်ပေါ်တွင်....

ဝက်ခြံနားတွင် အစောင့်ရဲသုံးယောက် ညှပ်စောင့်နေ[illegible]
စက်ရှင်တရားသူကြီးရုံးခန်း၏ ဝင်ပေါက်ထွက်ပေါက်
ပေါက်တွင်လည်း ရဲတစ်ယောက်စီ အသင့်ရှိနေသည်။

တရားခွင်ပေါ်သို့တက်လာသည့် တရားသူကြီး၏ ဖြူ[illegible]
အသားမှာ အယ်(လ်)ပါကား အင်္ကျီနက်ပြာရောင်နှင့် [illegible]
ဖက်သည်။ ခေါင်းပေါင်းက ပန်းနုရောင်။ တရားသူကြီး
အသက်ကို ပို၍နုသက်သွားစေသည်။



[illegible]ပြုံးမရယ် တည်ငြိမ်သောဣန္ဒြေဆောင်ထားသည့် မျက်နှာ
[illegible]အထားမှာ ခက်ထန် မာကျောသည်ဟု ဆိုရမလား၊
[illegible]ကျက်သောဣန္ဒြေဟုဆိုရမလား မခွဲခြားနိုင်ရာ။

တရားသူကြီးက သူ၏မြင့်မားသော ကုလားထိုင်ပေါ်
[illegible]သည်နှင့် တရားခံနှစ်ယောက်ကို မျက်လွှာတစ်ချက်လှန်
[illegible]လိုက်ပြီး စားပွဲပေါ်တွင် အဆင်သင့်ရှိနေသည့် စီရင်
[illegible]ိုင်တွဲကို ဖွင့်လှန်လိုက်သည်။ ရုံးခန်းတစ်ခုလုံးအပ်ကျသံ
[illegible]လောက်အောင် တိတ်ဆိတ် ငြိမ်သက်နေသောကြောင့်
[illegible]သူကြီး ဖိုင်တွဲလှန်လိုက်သည့်အသံ ထွက်ပေါ်သလိုထင်
[illegible]ရသည်။

....၀....

တရားခံဂိုလန်မာမက်နှင့်တရားခံဆာဟစ်တို့မှာပုဒ်မ-၃၆၃
၃၀၂(၁)တို့ကို အတူတကွပူးပေါင်း၍ ကြိုတင်ကြံစည်
[illegible]လွန်ခဲ့သူများ ဖြစ်ကြောင်း ယုံမှားသံသယမရှိရာအောင်
[illegible]လွင်ထင်ရှားသည်’

တရားခံများသည် သူတို့အား ပြန်လည် ဥခံနိုင်စွမ်းမရှိ
[illegible] လူလားမမြောက်သေးသည့် ကလေးငယ်တစ်ဦးအား
[illegible]ကစ္စာ သတ်ဖြတ်ခဲ့သူများ ဖြစ်ကြသည့် အလျောက်
[illegible]ခံနှစ်ယောက်စလုံး အပေါ်တွင် လူမှုရေးအရလည်း

www.burmeseclassic.com

www.burmeseclassic.com



ကောင်း၊ ဥပဒေသဘောအရ လည်းကောင်း သက်ညှာ
ပေးရန် အခြေအနေ လုံးဝမပေါ်ပေါက်ပေ။

'သူတို့နှစ်ယောက်အပေါ် ကြီးလေးသောအပြစ်ဒဏ်
မှတစ်ပါး အခြားစဉ်းစားစရာမရှိသဖြင့် ထောင်ဒဏ် ခုနှစ်
နှင့် သေဒဏ်အမိန့် ချမှတ်လိုက်သည်။

'ကျွန်ုပ်ချမှတ်သည့်အမိန့်ကို မကျေနပ်လျှင် ခုနှစ်
အတွင်း အယူခံဝင်ရောက်နိုင်သည်'

....o....

ဂိုလန်မာမက်ရော အာဟစ်ပါ သေဒဏ်ချမှတ်ခံရလိမ့်
ဟု ထင်ထားခဲ့ကြသည်။ တကယ်တမ်း သေဒဏ်ခံရမည့်
ကို ချမှတ်သံကိုကြားလိုက်ရသည့်အခါ နားကွဲလုမတတ်ခံ
လိုက်ရသည်။

အာဟစ်၏မျက်ရည်များ ပေါင်ပေါ်တင်ထားသည့်
နှစ်ဖက်ပေါ်သို့ တစ်ပေါက်ပေါက်ကျနေသည်။

သက်ထိတ်ခတ်သွားသောဂိုလန်မာမက်၏ လက်နှစ်ဖ
သူ၏ခေါင်းအထက်ကို ရောက်သွားပြီး 'အလ္လာ' အုရား
ကို တ,လိုက်သည့်အသံ ထွက်လာသည်။



ကြိုးမိန့်စာရင်းခံနှစ်ယောက်၏အနီးအနားတွင် ရှိနေကြသူ
များမှာ သူတို့နှစ်ယောက်ကို သနားရမလိုလို၊ မသနားရ
မလိုလို ဝေခွဲမရသည့်အသွင် ရှိနေကြသည်။

ပဋိသန္ဓေဆောင်အမျိုးသမီးနှင့်နိုင်ငံရာအပ်သောဦးသိန်းဇိုး
မှာ ပဋိသန္ဓေသားကို အောင်မြင်စွာ မွေးဖွားလိုက်ရသည်သို့။

....o....

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၃ )

### ကြိုးတိုက်ထဲမှာ

တရားရုံးမှ ထောင်သို့ပြန်ရောက်လာသည့်သူတို့နှစ်ယောက်ကို ကြိုးတိုက်ထဲတန်းပို့ လိုက်ရန်နှင့် အခန်းအမှတ်လေးနှင့်ငါးတွင်ထားရန် ထောင်မှူးကြီးက အမိန့်ပေးလိုက်သည်။

သူတို့နေရမည့် အခန်းများကို အထူး ရှင်းလင်းစရာမလိုကြိုးတိုက်အခန်းများမှာ အမြဲတန်းအဆင်သင့် ရှင်းလင်းပြီးသား။

သူတို့နှစ်ယောက် ကြိုးတိုက်ထဲ ဝင်လာသည့်အခါ ကြိုးတိုက်ထဲတွင် ရှိနေသူများက သူတို့အခန်းဝသို့တိုင်နားက ကြိုဆိုနေကြသည်။ သူတို့နေထိုင်ရသည့်ကျဉ်းမြောင်းသောကမ္ဘာလေးအတွင်းသို့ နေ့စဉ်တွေ့ဆုံနေရမည့် လူသားနှစ်ယောက်ဝင်လာသည်ကို အပြုံးဖြင့်ဆီးကြိုခဲ့ကြသည်မှာ ဘဝတူချင်းအားပေးသည့်အသွင်ဟု ဆိုရချေမည်လား။



ကြိုးတိုက်ထဲတွင် ကျယ်ကျယ်လောင်လောင် ဆူဆူညံညံ စကားမပြောရ။

ဆာဟာစ်ရော ဂိုလန်မာမက်ပါ ကြိုးတိုက်ထဲရှိ သူတို့နေရမည့်အခန်းထဲမှာ ကုတ်ကုတ်ကလေး ထိုင်နေကြသည်။ ညနေစာ ထမင်းကို ဟုတ်တိပတ်တိ မစားနိုင်ကြ။

လောလောလတ်လတ် ကြိုးတိုက်ထဲရောက်လာသူ ကြိုးသမားထဲမှ ထမင်းမြိန်မြိန်ရှက်ရှက် စားနိုင်သူဟူ၍ မရှိဖူးပေ။ အချို့ဆိုလျှင် ကြိုးတိုက်ရောက်သည့်နေ့ ထမင်း လုံးဝမစားကြ။

အမှောင်သည် လူသားတို့အား ကြောက်ရွံ့စ် အလိုလိုဖြစ်ပေါ်စေတတ်ရာ ကြိုးတိုက်ထဲရောက်စလူများမှာအမှောင်ကို ပို၍ကြောက်ကြလိမ့်မည်သာ။

'အားငယ်စိတ်နဲ့ ထိတ်လန့်ကြောက်ရွံ့စိတ် လွှမ်းမိုးနေသောကြောင့် ကောင်းသော ကြားခြင်း၊ ကောင်းသောမြင်ခြင်းဟူ၍ မရှိခဲ့ပါ။ စက္ကူအာရုံနှင့် သောတအာရုံဟာလည်း ကပြောင်းကပြန် လွဲမှားနေပါတယ်၊ အသံမရှိဘဲ အသံကြားနေသလိုလို၊ မြင်စရာမရှိဘဲ ကဘောက်တိကဘောက်ချာ ရုပ်ပြပ်တွေ မြင်နေသလို ခံစားရစမြဲရှိပါတယ်၊ ခုနှစ်ရက်အတွင်း အယူခံဝင်ရမည်ဆိုသည့် ပူပန်စိတ်ကလည်း ထူးထူးကဲကဲ အနှောင့်အယှက် ပေးနေပါတယ်၊ ခုနှစ်ရက်အတွင်း အယူခံမဝင်နိုင်ရင်ဆိုတဲ့ လှုပ်ရှားစိတ်တွေ၊ အယူခံမှာနိုင်ပါ့မလားဆိုသည့်ပူပန်စိတ်က လပ်ဆင့်ပိုး

www.burmeseclassic.com

www.burmeseclassic.com



ပီ လာပြန်ပါတယ်၊ ကြိုးတိုက်ထဲရောက်စတစ်ပတ် နှစ်ပတ်လောက်မှာ ခံစားရတဲ့ ခံစားမှုဝေဒနာဟာအဆိုးဆုံးပါပဲ။ ကြိုးပေးခံရတော့မှာကိုသိနေတဲ့နောက်ဆုံးအချိန်ထက်ပင် ပို၍ပြင်းပြင်းထန်ထန်ခံစားရပါတယ်၊ နောက်ဆုံးအချိန်မှာ စိတ်လျှော့ချလိုက်ပြီမို့ ခံစားမှုသက်သာသလို ရှိခဲ့ရပါတယ်ဟု အဆိုပြုခဲ့ကြ၏

တကယ်တော့ ကြိုးတိုက်ထဲရောက်သည်မှ ကြိုးစင်ပေါ်တက်ရသည့် နောက်ဆုံးအချိန်အထိ ခံစားမှုဝေဒနာမှာလျော့ပါးသွားသည်ဟု မရှိခဲ့ပေ။

ဆာဟာဗ်နှင့်ဂိုလန်မာမက်တို့ နှစ်ယောက်စလုံး အိပ်၍မရ။ ညစဉ်အမှောင်မှ ဖြစ်ပေါ်လာသည့် ဖော်ပြခြင်းငှာမစွမ်းသာသည့် ထိတ်လန့်ကြောက်ရွံ့စိတ်များနှင့် နပန်းလုံးရင်း ညဉ့်တာကို ဖြတ်သန်းခဲ့ရ၏။

မိုးလင်းခါနီးမှသာ မှေးခနဲ အိပ်ပျော်သွားခဲ့သည်။

...၀...

ဧပြီလ(၆)ရက်နေ့။

ကောင်းသောနိုးထခြင်းနှင့် မဆုံစည်းရသူများ ဖြစ်လေ့ဖြစ်ထရှိသည့်အတိုင်း သူတို့နှစ်ယောက်မှာ ငိုင်တွေနေသည်။ မှိုင်တွေနေသည်။ မအီမသာ ဖြစ်နေသည်။

မနက်ရှစ်နာရီခန့်တွင် ကြိုးတိုက်တန်းစီးနှင့်အတူ ဆေးရုံသို့သွားရသည်။ ကြိုးတိုက်ထဲရောက်စလူများကို ပေါင်ချိန်



ထားရသည်။ ဆေးစစ်ရသည်။ သူတို့က ကြိုးမိန့်အတိုင်း သေဒဏ်ခံရမည်ဖြစ်သောကြောင့် သူတို့ကို အခြားသောသေနည်းဖြင့်သေခွင့်မပေးနိုင်။

အယူခံတွင် ကြိုးဒဏ်မှ လွတ်ကောင်းလွတ်မည် ဖြစ်သော်လည်း လောလောဆယ်တွင် သူတို့က ကြိုးသမား။ သူတို့ကျန်းမာရေးကို စစ်ဆေးရမည်။

ဆေးရုံကအပြန် ထမင်းစားပြီးသည်နှင့် အယူခံ ရေးပေးမည့် ထောင်မှူးလေး ရောက်လာသည်။ သူတို့ နှစ်ယောက်စလုံးမှာ သီးခြားရှေ့နေ၊ ရှေ့ရပ်များငှားရမ်းပြီး အယူခံမဝင်နိုင်သောကြောင့် ထောင်မှူးလေးက သူတို့အယူခံလွှာကို ရေးပေးရမည်။ ခုနစ်ရက်အတွင်း အယူခံရမည်မို့ မြန်မြန်ပဲ လုပ်ရမည်။ သူတို့၏အမှုသွားအမှုလာကို မေးမြန်းခဲ့သည့် အယူခံရေးမည့် ထောင်မှူးလေးမှာ စိတ်မပါသလိုဖြစ်သွားရသည်။

အဲကြောင်းက သူတို့ ကျူးလွန်ခဲ့သော မှုခင်းဖြစ်ရပ်ကြောင့်။

အယူခံရေးပေးမည့် ထောင်မှူးလေးမှာသား နှစ်ယောက်ရှိသည်။ သူ၏သားကြီးမှာ ဂိုလန်မာမက်တို့ သတ်ဖြတ်ခဲ့သည့် ချစ်တားအိုင်လေးအရွယ်။ သူ့သားနှင့် ရွယ်တူကလေးငယ် ရက်ရက်စက်စက် ပြုမူခဲ့သူများ၏ သက်သာခွင့်၊ လွတ်မြောက်ခွင့်ရရေးအတွက် သူက အယူခံလွှာရေးပေးရမည်ဆိုသောအခါ....

www.burmeseclassic.com

www.burmeseclassic.com



စိတ်ထဲတွင် နင့်ခနဲခံစားလိုက်ရသည့် ထောင်မှူးလေးမှာ တာဝန်အရသာမဟုတ်လျှင် ထိုအယူခံလွှာမျိုးကို သူ၏လက်နှင့် ရေးပေးလိမ့်မည် မဟုတ်ပေ။

တာဝန်အရမို့ သာလုပ်ရမည်။ စိတ်ထဲက သိပ်မပါ။

တစ်ကြောင်းက သူတို့အမှုဖြစ်ကြောင်းမှာ ထင်းရှားနေသောကြောင့်။

ပြစ်မှုကျူးလွန်ကြောင်းထင်ရှားသည့်အမှုအတွက် အယူခံရေးရမည်မှာ မလွယ်။ ဥပဒေကို အရည်ကျိုသောက်နေသည့် ဥပဒေပညာရှင်ကြီးများသည်ပင် ယင်းကဲ့သို့သော အမှုမျိုးအတွက် အယူခံလိုက်ရမည်ဆိုလျှင် ကမ္ဘာ သဘောမျှပြီး လိုက်ရမည်ဖြစ်ရာ လုပ်ငန်းအတွေ့အကြုံအရ အယူခံရေးပေးရမည့် ထောင်မှူးလေးအတွက် ပို၍ခက်ခဲလိမ့်မည်သာ။

မည်သို့ပင်ရှိစေ၊ သူတို့အယူခံလွှာကို ဧပြီလ(၉)ရက်နေ့တွင် တင်ပေးလိုက်သည်။

....o....

ဧပြီလ(၁၀)ရက်နေ့။

ကြိုးတိုက်ထဲမှ အယူခံလွှာတင်သွင်းထားကြသည့် ကြိုးသမားများအတွက် အားတက်စရာ အခြေအနေတစ်ရပ် ဖြစ်ပေါ်ခဲ့သည်။



အယူခံလွှာတင်သွင်းထားသည့် ကြိုးသမား မောင်ငယ်အတွက် တရားလွှတ်တော်မှ ကြိုးဒဏ်ပယ်ဖျက်၍ တစ်သက်တစ်ကျွန်းဒဏ်ပြောင်းလဲကျခံစေရန် အမိန့် ရောက်လာသည်။

မောင်ငယ်တစ်ယောက် ခုန်ပေါက်မြူးတူးသွားသည်။

ကျန်ဘာဝတူ ကြိုးသမားအားလုံးမှာလည်း မောင်ငယ်ကို ကြည့်၍ပျော်နေကြသည်။

မောင်ငယ်လိုအခွင့်အရေးမျိုး သူတို့လည်း ရရှိလိမ့်မည်ဟု တဒင်္ဂပဟာန်မျှော်လင့်ချက်သူတို့ရင်ထဲမှာ ပြည့်သိပ်သွားသည်။

ကြိုးသမား တစ်ယောက် အယူခံပယ်ချခံရပြီ ဆိုလျှင် ကျန်ကြိုးသမားများပါ ဝမ်းနည်းရသည်။ သူတို့အယူခံအတွက်လည်း စိုးရိမ်ပူပန်မှုများ ထပ်ဆင့်ဖြစ်ပွားရသည်။

ကြိုးသမားတစ်ယောက်ကြိုးစင်ပေါ်တက်ရပြီဆိုရင်ကျန်ရစ်ခဲ့သော ကြိုးသမားများအတွက် စိတ်ကယောက်ကယက်ဖြစ်မှုများမှာ လပိုင်းသို့တိုင် မငြိမ်မသက် လှုပ်ရှားလျက်ရှိရချေ၏။

ထောင်မကြီးဘက်သို့ပြောင်းရွှေ့ရတော့မည့် မောင်ငယ်ကိုအားလုံးက အပြုံးဆောင်သောမျက်နှာများဖြင့် နှုတ်ဆက်ခဲ့ကြသည်။

မောင်ငယ်၏အပြုံးမှာ မွှေးမွှေ့ ထင်ထင်ရှိလှ၏။

သူများကိုသတ်တုန်းက ဘယ်လိုစိတ်မျိုးရှိလိမ့်မည် မသိသော်လည်း ကိုယ်အသတ်ခံရမည့် အလှည့်တွင်မူ ဘယ်လိုစိတ်ခံစားမျိုးဖြစ်ပေါ်ထတ်သည်ကို ကြိုးတိုက်ထဲမှ ကြိုးသမားများကိုကြည့်ခြင်းဖြင့် ပြက်ပြက်ထင် သိမြင်နိုင်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဂိုလန်မာမက်တို့ ကြိုးတိုက်ထဲသို့ ရောက်ခဲ့သည်မှာ ရက်ပိုင်းမှ လပိုင်းသို့ ကူးပြောင်းခဲ့ပေပြီ။ သူတို့၏ အနေအထိုင်များ တည်ငြိမ်သလိုရှိသော်လည်း သူတို့၏စိတ်များမှာမူ မတည်ငြိမ်သေးပေ။ ညှို့အာဒမှာင်၏ ခြောက်လှန့်ခြင်းများကို ခံနေရဆဲပင် ရှိနေသည်။

...ဝ...

ဧပြီလ (၁၄) ရက်

ကြိုးတိုက်မှာ ကားလမ်းမကြီးရှိသော အုတ်ရိုးနှင့်ကပ်လျက်နေရာတွင်ရှိ၏။ အခြားအချိန်များတွင် အပြင်မှ အသံများ ပျံ့လွင့်မလာတတ်သော်လည်း သကြန်တွင်းသို့ ရောက်သည့်အခါတွင်မူ သံကြွပ်တီးသံနှင့် တီးသံမှုတ်သံများမှာ အုတ်ရိုးကြီးကိုကျော်ဖြတ်၍ အထဲသို့ ခုန်ပေါက်ဝင်လာတတ်၏။

ဂိုလန်မာမက်တို့အတွက် သကြန်မှာထူးခြားမှုရှိမည်မဟုတ်သော်လည်း ကျန်ကြိုးသမားအတွက်မူ 'သည်အချိန်ရောက်ရင် ကျွန်တော့်စိတ်တွေ ဖောက်ဖောက်လာသည်' ဆိုသလို အိမ်ကိုလွမ်းသောစိတ်က ပြင်ပလောကကြီးကို သတိလည်သော စိတ်များ အသစ်တစ်ဖန် မွေးဖွားလာတတ်သည်။

သကြန်တွင် မြန်မာလူမျိုးတိုင်း ပျော်ကြသည်။ ကလေးများလည်း ပျော်ကြသည်။ လူကြီးများလည်း ပျော်ကြသည်။



လည်ကြ ပျော်ကြသူများအထဲ ကိုယ်တိုင်မပါဝင်ပေသည့် သူတို့ကိုကြည့်၍ ပျော်ရသည်။

သကြန်ကျနေပြီကို သိပါလျက် ဘယ်လိုအသွင်သဏ္ဌာန်နှင့် သကြန်ကျနေသည်ကို သူတို့မမြင်ကြရ။ ပျော်ချင်ပါလျက် မပျော်ရ။

ထောင်မကြီးဘက်က အကျဉ်းသားများကမူ တော်သေးသည်။ သကြန်အတွင်း အလုပ်မဆင်းရသည့်အပြင် မိုးလင်းကတည်းက အိပ်ဆောင်များ ဖွင့်ပေးထားသဖြင့် တစ်ယောက်နှင့် တစ်ယောက် နောက်ကြ၊ ပြောင်ကြ၊ ပေါက်တတ်ကရ သံကြွပ်တိုင်၍ ရေပက်ကြနှင့် ရသေ့စိတ်ဖြေ သကြန်အရသာလေးကိုမြည်းစမ်းခွင့် ရကြသေးသည်။

သကြန်ပြီးသွားသည်နှင့် အသံဗလံများ တိတ်ဆိတ်သွားသလို အမှုဒဏ်ကို အလူးအလှိမ့်ခံနေရသည့် သူတို့မှာ ပို၍ ငြိမ်သက်နေကြသည်။

....ဝ....

ဧပြီလ (၂၀) ရက်နေ့။

ဓားပြတိုက် လူသတ်မှုနှင့် ကြိုးမိန့်ခံနေရသူ မြကွန်မေ့အောင်၏အယူခံမှာ အမိန့်ကျလာသည်။

ပယ်မိန့်။

www.burmeseclassic.com

www.burmeseclassic.com



တရားလွှတ်တော်ချုပ်၏ ပယ်မိန့်မှာ မြကွန့်မောင်ကို ကြိုးစင်တက်ရဖို့ရက် နီးကပ်လာပြီဟု သတိပေးလိုက်သည်သို့ ရှိချေ၏။

ကွန့်မောင်အတွက် မျှော်လင့်ချက်မှာ အသနားခံစာသာ ကျန်တော့၏။

ဥပဒေအခွင့်အရေးဘက်က လုံးဝဆုံးရှုံးသွားချေပြီ။

မောင်ငယ်တုန်းကလို မရယ်နိုင်၊ မပြုံးနိုင်ကြ။ ကွန့်မောင်နှင့်အတူ အားလုံး သောကဝေဒနာကို ပြန်လည် ထွေးပိုက်လိုက်ကြရသည်။

နောက်လား ပြောင်လား နေတတ်သည့် ကွန့်မောင် တစ်ယောက် ငြိမ်ကျသွားပြီ။

ခါတိုင်း လမ်းထွက်လျှောက်ရသည့် အချိန်တွင် ဟိုလူနောက်လိုက်၊ သည်လူ နောက်လိုက် ရှိခဲ့ရာမှ ပယ်မိန့်ကျပြီးကတည်းက လမ်းပင် ထွက်မလျှောက်တော့။ အခန်းထဲမှာပင် တစ်ခွေတည်း ခွေနေသည်။

ဂိုလ်နှမာမက်မှာ တစ်နေ့ငါးကြိမ်ထက်ပို၍ ဘုရားဝတ်ပြုနေသည်။

....၀....

အခန်း ( ၄ )

မိုးသံလေသံ ကြားရပြီ။

ခြိမ်းသံပေးပြီး မရွာသော်လည်း ခြိမ်းသံမပေးဘဲ ရွာလာသည့်မိုးမှာ သူတို့ကို အပူဒဏ်မှ ကင်းစေခဲ့၏။

သဘာဝအပူဒဏ်ကို မခံကြရသော်လည်း ရင်တွင်းမှဖြစ်ပေါ်နေသည့် အပူဒဏ်ကိုမူ ခံနေရဆဲသာ။

....၀....

ဇွန်လ (၈) ရက်။

ကြိုးသမားထဲမှာ အသက်အကြီးဆုံးဖြစ်သည့် ဦးဘစိန်၏ အယူခံအမိန့်ကျလာပြန်သည်။ ဇနီးဖြစ်သူကို သတ်ခဲ့သည့်အမှုအတွက် ကြိုးမိန့်ကျခဲ့သည်။ ဇနီးဖြစ်သူကို သတ်ခဲ့သည့် အမှုအတွက် ကြိုးမိန့်ခံနေရသည်မှ အယူခံဝင်ခဲ့သည်။

ပယ်မိန့်ပဲ ကျလာသည်။

တရားလွှတ်တော်ချုပ်သို့ အယူခံဝင်ခွင့်ရှိသေးသည်။

မျှော်လင့်ချက်ကတော့ အတော်နည်းသွားပြီ။

....၀....

www.burmeseclassic.com

www.burmeseclassic.com



ဇူလိုင်လ (၄)ရက်။

ဂိုသန်မာမက်ဘို့ အယူခံအမိန့်ကျလာပြန်ပြီ။

'ပယ်လိုက်သည်'

ကြိုးတိုက်ထဲမှာ အယူခံပယ်မိန့်ကျလာပြီဆိုလျှင် ပယ်မိန့်ခံ ကြိုးသမားကို ကျန်လူများက ဝိုင်းဝန်းအားပေးကြ၊ မျှော်လင့်ချက် ပေးကြသည်မှာ လုပ်ရိုးလုပ်စဉ်ပါ။

ဒါပေမဲ့။

အားပေးသူက ဘယ်လိုပင်အားပေးကြပါစေ၊ ကာယကံ ရှင်ခမျာ အားမတက်နိုင်၊ မျှော်လင့်ချက်မထားနိုင် ရှိတတ်သည်။

ခုဇာတ်လောကျလာသည့် အမိန့်များမှာ ဆက်တိုက်ပယ်မိန့် ချည်း။

ဘယ်လိုပဲ အားပေးအားပေး ကာယကံရှင်ခမျာ အား မတက်နိုင် ဖြစ်ရသည်။

အိပ်ရာထဲတခွေခွေ၊ တလှုပ်လှုပ်ရှိနေသူ ကုန်မောင်လို လူမျိုးကို မြင်နေရသည်ကိုက စိတ်ဓာတ်ကျစရာ ဖြစ်နေသည်။

မောင်ငယ့်နောက်ပိုင်း ကျလာသမျှအမိန့်များမှာတစ်ပယ် တည်းပယ်နေသည်။ အယူခံတစ်ဆင့် ရှုံးနိမ့်သွားပြီ ဆို ကတည်းက ကျဆင်းသွားသော စိတ်ဓာတ်ကို ပြန်ကြွလာ အောင်လုပ်၍ မရတော့ပေ။

ထိုအထဲတွင် ဂိုလန်မာမက်၏ ခံစားချက်မှာ ပိုဆိုးသည်။



ယူခံပယ်မိန့် ကျပြီးကတည်းက ညှိုးတိုင်း ညှိုးကိုင်း ားတိုမ်လေး၏ မျက်နှာကို မြင်မြင်နေရသည်။

ရား၀တ်ပြုရမည်ကိုပင် မေ့ကြောက်သလိုလို ဖြစ်လာသည်။

မဆင့်အယူခံပယ်ချခံရသည့် အမိန့်စာရောက်ပြီးနောက် နေ့တွင် ထောင်ပိုင်မှူးကြီး ကြိုးတိုက်ထဲလာရှင်း ဂိုလန် က်တို့နှင့် စကားမြည် ပြောသွားသည်။

ာမက် နေကောင်းရဲ့လား'

ကောင်းပါတယ် ဘုရားဆပ်'

ားမငယ်နဲ့ပေါ့ကွာ၊ နောက်ထပ်မျှော်လင့်စရာ အယူခံ ရှိသေးတာပဲဟာ'

တ်ကွဲ ဘုရားဆပ်၊ ကျွန်တော် မကောင်းတဲ့လူပဲ ဘုရား မကောင်းတဲ့အတိုင်း ဖြစ်မှာပါ ဘုရားဆပ်'

ကောင်းဘူးဆိုတာသိရင် ကောင်းတဲ့လူ ဖြစ်မှာပေါ့ ရဲ'

န်တော် သိပ်မကောင်းတဲ့လူပါ ဘုရားဆပ်'

ားကို သတိမမေ့နဲ့ကွာ၊ ဘုရားကိုအားကိုးဟုတ်လား'

တ်ကွဲ၊ ဘုရားဆပ်'

လုံးကိုယ်ဖန် တောင့်တောင့်ထည်ထည် ရှိခဲ့သည့် အသားစိုင်များကို ကြိုးတိုက်၏ ခြောက်လှန့်မှုက သွားပြီ ထင်ပ။ ၊ တောင့်တောင့်ထည်ထည် အသား သျော့ပါးသွားလေပြီ။

ဆင့် အယူခံ၏ အဖြေမှာ....

....၀....

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၂ )

ကြိုးသမား လူသစ်တစ်ယောက်။

ဇူလိုင်လ (၁၂)ရက်နေ့တွင် ကြိုးသမားအသစ် ... ယောက် ရောက်လာသည်။

မြူးမြူးသွယ်သွယ်လေး အသက်(၂၆)နှစ်သာ ရှိ... သည်။

သူက ကျွန်မောင်တို့ရွှေဖူးတို့၊ ဂိုလန်မာမက်တို့လို ... ထဲ ရောက်လာသင့်၍ ရောက်လာရသူ၊ ကြိုးတိုက်ထဲရောက် ... သင့်၍ ရောက်လာရသူ မဟုတ်ပေ။

ကြမ္မာငင်၍ ကြိုးတိုက်ထဲ ရောက်လာရသူ။

သူ၏အမည်မှာ ခင်မောင်လတ်၊ ဝိဇ္ဇာဘွဲ့ရပြီးသား အ... ဝန်ထမ်း။

သူ ကျူးလွန်ခဲ့သည့်အမှုမှာ လူသတ်မှု။

ဓားပြကျွန်မောင်၊ ပြန်ပေးသမား မာမက်၊ ဆာ... လုယက်မှုနှင့် လူသတ်မှုကျူးလွန်ခဲ့သူ ရွှေဖူးနှင့်မတူ။

ခင်မောင်လတ်က သူတို့လို ဒုစရိုက်သမားမဟုတ်။

ခေတ်ပညာတတ်၊ လူရိုးလူကောင်း၊ လူအေး။

...ရိုးလည်းရိုး၊ ကောင်းလည်းကောင်း၊ အေးလည်းအေး ...သူက ထောင်ထဲသို့သာမက ကြိုးတိုက်ထဲသို့တိုင် ဘာ့ကြောင့် ...က်လာပါလိမ့်။

ကြမ္မာကြောင့်ဟုဆိုရမည်ဖြစ်သော အကြောင်းကြောင့်ဟု ...ရမည်ဖြစ်ပါသည်။

နောက်ဇာတ်မြစ်အကြောင်းကလေးယူရာတိမ်းသည်သို့ ယိမ်း ...တ်သည့် ပဲ့ပြားပင်မကလေး မမိုးမျိုးဝေကို ချစ်မိလို့။

...ခင်မောင်လတ်နှင့် မမိုးမျိုးဝေတို့ဇာတ်လမ်းကို မပြောခင် ...မောင်လတ်၏ ထူးခြားသော ဗီဇ အကြောင်းလေးကို ...န်းသွယ်မှ နောက်ပိုင်းဇာတ်လမ်း ရေလည်မည် ဖြစ်ပါ ...ည်။

သူတို့ မိသားစုထဲမှာ ခင်မောင်လတ်က အငယ်ဆုံး၊ ...ကျားလေးဆို၍လည်း သူတစ်ယောက်သာ ထူးထူး ...က်မေါက်ပါလာသည်။ ကျန်တာအားလုံး မိန်းကလေး ...ည်း။ သူ့အထက်မှာ အစ်မသုံးယောက်ရှိသည်။ အမေ ...အစ်မများက မိသားစုထဲမှ တစ်ဦးတည်းသော အထွေး ...ယောက်ျားကလေး ခင်မောင်လတ်ကို သိမ့်ချစ်ကြသည်။ ...ချစ်လွန်းလျှင်အလိုလိုက်ဆိုသည့် ပမာစကားရှိသော်လည်း ...မိသားစုက ထိုပမာစကားကို ဆန့်ကျင်ဘက်ပြုကြသည်။ ...လွန်းသည်ကြောင့် အလိုမလိုက်ဘဲ လွန်လွန်ကဲကဲ ချုပ် ...ကြသည်။ ကလေးဘဝ ဆော့ချင် ကစားချင်သည်ကို ...ာ ခွင့်မပြုဘဲ တစ်ခုခု ကစားမည်လုပ်တိုင်း ရှေ့က ကာ ...ူ အရင်ရောက်လာတတ်သည်။ ဟိုလိုမကစားနဲ့၊ သည်လို

www.burmeseclassic.com



မနေသာ့နဲ့၊ ဟိုဟာမလုပ်နဲ့ သည်ဟာမလုပ်နဲ့ စသည်ဖြင့် တ
ဆီးခဲ့ကြသည်။ သူတို့အနားမှာပဲ ငြိမ်ငြိမ်သက်သက်ကလေး
နေနေခဲ့သည်။ မျက်စိအောက်က အပျောက်မခံကြ။ တ
ယောက်မဟုတ်တစ်ယောက် မျက်စိဒေါက်ထောက် ကြည့်
တတ်သည်။

ခင်မောင်လတ်မှာ အစ်မနှင့်မိခင်တို့၏ အချစ်လွန်
သဘောကို မမြင်တော့ဘဲ သူ့အပေါ် ချုပ်ချယ်လွန်း
အနိုင်ကျင့်လွန်းသည်ဟု ထင်လာသည်။

သူ့ခမျာ ဆယ်တန်းသာ ရောက်လာရော သူငယ်
အပေါင်းအသင်းများနှင့်ဟုတ်တိပတ်တိမကစားခဲ့ရ။ ကျော
မှာလည်း ကျောင်းမှာဆို့ အစ်မတွေက အရိပ်တကြည့်ကြ
တောလုံးတော့ဝယ်ပေးသည်၊ လမ်းပေါ်မှာ မကန်ရ။
များကလေးများနှင့် မကန်ရ။ အိမ်ပေါ်မှာပဲ ကန်ရသ

မိခင်နှင့်အစ်မများ၏ တဆူးလွန်း အကဲပါမှုကို ချုပ်
မှုဟု ခံစားမိလာသည့် ခင်မောင်လတ်မှာ အစ်မများအ
နာကြည်းသည့် 'မသိစိတ်'မှာ ယယ်ယယ်ကတည်းက သူ့ရ
တွင် စွဲစွဲထင်ထင် ကိန်းအောင်းလာသည်။

စိတ်ဝေဒနာတစ်မျိုးဟုဆိုရမည့် ထို'မသိစိတ်'က 'မိ
မုန်းစိတ်'အဖြစ်သို့ ကူးပြောင်းလာခဲ့သည်။

တက္ကသိုလ်သို့ရောက်ခဲ့သည့်အချိန်တွင်မူ ထိုနာကြည်း '
စိတ်'နှင့် 'မိန်းမမုန်းစိတ်'တို့ လျော့ပါးလာသည်။
ယ်ကတည်းက အမေနှင့် အစ်မများပေးခဲ့သည့် လွတ်
ခွင့်ကို တက္ကသိုလ်ရောက်သည့်အချိန်ကျမှရခဲ့သည်။ တက္က



ရောက်ချိန်တွင်မူ အစ်မများက လိုက်မချုပ်ချယ်နိုင်ကြပေ။ မပေးချင်သော လွတ်လပ်ခွင့်ကို ပေးလိုက်ရသည်။

အရွယ်ကလည်း ရောက်လာပြီကိုး။

မိန်းမမုန်း မသိစိတ်လျော့ပါးလာသောအချိန် တက္ကသိုလ်အရောက် တတိယနှစ်တွင် မမိုးမျိုးဝေနှင့် တွေ့ခဲ့ကြသည်။

မမိုးမျိုးဝေမှာ ယောကျ်ားတို့ အမြင်လည်ပြန် ကြည့်ရသော အလှမျိုးရှိသည်။

မျက်နှာအလှ၊ ကိုယ်လုံးအလှ၊ အကြည့်အလှ၊ အပြုံးအလှ၊ စကားပြောအလှ၊ အလှမျိုးစုံရှိသည့် မိန်းကလေးတစ်ယောက်မှာ ယောကျ်ားလေး အပေါင်းအဖော်တွေလည်း များနေပြီပေါ့။

မမိုးမျိုးဝေက မသိချင်ပါဘူးဆိုသည့်တိုင် ယောကျ်ားလေးများက အတင်းကိုလိုက်လိုက်ပြီး အသိဖွဲ့ကြသည်။

အဲသည်လောက် ပေါ်ပြူလာဖြစ်ခဲ့သည့် မမိုးမျိုးဝေနှင့် ဖြူဖြူသွယ်သွယ်လူချောလေး ခင်မောင်လတ်တို့ ကျောင်းမှာ မျက်မှန်းတန်းမိခဲ့သည်။ တစ်ခုသော မွေးနေ့ပွဲမှာ ဆုံခဲ့ကြသည်။

ခင်မောင်လတ်က ကျောင်းမှာကတည်းက မမိုးမျိုးဝေကို စိတ်ဝင်စားခဲ့သည်။ ဒါပေသည့် သူ့မှာ မိန်းမမုန်းစိတ်လုံးဝ မပျောက်သွားဘဲ လျော့ပါးသွားရုံသာ ရှိသဖြင့် ချစ်လည်းချစ်သည်၊ မုန်းလည်းမုန်းသည်လို ဖြစ်ခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ခုသောမွေးနေ့တွင် ဆုံမိပြီးသည့်နောက် အမုန်းစိတ်ထက် အချစ်စိတ်က ပို၍ လွန်ကဲလာသည်။ နောက်တော့ ပင့်ကူအိမ်တွင်မိနေသော ယင်ကောင်ပမာသို့ ဖြစ်ခဲ့ရချေ၏။

မမိုးမိုးမျိုးဝေ၏ အချစ်ပင့်ကူအိမ် သွယ်ယှက်ပုံမှာ ပညာသား ပါလှသည်။ ခင်မောင်လတ် ဘွဲ့ရသည်နှင့် သူတို့အချစ်ဇာတ်အိမ် ဖွဲ့ချည်မိပြီကို မိဘနှင့်အစ်မများအား ဖွင့်ပြောလိုက်သည်။

မိဘနှင့်အစ်မများက မဖြစ်နိုင်ဘူးဆိုသော အဖြေကို မပေးဘဲ တို့စုံစမ်းကြည့်ပါရစေဦးလို့ နှစ်သိမ့်ထားလိုက်သည်။

အစ်မတွေကိုယ်တိုင် စုံစမ်းပြီဆိုတော့ မိန်းမချောင်းသတင်းကို အစုံအစေ့ ရခဲ့ကြသည်။ ဂုဏ်ရည်ဂုဏ်သွယ် မျိုးရိုးအနွယ်ကတော့ ပြောစရာမရှိ။ လက်ခံနိုင်သည်။ လက်မခံနိုင်သည်က မိန်းကလေး၏ အနေအထိုင် အပြုအမူ အပြောအဆိုနှင့်မျက်နှာများသည့် ကိစ္စ။

သူ့အရင်တစ်ယောက်၊ ဒါမှမဟုတ် နှစ်ယောက်အထိ ခွင့်လွှတ်နိုင်သည်ထားဦး၊ အခုဟာက တစ်ဆယ်မက ရှိနေသည်။ သူတို့မောင်နှင့်တစ်ပြိုင်တည်း သုံးယောက်ရှိနေသည်။ ခုနစ်ရက်တစ်ပတ်ကို တွဲဖော်များနှင့် ရက်ပတ်လည်အောင်ချိန်းနေရသည့် မိန်းကလေးမို့ သူတို့မောင်နှင့် ဘယ်လိုမှ သဘောမတူနိုင်။

မိန်းမချောင်းတော့ ကိုယ်ချင်းစာပါသည်။ ဒါပေသည့်မဖြစ်နိုင်။ ခေါင်းခါရမည်။ ခေါင်းခါဖို့ကျတော့ မိဘတွေသဘောတူညီချက်ပါရမည်။ မိသားစုအတွင်း အတိုင်အပင် ပြုကြပြီး



သည့်နောက် အားလုံးက ခေါင်းခါလိုက်ကြသည်။ လုံးဝသဘောမတူနိုင်ဆိုသော အဖြေကို ယတိပြတ် ပေးလိုက်သည်။

ခင်မောင်လတ်၏ မိန်းမမုန်း မသိစိတ် ပြန်လည် နိုးကြွလာသည်။ သည်တစ်ခါဖြစ်ပေါ်လာသည့် မိန်းမမုန်းမသိစိတ်မှာ မမိုးမျိုးဝေအပေါ်မှာမဟုတ်၊ အစ်မတွေအပေါ်မှာ။

အစ်မများ၏ နေရာတကာချုပ်ချယ်မှုနှင့် ဩဇာကိုပယ်လှန်ဖို့ သတ္တိမွေးပြီး မိသားစုအားလုံးက သဘောမတူနိုင်ပါဘူးဟု အဆုံးအဖြတ်ပေးထားသူမမိုးမျိုးဝေကိုလက်တွဲဖို့ဆုံးဖြတ်လိုက်သည်။

မမိုးမျိုးဝေကလည်း သူ့ပြဿနာနှင့်သူ။

ခင်မောင်လတ်ဘက် မျက်နှာမူထားသလိုတစ်ချိန်တည်းမှာ အောင်သူရဘက်ကိုလည်း မျက်နှာမူထားသည်။

ခင်မောင်လတ်က မမိုးမျိုးဝေအပေါ် ချစ်သည့် အချစ်မှာ သန့်သန့်စင်စင်အချစ်။ နှလုံးသားပန်းအိုးထဲမှာ မမိုးမျိုးဝေ၏ အချစ်ပင်ကလေးကို စိုက်ပျိုးပြီးအချစ်ပန်းပွင့်ဦးသင်းရနံ့ မွှေးပျံ့နေစေချင်သည်။

အောင်သူရနှင့် မမိုးမျိုးဝေတို့အချစ်မှာ မသန့်စင်၊ ရမ္မက်ပင်ပွင့်လန်းရှင်သန်ရေးကို အလေးပေးခဲ့ကြသည်။

အချိန်တန်မှပွင့်ရမည့်အပွင့်မှာ အချိန်မတန်ဘဲ ပွင့်ရိပ်ပြလာပြီဆိုသည်နှင့် အောင်သူရက ခွာထွက်သွားခဲ့သည်။

အပင်ရှင်မရှိဘဲသီးသောအသီးမှာ သူခိုးငါခိုးနှင့် တန်ဖိုးမရှိအဖြစ်မျိုးခံရမည်မို့ အပင်ရှင်ကိုရှာရမည်။ အထူးရှာစရာမလိုသူ့အနားမှာရှိနေသည်။

www.burmeseclassic.com

www.burmeseclassic.com



ခင်မောင်လတ်။

သူ့ကို အမိအရဖမ်းဆွဲလိုက်သည်။ မိန်းမလှကလေးများ၏ မာယာကျော့ကွင်းထဲသက်ဆင်းမိရသူမှာ ရုန်းထွက်လို့ ဘယ်လယ်မှာပါ။ မိဘအစ်ခမျှား သဘောသားနှင့်ဆန့်ကျင်ဘက်သို့ မျက်နှာမူလိုက်သည်။

အိမ်ထောင်သက် လေးနှစ် ကလေးနှစ်ယောက်ရခဲ့ပြီ။

သို့တိုင်အောင် မခိုးမျှုးဝေက အိမ်ထောင်သည်လို အနေထိုင်ကျစ်လျစ် သိပ်သည်းမှုမရှိဘဲအပျိုလေးလိုနေထိုင်ခဲ့သည်။ အပျိုလေးအသွင် နေထိုင်သည်က အကြောင်း မဟုတ်။ အကြောင်းကအောင်သူရနှင့်မရှင်းမရှင်းပြဿနာဖြစ်နေသည့်ကိစ္စ။

အနုကိုကျွဲခတ်ခံရပြီဆိုမှတော့ တုတ်တစ်ပြက်၊ ဓားတစ်ပြက် ကိစ္စဆိုတာ ဒွန်တွဲပါလာစမြဲ။ တခြားသောကိစ္စမျိုးမှာဒေါသကိုဘယ်လိုပဲထိန်းသိမ်းနိုင်သူဖြစ်ပါစေ၊ ဒီလိုကိစ္စမျိုးမှာဒေါသကိုထိန်းသိမ်းဖို့ ခက်ရတာခြင်း၊ နောက်တစ်ကြောင်းကချစ်လွန်းအားကြီး၍မခိုးမျှုးဝေအတွက်မိသားစုအပေါ်၊ ကျော်ခိုင်းခဲ့သည်ကိုမတောက်မည့်။ ခွင့်လွှတ်နိုင်စရာ မတွေ့သည့်အဆုံးနောက်ဆုံးအဖြစ်အပျက်က ခင်မောင်လတ်ကြိုးတိုက်ကိုရောက်ခဲ့ရသည်။

သတ်တုန်းက နှစ်ယောက်စလုံးကိုသတ်တာ၊ အောင်သူရတော့ကိစ္စချောသွားသည်။ မခိုးမျှုးဝေမှာကိစ္စမချောသေးဘဲ အရောက်စောသဖြင့် သေတမ်းစစ်ချက်ယူပြီးမှသေမင်းကိုမျက်နှာလွှဲခွင့်ရခဲ့သည်။



ဇူလိုင်လ ၁၂-ရက်နေ့ကြိုးတိုက်ထဲရောက်လာသည့်ကြိုးကျတရားခံခင်မောင်လတ်မှာ ယောကျ်ားတန်မဲ့ အချိန်ရှိသရွေ့ မျက်ရည်နှင့်မျက်ခွက် ဖြစ်နေရှာသည်။

ဘဝတူကြိုးသမားချင်းဘယ်လိုပဲဒိုင်းဝန်းဖျောင်းဖျအားပေးစေကာမူ မျက်ရည်အသွယ်သွယ် ကျလျက်သာဖြင့် အယူခံအမိန့်ကို စောင့်နေရဆဲပါတည်း။

...၀...

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၆ )

ဇူလိုင်လ(၁၅)ရက်နေ့။

ကွန့်မောင်၏ အသနားခံစာ ပယ်လိုက်သည့် အမိန့်မှာ တရားရေးဌာနမှတစ်ဆင့် ထောင်ပိုင်ဝန်လက်ထဲသို့ ရောက်လာသည်။

ကွန့်မောင်ကြိုးစင်တက်ရတော့မည်ကို သိနေကြသည့်ကျန် ကြိုးသမားများ၏တုန်လှုပ်ချောက်ချားမှု မည်သို့ရှိနေလိမ့်မည်ကို စာဖွဲ့တင်ပြရမည်မှာ ခက်ခဲလှဘိ၏။ ကွန့်မောင်ခံစားနေရသလို သူတို့ပါ ခံစားနေရသည်။

သူ့အလှည့်ပြီးရင် ကိုယ့်အလှည့်၊ သူပြီးရင်ကိုယ်။

အားလုံးငြိမ်နေကြသည်။ဇိုင်နေကြသည်။မှိုင်နေကြသည်။

....၀....



ဇူလိုင်လ(၂၉)ရက်။

ကွန့်မောင်ကိုကြိုးပေးမည့်နေ့။

ကွန့်မောင်၏ညနေစာထမင်းပုံစံမှာလုံးဝအရာမယွင်း၊ ကျန် ကြိုးသမားများ၏ ထမင်းပုံစံများမှာလည်း အရာယွင်းသည့် တိုင် ကျန်သင့်သည်ထက် ပိုကျန်နေသည်။

ကွန့်မောင်မအိပ်နိုင်သလို သူတို့လည်းမအိပ်နိုင်ကြ။

ကွန့်မောင်ကိုကြိုးတိုက်ထဲမှခေါ်ထုတ်သွားချိန်တွင် သူတို့ အားလုံးနိုးနေကြသည်။တုန်တုန်ယင်ယင်အသံနှင့် နှုတ်ဆက်ခဲ့ သည့် ကွန့်မောင်ကို ပြန်လှန်နှုတ်ဆက်သည့် သူတို့အသံများမှာ လည်းတုန်နေသည်။

ကြိုးစင်ဘက်မှ ပြန်လာကြသည့် ထောင်ဝန်ထမ်းများ၏ မျက်နှာများမှာ ညှိုးရိပ်ထင်နေသည်။

ကျန်ကြိုးသမားများ၏ တုန်လှုပ်ချောက်ချားမှုအရှိန်မှာ လပိုင်းသို့ကူးခဲ့သည့်တိုင် မငြိမ်မသက် ရှိနေသေးသည်။

ကျဉ်းမြောင်းလှသောသူတို့ကမ္ဘာလေးအတွင်းကသောင် ကနင်းဖြစ်မှု အရှိန်သေစပြုချိန်တွင် ဂိုလန်မာမက်တို့၏ ဒုတိယ အဆင့် ပယ်မိန့်ကျလာသည်။

ဩဂုတ်လ(၄)ရက်နေ့။

ဥပဒေပါအခွင့်အရေးခံစားမှုမှာ လုံးဝရပ်နားမိသွားချေပြီ။

www.burmeseclassic.com

www.burmeseclassic.com



ကြိုးစင်ပေါ်မှစက်ဝိုင်းလေးတွင်ခြေဖြုံရပ်ဖို့ခုနစ်ဆယ့်ငါး ရာနှုန်း သေချာနေပြီ။ မျှော်လင့်ချက်မှာ မရေမရာ မသေချာ သော နှစ်ဆယ့်ငါးရာနှုန်းမျှသာ။

...၀...

ကြိုးစင်ပေါ် တက်သွားသည့် ကွန့်မြောင် အပါအဝင် ကြိုးသမားအားလုံး လူသတ်မှုကိုကျူးလွန်ခဲ့ကြ၏၊ သူတို့၏ခံစားမှုများမှာ သူတို့သတ်လိုက်၍ သေသွားရသူများထက်အဆပေါင်း မရေတွက်နိုင်လောက်အောင် ပို၍ဆိုးဝါးလှ၏။

ဂိုလန်မာမက်ရော ဆာဟစ်ပါ အိပ်ရာထဲတွင် ခွေနေကြပြီ။ အပြင်ထွက်၍ လမ်းလျှောက်ဖို့မဆိုထားဘိ သူတို့ အခန်းကျဉ်းလေးထဲမှာပင် လမ်းလျှောက်ခြင်း အလုပ်ကို စွန့်လွှတ်လိုက်ကြသည်။

သူတို့နှစ်ယောက်အတွက် ကြိုးတိုက်သည် မှောင်အတိကျသလို ရှိနေသည်။

ဩဂုတ်လ(၁၈)ရက်နေ့။

အမှောင်ရိပ်ထဲသို့ အလင်းရောင်လေးတစ်ခု ဖြတ်သန်းလာသည်။



ဦးဘစိန်ကို ကြိုးဒဏ်မှ ထောင်ဒဏ်ဆယ်နှစ်သို့ ပြောင်းလဲကျခံစေသည့်အမိန့်မှာ မျှော်လင့်ချက် စွန့်လွှတ်ထားသူ ကြိုးသမားများအတွက် ကုန်ခမ်းနေသော အင်အားကို ဖြည့်စွမ်းပေးလိုက်သည့်ကဲ့သို့ ရှိခဲ့ချေ၏။

ဂိုလန်မာမက်ရော၊ ဆာဟစ်ပါ၊ အားတက်သွားကြသည်။ အိပ်ရာထဲခွေနေရာမှ ထိုင်ထိုင်ထထ ရှိလာသည်။ စကားလေး ဘာလေး ပြောဖော်ဆိုဖော် ရလာသည်။

ဦးဘစိန်ကို ကြိုးဒဏ်မှထောင်ဒဏ်သို့ ပြောင်းလဲကျခံစေလိုက်သည့် အမိန့်ထက်ပို၍အားတက်စရာ သတင်းမှာ ကြိုးတိုက်ထဲကို ရောက်လာပြန်သည်။ ထိုသတင်းကို ထောင်ကြပ်ကြီးတစ်ယောက်က ယူဆောင်လာသည်။

သတင်းက တိကျသော သတင်းမဟုတ်၊ ကောလာဟလ သတင်း။

သို့စေကာမူ သူတို့၏စိတ်ထဲတွင် ခွဲခွဲနစ်နစ် ယုံကြည်နေကြသည်။

သတင်း၏အဆိုမှာ။

'ဆဋ္ဌသင်္ဂါယနာတင်ပွဲအကြိုအဖြစ် ကြိုးဒဏ်ခံနေရသော ကြိုးသမားအားလုံးကို ကြိုးဒဏ်မှ ထောင်ဒဏ်ပြောင်းလဲကျခံစေရလိမ့်မည်ဆိုသော သတင်းဖြစ်၏။

ထိုသတင်းကိုယူဆောင်လာသော ထောင်ကြပ်ကြီးကသူ၏ သတင်းကို တိကျခိုင်လုံသော သတင်းဟု ဆိုခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဦးဘစိန်ကြိုးဒဏ်မှအလွတ်တွင် ထိုသတင်းရောက်ရှိလာခဲ့ရာ သူတို့အတွက် ယုံကြည့်နိုင်ဖွယ်ရာ ရာနှုန်းပြည့်သတင်း အဖြစ် လက်ခံခဲ့ကြသည်။

ကြိုးတိုက်ထဲမှာ နောက်ပြောင်သံများ၊ ရယ်မောသံများ ပြန်လည် လွှမ်းထင်လာခဲ့သည်။ ကြိုးသမားများအတွက် ထမင်းပုံစံမလောက်ချင်သလို ဖြစ်လာသည်။

ထိုသတင်းမှာ ထောင်မကြီးဘက်ရှိ အကျဉ်းသားများထံသို့ပါ ကူးစက်ဂယက်ရိုက်ခတ်နေသည်။

သူတို့ဘက်ကျတော့ သတင်းက တစ်မျိုး။

'အကျဉ်းသားအားလုံးကို ကျခံနေရသော အပြစ်ဒဏ်မှ တစ်ဝက်လျှော့မည်ဆိုသော သတင်း'

အကျဉ်းသားအားလုံး လှုပ်လှုပ်ရှားရှားဖြစ်နေကြသည်။ ကျခံပြီးအပြစ်ဒဏ်ကို တွက်ကြချက်ကြနှင့် အလုပ်ရှုပ်နေကြသည်။

ထောင်မကြီးဘက် အကျဉ်းသားများ၏ မျက်နှာများပေါ်တွင် အပြုံးရိပ်များ ထင်ဟပ်လျက်။

အပြစ်ဒဏ် တစ်ဝက်လျှော့လျှင် လွတ်မည့်သူတွေက အများကြီး။

ဒုစရိုက်သမားတို့အထာက ပြစ်မှုမကျူးလွန်ခင်ပြစ်မှုကျူးလွန်ရမည်ကို ဝန်မလေးသလောက် ထောင်ထဲ ရောက်လျှင် လွတ်မည့်ရက်ကို အတွက်အချက် တော်တတ်ကြသည်မှာ သူတို့အထာ။



သုံးဖို့တစ်ဖို့လျော့ရက်၊ အထူးဆုံမှတ်ရက်များကိုတွက်သည့်နေရာတွင် ထောင်ဝန်ထမ်းများထက်ပင် သူတို့ကပို၍ တိကျမှုရှိသည်။

ဆဋ္ဌသင်္ဂါယနာတင်ပွဲသတင်းမှာတစ်ထောင်လုံးပြောမဆုံးအောင် ဖြစ်နေရုံမက စိတ်ကျဝေဒနာ ခံစားနေရသည့်ကြိုးသမားများကို စိတ်ကြွဝေဒနာခံစားမှုသို့ တစ်မုဟုတ်ချင်းပြောင်းလဲစေခဲ့၏။

တစ်ထောင်လုံး ပျော်နေကြသည်။ မြူးကြွနေကြသည်။ ရွှင်လန်းနေကြသည်။

ရက်မှလသို့၊ လမှနောက်တစ်လ၊ နောက်တစ်လသို့ပြောင်းလာသည့်တိုင် ထိုသတင်းဂယက်မှာ ငြိမ်မသွားဘဲ လှုပ်ခတ်လျက် ရှိနေသည်သာ။

....o....

www.burmeseclassic.com

www.burmeseclassic.com

# အခန်း ( ၄ )

သီတင်းကျွတ်တော့မည်။

နာပျော်ဖွယ်ရာသတင်း အရှိန်မသေခင် သီတင်းကျွတ်ပွဲတော် နီးလာပြီမို့ ထောင်တွင်းအငြိမ့်အဖွဲ့မှာ ဇာတ်တိုက်ကြပြီ။ အဝတ်တိုက်တွင် သိမ်းဆည်းထားသော ဗုံများကို ထုတ်၍သန့်စင်ကြသည်။ ပတ်စာထိုးပြီး ဗုံသံစမ်းနေကြပြီ။

ကြိုးတိုက်နှင့်နီးသော အဆောင်အမှတ်(၁)မှ နှဲသံနှင့်ဗုံသံများ ကြိုးတိုက်ထဲသို့ ပျံ့လွင့်လာသည်။

သီတင်းကျွတ်ဖို့ ငါးရက်ပဲလိုတော့သည်။ ဇာတ်တိုက်နေသူများမှာ ညဥ့်စဥ့်မအားလပ်နိုင်အောင် ဇာတ်တိုက်နေကြသည်။ ပျော်ရွှင်စရာသတင်းကို ပိုက်ထွေးပြီး ဇာတ်တိုက်နေသူများ၏ ဆိုသံတီးသံများမှာ ခါတိုင်းနှစ်များထက် ပို၍ထူးခြားသလို ရှိနေသည်ဟု ထင်ရသည်။



ကြိုးတိုက်ထဲမှ ကြိုးသမားများ၏ သောကအာရုံ ခံစားမှုမှာလည်း ကြည်နူးစရာသာပ။

ကြားထားသည့် သတင်းက နေ့လား၊ ညဥ့်လားဖြစ်နေသည်။

သူတို့သည်ပင် ထောင်မကြီးဘက်က သီတင်းကျွတ်ပွဲအမီ ပါဝင် ဆင်နွှဲရလိမ့်မည်ဟု ထင်နေကြသည်။

ထိုနှစ် အောက်တိုဘာလ (၂၀)ရက်နေ့သည် သီတင်းကျွတ် လပြည့်နေ့။

ထောင်တွင်း သီတင်းကျွတ်ပွဲတော်ကို ပျော်ပျော်ပါးပါးကြီး ဆင်နွှဲပြီးသည့် ငါးရက်မြောက်နေ့။

အောက်တိုဘာလ(၂၅)ရက်နေ့။

တရားရေးဌာနမှ တစ်ဆင့် အမိန့်ရောက်လာသည်။

ဆာဟာစ်ကို သေဒဏ်မှ တစ်သက်တစ်ကျွန်းဒဏ်သို့ ပြောင်းလဲ ကျခံစေ၍ ဂိုလန်မာမက်၏ အသနားခံစာကိုပယ်ချလိုက်သည်။

မျော်လင့်နေကြသည့် သတင်းကတစ်မျိုး ရောက်လာသည့်အမိန့်ကတစ်ဖုံမို့ ကြိုးတိုက်ထဲမှာ အမှောင်ရိပ် ပြန်လည် လွှမ်းခင်သွားသည်။

ဆာဟာစ်မှာ ကြိုးဒဏ်က လွတ်သည့်တိုင် ဒုက္ခအသွယ်သွယ်ကို နှစ်ရှည်လများ မဆုံးနိုင်သော ညဥ့်ပေါင်းများစွာ ခါးစည်းခံရမည် ဖြစ်သလို ဂိုလန်မာမက်မှာ သဝရီးလမ်းဆုံးကို မျက်နှာမူလိုက်ရပေပြီ။

www.burmeseclassic.com

www.burmeseclassic.com



ဘဝဟူသည် ရယူပိုင်ဆိုင်နေရခြင်း မဟုတ်ပေ။ ပေးဆပ် စွန့်လွှတ်နေရခြင်းသာဖြစ်ရာ ကောင်းသော ပေးဆပ်ခြင်းနှင့် မကောင်းသော ပေးဆပ်ခြင်းကို ကိုယ်ကသာ ချင့်ချိန်ရွေးချယ်နိုင်စွမ်း ရှိပေသည်။

ဘယ်သူမပြု မိမိမှု။

....o....

နိုဝင်ဘာလ (၉) ရက်နေ့။

ဂိုလန်မာမက်ကို ထောင်ပိုင်ကြီးရှေ့ မှောက်တွင် ထော မှတ်တမ်းစာအုပ်ကြီးထဲမှနာမည်၊ အဘနာမည်၊ မွေးသက္ကရာဇ် နေရပ်လိပ်စာ စသည်များနှင့် ကိုယ်ပေါ်တွင် ထင်ရှားသ အမှတ်အသားများကို တိုက်ဆိုင် စစ်ဆေးကြည့်ရှုပြီးနောက် ထောင်ကြပ်တစ်ယောက်က ဂိုလန်မာမက်၏ကိုယ်ပေါ်သို့ ကြမ်းအကျီရှည်ကြီးကို ဝတ်ဆင်ပေးလိုက်၏။

ဘဝလမ်းဆုံးခရီးသို့သွားရမည့်လူတိုင်း၏ နောက်ဆုံးမြ ကျူးတမ်းတသံမှာမိမိတို့ဘာသာအလိုက် ကိုးကွယ်ရာ၊ ဘု သခင်ကို တမ်းတသံမှတစ်ပါး အခြားမရှိပါပြီတည်း။

....o....

'ဒုစရိုက်သမား၊
သွားရာလမ်းမှာ၊
အချုပ်ထောင်နှင့်၊
ကြိုးစင်မှတစ်ပါး၊
အခြားမရှိ၊
ဆိုသည့်ဗမာ၊
စကားထာကို၊
သိဘိစိတ်ဝယ်၊
စွဲမြဲတွယ်၍၊
ဒုစရိုက်တို့ရှောင်၊
ဒုက္ခဘောင်မှ၊
လွတ်မြောက်မည်မှာ၊
ကြောင်းမလွဲပါပေတည်း။'

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း ( ၂ )

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁ )

နံနက်မိုးစင်စင်လင်းနေပြီ။ ခါတိုင်းဆို မိုးလင်းသည်နှင့် အိပ်ဆောင်တွေဖွင့်ပြီးသား။ ယိုနေ့ကာ အဘွားအိပ်ဆောင်တံခါး ဖွင့်မည့်သူများ ရောက်မလာသေး။ အိပ်ဆောင်မဖွင့်သည်မှာ တစ်ဆောင်တည်းမဟုတ်၊ တစ်ဆောင်လုံး ဖြစ်ဟန်တူသည်။ ခါတိုင်းလို ကျွက်စီကျွက်စီအသံတွေ မကြားရဘဲ တစ်ဆောင်လုံး တိတ်ဆိတ်ငြိမ်သက်နေသည်။

နံနက်မိုးလင်း အိပ်ဆောင်တွေဖွင့်နေကျဖြစ်ပါလျက် အိပ်ဆောင်မဖွင့်သည်မှာ ဖြစ်လေ့ဖြစ်ထတော့ရှိသည်။ ဥပမာ- လူမပေါင်းမကိုက်သည့် အခါမျိုးနှင့် အရေးပေါ်တလာစီသည့် အခါမျိုးတွင် အိပ်ဆောင်ဖွင့် နောက်ကျတတ်သည်။

ထိုသို့သောနေ့မျိုးတွင် အခန်းလူကြီးများမှာ 'အရေးပေါ် တန်းစီမယ်ဟေ့' ဆိုသည့်အသံကို နားတစွင့်စွင့် ရှိနေရသည်။ သံတိုင်ကိုလက်နှစ်ဖက်နှင့်ဆုပ်ပြီး အိပ်ဆောင် မဖွင့်သေးသည့် အကြောင်းကို စူးစမ်းသည့်အရှည်ကြီးက ဗာယာလမ်းအတိုင်း

www.burmeseclassic.com

www.burmeseclassic.com



ခပ်သွက်သွက်လျှောက်လာသည့် လက်ကောက် လှအောင်ကို လှမ်းမြင်လိုက်သမို့ သိချင်ဇောနှင့် အမေးပုစ္ဆာထုတ်လိုက်ရသည်။

'ဟေ့ လက်ကောက်ကြီး ဘာထူးလို့လဲကွ'

လက်ကောက်လှအောင်က ချက်ချင်းပြန်မဖြေ။ အရှည်ကြီးနားကပ်လာပြီး၊ နားနားကပ်၍ တိုးတိုးလေးအဖြေပေးသွားသည်။

'တလာစီလိမ့်မယ် အရှည်ကြီးရေတဲ့'

အကျဉ်းသား အားလုံးက သူ့ကိုအရှည်ကြီး ခေါ်သလို သူ့ဘော်ဒါတွေကလည်း အရှည်ကြီးလို့ပဲ ခေါ်ကြသည်။

လက်ကောက်လှအောင် ပြောမှ မနေ့ကအဖြစ်အပျက်ကို အရှည်ကြီးပြန်သတိရလိုက်သည်။

ပေါက်ခေါ် တင်အေးက အခြားအကျဉ်းသား တစ်ဦးကို ရူးနှင့်ထိုးသည့်ပြဿနာ။

ထောင်ထဲတွင် အကျဉ်းသားအချင်းချင်းဖိုက်ပွဲဖြစ်ကြသည်မှာမဆန်း၊ လက်နက်မပါဘဲဖိုက်လို့ကတော့ ရိုးရိုးအရေးယူလိုက်ရုံပဲရှိသည်။ ခုဟာကသံချွန်နှင့်ထိုးတာ၊ ထောင်ထဲမှာ ဘာလက်နက်မှကိုင်ခွင့်မရှိ၊ ပေါက်ခေါ်တင်အေး သံချွန်ဘယ်ကရသလဲ၊ နောက်ထပ်အလားတူ လက်နက်မျိုး အကျဉ်းသားတွေ လက်ထဲမှာရှိနေသလား၊ ရှာရဖွေရတော့မည်။

ရှာရဖွေရမည်မှာ ထောင်အစဉ်အလာ၊ ထောင်ထုံးစံ။



မနေ့က လေးဆောင်မိလ္လာဘုတ်ကိုင် ပေါက်ခေါ် တင်အေးက သူ့လက်ထောက် ကုလားစိန်ထွန်းကို သံချွန်နှင့်ထိုးသည့်ပြဿနာက တစ်ထောင်လုံးကို ကူးစက်ခဲ့ပြီ။

ကြိုး၊ စ၊ အုတ်ခဲပိုင်း တုတ်တို၊ ပုလင်းလည်ပြတ်နှင့်အခြားချွန်ထက်သောအရာဝတ္ထုများ ရှိမရှိ၊ အခန်းလိုက် မွှေနှောက်ရှာဖွေရမည်။ တစ်ဦးချင်းလည်း ရှာဖွေရမည်။

ဒါကို ထောင်ဝေါဟာရအရ တလာစီသည်ဟု ပြောကြသည်။

ထောင်ထဲမှာ အဆောင်တန်းစီး၊ အခန်းလူကြီး၊ ရေကန်ဗာယာ၊ ရိုးရိုးဗာယာ၊ ထမင်းဘုတ်ကိုင်၊ မိလ္လာဘုတ်ကိုင်၊ တောင်ယာတန်းစီး။ အဆောင်တောင်ယာ တန်းစီး စသောနေရာမျိုးကို ရဖို့မှာမလွယ်။ ကိုယ်ကလည်း လည်လည်ဝယ်ဝယ် ပါးပါးနပ်နပ်ရှိမှ၊ အကြံအဖန်လုပ်တတ်မှ၊ အထက်လူကြီးများက သဘောတူမှ၊ ဖော်ပြသည့်အရေးပါသော နေရာများကို ရကြသည်။

တစ်နေရာရာရပြီဆိုရင်တော့ ထောင်ထဲမှာ အနေချောင်သည်။ အစားချောင်သည်။ မျက်နှာကြည့်သည်။ အကျဉ်းသား အချင်းချင်းက အရိုအသေပေးရသည်။ ထောင်ထဲမှာတော့ အရေးပါသူ။

မနေ့က မိလ္လာဘုတ်ကိုင် ပေါက်ခေါ်တင်အေး သံချွန်နှင့် ထိုးမှုအထိ ဖြစ်ကြသည်မှာ နေရာလုမှုကြောင့်။

www.burmeseclassic.com

www.burmeseclassic.com



မနေ့က အခင်းဖြစ်သွားချိန်တွင် အရှည်ကြီးက အဆောင်မှာ မရှိ။ ထောင်ဆေးရုံမှာ နို့ကိုယ်တာ သွားယူနေရသောကြောင့် ရန်ပွဲကို မမြင်လိုက်ရ။

ပေါက်ခေါ်တင်အေးနှင့် အရှည်ကြီးက အကြောင်းဆက်ကလေး ရှိနေသည်။

သံချွန်နှင့်ထိုးခံရသူ ကုလားစိန်ထွန်းကို ဆေးရုံခေါ်လာစဉ် တွေ့လိုက်ရသည်။ ကုလားစိန်ထွန်းမှာလုံးဝစကားမပြောနိုင်။ သူ၏မျက်နှာမှာရရှိလာသော ဒဏ်ရာကြောင့် ရှုံ့မဲ့နေသည်။ နဂိုကတည်းက အရုပ်ဆိုးသည့် ကုလားစိန်ထွန်း မျက်နှာမှာ ပို၍အကြည့်ရဆိုးနေသည်။

ဆေးမှူးမောင်မြက သူတတ်သလောက် မှတ်သလောက် စိတ်ရှည်လက်ရှည် ပြုစုပေးနေသည်။

အရှည်ကြီးအပါအဝင် ဝိုင်းကြည့်နေသော လူစုမှာထောင်ပိုင်ကြီး လာပြီဆိုသည့်အသံ ကြားလိုက်သည်နှင့်ကြက်ပျောက်ငှက်ပျောက် ပျောက်ကုန်ကြသည်။

ထောင်ဆရာဝန်ကြီးလည်း ရောက်လာပြီ။

ကုလားစိန်ထွန်း၏ဒဏ်ရာကို စစ်ဆေးကြည့်ရှုပြီး အပြင်ဆေးရုံတင်ရန် ထုတ်ယူသွားခဲ့သည်။

ဆေးရုံမှအပြန် မိန်းဂျေး(လ်)ရောက်တော့မှ ပေါက်ခေါ်တင်အေးကို တွေ့လိုက်ရသည်။ သူလည်းမသက်သာ။ ခေါင်းနှင့် မျက်နှာပေါ်မှာ အလုံးသီး အကြီးအသေး အစုံထွက်နေပြီ။ ထောင်ထဲမှာ ဗိုက်ပွဲဆင်နွှဲကြသူတိုင်း ခံရသူမသက်သာသလို လုပ်သူလည်းမသက်သာ၊ စည်းကမ်းဖောက်မှုအတွက်



ရုံးတင်ပြီး အရေးမယူခင် အခင်းရန်ပွဲဖြစ်သည့် နေရာတွင်ပင် ဘင်ထသံစုံကိုနှာခေါင်းဆွဲမှာ ပီပီလည်အောင် ကြားရတတ်သည်မှာ ထုံးစံ။

ပေါက်ခေါ်တင်အေးနှင့် အရှည်ကြီးတို့မှာ အလွန်ရင်းနှီးခင်မင်ကြ၏။ တစ်ခန်းတည်း အတူနေသည်။ အတူစားသည်။ သူ့ပစ္စည်းကိုယ့်ပစ္စည်းရယ်လို့ မခွဲ။ ကိုယ့်ရှိသူစား။ သူ့ရှိကိုယ်စား နေကြသူတွေ။

တကယ်တော့ တင်အေးက နာမည်နှင့်လိုက်အောင် အေးသူ၊ စိတ်ရှည်သူ၊ စကားပြောလျှင် ပြုံးပြုံးကလေး ပြောတတ်သူ၊ သူပြုံးရင် ခေါ်နေသည့် သူ့ရှေ့သွား အားလုံးပေါ်အောင် ပြုံးတတ်သည်ကြောင့် တင်အေးနာမည်ရှေ့က ပေါက်ခေါ်တစ်လုံး တိုးလာရသည်။

သူတို့လူက သံချွန်နှင့်ထိုးသည်ဆိုသမို့ ယုံရခက်ခက်ဖြစ်ခဲ့ရသည်။ ခုတော့ မိန်းဂျေး(လ်)မှာ အလုံးသီးအစုံနှင့် တွေ့လိုက်ရပြီမို့ မယုံ၍မဖြစ်၊ ယုံလိုက်ရပြီ။ မိန်းဂျေး(လ်)တွင် မြူတစ်မြူတစ် လုပ်နေသော လူအုပ်ထဲမှာပေါက်ခေါ်တပည့် သားသားကြီးကို တွေ့လိုက်ရသောကြောင့် သားသားကြီးကို ခေါ်ပြီး အဆောင်ကိုပြန်ခဲ့ကြသည်။

'ဟေ့ ကောင်၊ သားသားကြီး မင်းဆရာဘယ်လိုဖြစ်တာလဲ ရှင်းပြစမ်းပါဦး'

'ဟုတ်တယ်ကိုရှည်ကြီး၊ ဆရာသံချွန်နဲ့ထိုးတာ အမှန်ပဲ၊ ကျွန်တော်ကိုယ်တိုင်လဲ မြင်ရတယ်'

'ဘာဖြစ်ကြတာလဲ ဆိုတာကော မင်းသိရဲ့လား'

www.burmeseclassic.com

www.burmeseclassic.com



'သိတယ် ကိုရှည်ကြီး၊ စိန်ထွန်းက ထောင်မှူးကို သွားချှန်လို့တဲ့'

'ထောင်မှူးကို သွားချွန်လို့တဲ့' အနှီစကားမှာ ထောင်ဝေါဟာရအတိုင်း သုံးလိုက်ခြင်းပါ။ အဓိပ္ပာယ်က ထောင်မှူးကိုသွားပြီး အတွန်းအတိုက်လုပ်သည်ဟု ဆိုလိုခြင်းဖြစ်ပါသည်။

'ဘာသွားချွန်လို့လဲ'

'တစ်နေ့က မိလ္လာတိုက်ခန်းလေးထဲမှာ ဆေးလိပ်ကြေးအန်စာပစ် ကစားကြတယ်၊ အဲဒါ စိန်ထွန်းက သွားတိုင်လို့ ထောင်မှူးကိုယ်တိုင် လာဖမ်းတာမိသွားတယ်၊ ကိုတင်အေးကို မိလ္လာဘုတ်ကိုင်က ဖြုတ်ပြီး စိန်ထွန်းကို မိလ္လာဘုတ်ကိုင်ခန့်မယ်လို့ သတင်းထွက်လာတယ် ကိုရှည်ကြီးရေ၊ ကိုတင်အေးက အဲဒီသတင်းကြားတာနဲ့ စိန်ထွန်းကို ပုံစံခန်းရှေ့မှာ သံချှန်နဲ့ထိုးလိုက်တာပဲ၊ ပြဿနာကတော့ ရှုပ်ကုန်ပြီ ကိုရှည်ကြီးရေ'

မနေ့က အဖြစ်အပျက်ကြောင့်၊ ဒီနေ့အိပ်ဆောင်တွေ ပိတ်ပြီး တလာစီကြသည်။

သော့တွဲသံတချင်ချင်နှင့် ထောင်အမှုထမ်းများ အဆောင်ထဲသို့ ဝင်လာကြသည်။ အရှည်ကြီးအခန်းမှာ အဆောင်ထိပ်ဆုံးခန်း၊ သူကိုင်ရသည့်အခန်းမှာ ပုံစံခန်း။

ထောင်ကျအဆောင် သုံးဆောင်ရှိသည်။ သုံးဆောင်၊ လေးဆောင်၊ ငါးဆောင်။



လေးဆောင်အောက်တစ်မှာ ကျသစ် (ထောင်ကျလူသစ်) အားလုံးအတွက်ပုံစံခန်းဖြစ်ရာကျသစ်အားလုံးပုံစံခန်းတွင်တစ်ပတ်နေပြီးမှ လေဘာချပေးသည် (အလုပ်ချသည်)။ လေဘာချပြီးမှ အခြားအဆောင်များကို ပြောင်းရွှေ့နေထိုင်ရသည်။

ထောင်အမှုထမ်းများ အခန်းထဲဝင်လာသည်နှင့် ထောင်ကျအားလုံး တစ်ဦးချင်း အခန်းအပြင်ဘက် ထွက်ပေးရပြီး အပေါက်ဝတွင် ရှာဖွေခံပြီးသူများမှာ အခန်းအပြင်ဘက်တွင် တန်းစီ၍ ပုံစံထိုင်ကြရသည်။

လူတွေကို ရှာပြီးသည့်အခါ အခန်းတံခါးပိတ်ပြီး ပစ္စည်းများကို ပွစာကြဲသွားအောင် မွှေနှောက်ရှာဖွေကြသည်။

ပြဿနာဖော်သူက ပေါက်ခေါ်တင်အေး။

ပြဿနာရှာသူက ကုလားစိန်ထွန်း။

ဒုက္ခရောက်ကြသည့်က အားလုံးသော အကျဉ်းသားများ။

ခုတော့ တစ်ယောက်က တိုက်ထဲမှာ၊ တစ်ယောက်က ဆေးရုံမှာ။ တလာစီ တိုက်ထဲဝင်ရမည့်သူတွေ ဘယ်လောက်စာရင်းပေါက်ဦးမည် မသိ။

အကြံအဖန်ပစ္စည်းတွေတွေ့ရင် တိုက်ထဲ ဂျောင်းပေးရေး။

အကျဉ်းအကျပ် ဒုက္ခပေါင်းစုံ ဝန်းရံနေသည့် ထောင်သားရောက်နေသည့်တိုင် နောင်တ မရကြသေးပါကလား။

....စ....

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၂ )

ညနေ အိပ်ဆောင်ပိတ်ပြီဆိုသည်နှင့် အရှည်ကြီး အလုပ်ရသည်။ ထောင်ထဲရောက်လာသော ကျသစ်များကို ထောင်မှ သတ်မှတ်ထားသည့် စည်းကမ်းဥပဒေနှင့်အညီ ဘယ်သို့ဘယ်ပုံ နေထိုင်ရမည်ကို ပြရမည်။

အရှည်ကြီးမှာ ပုံစံပြရမည့်တာဝန်ရှိသည်။

အရှည်ကြီးက လက်ထဲကိုင်ထားသည့် သားရေပြားကြီးကို ပခုံးပေါ်သို့ ဟန်ပါပါတင်လိုက်ပြီး တမင် လုပ်ယူရထားသော တင်းမာသည့် မျက်နှာထားကြီးဖြင့် အခန်းထဲမှာ ခေါက်တုံ့ခေါက်ပြန်လျှောက်နေသည်။

သူ့ဟန်ပန်က ကြောက်စရာအသွင် တင်နေသည်။

လေးငါးခေါက်လျှောက်ပြီးမှ တန်းစီ၍ ပုံစံထိုင်နေသော များရှေ့တွင် ဟန်တစ်ခွဲသားနှင့် ခြေထောက် နှစ်ချောင်းကို ကားပြီး ရပ်လိုက်သည်။



'ကဲ....အားလုံး နားထောင်'

အရှည်ကြီး၏အသံမှာ ဩဇာသံလွှမ်းထသွားသည်။ တစ်ခန်းလုံး တိတ်ဆိတ်နေသည်မှာ အပ်ကျသံ ကြားရလောက်အောင် ငြိမ်သက်တိတ်ဆိတ်လျက်။

အကျဉ်းသား အားလုံး၏ မျက်နှာများမှာ အရှည်ကြီး ရပ်နေရာသို့ စူးစိုက်ထားရသည်။

'ဒါထောင်ကျဆောင်လေး၊ အောက်တစ်ပုံစံခန်း ဖြစ်တယ်၊ အားလုံး နားလည်ရဲ့လား'

'ဟုတ်ကဲ့ နားလည်ပါတယ်'

အားလုံး၏ အသံမှာ ညီညီညာညာ ကျယ်ကျယ်လောင်လောင် ထွက်လာသည်။

'သေချာနားထောင်'

'ထောင်ထဲ ရောက်လာရင် ထောင်စည်းကမ်းကို သိဖို့လိုတယ်၊ ကျောင်းမှာ ကျောင်းစည်းကမ်း၊ အလုပ်ခွင်မှာ အလုပ်ခွင်စည်းကမ်း၊ အိမ်မှာ အိမ်စည်းကမ်းရှိသလို ထောင်ထဲမှာ ထောင်စည်းကမ်းရှိတယ်'

'နားလည်ရဲ့လား'

'ဟုတ်ကဲ့ နားလည်ပါတယ်'

'အပြင်မှာ ဘာကောင်ကြီးပဲဖြစ်လာဖြစ်လာ၊ ထောင်ထဲ ရောက်ရင် အကျဉ်းသားပဲ၊ အကျဉ်းသားဆိုတာ ဝလုံးပဲ၊ ဘာမှမရှိတဲ့ သုညပဲ၊ ထောင်ထဲမှာ မင်းသားလို နေလို့မရဘူး၊ အကျဉ်းသားလို နေရမှာယ်၊ မင်းတို့ နေတတ်၊ သွား

www.burmeseclassic.com



တတ်၊ သွားတတ်၊ လာတတ်အောင် သင်ပေးမယ်၊ အားလုံး
ကြားလား'

'ဟုတ်ကဲ့ ကြားပါတယ်'

'ပုံစံ ၃ ပ်တယ်ဆိုတာ ထောင်အမှုထမ်းတွေနဲ့ စကားပြော
တဲ့အခါ အသုံးပြုဖို့ပဲ။ ဘယ်ဘက်လက်ကို အောက်ချထားပြီး
ညာလက်ဖြာ ဘယ်ဘက်လက်ပေါ် အုပ်ထားရမယ်၊ ရင်ကို
ကော့ထားရမယ်၊ ငါခိုင်းရင် လုပ်တတ်ပါ့မလား'

'ဟုတ်ကဲ့ လုပ်တတ်ပါတယ်'

'အေး....လုပ်တတ်တယ်ဆိုပြီး မလုပ်တတ်လို့ကတော့ သေ
ပြီသာမှတ်'

'ပုံစံထိုင်တယ်ဆိုတာက တင်ပျဉ်ခွေထိုင်၊ လက်သီးနှစ်ဖက်
ကို တင်းတင်းဆုပ်ပြီး ဒူးခေါင်းပေါ် တန်းတန်းချထား၊ ရင်
ကိုကော့ပြီး ခေါင်းကိုမော့ထားရမယ်၊ နားလည်တယ်နော်'

'ဟုတ်ကဲ့ နားလည်ပါတယ်'

'အသံတွေ....အသံတွေ ကျယ်ကျယ်အော်စမ်း၊ မွင်းတို့
အော်လို့ အဆောင်ကြီးတစ်ခုလုံး ပွင့်ထွက်သွားပစေ'

'ဟုတ်ကဲ့ နားလည်ပါတယ်'

အော်သံကြီးမှာ ဟိန်းထွက်သွားသည်။

'မင်းနာမည်'

'ဖေဝင်း'

'အဖေနာမည်'

'ဦးစိုးချစ်'

'ဘာအမှုဖြစ်သလဲ'



ပြည်သူ့ပိုင်ပစ္စည်း ခိုးမှု'

ဘယ်မှာနေသလဲ၊ အိမ်အမှတ်ကစပြော'

တောင်ဥက္ကလာ၊ လေးရပ်ကွက်၊ အား....ကျွတ်....ကျွတ်'

မေးတာကို ရှင်းအောင် နားမထောင်ဘူး၊ ဘယ်မှာနေ
၊ အိမ်အမှတ်ကစပြောလို့ ပြောတယ် မဟုတ်လား၊
်ဘယ်လောက်၊ ဘာလမ်း၊ ဘာရပ်ကွက်ဆို ပြီးရော
နောက်တစ်ခေါက်မှားရင် အသေပဲ'

ကဲ....နောက်တစ်ယောက်'

နာမည်'

တင်အေး'

အဖေနာမည်'

ဦးမြင့်'

ဘာမှုလဲ'

ခားမှု'

ဘယ်မှာနေသလဲ၊ အိမ်အမှတ်ကစပြော'

အမှတ်( )ဗမ္ဘူသိရိလမ်း၊ တွံတေးမြို့'

မင်းနေရာ မင်းသွားနိုင်ပြီ'

အရှည်ကြီးက တင်အေးကို သိသည်။ သိရုံသာမဟုတ်၊
သိဆို့ရှင် ဆွေမျိုးအရင်းကြီး။ ဒါပေသည့် အရှည်ကြီးက
မပြော၊ ခပ်တည်တည်ပဲ နေလိုက်သည်။ ဒီကောင့်ကို
တော့ကြည့်ရမည်။ အများရှေ့မှာ ပစားပေး၍မဖြစ်။
သလိုဘဲ နေလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ငယ်ငယ်ကတည်းက ကွဲသွားကြတာ၊ တင်အေးက အ
မှတ်မိပါ့မလဲ။ အရှည်ကြီးကသာ မှတ်မိသည်။

ပုံစံပြကိစ္စ အားလုံးပြီးမှပဲ တင်အေးကိုခေါ်၍ အိ
နေရာကောင်းပေးလိုက်ပြီး အစားအသောက်အတွက်ပါ အ
အညီပေးလိုက်သည်။ သို့တိုင်အောင် ဘာမှမပြော။ အ
သားချင်းမို့ ကူညီသည့်အနေမျိုးပဲ အသိပေးထားလိုက်သ

ထောင်ထဲရောက်ခါစ မည်သူမဆို စိတ်အားငယ်ကြသ
အထိတ်တလန့်ဝေဒနာကို ခံစားရစမြဲရှိကြသည်။ ထိုသို့ 
အားငယ်နေသော အချိန်မျိုးတွင် ကိုယ့်အပေါ် စေ
ရှောက်ကူညီသူကို ကျေးဇူးတင်မဆုံး ရှိရသည်။ ခင်မ
အတိုင်းအတာအရ သက်ဆံရေးမှာလည်း တရင်းတနှီးရှိ
ကြသည်။

တင်းကျပ်လှသော စည်းကမ်းတောင်နှင့် ဖွဲ့နှောင်ထ
သည့် ထောင်ထဲမှာ ရေချိုး၊ ကျင်ကြီးကျင်ငယ် စွန့်တာ
အစစားရေး၊ သွားရေး၊ နေရေး၊ ထိုင်ရေး၊ အိပ်ရေးအ
ပုံစံနှင့် ပြုမူနေထိုင်ကြရသည်ဖြစ်ရာ အကျဉ်းသားလူကြီး
က အသိအကျွမ်း အပေါင်းအသင်းနှင့်တွေ့လျှင် တော်သေ
၏။ နို့မဟုတ်ရင် မလွယ်။

ကျောဖြင့်ကို ပြောတင်ထုမည့် ပြောထုသမားက အဆ
သင့် နေရာတိုင်းမှာရှိနေသည်။

အရှည်ကြီးကိုင်သည့် သားရေပြားကြီးမှာ တစ်ကိုယ်လုံး
ဖျင်းကနဲ၊ ဖြန်းကနဲ ဖြစ်သွားစေအောင် အစွမ်းထက်လှသည်
တစ်ချက်ဆို တစ်ချက်ပဲ။



ပေါက်ခေါ်တင်အေးတို့၊ အရှည်ကြီး၏ပုံစံခန်းမှာ တစ်ပတ်
ပြီးလေဘာထိုင်ရသည်။ လေဘာထိုင်သည် ဆိုသည်မှာ
လုပ်နေရာချထားဖို့။ တော်ပါသေးသည် အရှည်ကြီး ရှိပေ
အရှည်ကြီး၏ထောက်ခံချက်ကြောင့်အလုပ်ဘက်မရောက်ဘဲ
ခန်း မိလ္လာသိမ်းအလုပ်ချထားခံလိုက်ရသည်။

ထောင်ထဲမှာနေရာတစ်နေရာရဖို့မလွယ်၊ မျက်နှာချို မသွေး
တ်ရင် အကြံအဖန်လေးများမတတ်ရင်၊ အပေးအကမ်း
တတ်ရင်၊ ဖော်လံ့မဖားတတ်ရင် မလွယ်၊ သက်သက် သာ
ာအလုပ်မျိုးနှင့်ဝေးပြီသာမှတ်။

ပေါက်ခေါက်ကောင်းသည်ဟု ဆိုရမည်။

အဆောင်အခန်း မိလ္လာသိမ်းကနေ၊ မိလ္လာဘုတ်ကိုင် ဖြစ်
သည်။ မိလ္လာဘုတ်ကိုင်ဆိုတာက အဆောင်ထဲမှာ အခရေး
သူ။

အချိန်မဟုတ်ဘဲအန္တရာယ်မလွယ်နိုင်သူများ၊ ထွက်ချင်သည်
းကိုအောင့်မထားနိုင်သူများဆိုလျှင်မိလ္လာဘုတ်ကိုင်ကိုဆေး
လာဘ်ထိုးမှ အီးအီးပါသို့ရသည်။ နို့မဟုတ်ရင် လွှက်ပြု
ဆဲဆဲ အီးအီးကို ပြန်ရှုံ့သွင်းထားရမည်။ အတော်ကိုမလွယ်
သို့ကိစ္စ၊ ထွက်ချင်သည့်ပစ္စည်းက အချိန်နှင့် မထွက်ရလျှင်
ကိုအတော်ကြီး ကသိကအောင့်ဖြစ်အောင် လုပ်တတ်သည်
ုတ်ပါလား။

မိလ္လာဘုတ်ကိုင်တို့ဘုန်း၊ မိုးသို့ချုန်းဆိုသလိုအခန့်အထား
းရှိခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



လူ့သဘော၊ လူ့အလာကခက်သည်။ နည်းနည်းလေးနေ ရလာပြီ၊ အဆင့်ရှိလာပြီဆိုရင် ဖွဲ့ဆိုး ဖောက်တတ်သ ပေါက်ခေါ်တင်အေး အဆောင်မှီလွှာ ဘက်ကိုင်ဖြစ်လာသ နောက်ပိုင်းဇတောင်းအကျင့်ဟောင်း ဖွဲ့ဆိုးဖောက်လာသ

ထောင်ထဲမှာက မတရားသား ဒုစရိုက်သမားပေါင်း ကြသည်။ ထောင်ကစည်းကမ်းပညတ်ချက်တွေဘယ်လော လုတ်ပြီး ကိုင်ထား ကိုင်ထား၊ ဒုစရိုက်သမားတွေက သ အလာအတိုင်း လစ်လျှင်လစ်သလိုစည်းကမ်းကို ဖောက်လေ ကြသည်။ ထောင်ထဲဝင်စ ကြောက်ချေးပါသူတွေပင် အ အသားကျလာသောအခါ ရဲချေးပါလာကြသည်။ အမေ အသင်းများလာသည့်အလျောက် စည်းကမ်းဖောက်ဖို့ကိုဝ လေးကြ၊ အားကိုးရှိသူတွေက ပိုဆိုးသေး။

သည်အထဲမှာ ပေါက်ခေါ်တင်အေးတစ်ယောက်လည်း သည်။ သူ့နေရာကဆေးလိပ်အလျှံပယ်ရသောနေရာ။ ထော ထဲမှာ ဆေးလိပ်ဆိုတာက ငွေလည်းတုတ်သည်။ ရွှေလည်း သည်။ ဆေးလိပ်ရှိရင် အလုပ်ဖြစ်သည်။ အကြံအဖန်ဖြစ်သ ပေါက်ခေါ်တင်အေးနေရာက ဆေးလိပ်အလှန်ရသည့် နေ မအောင့်အည်းနိုင်သူ ကျသစ်တွေဆို သူတောင်းသမျှ ပေ သည်။ တစ်ခါတလေများဆိုတစ်ပတ်ထဲကို ဆေးလိပ် ထော နှင့်ချိုရသည်။

အဆောင်မှာ လူကတစ်ထောင့်ငါးရာ၊ နှစ်ထောင်ရှိတ တနင့်နွေ့လိုရက်အားရသည့်နေ့မျိုးမှာဆိုပေါက်ခေါ်တင်အေ အဖို့ ဆေးလိပ်တွေ သိမ်းမနိုင်အောင် ရတတ်သည်။



ဆေးလိပ်အဝင်များတော့ ပေါက်ခေါ်တင်အေး ထော လာသည်။ ကြိတ်ဝိုင်းဖြစ်ပြီဆို ပေါက်ခေါ်တင်အေးကဒိုင်။ ဒိုင်မှရိုးရိုးဘိုင်ပွတ်ဒိုင်မဟုတ်။ ရာထိုးမလား၊ ထောင်ထိုးမလား ခေါင်းမခါသည့်ဒိုင်။

ပေါက်ခေါ်အချိုးမဟန်ပြီကို သိလာသည့် အရှည်ကြီးက နှစ်ကိုယ်ကြားသတိပေးသည်။ ဆုံးမသည်။ ပေါက်ခေါ်ကရှေ့ တွင်ဘယ်တော့မှခေါင်းမခါ။ ကတ္တားကောင်စ မြန်မပြော၊ နား ထောင်သည်။ နောက်မလုပ်တော့ပါဘူးဆိုသည့် ကတိအထပ် ထပ်ပေးသည်။ ကွယ်ရင်တော့ ပေးထားသည့်ကတိကို မေ့ပစ် တတ်သည်။ ဖွဲ့ဆိုးပါသောမြင်းသို့နှယ်ရှိချေ၏။

ပြောမရသည့်အဆုံး၊ ကြိမ်းမရသည့်အဆုံး၊ သူ့ထိုက်နှင့် သူ့ကံလွှတ်ပေးထားလိုက်သည်မှ နောက်ပိုင်း အမှုပေါ်လာရ သည့်အထိ မဖြစ်သင့်သော အတိုင်းအတာသို့ ရောက်သွားခဲ့ သည်။

ခုတော့တိုက်ထဲမှာလှိမ့်ခံနေရပြီ။

အရှည်ကြီးလည်း မကယ်နိုင်။

နောက်တိုးအမှုအတွက်ထပ်တိုးလာသည့်ထောင်ဒဏ်မှာ....။

....o....

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၃ )

'အားလုံးအရေးပေါ်တန်းစီမယ်ဟေ့'

ဆောင်ကျောင်းဆောင်မှ အသံအောင်လှသော အကျဉ်းသား ပဲလှော်၏ စူးစူးဝါးဝါး အသံကြောင့် တစ်ဆောင်လုံးလှုပ်ရှားသွားကြသည်။ ညကြီးမင်းကြီး 'အရေးပေါ်တန်းစီ' ဆိုသည်ကြောင့် ကိစ္စကြီးတစ်ခုခု ရှိတော့မည်မှာ သေချာနေသည်။ တစ်ဆောင်လုံး အိပ်နေကြရာမှ ဝုန်းဝုန်းဒိုင်းဒိုင်းလှုပ်ရှားသွားကြရသည်။ ကပျာကသီ လူးလဲထကြရသည်။ တဲ့နေကျအတဲ့ကို မရှာနိုင်။ မကြည့်နိုင် နီးရာနေရာ ကဦးရာလူနှင့်တွဲလိုက်ရသည်။ နှစ်ယောက်စီတွဲထိုင်တာဖြစ်နောက်ကျရင်သားရေပြားနှင့် တွေ့သွားမည်မို့ တွေ့ရာလူနှင့်တွဲပြီး ကမန်းကတန်းထိုင်လိုက်ကြရသည်။

အရေးပေါ်တန်းစီဆိုတာအချိန်ရွေးပြီးမှတန်းစီခိုင်းသည် မဟုတ်။ ညဉ့်သန်းခေါင်မှာလည်းစီရတတ်သည်။ ဘယ်အချိန်



မှာစီစီ။ အကျဉ်းသားတွေအဖို့ အဆင်သင့် ဖြစ်နေရမည်မှာ ကိုယ့်တာဝန်။

အားလုံးအဆင်သင့်ပုံစံထိုင်ပြီးသည်နှင့် အခန်းအပြင်ဘက်တွင်ရှိနေသည့်ခေါင်းမှူးလေးနှင့် ဝါဒါများက အခန်းလူကြီးများမှတစ်ဆင့် အရေးပေါ်တန်းစီကိစ္စကို ရှင်းပြလိုက်သည်။

'ဟဲ့ အခန်းလူကြီးတွေဒီမှာနာမည်ခေါ်မယ်၊ ပါရင်ပါတဲ့လူကို စာရင်းယူထား၊ စာရင်းထဲမှာပါတဲ့လူ အိပ်ရာလိပ် အဆင်သင့်လိပ်ပြီး သိမ်းထား။ အားလုံး အဆင်သင့်ရှိပစေ'

'အားလုံးငြိမ်ငြိမ်နားထောင်မယ်၊ နာမည်ပါရင်ကျယ်ကျယ်ထူးမယ်။ ဒီမှာစာရင်းလာပေးပြီး ကိုယ့်ပစ္စည်းတွေအဆင်သင့်သိမ်းထားမယ်၊ အားလုံးကြားရဲ့လား'

'ဟုတ်ကဲ့ ကြားပါတယ်'
'မောင်နီ၊ အဖေနာမည် ဦးပွ'
'ရှိ'
'ရှိရင်ရှေ့တက်ခဲ့ ထောင်နံပါတ်ပြော'
'စီ-၄၆၅၃'
'အေးဟုတ်တယ် နောက်တစ်ယောက်'
'ကျော်ခွေး၊ အဖေနာမည်ဦးလုံး'
'ရှိ'

www.burmeseclassic.com

www.burmeseclassic.com



'ရွှေထွက်ခဲ့၊ ထောင်နံပါတ်ပြော'

'စီ-၄၁၂၈'

'အေးဟုတ်ဘယ်၊ နောက်တစ်ယောက်'

တစ်ယောက်ပြီးတစ်ယောက်နာမည်ခေါ်ပြီးမှ...

'ကဲ ပါတဲ့လူတွေ အခန်းလူကြီးဆီမှာစာရင်းပေးပြီးပစ္စည်းတွေသိမ်းထား၊ နောက်လာခေါ်မယ်'

ထောင်ဝန်ထမ်းများ နောက်တစ်ခန်းကူးသွားပြီးမှ တိုးတိုးကြိတ်ကြိတ်အသံထွက်လာသည်။

'ဘာလဲကွ၊ ဘာအတွက်တဲ့လဲ'

'ရဲဘက်ခေါ်တာဖြစ်မှာပေါ့ကွာ၊ နွေခင်းထဲက ကြားခဲ့တာပဲ'

'ဪ...ဪ'

စာရင်းခေါ်သည့်အထဲတွင်ပါသူများမှာ အခန်းလူကြီးရွှေ့ ရောက်နေကြသည်။ ရဲဘက်စခန်း လိုက်ရမည် ဆိုသဖြင့် တချို့ကလည်း ပျော်နေသည်။ တချို့ကလည်း မှိုင်နေသည်။

စာရင်းပါသူများထဲတွင်မျက်နှာသေလေးနှင့် ပေါက်ခေါ်တင်အေးကိုတွေ့လိုက်ရသည်။ ပေါက်ခေါ်က အရှည်ကြီးကို စကားပြောချင်သော်လည်း အရှည်ကြီးအနားတွင်လူတွေရှိနေသောကြောင့် မပြောသေးဘဲ ဆိုင်းနေရဟန်ရှိသည်။

'ကဲ၊ ကျန်တဲ့လူတွေ ကိုယ့်နေရာကိုယ် ပြန်အိပ်ကြမယ်'

အရှည်ကြီး အမိန့်ပေးသံနှင့်အတူအကျဉ်းသားများ ကိုယ့်နေရာကိုယ် ပြန်ရောက်သွားကြသည်။ ချက်ချင်း ပြန်အိပ်ပျော်ဖို့မှာ မလွယ်၊ မလွယ်ပေသည့် ထိုင်လား၊ ထလား လုပ်၍မရ။ ကိုယ့်နေရာမှာကိုယ်လှဲပြီး ငြိမ်သက်နေကြရသည်။



ထောင်စည်းကမ်းမှာ ညဥ့်(၉)နာရီ ခေါင်း ဆိုသည်နှင့် တစ်ယောက်မှ ခေါင်းထောင် ထခြင်း၊ ထထိုင်ခြင်း မရှိရ။ 'အိပ်ချိန်' အော်လိုက်သံ ထွက်လာသည်နှင့် ကြမ်းပြင်ပေါ် ပြားပြားလျှားလျှား ရှိနေရမည်။ အိပ်ပျော်ချင်ပျော် မပျော်ချင်နေ၊ ခေါင်းတော့ မထောင်လေနှင့်။ အခန်းလူကြီးတွေက စည်းကမ်းကို တစ်ပြားမှ အပွန်းမခံ။

အရှည်ကြီးနား လူရှင်းသွားတော့မှ ပေါက်ခေါ်ကုတ်ကုတ်ကလေးရောက်လာသည်။

'ကိုရှည်ကြီး ကျွန်တော်တို့ကိုဘယ်ခေါ်သွားကြမှာလဲဟင်'

'ရဲဘက်လေကွာ'

'ဗျာ...ရဲဘက်'

'အေးလေ၊ ရန်ကုန်-မန်း ကားလမ်းအတွက် ရွှေ့ပြောင်းပေါ့'

'ဟာ...ဒုက္ခပါပဲ၊ ကျွန်တော်တော့ မလိုက်ချင်ဘူးဗျာ'

'ဟ...ကောင်ရ နွားရ၊ လူချမှုပဲ၊ ရဲဘက်စခန်းက ထောင်ထက် လုပ်လပ်နေတာပေါ့ကွ၊ နောက်ပြီး ခွင့်နဲ့ အိမ်ပြန်ခွင့် ရတယ်ကွာ၊ အထူးဆုမှတ်ရက် ပိုရတယ်ကွာ၊ ဒါထက် ကောင်းတာ ဘာရှိသေးသလဲ၊ လိုက်ချင်တဲ့လူတွေ အများကြီး၊ လိုက်ချင်တိုင်း လိုက်လို့ရတာ မဟုတ်ဘူး၊ လူရွေးခေါ်တာ'

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



'ဟာဗျာ....ကျွန်တော်တော့ ဘယ်လိုမှ မလိုက်ချင်ဘူး။ ကိုရှည်ကြီးတတ်နိုင်ရင် အကူအညီပေးပါဦးဗျာ'

'ဘယ်ဖြစ်မလဲကွ မင်းကလဲ'

'ကြိုးစားကြည့်ပါဦး ကိုရှည်ကြီးရဲ့'

'အေး....အေး....ငါမနက် ပြောကြည့်ဦးမယ်'

အရှည်ကြီးက ထောင်မှူးကြီးကိုသွား အသနားခံကြည့်ရသည်။ အသနားခံဖို့ အကြောင်းပြချက်ကလည်း ရှိနေသည်။ ချတ်တရက် မိလ္လာဘုတ်ကိုင် အစားထိုးဖို့ မလွယ်ကူသည့် အကြောင်းပြ၍ ပြောကြည့်ရသည်။ ထောင်ထဲမှာ မိလ္လာသိမ်းသမားကအရေးကြီးသည်။ သည်အလုပ်က လူတိုင်းမလုပ်ချင်၊ ကျွမ်းကျင်မှုကလည်း လိုသေးသည်။

ပေါက်ခေါက်ပဲဆိုရမလားမသိ၊ ထောင်မှူးကြီးက ရဲဘက်လိုက်စာရင်းထဲက ပယ်ဖျက်ပေးလိုက်သည်။

....o....

သည်တစ်ချီတော့ အရှည်ကြီးလည်း မကယ်နိုင်။ ကယ်ဖို့ဝေးစွ၊ ပေါက်ခေါက်ကိုတွေ့ဖို့ လမ်းစပင်မရှိ။ တိုက်ပိတ်ထားသူကို တွေ့ဖို့ကထားဦး၊ အရှည်ကြီးတို့မှာ တိုက်နားကပ်ဖို့ပင် မလွယ်၊ ကိုယ့်နေရာလေးမှာ ကိုယ်သာဗိုလ်၊ သူများနေရာ ဗိုလ်သွားမလုပ်နဲ့၊ ကိုယ်ပါ တိုက်ထဲရောက်သွားမည်။

ခုတော့ ပေါက်ခေါက်မှာ ရဲဘက်စခန်းလည်း မလိုက်ရပြီ။ မိလ္လာဘုတ်ကိုင်ကလည်း ပြုတ်ပြီ။ အဆောင်မှာနေရသည်ထက်



ပို၍ သာ၍ ကျဉ်းမြောင်းကျပ်တည်းလှသည့် တိုက်ခန်းထဲမှာ တိုက်ပိတ်ခံနေရပြီ။

ဆေးလိပ်သူဌေး ပေါက်ခေါက်တစ်ယောက် တိုက်ထဲမှာ ဆေးလိပ်တစ်တိုပင် ရဖို့မလွယ်။ သူမလိုက်ချင်သည့် ရဲဘက်စခန်းကို လိုက်ချင်ပါသည် ဆိုသည့်တိုင် လိုက်ခွင့်မရနိုင်ပြီ။

နောက်အမှုရှိသူများမှာ ရဲဘက်စခန်းကို လုံးဝလိုက်ခွင့်မရှိ။

ရဲဘက်စီမံကိန်းကြီးမှာ အပြင်းအထန် အကောင်အထည် ဖော်နေပြီ။ တစ်ဆောင်လုံး၊ နေ့ညဥ့်မရွေး တစ်သုတ်ပြီး တစ်သုတ် သွားနေကြရပြီ။ အရှည်ကြီးတို့လည်း တစ်နေ့မဟုတ် တစ်နေ့ လိုက်ရမည်။

ထောင်ကျဆောင် သုံးဆောင်စလုံး ရဲဘက်စခန်း လိုက်ပါနိုင်သူနှင့် လိုက်ပါခွင့်ရှိသူများကို အိတ်သွန်ဖာမှောက် စိစစ်ရွေးချယ်နေပြီ။

ရဲဘက်လိုက်ခွင့်မရှိသူများမှာ....

နောက်ဆက်တွဲအမှုရှိသူများ။

ကိုယ်လက်အင်္ဂါ မသန်စွမ်းသူများ။

နိုင်ငံရေးပုဒ်မနှင့် ထောင်ထဲရောက်နေသူများ။

ကျန်ထောင်ကျအားလုံး ရဲဘက်စခန်းအသီးသီးသို့ မသွားမနေ သွားကြရမည်။ အရှည်ကြီးမှာ ပေါက်ခေါက်အတွက် ဘာမှမစဉ်းစားနိုင်။ သူကိုယ်တိုင်က ရဲဘက်စခန်းကို သွားချင်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့တော့ အရှည်ကြီးဆီ တိုက်တန်းစီးတစ်ယောက် ရောက်လာသည်။ နဂိုကတည်းက အရှည်ကြီးနှင့် ခင်မင်နေသူဖြစ်၍သာ သူ့ဆီကို ကြုံဖန်ပြီး ရောက်လာခဲ့ခြင်း ဖြစ်သည်။

သူ့နာမည်မှာ မွန်ကြီး။

'ကဲ၊ မွန်ကြီး ဆိုစမ်း'

'ပေါက်ခေါက အရှည်ကြီးဆီ လွှတ်လိုက်လို့လေ'

'သူ့လွှတ်တိုင်း မင်းကလာရတယ်ဆိုတော့ ပေါက်ခေါက ဘယ်ဆိုးလို့လဲကွ'

'အရှည်ကြီးက ခင်ဗျား အကြောင်းကို အထင်ကြီးနေသလား၊ ခုထက်ထိတော့ မလှုပ်နိုင်သေးဘူး၊ ခင်ဗျားမျက်နှာကြောင့် လာရတာ'

အရှည်ကြီးကို ထောင်ထဲမှာ လူချစ်လူခင် များသည်။ အကျဉ်းသားချင်း ချစ်ကြသလို အဆောင် ထောင်မှူးနှင့် ဝါဒါတွေကလည်း ခင်ကြသည်။ အရှည်ကြီးက ဘယ်သူ့အပေါ်ကိုမှ မတရားမလုပ်။ သူ့တာဝန်ကိုတော့ သူကျေပွန်အောင် ဆောင်ရွက်တတ်သည်။ မသက်ညှာနိုင်သည့်အဆုံးကျမှသာ သူ့အစွမ်းပြတတ်သူ။ မွန်ကြီးမှာ သူ့ပုံစံခန်းထဲက ထွက်သွားသူ။ မွန်ကြီးတို့တုန်းကလည်း သူတတ်နိုင်သမျှ ကူညီခဲ့သည်။ အရှည်ကြီးမျက်နှာကြောင့် မွန်ကြီးက ပေါက်ခေါမှာလိုက်သည်များကို တကူးတက လာပြောခြင်းဖြစ်၏။

ပေါက်ခေါ အကူအညီ တောင်းလိုက်သည်မှာ ဆေးလိပ်ငါးဆယ်နှင့် အဝတ်တစ်စုံ။



အရှည်ကြီးက ခေါင်းမခါ၊ ခေါင်းညိတ်လိုက်သည်။ ပေါက်ခေါမကောင်းပေမယ့် ထောက်ထားစရာတွေ ရှိသည်။ ကူညီရမည့် အကြောင်းလည်း ရှိသည်။

'မင်း ဘယ်တော့ပြန်မလဲ မွန်ကြီး'

'အခုပဲပြန်ရမယ်၊ ငါဒီမှာ ကြာကြာနေလို့ မရဘူးလေကွာ'

'အေး၊ အဝတ်အစုံကတော့ အဆင်သင့်ပဲ၊ ဆေးလိပ်တော့ အစိတ်သုံးဆယ်လောက်ပဲ ရှိမယ်၊ ရှာလိုက်ဦးမယ်၊ ရသလောက် ယူသွားပေါ့ကွာ'

'မုန့်လေး ဘာလေးလဲ ရှိတာပေးလိုက်မယ်'

ပေးစရာရှိတာလေးများ စုထောင်းပေးလိုက်ရသည်။

အဲဒီနောက် မွန်ကြီးလည်း မလာ၊ သူလည်း သွားမတွေ့နိုင်သဖြင့် ပေါက်ခေါနှင့် အဆက်ပြတ်သလို ဖြစ်သွားခဲ့သည်။

တို့ဘက် တစ်ခါရောက်သေးသော်လည်း ထောင်မှူးကြီးနှင့် သွားတိုးနေသဖြင့် ကိုယ်ရှိန်သတ်ပြီး ပြန်လှည့်ခဲ့ရသည်။ ထောင်ထဲမှာ တစ်ယောက်နှင့်တစ်ယောက် အနေနီးပေမယ့် အတွေ့ဝေးသည့်အခါလည်း ရှိသည်။

ထောင်ဆိုသည်မှာ ကိုယ့်သဘောနှင့်ကိုယ် နေရသော နေရာမဟုတ်သောကြောင့်။

....၀....

www.burmeseclassic.com

## အခန်း ( ၄ )

တစ်လအတောအတွင်း အခြေအနေအားလုံး ပြောင်းလဲသွားသည်။ အရှည်ကြီးလည်း ရဲဘက်စခန်း လိုက်ပါရမည့် စာရင်းတွင် ပါလာပြီ။ သူကိုယ်တိုင် က ရဲဘက်စဖန်းလိုက်ဖို့ ဆန္ဒပေးခဲ့သည်။

ရဲဘက်စခန်းသို့ သွားရမည့်နေ့။

ရာသီဥတုမှာ သာယာနေသည်။ နေခြည် ထွေးထွေးမှာ အင်းစိန်ထောင်ပေါ်သို့ ဖြာဝေကျနေသည်။ ရဲဘက်စခန်း လိုက်ရမည့် အကျဉ်းသားနှစ်ရာကျော်မှာ ထောင်မှထုတ်ပေးသည့်ဝတ်စုံသစ်များကိုထုတ်ယူကြရင်းနောက်လိုက်ပြောင်လိုက်နှင့် ပျော်မျော်ရွှင်ရွှင်ရှိနေကြသည်။ ထောင်အမှုထမ်းများကလည်း တပြုံးပြုံး။ ထိုနေ့က အင်းစိန်ထောင်မှာ ပုံစံပျက်သွားသည်။ သူတို့၏လွတ်လပ်ခွင့်ကို ဟန့်တားမည့်သူ မရှိ။ သူတို့ နေချင်သလိုနေကြဖို့ လွတ်လပ်ခွင့် ပေးထားလိုက်သည်။



ထောင်ထဲရောက်ကတည်းက တစ်ပုံစံတည်း ပုံစံခဲ့ရသည့် စံဘောင်ထဲက လွတ်သွားသည့်ကြောင့် ပျော်သလိုလို ဘာလိုလို ခံစားလိုက်ကြရသည်။

နေ့လယ်နှစ်နာရီထိုးသည်နှင့် သူတို့အားလုံး အဆင်သင့်ဖြစ်နေကြပြီ။ အုတ်ရိုးကြီးထဲက အပြင်သို့ ထွက်ရတော့မည့် စိတ်ထဲက ဘာလိုလို။ အုတ်ရိုးထဲမှာ အနေကြာလာသူများသည် အုတ်ရိုးကြီးကို ကြည့်မိတိုင်း ရင်ထဲမှာ တင်းတင်းကျပ်ကျပ်ကြီး ခံစားရသည်။

အခု အုတ်ရိုးအပြင်ဘက် ထွက်ရတော့မည်။

ရဲဘက်နှစ်ရာကို တင်ဆောင်သွားမည့် ကားကြီးသုံးစီးမှာ ထောင်ဘူးဝတွင် အဆင်သင့်ရှိနေသည်။

ထောင်ဘူးဝက အပြင်သို့ထွက်လိုက်သည်နှင့် ခံစားမှုဝေဒနာတစ်ခု မွေးဖွားလာသည်။ အုတ်ရိုးလေးဘက်ကိုသာ နေ့စဉ် မြင်တွေ့နေရသည့် မြင်ကွင်းမှ ပထမဆုံး ပြင်ပမြင်ကွင်းကို မြင်တွေ့လိုက်ရသည့်ကြောင့် ရင်ထဲမှာ ပေါ့ပါးရွှင်လန်းသွားရသည်။ ချမ်းမြေ့သွားသည်။ ထောင်ရှေ့တောင်ဘက်ခြင်းထဲမှ ဖြတ်သန်းလာသည့်လေကို တစ်ဝကြီး ရှူရှိုက်လိုက်မိသည်။ အားအင်များ ပြည့်ဖြိုးလာသလို ခံစားလိုက်ရသည်။ မည်သို့ပင်ရှိစေ ပြင်ပအတွေ့အထိ အရသာမှာ တစ်မျိုးသာပဲ။

ထောင်ဘူးဝကြီးပေါ်မှ သုံးနာရီသံချောင်း ခေါက်လိုက်သည်နှင့် ကားများ စတင်ထွက်ခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ရဲဘက်အားလုံးမှာ ကော်လံဘပ် ချည်ကြမ်းအင်္ကျီဖြူ လုံချည်အဖြူများ ဝတ်ဆင်ထားကြသဖြင့် ဝတ်စုံသစ်အ နှင့် ရဲဘက်များမှာ ဘိုးသူတော်ပုံ ဟန် ပေါက်နေကြသ ရဲဘက်အားလုံးလိုလိုဝတ်စုံများအပြင်အိပ်ရာခင်း၊ခြင်ထော စောင်၊ မျက်နှာသုတ်ပဝါများလည်း ထုတ်ပေးထားခဲ့သ

ဘိုးသူတော်အသွင် ထင်နေသည့် ရဲဘက်များမှာ လန်းနေသောမျက်နှာ၊ တောက်ပသော မျက်လုံး၊ အ တက်သောသဏ္ဌာန်တို့ဖြင့် ရွှင်ရွှင်ပျပျရှိနေကြသည်။

ရဲဘက်များ ရွှင်ရွှင်ပျပျ ရှိနေကြသည်မှာ အတွေ့သ အမြင်သစ်များကို တွေ့မြင် ခံစားလိုက်ရသောကြောင့် ဖြ မည်ထင်သည်။ သူတို့အားလုံး ပျော်နေကြသည်။

လက်ထိတ်မခတ်၊ အလုံပိတ်ကားကြီးနှင့် မခေါ်သည် ပင် ကိုယ့်ကိုယ်ကို အကျဉ်းသားအသွင် မထင်မိအောင်ဖြ သွားရသည်။

ဘောင်ပတ်လမ်း အတိုင်း မြောက်ဘက်သို့ မောင်း သင်တန်းကျောင်း အရှေ့ဘက် ရွာမဘောလုံးကွင်းမှ တစ်ဆ ဒုညင်းကုန်းလမ်းအတိုင်းမောင်းခဲ့သည့်ကားများမှာ မင်္ဂလာ လမ်းမကြီးကို ဖောက်ထွက်လိုက်ပြီး ထောက်ကြံ့မှ လှည်းကူး မြို့ဆီသို့ ဦးတည်လိုက်သည်။

လမ်းတစ်လျှောက် မြင်ကွင်းများမှာ အကျဉ်းသားများ အဖို့ ထူးခြားသည်မှာ ဆိုရမည်သာ။

ထောင်ထဲတွင် နှစ်ပေါင်း၊ လပေါင်းများစွာ အုတ် မြင်ကွင်းကြီးနှင့် နပန်းလုံးခဲ့ရသည့် ရဲဘက်များမှာ စိမ်းလန်း



စိုပြည်သော သစ်ပင်များ၊ အရောင်အသွေးစုံ ဝတ်ဆင်လျက် လှုပ်လှုပ်လပ်လပ် သွားလာနေကြသူများ၊ ဥဒဟိုဖြတ်သန်း မောင်းနှင်နေသောကားများကို မြင်လိုက်ရသည့်အခါ အပြင် လောကတွင် နေထိုင်ခဲ့ရသော လွတ်လပ်မှုကို ပြန်လည် မြင် ယောင်မိကြ၏။

အရှည်ကြီး၏ရင်ထဲမှာ သံဝေဂရမိသည့် စိတ်အစဉ်ကလေး လှုပ်ခတ်သွားခဲ့သည်။ သံဝေဂမှာ ကိုယ်ကျိုးလွှန်ခဲ့သော ပြစ်မှုအတွက် နောင်တရိပ်ထင်လာခြင်းပင်။

အထူးသဖြင့် အမျိုးသမီးများကို မြင်တွေ့ရသည့် အခါ သူတို့၏စိတ်များ အထူးလှုပ်ရှားသွားသလို မျက်လုံးများလည်း ကနားမငြိမ်ဖြစ်ခဲ့ရသည်။

ထောင်ထဲမှာ အမြဲတမ်း တွေ့နေရသည်က ယောကျ်ား တွေချည်း။ ထောင်ထဲရောက်ပြီးမှ တွေ့ဖူးသည့် အမျိုးသမီး မှာ ဝတ္တုနှင့် မဂ္ဂဇင်းစာအုပ်အဖုံးပေါ်က အမျိုးသမီးရုပ်ပုံ များသာ ဖြစ်၏။

ခုတော့ အမျိုးသမီးများကို ကိုယ်တိုင် တွေ့နေရပြီ။ လှသူ ရော၊ အရုပ်ဆိုးသူရော၊ အကျည်းတန်သူရော တွေ့သမျှအလွတ် မပေးကြ။ အားရပါးရ ကြည့်ကြသည်။ စိတ်ကူးနှင့်ကြည်နူး ကြသည်။

အမျိုးသမီးများကို တွေ့မြင်နေကျသူများအတွက် အလှ အပကို ရှာဖွေ၍ မျက်လုံးရောက်မိကြမည်သာ ဖြစ်သော်လည်း သူတို့မှာမူ မြင်သမျှကို မျက်လုံးရောက်နေကြသည်။

www.burmeseclassic.com

www.burmeseclassic.com

အကုသိုလ်စိတ်တွေ တစ်စဉ်တစ်တန်းကြီး ဖြစ်နေကြမည်ကို မှ ဖော်ပြရန် လိုအပ်မည်မသင့်။

သူတို့အားလုံး၏ ပါးစပ်များ မလှုပ်ရှားကြ။ မျက်လုံးများသာ လှုပ်ရှားနေကြသည်။

အဖြူရောင်တူညီဝတ်စုံနှင့် ရဲဘက်တွေကို လမ်းတွင်တွေ့သူများက ဘယ်လိုမြင်ကြမည်မသိ။ သူတို့ကတော့ ကြည်နူးရင်ဖိုနေကြရသည်။

ညနေ ခြောက်နာရီခန့်၊ ဆည်းဆာရိပ် ကွယ်ပျောက်စအချိန်တွင် လှည်းကူးမြို့ကိုကျော်ဖြတ်၍ တာဆိုလမ်းအတိုင်း တွေ့လိုက်သည်။

ရန်ကုန်-မန္တလေး လမ်းမကြီး၏ ခရီးအစ။

ဖြန့်ဖြူးကျယ်ပြန့်သော အနံ့ ပေသုံးရာခန့်ရှိ ဖောက်လုပ်ဆဲ လမ်းမကြီးမှာ အချောမကိုင်ရသေး။ မြေနီကစ်မှုန့်များဖြင့် နီကျင်နေသည်။ ညီညာခံ့ညား အနီရောင် လွှမ်းထင်နေသည်။

လမ်းကွေ့ထိပ်တွင် ဆိုင်းဘုတ်တစ်ခု တွေ့လိုက်ရသည်။

'အကျဉ်းဦးစီးကားများသာ'

အကျဉ်းဦးစီးဌာနမှ ကားများသာ ဖြတ်သန်းမောင်းနှင်ခွင့်ပြု၍ အခြားယာဉ်များ ဖြတ်သန်းခွင့်မရှိကြောင်း အမှတ်အသားပေးထားသည့် ဆိုင်းဘုတ်။

ထိုဆိုင်းဘုတ်ကိုလွန်သည်နှင့်လှေလှော်အင်းစခန်းအဝင်ကို တွေ့လိုက်ရသည်။ လှေလှော်အင်းစခန်းမှာ ရန်ကုန် မန္တလေး လမ်းဖောက်လုပ်ရေး အခြေစိုက်စခန်း။



လှေလှော်အင်းစခန်းတွင် အသစ်ရောက်လာသော ရဲဘက်များကို နေရာချထားပေးရမည် ဖြစ်သောကြောင့် အဝင်၊ အထွက် အရေးကြီးသည်။ ပြင်ပယာဉ်များကို ဝင်ထွက်ခွင့်မပေး၊ တားမြစ်ထားသည့် နေရာ။

တာဆုံတွင် ရဲအင်းစခန်း ရှိနေသည်။

ညနေ ခြောက်နာရီခွဲခန့်တွင်မှ စခန်းကို ရောက်ကြသည်။

နေ၏အရောင် ချုပ်ငြိမ်း၍ အမှောင်ပျိုးစ ပတ်ဝန်းကျင် မြင်ကွင်းတစ်ခုလုံးမှာ စိုးတဝါး မသဲမကွဲ ရှိနေသည်။

တောရိပ်ကြောင့် ပို၍မှောင်နေသလား။

ကားပေါ်မှ ဆင်းပြီးသည်နှင့် တန်းစီပြီး အသင့်ဖြစ်နေကြသည်။

တွေ့ပါပြီ ရဲဘက်စခန်းကြီးကို။

...o...

သဲကွဲစွာ မမြင်ရသော်လည်း ရင်ခေါင်းလောက် အမြင့်ရှိမည့် ဝါးကျစ်များကို ပူးကပ်စိုက်ထူထားသည့် ခြံစည်းရိုးကြီးက ကြိုဆိုနေသည်။ လျှပ်စစ်မီးရောင်မှာ လင်းအားနည်းနေသည်ဟု မဆိုသာ။

ဤသည်မှာ ရဲဘက်စခန်းကြီး၏ ဧရိယာပင်

www.burmeseclassic.com

www.burmeseclassic.com



ဘတ်ဝိုင်ယာသံဆူးကြိုး စိပ်စိပ်နှစ်ထပ် ကာထားသည့်ဝင်းတံခါးကြီးနောက်မှ ထောင်အမှုထမ်းများက ကြိုဆိုနေကြသည်။

တံခါးကို မဖွင့်သေး။

အရှည်ကြီးအပေါ်အဝင် ရဲဘက်များမှာ ဆယ်ယောက် တစ်တွဲ ရှေ့နောက်တန်းစီ၍ ထိုင်နေပြီး ပါလာသည့်အိပ်ရာလိပ်နှင့် အထုပ်အပိုးများကို အဆင်သင့်ဖြည့်ထားကြရသည်။

တံခါးခပ်ဟဟ ပွင့်သွားပြီး ထောင်ကြပ်ကြီးတစ်ယောက် ထွက်လာသည်။ သူတို့ရှေ့တွင် ရပ်လာသည့် ထောင်ကြပ်ကြီး ရပ်နေပုံမှာ ထည်ဝါလွန်းသည်ဟု ဆိုရမည့်ပုံပန်း အပြည့်

'ကဲ၊ ခင်ဗျားတို့ကိုပြောမယ်၊ နားထောင်'

ထောင်ကြပ်ကြီး၏အသံက ဟိန်းထွက်လာသည်။

'ကိုယ့်မှာပါလာတဲ့ ငွေတွေရှိရင် အပ်မယ်၊ တစ်ယောက်ချင်း နာမည်၊ နံပါတ်နဲ့အပ်မယ်၊ တစ်ယောက်ကိုငွေ င[illegible] ကျပ်ထက်ပိုပြီး ဆောင်ထားခွင့်မရှိဘူး၊ ခင်ဗျားတို့လက်[illegible] မှာ ငွေအများကြီးရှိနေရင် ခိုးမယ်၊ ဝှက်မယ်၊ပြဿနာတွေ တက်ကြမယ် နားလည်လား'

ပြန်ဖြေလိုက်သည့်အသံများမှာ မှသဲမကွဲ။

'ဒီမှာ နားလည်လားလို့ မေးနေတယ်'

ထောင်ကြပ်ကြီးအသံမှာ ပို၍ ဟိန်းထွက်လာသည်။

'နားလည်ပါတယ်'

သည်တစ်ကြိမ် ရဲဘက်များ ဖြေလိုက်သည့်အသံမှာ မိုး[illegible] တိုင် ဟိန်းမည့်အသံမျိုး။



'ကောင်းပြီ၊ မှတ်ထား၊ ဒါဟာ ထောင်မဟုတ်ဘူး၊ ခင်[illegible]ျားတို့ နေထိုင်မှုကို အချုပ်ထောင်ထဲမှာလို မချုပ်ချယ်ဘူး၊ [illegible]ည်းကမ်းဘောင်အတွင်းက လွတ်လပ်မှုကိုရရှိခံစားကြရမယ်၊ [illegible]နောက်ပြီး တိုင်းပြည်အတွက် လုပ်သားမြည်သူတွေအတွက် လုပ်အားပေးကြရမယ်၊ သဘောပေါက်ပြီလား'

'ပေါက်ပါပြီ ဆရာကြီး'

'ကောင်းပြီ၊ ခင်ဗျားတို့ရှေ့မှာရှိနေကြတဲ့ အမှုထမ်းဆရာတွေဆီမှာ ငွေအပ်ကြမယ်'

ရှေ့ဆုံးမှရဲဘက်များက စတင် လှုပ်ရှားလိုက်ကြသည်။

ရဲဘက်များ ထောင်ထဲတွင် နေရစဉ်က ငွေမကိုင်ကြရ။ အချို့ရဲဘက်များမှာ ရပ်ဝေးမှလာကြသူများ ဖြစ်ရာ သူတို့ရဲဘက်ပြောင်းလာစဉ် ငွေကြေးများ ယူလာကြသည်။ ထိုသို့ပါလာသည့်ငွေကြေးများကို ဘူးဝထောင်မှူးထံမှာ အပ်ထားကြရသည်။ ရဲဘက်စခန်းရောက်ပြီး မိမိတို့နေရမည့်အဆောင် အတိအကျသိပြီးမှသာအဆောင်မှူးဖြစ်သူ ထောင်မှူးအား သတင်းပို့ကြရသည်။

အဆောင်ထောင်မှူးက ဘူးဝထောင်မှူးထံမှ ငွေများကို လက်ခံယူရသည်။

ရဲဘက်များက တစ်ပတ်လျှင် တစ်ကြိမ်ကျ အသုံးအဆောင်ပစ္စည်းများကို အဆောင်မှူးထံ မှာကြားရသည်။ အဆောင်မှူးက တာဝန်ယူ၍ သူတို့မှာကြားသည့် ပစ္စည်းများ ဝယ်ပေးပြီး ငွေကြေးရှင်းတမ်း မှန်မှန်ထုတ်ပေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ရဲဘက်စခန်းမှ လွတ်မြောက်ကြသောအခါ သူတို့ပိုင် လက်ကျန်ငွေများကို ပြန်လည်ထုတ်ပေးမည်။ ရဲဘက်များမှ စခန်းအရောက် ငွေကြေးကို ယူဆောင်သွားခွင့် ရှိသော်လည်း ဖောဖောသီသီ ကိုင်ခွင့်တော့မရှိ။ ရဲဘက်များလက်ထဲတွင် ငွေများများရှိလျှင် ပြဿနာအထွေထွေ ပေါ်တော့မည်။ အကျင့်မျိုးစုံ၊ စရိုက်မျိုးစုံသော ခတစ်ထောင်သားများ အတွင်း ပြဿနာ မပေါ်စေရန် ကြိုတင်စည်းကမ်း သတ်မှတ်ထားရသည်။

'ကဲ၊ ငွေအပ်ပြီးရင် အထဲဝင်မယ်၊ အထဲမှာ စည်းကမ်းထိန်းသိမ်းရေးတွေက အဆောင်ကို ပို့ပေးမယ်၊ အသင့်ပြင်ထားမယ်'

ထောင်ကြပ်ကြီးအသံ ပြန်၍ ဟိန်းထွက်လာသည်။

'ကျွန်တော်တို့ ထမင်းမစားရသေးပါဘူး ဆရာကြီး'

အလွန် ဆာလောင်နေပုံရသော ရဲဘက်တစ်ဦးက ညစာအတွက် အစိုးရိမ်လွန်ကြီး ထ၍ သတင်းပို့လိုက်၏။

'ဟုတ်ပါတယ် ဆရာကြီး'

ရဲဘက် သုံးလေးဦးက ပြိုင်တူထပြီး ထောက်ခံလိုက်သည်။

'ခင်ဗျားတို့ ညစာအတွက် ပူမနေကြနဲ့၊ ကျုပ်တို့အားလုံး စီစဉ်ပြီးသားရှိတယ်၊ ခင်ဗျားတို့ အဆောင်မှာ နေရာယူပြီးရင် အဆောင်မှူးကို သတင်းပို့၊ အားလုံးထမင်းစားရမယ်၊ ဟုတ်ပြီလား'

'ဟုတ်ကဲ့ပါ ဆရာကြီး'



'ကဲ...ဆက်လုပ်ကြ'

ရဲဘက်တစ်ဦးစီ ဗဟိုဝင်ပေါက်မှ ဝင်ကြရသည်။

ဝင်းထဲတွင် ခနိမ့်မိမ့်၊ ထရံကာ အဆောင်လေးများကို တွေ့လိုက်ရ၏။ အဆောင်၏ တစ်ဖက်တစ်ချက် ထိပ်များတွင် လျှပ်စစ်မီးများ ထွန်းထားသဖြင့် လင်းလင်းကျင်းကျင်း ရှိနေသည်။

တန်းလျားထဲမှ အလယ်အူကြောင်း လမ်းထားပြီး တစ်ဖက် တစ်ချက် အိပ်စင်များကို တစ်သားတည်း ခင်းပေးထားသည်။ အခင်းများမှာ ဝါးများဖြင့်ခင်းထားသောကြောင့် တစ်နေရာမှ ခြေနင်းလိုက်လျှင် အခြားနေရာများသို့ပါ အသံကူးစက်သွားသည်။

ရဲဘက်စခန်း အခြေစိုက်ထားသည့် လှည်းကူးမြို့နယ်ဒေသသည် တစ်ချိန်က ငှက်ဖျားဧရိယာ။ စခန်းရောက်လာသူ ရဲဘက်များအား ငှက်ဖျားကြိုတင်ကာကွယ်မှု ပြုလုပ်ပေးထားသော်လည်း စိတ်ချရသည့်အဆင့်သို့ မရောက်သေး။

ညဉ့်အိပ်လျှင် ခြင်ထောင်နှင့် အိပ်ရသည်။

ဒါပေသည့် တစ်ယောက်ကိုခြင်ထောင်တစ်လုံး မပေးနိုင်။ ခြင်ထောင်ကြီးတစ်လုံးတွင် ငါးယောက်အိပ်ရသည်။ ချောင်ချောင်ချိချိတော့ ရှိသည်။ ပြဿနာက 'ဘူဘင်' ကိစ္စ။ ခြင်ထောင်က ပိတ်ခြင်ထောင်။ တစ်ယောက်က 'ဘူဘင်' လိုက်လျှင်အနံ့ဆိုးကအပြင်ကိုထွက်ဖို့ မလွယ်။ ခြင်ထောင်ထဲမှာပဲ ဝေ့လည်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဘူဘင်'အသံနှင့်အတူ ထွက်လာသည့်အနံ့ အသက်များမှာ မွှေးသောအနံ့ မထွက်စမြဲရှိရာ'ဘူဘင်' အပါအဝင် အားလုံး ကသိကအောက် ဖြစ်ကြရသည်။

အချင်းချင်း ညှိကြရပြီ။ ဘူဘင်ချင်လျှင်ခြင်ထောင်အပြင် ကိုထွက်။ အထဲမှာတော့ သည်းခံပါဟူ၍။

ထိုနေ့က ညဥ့်ရှစ်နာရီခန့်တွင်မှ ထမင်းစားရသည်။

ဒန်ပန်းကန်ပြားထဲတွင် ထည့်ထားသည့် ထမင်းကိုကြည့်ပြီး ရဲဘက်အားလုံး မျက်လုံး ဝိုင်းဝိုင်းလည်သွားရသည်။ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်မိလျက်သား ဖြစ်သွားရသည်။

ထောင်ထဲရောက်ကတည်းက စားခဲ့ရသည့်ထမင်းမှာ လုံးတီးထမင်း။

ခုမျက်စိရှေ့တွင် တွေ့မြင်နေရသည်က ဆန်ဖြူထမင်း။

လုံးတီးနှင့်ဆန်ဖြူထမင်းမှာ အမြင်ကွာခြားလှ၏။

ဟင်းက ငါးပိကြော်နှင့် ဟင်းချိုရည်။

ဆန်ဖြူထမင်းမို့ ဟင်းကိုသိပ်အားပြုစရာမလို၊ ဆာက လည်း ဆာနေတုန်း လည်ချောင်းထဲကို လျှောခနဲ လျှောခနဲ ဝင်သွားခဲ့သည်။

အရင်ရောက်နှင့်နေသူ ရဲဘက် အခန်းလူကြီးက ရှင်းပြသည်။

'ဒီမှာ လုံးတီးမကျွေးဘူး၊ ဆန်ဖြူထမင်း ကျွေးမယ်၊ ထောင်မှာလို အသားတစ်ပတ်တစ်ခါမဟုတ်ဘူး၊ တစ်ပတ်နှစ်



ခါကျွေးမယ်၊ တနင်္လာနဲ့ ကြာသပတေးနေ့မှာ အသားကျွေးမယ်၊ အမဲသား မစားတဲ့လူ ကြက်ဥနှစ်လုံးရမယ်'

ရဲဘက်အားလုံး မျက်နှာမဲ့သွားမလား၊ အပြုံးရိပ်သမ်းသွားမလား။

အရှည်ကြီး ပေါက်ခေါ်ကိုသတိရလိုက်သည်။ပထမအသုတ် ထဲကသာ ရဲဘက်စခန်းကို လိုက်ခဲ့ရင် နောက်အမှုမဖြစ်တဲ့ ထမင်းနှင့် လည်ချောင်းရှင်းရမည်။

ရဲဘက်စခန်းမှာ မဆိုးတာတွေအများကြီး။ ဆိုးတာတွေ လည်းရှိသည်။

'ကဲ အိပ်ချိန်နီးပြီ မြန်မြန်စားကြမယ်'

ထောင်အမှုထမ်းတစ်ဦး၏ သတိပေးသံမှာ ထမင်းစား ဆောင်ကို လွှမ်းသွားသည်။

ပုံစံနှင့် နေသားကျလာခဲ့သူများဖြစ်သည့်အတိုင်း ညစာ ထမင်းကို ခပ်မြန်မြန်ပဲ အဆုံးသတ်လိုက်ကြသည်။

ကိုယ်စား[illegible]သည့်ထမင်းပန်းကန်ကို အဆောင်ထိပ်ရှိ သံစည် ပိုင်းပြတ်ကြ[illegible]ထဲတွင် ဆေးကြောပြီး ပန်းကန်များကို ပြန်အပ် လိုက်ရသည်။

အဆောင်[illegible]ပြန်ရောက်ကြပြီ။ အတွေ့အကြုံသစ် [illegible]းကို ပြောရင်း၊ အဆောင်ထဲမှာ ဆေးလိပ်မီးခိုးတွေ လုံးထွေးနေ သည်။ တချို့ကလည်း အိပ်ရာပေါ်လဲလျောင်းရင်း ခေါင်း အောက်မှာ လက်မောင်းခု၍ အတွေးနယ်ချဲ့နေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



အရှည်ကြီးက ဘယ်သူနှင့်မှ စကားမပြော၊ ဆေးလိပ်ကို တွင်တွင်ဖွာရင်းအာရုံပျံ့လွင့်ကာနောက်သို့စိတ်အစဉ် မျောပါ နေသည်။

ထိုစဉ်မှာပင်လျှပ်စစ်မီးပွင့်များပိတ်ချည်လင်းချည် သုံးကြိမ် အချက်ပြလာသည်။အားလုံးအိပ်ရာဝင်ရတော့မည်။စကားသံ များလည်း ထိတ်ဆိတ်သွားသည်။

တချို့သောရဲဘက်များ၏ဘုရားရှိခိုးသံနှင့်အတူ လျှပ်စစ် မီးပွင့်ကလေးများက တဖြည်းဖြည်းမှိန်၍ အလင်းရောင် လုံးဝ ပျောက်ကွယ်သွားလေပြီ။

ရဲဘက်စခန်းမှာ အမှောင်ထုအောက်တွင် တိတ်ဆိတ်ငြိမ် သက်လျက်။

.....၀.....

အခန်း ( ၅ )

နှိုးရှုလှန်းလှုသော ခရာတုတ်သံကြောင့် ရဲဘက်အားလုံး လှုပ်လှုပ်ရှားရှား ဖြစ်သွားကြသည်။ စခန်းရောက်စ အရှည် ကြီးအပါအဝင် ရဲဘက်များမှာ ထောင်ထဲရောက်ကတည်းက ပုံစံအတွေ့အကြုံ၏ သင်ကြားထားမှုကြောင့် အစဉ်သတိရှိနေ ကြသည်။ လှုပ်ရှားရန်အသင့် ဖြစ်နေကြသည်။

ထောင်ထဲမှာ မျက်စိကိုဖွင့်၊ နားကိုစွင့်နေရမည့် ပုံစံထိုးနှင့် အထောက်အမြဲ့ပြီးသားများ ဖြစ်ကြသမို့ ရဲဘက်စခန်း ရောက် သည့်အခါ တွင်လည်း ခရာတုတ်သံအတွက် ဘာလုပ်ရမည်ကို အားလုံးသိပြီး ဖြစ်နေကြသည်။

ခြင်ထောင်တွေခေါက်၊ အိပ်ရာတွေသိမ်း၊ မျက်နှာပြေးသစ် ကြနှင့် ပဒ္ဒအိမ်ကိုတတ်နိုင်ထိုးလိုက်အိသိုရှိချေ၏။

ထောင်ကြွမ်ကြီး၏အမိန့်သံထွက်လာပြီ။

'တန်းစီကြမယ်'

ရဲဘက်အားလုံးကိုယ့်အဆောင်ရှေ့တွင် တန်းစီကြရသည်။ အဆောင်မှူးကို သတင်းပို့ပြီးသောအခါအဆောင်လိုက်တို တံခါးပေါက်မှတန်းစီထွက်ကြပြီးစုရပ်ကွင်းသို့သွားကြသည်။

www.burmeseclassic.com

www.burmeseclassic.com

ဗဟိုကွင်းကြီးဖြစ်သော စုရပ်ကွင်းမှ ဖြူဖွေးနေသော အလံတိုင်ကြီးမှာ အလံတလူလူလွင့်လျက်။

စုရပ်ကွင်း ဘေးပတ်ဝန်းကျင်တွင်ရိက္ခာဂိုဒေါင်၊ ရုံးခန်း၊ ဧည့်ခန်းမ၊ ထောက်ပံ့ရေးမှစ္စည်းအဆောင်များ ဝိုင်းရံထားသည်။ ထိုအဆောင်များအမြင့်ဘက်တွင် အမှုထမ်းများ၏ အဆောင်နှင့် ထောင်မှူး၊ ထောင်ပိုင်အိမ်များကို စနစ်တကျ ဆောက်ထား၏။

ဗဟိုကွင်းပြင်ထဲတွင် ရဲဘက်များစုံပြီ။

နေကြည်ရောင်နှင့် အဖြူရောင် စတ်စုံများမှာ ပနံတင့်နေသည်။

အမှုထမ်းများကထောင်ကြပ်ကြီးကို သတင်းပို့ကြသည်။ ထောင်ကြပ်ကြီးက ထောင်မှူးကြီးကိုတပ်အင့်သတင်းပို့သည်။ ထောင်မှူးကြီးက ဗဟိုရုံးခန်းတွင်ရှိနေသော ထောင်ပိုင်ကြီးကို သတင်းပို့ရန် ထွက်ခွာသွားသည်။

စုရပ်ကွင်းပြင်တစ်ခုလုံးတွင် အပ်ကျသံ ကြားရလောက်အောင်ပင် တိတ်ဆိတ်ငြိမ်သက်နေသည်။

'အားလုံးအသင့်ဖြစ်ကြဖယ်'

ထောင်ကြပ်ကြီး၏ အမိန့်သံထွက်လာသည်။

တိတ်ဆိတ်ငြိမ်သက်နေသောစုကွင်းပြင်ကြီးမှာ တဝေါဝေါ အသံများ ဆူဆူညံ သွားသည်။

ထောင်ကြပ်ကြီး ဦးဆောင်မှုဖြင့်ရဲဘက်အဓိဋ္ဌာန်လေးချက်ကို လေးလေးမှန်မှန် ပြတ်ပြတ်သားသား ဆိုကြရသည်။



အရှည်ကြီးတို့မှာ အဓိဋ္ဌာန်လေးချက်ကို မရသေး။ ရွေ့ ထ ဆိုသွားသည့်အသံကို သံယောင်လိုက်ဆိုကြရသည်။ အများ အသံ လွှမ်းမိုးနေသဖြင့် အမှားအယွင်းရှိသော်လည်း မသိသာ ချောမွေ့ ပြေပြစ်နေသည်။

မကြာမီထောင်မှူးကြီးနှင့်အတူ ထောင်ပိုင်ကြီးရောက်လာသည်။ အလံတော်ကို အလေးပြုကြပြီးနောက် အလေးပြု စင်မြင့်တွင်ရှိနေသည့် ထောင်ပိုင်ကြီးကို အလေးပြုကြရသည်။

ထောင်ပိုင်ကြီးမှာရဲဘက်များ တန်းစီကွင်းသို့ နေ့စဉ်မလာ ရောက်ပေ။ ယနေ့ထောင်ပိုင်ကြီးကိုယ်တိုင် ရောက်လာသည်မှာ အရှည်ကြီးတို့ ရဲဘက်အသစ်များကို တွေ့ဆုံမှာကြားစရာသ ပေးစရာ၊ သုံးမစရာများ ပြောကြားရန်ဖြစ်သည်။

ထောင်မှူးကြီး၏ အောင်မြင်ပြတ်သားသော အမိန့်ပေး သံ ထွက်ပေါ်လာသည်။

'လုပ်ငန်းခွင်ဝင်မယ့် ရဲဘက်များဆက်လုပ်'

ထောင်မှူးကြီးအမိန့်သံနှင့်အတူ တစ်ကွင်းလုံးလှုပ်လှုပ် ရှား ရှား ဖြစ်သွားကြသည်။ ရဲဘက်ဟောင်းများမှာ ကိုယ်အစုနှ ကိုယ် သိးခြားခွဲ၍တန်းစီကြသည်။ အရှည်ကြီးတို့မှာမူ ရှာ နေရာတွင်ပင် ရပ်နေကြရသည်။

ရဲဘက်ဆယ်ယောက်ကို အမှုထမ်းဝါဒါ တစ်ယောက်က အုပ်ချုပ်၍ ဝါဒါဆယ်ဦး ရဲဘက်တစ်ရာကို ထောင်မှူးကြီး တစ်ယောက်က ကြီးကြပ်အုပ်ချုပ်သည်။

www.burmeseclassic.com

www.burmeseclassic.com

ရဲဘက်ဟောင်းများမှာ လုပ်ငန်းခွင်ဝင်ရန်အတွက် ပေါက်တူး၊ ပေါက်ချွန်း၊ လှေ၊ ရဲတင်း၊ ကြိုးများကို ခွဲဝေယူကြပြီး လုပ်ငန်းခွင်ရှိရာသို့ ထွက်ခွာသွားကြပြီ။

သူတို့၏ဝတ်စုံမှာ အဖြူဖြစ်သော်လည်း အရှည်ကြီးတို့ ရဲဘက်အသစ်များ၏ အဖြူဝတ်စုံနှင့် ခြားနားနေသည်။ သူတို့ အဖြူက ဖွေးဖွေးမဖြူ ညိုညစ်ညစ်။

သူတို့ထွက်သွားပြီးမှ ထောင်ပိုင်ကြီးက ရဲဘက်အသစ်များကို မိန့်ခွန်းစပြောသည်။

'အခုအချိန်ကစပြီး မောင်ရင်တို့ တစ်တွေဟာ ထောင်ကျ အကျဉ်းသားတွေ မဟုတ်တော့ဘူး၊ စခန်းကို ရောက်တဲ့အချိန် ကစပြီး ရဲဘက်ဖြစ်ကုန်ကြပြီ၊ ကျုပ်တို့နဲ့ ရဲဘော် ရဲဘက်ဘဲ၊ ရဲဘက်ဆိုတာ အမှုထမ်းရဲဘော်တွေနဲ့ ဒိုးတူဘောင်ဖက် လုပ် ငန်းခွင်မှာ ဆောင်ရွက်ရမယ့်သူတွေပဲ၊ ဒါကြောင့်ကိုယ့်ကိုယ် ကို ငါဟာလုပ်အားပေးဖို့ ဒီစခန်းကို ရောက်လာတယ်လို့ နားလည်ထားရမယ်၊ နောက်ပြီး ခု မောင်ရင်တို့လုပ်ရမယ့် အလုပ်ဟာ သာမညအလုပ်မဟုတ်ဘူး၊ နိုင်ငံတော်ရဲ့ လမ်းပန်း ဆက်သွယ်ရေးအတွက် အရေးကြီးတဲ့ သွေးကြောကြီးတစ်ခုကို တည်ဆောက်ဖို့ဖြစ်တယ်။ နောက်တစ်ချိန်မှာတိုင်းပြည်အတွက် အလွန်အရေးပါတဲ့ လမ်းကြောင်းကြီးကို တည်ဆောက်ရမှာ မို့ မွန်မြတ်တဲ့ လုပ်အားပေးမှုကြီးလို့ ဂုဏ်ယူကြရမယ်၊ ခုရဲ ဘက်လုပ်ငန်းခွင် ဝင်ရမည်၊ လမ်းဖောက်လုပ်ရေး လုပ်ငန်း ကြီးဟာ တိုင်းပြည်အတွက် အကျိုးရှိသလိုမောင်ရင်တို့အတွက် လဲ အကျိုးအမြတ်တွေ ခံစားရမှာဖြစ်တယ်'



ထောင်ပိုင်ကြီးက သူပြောနေသည်ကို ခဏရပ်လိုက်ပြီး ဘက်များကို အကဲခတ်ကြည့်နေလိုက်၏။

အရှည်ကြီးအပါအဝင် ရဲဘက်များမှာ ထောင်ပိုင်ကြီးဆီသို့ းစိုက်ကြည့်နေကြသည်။ သူတို့အတွက် အခွင့်အရေးကိစ္စများ ါလာမည်မို့ စိတ်ဝင်စား ရှိနေကြသည်။

'ခင်ဗျားတို့ခံစားရမယ့်အကျိုးအမြတ်ဆိုတာကတော့အုတ် ံရုံလေးဘက်ကာထားတဲ့အထဲမှာလို ကျဉ်းကျဉ်း ကျပ်ကျပ် နေရတော့ဘူး၊ အစားအသောက်လဲပိုကောင်းတယ်၊ အနေ ထိုင်လဲကျယ်ပြန့်တယ်၊ ထောင်ထဲမှာအလဟဿ ဖြစ်နေတဲ့ မောင်ရင်တို့ရဲ့လုပ်အားတွေကို နိုင်ငံတော်ကချီးမြှင့်တဲ့ အနေနဲ့ တစ်နေ့သုံးကျပ်ရှစ်ဆယ့်ငါးပြားနှုန်း လုပ်အားခ ပေးတယ်၊ ဒီစခန်းမှ အပြစ်ထပ်မကျူးလွန်ဘဲ အလုပ်ကြိုးစားတဲ့ရဲဘက် တွေဟာ ရက်ပေါင်းသုံးဆယ်ပြည့်တဲ့အခါတိုင်း အထူးလျော့ ရက် ဆယ့်ငါးရက်ပေါင်းပေးမယ်၊ မောင်ရင်တို့ရဲ့ ကျွေး မွေးစရိတ်ကိုနုတ်ပြီး ပိုတဲ့ငွေကိုစခန်းကလွတ်တဲ့အခါထုတ်ပေး မယ်၊ ဒါတွေဟာ အထူးအခွင့်အရေးတွေပဲ'

ရဲဘက်များလှုပ်လှုပ်ရှားရှားဖြစ်သွားကြသည်။ အားတက် ခွင်မြူးသည့် ဟန်များ ပေါ်လာသည်။

'အဲ တစ်ခုတော့ရှိတယ်၊ ဒီစခန်းရဲ့ဆောင်ပုဒ်က 'ပြစ်မှုကြေး ကို ချွေးနဲ့ဆပ်မယ်'ဆိုတဲ့ ဆောင်ပုဒ်ပဲ၊ ဒါကြောင့်မောင်ရင်တို့ ကျူးလွန်ခဲ့တဲ့ပြစ်မှုကို လုပ်အားနဲ့ပေးဆပ်ကြပါ၊ တက်တက် ကြွကြွလုပ်ကိုင်ကြပါ၊ တစ်ဦးချင်းတစ်ဖွဲ့ချင်းအမြန်ဆုံး ပြီးစီး ရင် အများဆုံးနားနေခွင့် ရကြမယ်။ လုပ်ငန်းခွင်ဝင်တဲ့အခါ

www.burmeseclassic.com

www.burmeseclassic.com



မောင်ရင်တို့ လက်တွေ့သိလိမ့်မယ်၊ မေးစရာရှိရင် မေးနိုင်တယ်’

ထောင်ပိုင်ကြီး၏အသံမှာ ပျော့ပျောင်းနူးညံ့သော်လည်း ရဲဘက်များမှာတုတ်တုတ်ရွှံ့မလှုပ်၊ မေးစရာတော့ရှိမည်။ မမေး ရဲ၍ဖြစ်မည်။ အရှည်ကြီးကိုယ်တောင့်တင်းသွားသည်။ နောက် ပြန်ပျော့သွားသည်။

မေးမည့်ဟန်ပြင်ပြီးမှ ဘရိတ်ပြန်အုပ်လိုက်ရဟန် ရှိသည်။

‘ကဲ၊ ကောင်းပြီမောင်ရင်တို့က မေးစရာမရှိရင် ကျုပ်သတိ ပေးစရာရှိတယ်၊ စခန်းမှာလုပ်အားပေးတာ သိပ်လွတ်လပ် တယ်၊ လွတ်လပ်အားကြီးတဲ့အတွက်ကိုယ့်စိတ်ကိုယ်မထိန်းနိုင် ဘဲ ထွက်ပြေးမိမှာ စိုးရတယ်၊ ဒါကိုတော့ အထူးသတိထား ပြီး စောင့်ထိန်းကြပါ။ ရှောင်ကြပါ၊ ထောင်သံသရာလည် ရမယ့်ကိစ္စဖြစ်တဲ့အတွက် အပြစ်ပိုကြီးလာမယ်ဆိုတာ သတိ ပြုကြပါ၊ မြန်မာပြည်အနှံ့ ခြေဆန့်ပြေးပေမယ့် မလွတ်နိုင်ဘူး ဆိုတာသတိပြုကြပါ၊ အားလုံးနားလည်ကြပြီလား’

‘ဟုတ်ကဲ့ နားလည်ပါပြီ’

ရဲဘက်တို့၏ စုပေါင်းအော်ဟစ်သံမှာ စခန်းကို လျှံထွက် သွားသည်။

ထောင်ပိုင်ကြီး စင်ပေါ်မှဆင်းသွားပြီ။

ကျန်သည့်အပိုင်းကို ထောင်မှူးကြီးနှင့် ထောင်မှူးလေး များက စီမံခန့်ခွဲကြမည် ဖြစ်သည်။

‘တန်းဖြုတ်’

....o....

အရှည်ကြီးတို့ ရောက်နေကြသည့်စခန်းမှာ လှေလှော်အင်း အမှတ်(၂)ရဲဘက်စခန်း။

ထိုစခန်း၏နောက်အမည်တစ်ခုမှာ ခြေကျင်း စခန်း။

ရဲဘက်စခန်းအသီးသီးမှထွက်ပြေး၍ ပြန်မိသူများကို ခြေ ကျင်းခတ်၍ ထိုစခန်းတွင်ထားသည်။

အရှည်ကြီးတို့လိုရဲဘက်သစ်များကိုရဲဘက်ကြီးဟု ခေါ်ကြ ပြီး စခန်းအမှတ်-၁ တွင် ထားရန်ဖြစ်သော်လည်းမနေ့က မိုး ချုပ်နေ၍ စခန်းအမှတ်-၂ တွင်ပင် ချထားခဲ့သည်။

ဒီနေ့စခန်းပြောင်းရမည်။

လှေလှော်အင်း အမှတ်-၁ စခန်းသို့။

တကယ်တော့စခန်းနှစ်ခုစလုံးသည်ရန်ကုန်မန္တလေးအမြန် လမ်းမကြီးဖောက်လုပ်ရေးအတွက် အင်အား ဖြည့်တင်းရန် ရဲဘက်အရန်အင်အားများစုဆောင်းထားသည့်စခန်းများဖြစ် ၏။အခြားစခန်းမှလိုသမျှ ရဲဘက်အင်အားကိုဤစခန်းမှ ဖြည့် တင်းပေးရ၏။ဤစခန်းတွင် နေ့စဉ်လုပ်ရသည့်အလုပ်မှာလမ်း ချောကိုပြုပြင်ခြင်းသာဖြစ်သော်လည်း ဤစခန်းတွင် ခေတ္တမျှ သာ နေရမည်။ မကြာမီအင်အားလိုနေသောစခန်းတစ်ခုခုသို့ ပြောင်းရမည်။

စခန်းအမှတ်-၁ နှင့် စခန်းအမှတ်-၂ မှာသိပ်မဝေး၊ မိုင် ဝက်မျှပင်မရှိ။

ရဲဘက်ကြီးစခန်းမှာ တောဓဘာင်များ ဝိုင်းရံနေသော် လည်း တောင်ကမူကုန်းပေါ်တွင်ဆောက်ထားသဖြင့် ရှုခင်း

www.burmeseclassic.com

www.burmeseclassic.com

သာသည်။အဆောင်စုစုပေါင်း ဆယ့်နှစ်ဆောင်။ အဆောင်အားလုံးကိုသံဆူးကြိုးနှစ်ထပ် ကာရံထားသည်။ ဗဟိုဝင်ပေါက်မှာ တစ်ခုတည်း။

အရှည်ကြီးက ကံထူးသည်။

အင်းစိန်ထောင်ထဲမှာပုံစံခန်းလူကြီး လုပ်ခဲ့စဉ်က ကြည့်ရှုဖူးသူများမှာ သူ့အရင်ရဲဘက်စခန်းကို ရောက်နေကြသည်။ အရှည်ကြီး၏ဆက်ဆံရေးနှင့် ပေးခဲ့သည့် အကူအညီကြောင့် ကြိုဆိုသူ၊ နှုတ်ဆက်သူ၊ အားပေးကူညီမည့်သူတွေ သူ့အနားမှာ ဝိုင်းဝိုင်းလည်နေသည်။

ဟိုတုန်းက သူသာ အခွင့်အာဏာရှိသလောက် ဆော်ခဲ့၊ တီးခဲ့၊ လုပ်ခဲ့ရင် ရဲဘက်စခန်းမှာ ဘယ်လွယ်မှာပ။ သူပြန်ခံရပြီပေါ့။

သူ့အကြောင်းသိထားသည့် ရဲဘက်စခန်း ထောင်မှူးက နှစ်ပတ်အတွင်းမှာပင် အရှည်ကြီးကို အဆောင်မှူးခန့်ထားလိုက်သည်။

ထောင်ထဲမှာ အဆောင်မှူးတာဝန်ယူရသူမှာ ထောင်မှူး။ သည်စခန်းမှာ အဆောင်မှူးတာဝန်ကို ရဲဘက်ကြီးက ယူရသည်။

အဆောင်မှူးတာဝန်မှာ မသေးပါ။ အလုပ်ကြမ်းမလုပ်ရလို့ ကိုယ်ပင်ပန်းမှု သက်သာသော်လည်း စိတ်ပင်ပန်းရသည်မှာ မသက်သာပါ။



'ကျောပူသာခံချင်သည် နားပူမခံချင်ပါ'ဆိုသည့် စကားအလာအတိုင်း အရှည်ကြီးမှာ နားပူခံနေရပြီ။

ရဲဘက်များ၏ စားဝတ်နေရေး၊ ကျန်းမာရေးကိစ္စများကိုသာမက ရဲဘက်အချင်းချင်းမသင့်မြတ်မှု၊ ရန်စောင်မှု၊ ပစ္စည်းပျောက်မှုများကို ထောင်ဝန်ထမ်းများထံသို့ မပေါက်ကြားစေဘဲ ဖုံးဖုံးဖိဖိ ရပ်ကြားစေ့ပေးရ ဖျန်ဖြေပေးရသည်မှာ မလွယ်။ လိုအပ်လျှင် ကြိမ်းမောင်းရသည်၊ ခြိမ်းခြောက်ရသည်။ ထို့ထက်ပိုလိုအပ်ပါက လက်ပါပေးရသည်။

လက်ဝါးတန်သူ လက်ဝါး၊ လက်သီးတန်သူ လက်သီး၊ တုတ်တန်သူ တုတ်ပေးရပြီဆိုသောအခါ စိတ်မကောင်းဖြစ်ရပြန်သည်။ မတစ်ရာသားတွေ အုပ်ချုပ်ရသည့်နေရာမှာ ပါးစပ်နှင့်ချည်းမဖြစ်။

အဆောင်မှူးဖြစ်သူများ၏ အထူးအခွင့်အရေးမှာ သံဆူးကြိုးဝင်းထဲမှ အပြင်သို့ထွက်ခွင့်ရသည်။ ရွာခန်းသို့ကိုယ်တိုင်သွားရောက်၍ ထူးခြားသောသတင်းများ ပို့ရသည်။ ထောင်မှူးများနှင့် ရင်းနှီးခွင့်ရသည်။

အင်းစိန်ထောင်တွင် နေခဲ့စဉ်ကတည်းက ရင်းနှီးခဲ့သော ထောင်ကျဆောင် အဆောင်မှူး ဦးစိုးပိုင်နှင့် ပြန်လည်တွေ့ဆုံခဲ့ရ၏။

နှစ်နှစ်ခန့် အတူနေခဲ့ရသည့် ဦးစိုးပိုင်က အရှည်ကြီးကို ရဲဘက်စခန်းမှာ ပြန်တွေ့တော့သည်း တရင်းတနှီး

'အရှည်ကြီးပါလားဟေ့၊ ဘယ်လိုဖြစ်လာတာလဲဆိုစမ်း'
www.burmeseclassic.com

www.burmeseclassic.com



'ထောင်ထဲမှာနေရတာ ငြီးငွေ့လှပြီဆရာ၊ လွတ်လပ်တဲ့ အခွင့်အရေးရတဲ့ ရဲဘက်စခန်းကိုတောင်းဆိုပြီး လိုက်လာရတာပဲ ဆရာရေ၊ ကျွန်တော်မြန်မြန်လွတ်ချင်ပြီဆရာ၊ ထွက်လဲမပြေးချင်ဘူး'

'အခု အလုပ်က'

'ကျွန်တော် ငါးဆောင်မှာ အဆောင်မှူးဆရာ၊ ဆရာကော ဘယ်မှာလဲ'

'စခန်းခြောက် ရေနက်ကြီးစခန်းမှာ၊ ခု ရဲဘက်ငါးဆယ်လာခေါ်တာ၊ အရှည်ကြီးလိုက်မလား'

'ဖြစ်နိုင်ရင်တော့ လိုက်ချင်တယ် ဆရာ၊ ဆရာနဲ့အတူနေရမယ်ဆိုရင်ပေါ့'

'အေး....အခုခေါ်မယ့် ငါးဆယ်ထဲမှာ မင်းကို ထည့်ခေါ်လိုက်မယ်၊ နံပါတ်ပေးခဲ့'

လေ့လှော်အင်းစခန်းရောက်၍ တစ်လကျော်ကျော် နှစ်လမပြည့်မီမှာပင် ရေနက်ကြီးစခန်းကို ပြောင်းရွှေ့ခဲ့ရသည်။

လေ့လှော်အင်းမှ ရေနက်ကြီးသို့။

....o....

## အခန်း ( ၆ )

ရေနက်ကြီး ရဲဘက်စခန်း။

လေ့လှော်အင်းက နာမည်လေးခေါ်လို့ ကောင်းသလိုတောသိပ်မနက်။

ရေနက်ကြီးက နာမည်နှင့်လိုက်အောင် တောနက်သည်။ တောနက်ကြီးလို့ နာမည်ပြောင်းဖို့ပင် ကောင်းသေးတော့။

ချောက်နက်ကြီးများ၊ လျှိုကြီး၊ မြောင်ကြီး၊ ချိုင့်နက်ကြီးများ ဝန်းရံထားသည်။ ပတ်ဝန်းကျင် တစ်ခုလုံးမှာ တောတောင်လျှိုမြောင်တွေကိုသာ မြင်နေရသည်။

အမြင်မဆိုးပါ။ ရှုမောတင့်တယ်ပါသည်။

စိတ်ကို သည်လိုပဲ ဖြေချလိုက်ရသည်။

ပျံ့လွင့်နေသော တိမ်တိုက်များ၊ နွေးထွေးသောနေရောင်ခြည်များ၊ အေးစိမ့်လှသော လေပြည်များ၊ ဟားဆိုနေသောငှက်များ၊ ရေအလျဉ်မပြတ် စီးဆင်းနေသော စမ်း

www.burmeseclassic.com

www.burmeseclassic.com



ချောင်းများနှင့် သာယာတင့်မောဖွယ် ရှိ၍ နှလုံးသားကို ကြည်နူးအေးမြစေပါသည်။

အကယ်၍များ ထိုနေရာကို ခဏတစ်ဖြုတ် ရောက်ခဲ့သော် ထိုသို့စာဖွဲ့ရလိမ့်မည်ထင်သည်။

တကယ်တော့ ထိုသို့မဟုတ်ပါ။

စိမ့်နေအောင်အေးသည်။ အရိုးပါတုန်နေအောင် အေးသည်။ မှိုင်းညို့နေသည့် တောင်ရိပ်ကြီးမှာ သာမောဖွယ် မရှိပါ။ လျှိုမြောင်ကြီးများမှာ ထိတ်လန့်စရာအသွင် ရှိပါသည်။

သန့်ပြန့်အေးမြသောလေကို တစ်ဝကြီး ရှူရသည်မှာတော့ လန်းဆန်းစေပါသည်။ လူသစ်စိတ်သစ် ဖြစ်စေပါသည်။

ဤစခန်းရောက်မှ လုပ်ငန်းခွင်၏ ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးကို ပို၍သိလာရသည်။

ရေနက်ကြီးစခန်းမှာ လှည်းကူးမြို့နယ်မင်းကုန်းရွာမြောက်ဘက်တွင်ရှိသည်။ သွားရေးလာရေး ခက်ခဲသည်။ ဖောင်ကြီးရွာအလွန် မင်းကုန်းရဲဘက်စခန်း၏ အုပ်ချုပ်မှုအောက်တွင်ရှိသဖြင့် မင်းကုန်းစခန်းနှင့်သာ ဆက်သွယ်ရေးရှိသည်။

ကားလမ်းရှိသော်လည်း လယ်ကွင်းကိုဖြတ်၍ ဖောက်လုပ်ထားသည့်လမ်းမှာ မိုးတွင်း ရွှံ့ဗွက်အတိရှိနေရာ ရေနက်ကြီးစခန်းမှာ တစ်သီးတခြားလို ဖြစ်နေသည်။

ရေနက်ကြီးစခန်းမှာ အသွားအလာ ခက်ခဲစေကာမူရဲဘက်များ၏ ဆွေမျိုးသားမယားများဖြင့် စည်ကားလျက်သာ။



ရပ်ဝေးမှလာရသူများအတွက် ဧည့်ခန်းဆောင်၊ အိပ်ဆောင် သပ်သပ်ဆောက်ပေးထားပြီး ဆွေမျိုးသားမယားများကို သုံးရက် တည်းခိုခွင့်ပေး၍ ရဲဘက်များ အနေဖြင့် မိမိအဖေဆောင်မှ ဧည့်ခန်းဆောင်အိပ်ခန်းတွင် ဆွေမျိုးသားမယားများနှင့် သုံးရက်တိတိ နားနေ အပန်းဖြေခွင့်ရကြရုံမက ထိုရက်အတွင်း လုပ်ငန်းခွင်မှ နားနေခွင့်ကိုပါ ပေးထားသည်။

ဤသို့သော အခွင့်အရေးရသလို လုပ်ငန်းခွင်တွင်လည်း ပီပီပြင်ပြင် လုပ်ရသည်။

လုပ်ရသည့်အလုပ်မှာ အမျိုးစုံ။ ခက်ခဲသည်၊ ပင်ပန်းသည်။

ယောကျ်ားကြီးသုံးဖက်မျှ သုံးပတ်ရှိသော သစ်ပင်ကြီးများကို သတ်မှတ်ပေးထားသည့် အရေအတွက်အတိုင်း ခုတ်လှဲရသည်မှာ မလွယ်။

'လွယ်မယောင်နှင့်ခက်၊ တိမ်မယောင်နှင့်နက်' ပမာစကားနှင့် တင်စားရမည်သို့ ရှိချေ၏။

လှဲပြီးသည့်သစ်ပင်ကြီးများကို သစ်လုပ်ငန်းဌာနမှ လွှဲယူပြီး သယ်ထုတ်သွားကြ၍သာ တော်တော့သည်။

ကိုယ့်ဟာကိုယ်များ သယ်ချလျှင် အမေ တ,ရမည်၊ အဖေ တ,ရမည်၊ ညီအစ်ကိုမောင်နှမတွေပါမက လောကကြီးကိုပါ တ,ရမည်။

www.burmeseclassic.com

www.burmeseclassic.com



လှဲ့သည်ကတစ်ဖွဲ့၊ မြေကြီးကိုတူး။ သစ်မြစ်ကိုဖော်၊ မီးနှင့်မြှိုက်ပြီး အဆုံးသတ်ရသည်ကတစ်ဖွဲ့။

သစ်မြစ်ဖော်ရသည့် အဖွဲ့ကလည်း မသက်သာ။

'သေချင်စော်နံရော'

ပမာစကားနှင့် တင်စားရမည်သို့။

ကျောက်ကြီးများကို မြေဖို့ရသည့်အဖွဲ့။

သူတို့လည်း မသက်သာ။ အပေါ်ယံမြေလွှာကိုချွန်ပြီး အတွင်းမြေမာကို သယ်ယူဖို့ရသည်။

'နဖူးကချွေး၊ ခြေမကျသည်'

ဆိုသည်မှာ ဒီအလုပ်မျိုး။

အခွင့်အရေးပေးထားသည်ကြောင့်သာ တော်တော့သည်။

ရဲဘက်ဆယ်ဦးက သစ်ပင်လှဲတာဝန်ကျ၍ ထိုသစ်ပင်ကို စောစောလှဲပြီးလျှင် လုံးဝအနားယူနေနိုင်သည်။

သို့သော် စခန်းသို့မူ မပြန်ရချေ။

အခြားဆိုင်းများပြီးမှသာ တစ်စုတစ်ဝေးတည်း ပြန်ရသည်။

စောစောအလုပ်ပြီး၍ အနားရနေသူရဲဘက်များက အလကားမနေကြ။ သားကောင်နှင့် ငါးဖားများကို ရှာဖွေကြသည်။ ကြောင်ကျွမ်းထောင်ကြသည်။ ဟင်းတစ်မယ် ဖြစ်နိုင်တာမှန်သမျှ ရှာကြ၊ ဖွေကြသည်။

ညနေစာထမင်းမြိန်စေဖို့။

တချို့က ဝါးများခုတ်ပြီး စခန်းအပြင်တွင် အနီးအနားရွာများသို့ ဝင်ရောင်းကြသည်။



လက်ဖက်ခြောက်ဖိုး၊ ဆေးလိပ်ဖိုးအတွက် အိုကေ။ ပိုလျှံလျှင် စုထားပြီး အလုပ်အားရက်မှာ ကာလသားဟင်းချက်၍ ရဲဘက်ဘဝကို တစ်ရက်တာ မေ့စေရသည်။

ဩော်... သူတို့ဘဝ။

....ဝ....

တစ်ချိန်ကတောကောင်သားရဲတို့စိုးမိုးကြီးစိုးခဲ့သည့် တောနက်လှပါသည်ဆိုသော ရိုးမတောကြီးမှာ ရဲဘက်တို့၏ အနိုင်ယူစိုးမိုးမှုကို ပြားပြားဝပ် ခံလိုက်ရလေပြီ။ ရဲဘက်တို့၏ လုပ်အား၊ လှုပ်ရှားအားများ ခြိမ့်ခြိမ့်ညံနေပြီ။ တိတ်ဆိတ်ငြိမ်သက်မှုက အရှုံးပေးသွားရလေပြီ။

ချုံနွယ်ပိတ်ပေါင်းများ လွှမ်းမိုးချယ်လှယ်ခဲ့သည့် တောကြီးမျက်မည်းမှာ တစ်နေ့ထက်တစ်နေ့ ကွင်းပြင်ကြီး ဖြစ်လာသည်။ ဖြန့်ပြူးသည့် လမ်းမကြီး ပေါ်လာသည်။

နိုင်ငံတော်၏ ရည်မှန်းချက်မှာ တစ်နေ့ဝင်၍ [illegible] သောက်သည်နှင့်အမျှ ပန်းတိုင်နှင့် နီးကပ်လာခဲ့[illegible]

ဤသည်မှာ အပြုသဘောပြယုဂ်၊ ယေဘုယျ[illegible]

အားလုံးအဆင်ပြေ ချောမွေ့နေသလား[illegible]

မပြေပြစ် မချောမွေ့ သည်များ ရှိနေ[illegible]

www.burmeseclassic.com

www.burmeseclassic.com



မတစ်ထောင်သား ရဲဘက်များတွင် အိုးမည်းများ၊ စုန်းပြူးများပါနေသောကြောင့်။

သူတို့မှာ အစဉ်သဖြင့် အခွင့်ကောင်းကို ချောင်းမြောင်းနေသူများ ဖြစ်ကြ၏။

သူတို့ကိုကြည့်။

အပြင်မှာပေါ့ပေါ့တန်တန်နေခဲ့ကြသည်။လက်ကြောတင်းအောင် အလုပ်မလုပ်ခဲ့ဘူးချေ။ ရေသာခို၍ အသာစံလိုသော အသိမှတစ်ပါး အခြားမရှိ။ရေဆန်ကိုမလှန်။ရေစုန်မျှောလိုက်ခဲ့ကြသူများဖြစ်၏။

ဒုစရိုက်မှုကို လွယ်ကူစွာ ချီးဖောက်ဖို့ ဝန်မလေးခဲ့သော်လည်း အပြစ်ဒဏ်အပေးခံရသည့်အခါ တရားဝင် အဖွဲ့အစည်းနှင့် အာဏာပိုင်များကို မကျေနပ်ကြ။ ထောင်ကခိုင်းသည့် အလုပ်ကို ဘဝင်မကျ။ နောက်ဆုံးရဲဘက်စခန်း ရောက်လာသည့်အခါ ပင်ပန်းလှချည်ရဲ့လို့ ညည်းကြသည်။ ရက်ရက်စက်စက်ခိုင်းသည်ဟု ဆိုကြသည်။

'ပြစ်မှုကြေးကို ချွေးနှင့်ဆပ်ရမည်'

ဆိုသည့် ဆောင်ပုဒ်ကို မေ့ချင်ကြသည်။

တချို့မှာ မိမိပြစ်မှုနှင့် ပတ်သက်၍ကိုယ့်အမှားကိုယ်မမြင်။ ပြန်မကြည့်တတ်။

ပုဂ္ဂိုလ်ရေး မကျေနပ်မှုများရှိနေကြဆဲ။ အာဃာတများ ရှိနေကြဆဲ၊ အပြစ်ကိုသတိနှင့်ယှဉ်၍ ပြင်ဖို့မကြိုးစား။

အခွင့်အရေးပေါ်သည်နှင့် ပြေးကြသည်။



ပထမ ကျူးလွန်ခဲ့သည့် ပြစ်မှုပြစ်ဒဏ် ကာလပင်မကုန်ဆုံးသေး၊ အလိုလိုနေရင်းနောက်တစ်မှုတိုးရပြီ။အမှုကြီးတစ်ခုနောက်ထပ်ပိုးတက်ရပြီ။

ပြေးတော့ကော လွတ်မတဲ့လား။

ကျေးရွာကောင်စီ၊ ရပ်ကွက်ကောင်စီဝင်တွေက အများကြီး၊ မျက်လုံးပေါင်းများစွာထဲမှာ ကိုယ်က မျက်လုံးနှစ်လုံးထဲ၊ ဘယ်လွတ်အောင် ပြေးနိုင်ပါ့မလဲ၊ စွန့်စားရကျိုးဘယ်နပ်ပါ့မလဲ၊ အမှုတစ်ခုထပ်တိုးသည်မှာ အဖတ်တင်သည်။

ပြန်မိလို့ ရဲဘက်စခန်းရောက်တော့ ပိုဆိုးပြီ။

ခြေကျဉ်းအခတ်ခံရပြီး၊ အလုပ်လည်းလုပ်ရသည်၊ ထောင်ဒဏ်နှစ်တိုးလည်းခံရသည်။

ဘယ်မလဲ သက်သာတာ။

တကယ်တော့ ရဲဘက်စခန်းက ထွက်ပြေးဖို့ကြိုးစားခြင်းမှာ ဒို့-၄၄၄၀'အားရှိသည့် ဓာတ်အားလိုင်းကို ကိုင်ဖို့ကြိုးစားခြင်း ဥပမာနှင့် နှိုင်းရချေမည်သာ။

အစောင့်များ နေရာတကာတွင် ရှိနေသည်။လမ်းတစ်ဝက်မှာ ပြန်မိရင် မလွယ်ကြော။

ကဲ....စခန်းက လွတ်ပြီထား။

တောအထပ်ထပ်၊တောင်အသွယ်သွယ်၊လျှိုအမြောင်မြောင်ပုန်းလျှိုးကွယ်လျှိုးနှင့် ကျော်ဖြတ်ရသည်မှာမလွယ်၊ လမ်းကျမ်း၊ တောမနိုသဖြင့် သားရဲတောကောင်အစာ ဖြစ်သူတွေလည်း အများကြီး။

www.burmeseclassic.com

www.burmeseclassic.com



တောအထပ်ထပ်၊ တောင်အသွယ်သွယ်၊ လျှိုအမြောင် မြောင်ကို ဖြတ်ကျော်နိုင်ပြီသား၊ ဘောထဲကလွတ်ရုံသဲ ရှိသည်။ ရာသက်ပန် လွတ်မြောက်ခြင်းမဟုတ်၊ အစားမဖြောင့်၊ အသွား မဖြောင့်၊ အအိပ်မဖြောင့်၊ နေ့စဉ်နှင့်အမျှ ရင်မောနေရ သည်။ နေထိုင်ရသည်မှာလည်း ကျိုးကန်း တောဝင်းမှောက်။ အိပ်ရသည်မှာ ကျိုးလန့်စာခား။ ယခုနေရာက တစ်နေရာကို အရွှေ့အပြောင်းလုပ်ဖို့ အမြဲစဉ်းစားနေရသည်။ နေရာရှာနေ ရသည်။ ကိုယ့်အပေါ် ကြည့်လာသည့် 'မျက်လုံးများကို ရှဲ့ ဝံ့ဝံ့မျက်လွှာလှန်မကြည့်ရဲ။

'အိုးမလုံ အုံမပွင့်' ပမာစကားသို့နှယ် ရှိရချေ၏။

ဒါထက်ပိုဆိုးတာက'ဖြဟ္မာကြီးဦးခေါင်း'ပမာဖြစ်ရသည် အကြောင်း။

ဆွေမျိုးသားချင်းတွေကလည်း လက်မခံချင်။ ဆွေမျိုး သားချင်းကိုထားတော့၊ မွေးထုတ်ခဲ့သည့် မိဘကပါ မဖြစ် စကားဆိုကြသည်။ အကြောင်းသိ အပေါင်းအသင်းတွေကဆို တွေ့ရင် မျက်နှာလွှဲကြသည်။ မတတ်သာလို့ ပက်ပင်းတိုးရ လည်း မြန်မြန်ခွာ၍ ဝေးဝေးလစ်ကြသည်။

ထိုထက်သာ၍ မလွယ်သည်က အာဏာပိုင်အဖွဲ့အစည်း ပုဂ္ဂိုလ်များနှင့်ရဲများကို ရှောင်ရတိမ်းရသည့်ကိစ္စ။

ပုန်းခိုနေသည့်နေရာတွင် အရင်ဆုံးရှာဖွေရသည်မှာ ပြေး ပေါက်လမ်းကြောင်း။ ဘယ်နေရာရောက်ရောက် ပြေးပေါက် လမ်းကြောင်းကို မျက်စိရောက်ရသည်။ လင်းယုန်မျက်စိလို နေ့ညဥ့်မဟူ မျက်လုံးကို အချင်ထားရသည်။

ညဥ့်မှာလည်း စိတ်ချလက်ချ မအိပ်ရဲ။

ဖျတ်ဖျတ်လန့်နိုးပြီး နားက စွင့်စွင့်ရှိနေရသည်။

နေရာ အပြောင်းအရွှေ့လုပ်ဖို့ အမြဲဘာန်း စဉ်းစားနေရ သည်။

နေ့လယ်ဘက် အသိမိတ်ဆွေများ မြင်သွားသော နေရာ တွင် ညဥ့်မအိပ်ရဲ။ အများအားဖြင့် ရှာပြင်ထွက်ပြီး အိပ်ရ သည်က များသည်။ ရွာပြင် ထွက်အိပ်ရဘာက ပြေးလမ်း ကောင်းဖို့။

ဘယ်မလဲ သုခ၊ ဘယ်မလဲ စိတ်၏ချမ်းမြေ့ခြင်း၊ စိတ်၏ ပျော်ရွှင်ခြင်း။

စိတ်ချမ်းသာခြင်း၊ ပျော်ရွှင်ခြင်းဟူ၍ တစ်ကွက်တလေမှ မရှိ။

အမြဲတန်းကြုံဆိုနေသည်က ဒုက္ခအသွယ်သွယ်၊ အန္တရာယ် အဖုံဖုံ၊ ထိတ်လန့်မှုအမျိုးမျိုးသာ။

ရေရှည်တွေ့ရမည့် ဆူးခင်းသော လမ်းကို တဒင်္ဂသာ ပန်းခင်းသော လမ်းအသွင် မြင်ကြ၍သာ အမိုက်ကို ထပ်ဆင့် အပြိုင်ကြဲလိုက်ခြင်း ဖြစ်၏။ မိုက်တွင်းထဲသို့ ဇောက်ထိုးဆင်း ကြခြင်း ဖြစ်၏။

နောက်ဆုံးဖြစ်မှုအပေါ် ဖြစ်မှုထပ်ပိုပြီး ထောင်ဝင်သာ မှာ ဖြားဖြားဝင် ပြန်လည်၍ ကျင်လည်ကြရ၏။

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ကိုယ်ကို ထိန်းသိမ်းနိုင်သူ၊ ဆင်ခြင်နိုင်သူ အတွေးအခေါ် မှန်ကန်သူများမှာ 'ပြစ်မှုကြေးကို ချေးဖြင့်ဆပ်ရင်း' ဤဘဝဝဋ်ကြွေးကို ထိုမျှနှင့်အကြေဆပ်၍ သာယာသောဘဝလမ်းကြောင်းပေါ်သို့ ပြန်လည် လျှောက်ခွင့်ရကြပေသည်။

ထိုသူများထဲမှာ အရှည်ကြီး တစ်ယောက်လည်း အပါအဝင်။

သူက ပြစ်မှုကြွေးကို ချေးဖြင့်ဆပ်မည့် ဆောင်ပုဒ်ကို ရင်ဝယ်ပိုက်လျက်။

....ဝ....

## အခန်း ( ၃ )

ရေနက်ကြီးရဲ့ဘက်ခန်းသို့ စရောက်စက တော်တော် ပင်ပန်းသည်က တစ်ကြောင်း၊ နေသားထိုင်သားမကျသေးသည်က တစ်ကြောင်း၊ လုပ်ငန်းကိုင်ငန်းနှင့် အထာမကျွမ်းသေးသည်က တစ်ကြောင်း၊ စိတ်အနှောင့်အယှက်ဖြစ်စရာတွေချည်းတိုးနေသည်က တစ်ကြောင်းကြောင့် အရှည်ကြီး အတော်အလေး စိတ်ခေတ်ကျနေ့ရသည်။

တက်ကြွေးရကောင်းမလားဆိုသော အတွေးစဉ်အထိ စိတ်လုပ်ခတ်သွားခဲ့ဖူးသည်။ ကိုယ့်ရည်မှန်းချက် ပျောက်လုမတတ်ဖြစ်သွားရသည်။

အရှည်ကြီးက စိတ်နောက်ကို ကိုယ်ပါခွင့်မပေးခဲ့၍သာ ရဲဘက်ပြေးဘဝသို့ မရောက်ခဲ့ရခြင်း ဖြစ်ပေသည်။

တဖြည်းဖြည်း နေသားကျလာသော်လည်း ပျော်လာသား၊ ကိုယ့်အတွဲနှင့်ကိုယ် ညီညီညာညာ မခိုမကပ် လက်ညီတက်ညီ လုပ်ခဲ့ကြသောကြောင့် ပင်ပန်းမှုသက်သာလာသည်။

www.burmeseclassic.com



လက်လုပ်မှုတွင် ပျော်မွေ့လာသည်။ တာဝန်ကျသည့်အလုပ်ကို နေ့တစ်ဝက်နှင့်အပြီး လုပ်ကြ၍ ကျန်အချိန်ပိုင်းတွင် ငါးဖားရှာချိန် ရခဲ့သည်။

ညနေတိုင်း ထမင်းစားမြိန်သည်။ ထမင်းစားမြိန်တော့ အိပ်ကောင်းသည်။ တောင်တောင်အီအီ အတွေးတွေက အနှောင့်အယှက် မပေးနိုင်တော့။

ရေနက်ကြီးစခန်းရောက်ပြီး နှစ်လကျော်ကျော်တွင်အရှည်ကြီး၏ ရိုးသားမှု၊ ကြိုးစားမှု၊ စခန်းတွင်းအလုပ်များကူညီမှု၊ စည်းကမ်းထိန်းသိမ်းရေး မှက်ထမ်းကောင်းမွန်မှုတို့အပြင် ထောင်မှူးလေး ဦးစိုးပိုင်၏ ကူညီထောက်ခံမှုကြောင့် အလုပ်ပြောင်းရွှေ့ လုပ်ကိုင်ခဲ့ရသည်။

ပြောင်းရွှေ့ လုပ်ကိုင်ရသည့် အလုပ်မှာ သက်သာသည်၊ အနေအထိုင်ချောင်ချိသည်။ အသက်မွေးဝမ်းကျောင်းအတွက် အထောက်အကူပြုပညာ ရသည်။

မီးစက်မောင်းသည့်အလုပ်။

မီးစက်မှာ စခန်းတစ်ခုလုံးအတွက် တစ်ညဥ့်လုံးမောင်းပေးရသည်။ အလှည့်နှင့် မောင်းရသော်လည်း ညဥ့်အိပ်မရသော ဒုက္ခကို တစ်ပတ်နှစ်ပတ်လောက် ခံလိုက်ရသည်၊ အစပထမပိုင်းတွင် မီးစက်သံ နားထဲတွင် ဆူညံနေသောကြောင့် ဘယ်လိုမှ အိပ်မရ။ နောက် ကျင့်သားရသွားတော့လည်း မီးစက်သံလေးနှင့်အိပ်ရသည်က ပို၍ အိပ်လို့ကောင်းသလိုရှိရပြန်သည်။

နောက်ထပ် ရဲဘက်အသစ်တွေရောက်လာတိုင်း ရောက်လာတိုင်းသူတို့နှင့်တွေ့ပြီး အရှည်ကြီးအမြဲတကော မေးရသည်မှာ ပေါက်ခေါ်အကြောင်း။

သံယောဇဉ် တွယ်တာစရာ အကြောင်းက ရှိနေပြီကိုး၊ အင်းစိန်ထောင် ပုံစံခန်းထဲမှာ နေခဲ့ကြစဉ်က ပေါက်ခေါ်ထောင်ကျခဲ့သည်။ မှုခင်းဖြစ်ပျက်ပုံကို မေးမြန်းကြည့်ရသည်။

ပေါက်ခေါ်ဖြေလိုက်သည့် အဖြေမှာ အထင်နှင့်အမြင် လွဲသွားရသည်။

'ပြဿနာက ကျွန်တော့် မိန်းမ သားဦးလေးမွေးတာကစတယ်လို့ ပြောရမှာပဲ ကိုရှည်ကြီးရေ'

ပေါက်ခေါ်တင်အေးက သူ့မှုဖြစ်ကြောင်းကိုမခြင်းမချန်ပြန်လည် ပြောပြခဲ့ရာ ပေါက်ခေါ်၏ ပွင့်လင်းမှုကို အသိအမှတ်ပြုလိုက်မိသည်။ ပေါက်ခေါ်မှုခင်း ဖြစ်ပုံဇာတ်လမ်းက ခပ်ဆန်းဆန်း။

ကံကြမ္မာဂြိုဟ်မွေ့သည့်အမှုလား၊ ပေါက်ခေါ်မွေ့သည့်အမှုလား ဆိုသည်ကိုမူ အရှည်ကြီး မဝေခွဲတတ်။ သူက ဒီလောက်အထိတော့ ဉာဏ်မမီ။

အမှုဖြစ်တုန်းက ပေါက်ခေါ်၏အသက်မှာအစိတ်ပင်မပြည့်တတ်သေး။ အသားခပ်ညိုညို ဝဝဖြိုးဖြိုး၊ အရပ်က မနိမ့်မမြင့်၊ မျက်မှောင် ခပ်ကုတ်ကုတ်။ခေါ်နေသေးသွားများမှာသူ၏ ယောကျ်ားပီသသော ရုပ်ရည်ကို မှေးမှိန်စေ သယောင်ရှိသည်။ မှည့်သို့ပင်ဆိုစေ သူ၏ကြည်လင်သောအပြုံးကြောင့်သူ၏ရုပ်ရည်မှာ ကြည့်ပျော်ရှုပျော်ရှိသည်ဟု ဆိုနိုင်သော

www.burmeseclassic.com

အပြင်မှာသုန်းက ပေါက်ခေါ်၏ ကိုယ်လုံးကိုယ်ထည်မှာ ဝဝဖြိုးဖြိုးရှိသည်။ ထောင်ထဲရောက်တော့ ပိန်သွားသည်။ ဒါက ထောင်ထဲရောက်သူတိုင်း ဖြစ်မြဲကိစ္စ။ အပြင်မှာ ဝဖြိုးဖြိုးရှိသူများ ထောင်ထဲရောက်စတွင် ပိန်ကျသွားစမြဲ ရှိကြ၏။ နောက်မှ လုံးကျစ်နှင့်တည့်ပြီး ပြန်ဝလာကြသည်။

အင်းစိန်ထောင် ပုံစံခန်းထဲတွင် နေကြစဉ်က အရှည်ကြီးမှာ ပေါက်ခေါ်ကို လက်ကားတောင်ဖွေး လုပ်ခဲ့ရသည်။ ဘယ်သူဘာတွေလုပ်သည်၊ ဘယ်သူ့ပစ္စည်း ဘယ်သူကဖြောင်သည်၊ အကျဉ်းသားအချင်းချင်း ဘာအကြံအဖန် လုပ်ကြသည် စသည်ဖြင့် အခန်းထဲမှာ ဖြစ်သမျှ ပြဿနာအထွေထွေကို ပေါက်ခေါ်ထံမှတစ်ဆင့် သိခဲ့ရသည်။

ပြီး ပေါက်ခေါ်က လက်သံပြောင်သည်။

ကျသစ်ထဲမှ ထောင်ကို နှစ်ခေါက်သုံးခေါက် ရောက်ဖူးသူ၊ လက်ကောက်ကျသစ်တွေ မပါလာပြီဆိုရင် ပေါက်ခေါ်လက်အပ်ပြီး မျက်နှာလွှဲရသည်။ ထောင်ထဲ ရောက်ဖူးသည့် လက်ကောက်တွေက ထောင်အထာ ကြေနေသူတွေ၊ မုလိမ့်တစ်ပတ် စည်းကမ်းဖောက်နည်းတွေကို သူတို့က ကျွမ်းဝင်သည်။ အထာပေါက်သည်။ ဒါပေသိ ပေါက်ခေါ်နှင့်တွေ့ရင် လက်ကောက်လည်း မလွယ်။ တချို့သော မာကျွတ်ကျွတ်နေမျိုးမှာ ပေါက်ခေါ်နှင့်တွေ့ပြီးရင် ခေါင်းမမော့ရဲအောင် ဦးကျိုးသွားမည်သာမှတ်။



အရှည်ကြီးမှာ ပေါက်ခေါ်နှင့်ပတ်သက်သော အကြောင်းရှိသည့်ပြင် တခြား ကိစ္စများတွင်လည်း အားကိုးရသမို့ 'ရှေး(လ်)မိတ်' ဖြစ်လာကြသည်။

ပေါက်ခေါ်ကျူးလွန်ခဲ့သည့်အမှုမှာ လူသတ်ရန် ကြံစည်မှုနှင့် ကိုယ်အင်္ဂါချို့ယွင်းစေမှု၊ ပြစ်မှုနှစ်ရပ်စလုံးအတွက် ကျခံခဲ့ရသည့် ထောင်ဒဏ်မှာ ခုနစ်နှစ်။

'ကျွန်တော့်အဖြစ်ကိုပြောရမယ်ဆိုရင် အစကနေ ပြန်ပြီးပြောမှဖြစ်မယ် ကိုရှည်ကြီးရဲ့'

ဤသို့ နိဒါန်းသွယ်ပြီး သူ့အဖြစ်အပျက် ဇာတ်လမ်းစုံကို ဇာတ်ကြောင်းလှန်ခဲ့၏။

'ကျွန်တော့်ဇာတိက တွံတေးဒဘာတန်းကပါ၊ ကျွန်တော် အခု အမှုဖြစ်ရတာက ဝင်းကိုဆိုတဲ့ ငနဲကြောင့်ပါ၊ ဝင်းကို၊ မိမာနဲ့ ကျွန်တော်တို့သုံးယောက်က ဆိပ်ချိုတဲ့ ငယ်သူငယ်ချင်းတွေပေါ့၊ ကျွန်တော်တို့အိမ်နဲ့ မိမာတို့အိမ်က ခြံချင်းကပ်လျက်၊ ဝင်းကိုတို့ခြံက ကျွန်တော်တို့ ခြံနောက်ဘက်မှာရှိတယ်၊ ကစားဖော် ကစားဘက်၊ ကျောင်းသွားဖော် ကျောင်းသွားဘက်တွေပေါ့၊ ရွာထဲမှာတော့ တခြားသူငယ်ချင်းတွေထက် ပိုခင်ကြပါတယ်'

'ကျွန်တော့်အဖေက အဝေးပြေးကား မောင်းသမား၊ မိမာအဖေက သဘောကျင်းက အလုပ်သမားတစ်ယောက်ပါ၊ ဝင်းကိုအဖေကလဲ သဘောကျင်းကပဲ၊ ဝင်းကိုအဖေက သဘောကျင်းမှာ လုပ်ငန်းအုပ်၊ မိမာတို့အဖေရဲ့ အထက်ကပါ၊ ကျွန်တော်တို့ သုံးယောက်ထဲမှာ မိန်းအများဆုံးရ

www.burmeseclassic.com

www.burmeseclassic.com



တာ ဝင်းကိုပဲ၊ ကျွန်တော်တို့ကို ကျွေးတာ များပါတယ်၊ သူ့မိဘတွေက ချောင်ချောင်လည်လည်မို့ အဝတ်အစားက အစ ကျွန်တော်တို့ထက် သာပါတယ်'

'ဒီထက်ပိုပြီး ဝင်းကို က ကောင်းတာက အမေ၊ အဖေ က ဒီလောကမဟုတ်ဘဲ ဝင်းကိုကျမှ ထူးထူးခြားခြား လူ ချောလေးဖြစ်နေတာပဲ၊ အသားကလဲ ဖြူတယ်၊ ရုပ်ကလဲ ချောတယ်၊ အဝတ်အစားကိုလဲ အထည်မထပ်အောင် ဝတ် နိုင်တော့ ရွာထဲမှာ မျက်နှာပွင့်တယ်ပေါ့၊ ကုမ်းတောင်ကိုင် ကောင်မလေးတွေကအစ မျက်နှာသာ ပေးကြတယ်၊ အရေး ပေးကြတယ်၊ ကျွန်တော်ကတော့ မြင်တဲ့အတိုင်းပဲလေ၊ အသားက ညိုတယ်၊ သွားကခေါတယ်၊ အရပ်ထဲမှာလဲ ကျွန် တော့်ကို ထောင်ထဲကခေါသလိုပဲ ခေါ်ကြတယ်၊ ပေါက် ခေါတဲ့'

'မိမာလဲ အသားညိုဘာပါပဲ၊ မိန်းကလေးဆိုတော့ သနပ် ခါး အမြဲတမ်းဖုံထနေတာမို့ ညိုပေမယ့် ညိုတယ်လို့ မထင်ရ ဘူး၊ မိန်းကလေးတို့ဘာဂ အဝတ်စား ပြင်ဆင်တတ်တာ ရယ်၊ ခြယ်မှုန်းမွမ်းမံမှုဘတ်ကျွမ်းတာရယ် ပေါင်းလိုက်တော့ မိမာရဲ့အလှဟာ ပေါ်လွင်ကြွတက်နေတယ်၊ ဒါကြောင့်လဲ ကျွန်တော်တို့ အသိုင်းအဝိုင်းက 'ညိုပြာညက်'လို့ အမည်ပေး ထားတယ်။

'တိုတိုပဲဆိုကြပါစို့'



'အေးပါ...တိုတိုပဲဆိုပါ၊ မင်းတို့ဇာတ်လမ်းက ဝတ္ထုတွေ ထဲကအတိုင်း ကောင်မလေး တစ်ယောက်၊ ကောင်လေးနှစ် ယောက် ဇာတ်လမ်းပေါ့'

'ဒီလိုတော့ဆိုနိုင်တယ် ကိုရှည်ကြီးရေ၊ ဒါပေမယ့် ကျွန် တော်တို့ဇာတ်လမ်းက တစ်မျိုး'

'ကဲ...ဒါဖြင့် ဆက်စမ်းပါဦး'

'ဒီလိုနဲ့ အရွယ်ရောက်လာတော့ ကျွန်တော်တို့ ဆက်ဆံရေး တာလဲ ပြောင်းလာတယ်၊ ငယ်ငယ်တုန်းကလို ရိုးရိုးခင်မင် တာကနေ နှလုံးသားနဲ့ ဆက်သွယ်တဲ့ခင်မင်မှုကို ပြောင်းလာ ကြတယ်၊ ဖြစ်တာက မိမာနဲ့ကျွန်တော်၊ ကျွန်တော့်မှာက ရှားရှားပါးပါး မိမာရဲ့အချစ်ကိုရထားတာ၊ ဝင်းကိုကအချစ် ကံကောင်းတဲ့အကောင်၊ သူက မစတာတောင် စစမ်းပါလို့ ဖိတ်ခေါ်နေတဲ့ ကောင်မလေးတွေ အများကြီး၊ ဒီကြားထဲ ဒီကောင်က မိမာဘက် လှည့်လာသေးတာ၊ ကျွန်တော်နဲ့ဖြစ်နေ တာကိုလဲသိတယ်၊ ဒါနဲ့တောင် မရှောင်ခဲ့ဘူး၊ ဒီအကြောင်း ကို မိမာပြန်ပြောလို့ ကျွန်တော်သိတာ၊ ကျွန်တော်က မိမာရဲ့ အချစ်ကို ရထားတာဆိုပေမယ့် ပိုင်ပိုင်နိုင်နိုင် ရထားတာ မဟုတ်သေးဘူး၊ မျက်လုံးချင်းဆုံ ရင်ခုန်ရတဲ့အဆင့်၊ အခွင့် အရေးလေး မသိမသာပေးတဲ့အဆင့်ပဲရှိသေးတာပါ၊ ဒီအနေ အထားမှာ ဝင်းကိုက ကြားဖောက်ဝင်လာတော့ ကျွန်တော် ရင်နင့်ရတာပေါ့၊ စိုးရိမ်ရတာပေါ့'

'အဲဒီလိုနဲ့ မိမာချစ်တန်းကျတဲ့နှစ်မှာပဲ ကျွန်တော်တို့ နှစ် ယောက်လဲ တိုးတန်းကျတယ်၊ မိမာနဲ့ကျွန်တော်က ကြိုးစား

www.burmeseclassic.com



ပြီးကျတာ၊ ဝင်းကိုက ကျောင်းစာကိုမျက်နှာလွှဲလို့ ကျတာ၊ မိမာအိမ်က မိမာကို ကျောင်းထုတ်လိုက်ပြီးအိမ်ထိုင်ကလေး တည်ပေးတယ်။ မိမာကို ကျွန်တော်က အားပေး၊ မိမာက ကျွန်တော့်ကိုပြန်အားပေးနဲ့ပေါ့၊ ကျွန်တော်ကလဲ နောက် နှစ် ဘယ်လိုကြောင့်မှ စာမေးပွဲမကျစေရဖူးလို့ ကြိုးဝါးလိုက် တယ်၊ ဒီမှာတင် ကံဆိုးကဂြိုဟ်မွှေလာတော့တာပဲ။ ကျွန်တော့် အဖေ ကားမှောက်ပြီး သေသွားခဲ့တယ်လေ၊ ကြမ္မာဝင်တာ ပေါ့ ကိုရှည်ကြီးရာ၊ ကြမ္မာကကျွန်တော်တို့ကိုအလှည့်ကောင်း မပေးဘူးလို့ ဆိုရမှာပေါ့’

‘အေးကွ၊ ကြမ္မာဆိုတာ ရှိုးမယ်ဖွဲ့တတ်တာမျိုး၊ ရှိုးမှယ်ဖွဲ့ပြီ ဆိုရင်လဲ သူကကြံဖန်ဖွဲ့တတ်တယ်ကွ’

‘မုဆိုးမ အမေကြီးနဲ့ ညီငယ်၊ ညီမငယ် သုံးဦးကို လုပ်ကိုင် ကျွေးမွေးဖို့တာဝန်က ကျွန်တော့် အပေါ် ကျလာတယ်လေ၊ ကျွန်တော်လဲကျောင်းထွက်လိုက်ရတယ်၊ ဒါပေမယ့်ကျွန်တော် တို့မိသားစုတော့ ကသီလင်တ မဖြစ်ခဲ့ပါဘူး။ ကျွန်တော့် အဖေ မောင်းတဲ့ ကားပိုင်ရှင်သူဌေးက သူပိုင်တဲ့ သင်္ဘောမှာ ကျွန်တော့်ကို အလုပ်ပေးတယ်၊ အဲဒီသင်္ဘောကရန်ကုန်–ပုသိမ် ဆွဲနေတဲ့ ကြားသင်္ဘောပဲ’

ပေါက်ခေါ်အကြောင်းမဆုံးသေးပါ၊ စရုံပဲရှိပါသေးသည်၊ အိပ်ချိန်ရောက်ကြောင်း ကြေးမောင်းကြီး သတိပေးသံထွက် ပေါ်လာသည်။ အရှည်ကြီးက အခန်းလူကြီး၊ စည်းကမ်းကို သူကစမြဲရမည်။ အိပ်ချိန်မှာ အကျဉ်းသားတွေ အိပ်ဖို့ဆော်သြ ရမည့်တာဝန် သူ့မှာရှိသည်။ အခန်းထဲမှာ ခေါက်တုံ့



ခေါက်ပြန် လျှောက်ရမည်။ ဘယ်အကောင်ခေါင်းထောင်နေ သလဲ၊ ဘယ်အကောင် ဆေးလိပ်သောက်နေသလဲ၊ ဘယ် အကောင်တွေ စကားပြောနေသလဲ၊ တခြားသောအကြံကိစ္စ တွေရှိမရှိ စစ်ဆေးရမည်မှာ သူ့တာဝန်။

ပေါက်ခေါ်ကိုလည်း အိပ်ခိုင်းလိုက်ရသည်။

စစ်မဆေးခြင်းကိစ္စများ ပြီးသည်နှင့် အခန်းဗဟိုသို့ကိုပြော စရာရှိသည်များပြောပြီး အိပ်ရာပေါ် လှဲလိုက်ရသည်။

အိပ်၍ကား မပျော်။

....၀....

သူများအကြောင်းနားထောင်ပြီးသည့်အခါ ကိုယ့်အတိတ် ဇာတ်ကြောင်း ပြန်ပေါ်လာရသည်။ အတွေးစဉ် ဆိုသည်မှာ မတည်မငြိမ် ရှိတတ်၏။

အရှည်ကြီးကသူ့ညီမဝမ်းကွဲမိမာကို မျက်စိထဲမြင်မြင်လာ သည်။ ဒါပေသည့်မိမာရုပ်ရည်ကိုခန့်မှန်းလို့မရ၊ မိမာနှင့်ချေး တွဲလောင်းအရွယ်က အရှည်ကြီးနှင့်တွဲခဲ့သည်။ အဲဒီတုန်းက မိမာတို့အိမ်ရောက်ရင် နှပ်ချေးတွဲလွဲနှင့်အိမ်ရှေ့မှာကစားနေ သည့် မိမာကို မြင်ဖူးခဲ့သည်။ မဲမဲသဲသဲလေး၊ ခုမိမာကို ပြန်၍ပုံဖော်ကြည့်သည်။ ပီပီပြင်ပြင်မပေါ်ဘဲ တ ဝါးဝါးနှင့် သာပေါ်လာသည်။

သူတို့ရွာအကြောင်း။

www.burmeseclassic.com

www.burmeseclassic.com



ပြည်တွင်းစစ် မဖြစ်ခင်က တွံတေး တောကြီးတန်းမှာ အလွန်သာယာသည်။ ကလေးတွေ အလွန်ကြိုက်တတ်သည့် မာလကာသီးက ပေါမှပေါ။ သူတို့ငယ်ငယ်က ရိုးရိုးအူဖြူ မာလကာသီးကိုမှစား၊ အူနီပင်ကသီးသည့် အူနီသီးကို ရွေးစားကြသည်။ စားပြီဆိုရင်လည်း ကြီးပေ့ အလုံးမှ စားတာ၊ ကလေးဘဝတွင် မာလကာသီးစားရလွန်းသမို့ နောက်ဖေး သွားရင် မာလကာစေ့တွေ ဒီအတိုင်းပါတတ်သည်။ အသက် အရွယ်ကလေးရလာတော့ မာလကာသီးမြင်ရင် မျက်နှာလွှဲမိရသည်။

အရှည်ကြီးမိဘတွေက သိပ်ချောင်ချောင်လည်လည်ကြီး မဟုတ်ပေသိ စားနိုင်သောက်နိုင်၊ သူ့အိုးနှင့်သူ့ဆန် ကာမိသည်။ သူ့ကိုလည်း ကျောင်းထားပေးနိုင်သည်။ အရှည်ကြီး အဖေမှာ မာလကာခြံရှိသည်။ အပင်ညွှတ်ကျမတတ် သီးသည့်ခြံမှာ အပင်အိုနှင့် အပင်ပျိုဆက်နေသည်။

သူခြောက်တန်း ရောက်သည့်နှစ်အထိ ကြောင့်ကျမှု ကင်းကင်းနှင့် အေးအေးချမ်းချမ်း နေခဲ့ရသည်။ပျော်စရာကောင်းသည့် ကိုယ့်ရွာမြေမှာ ကလေးဘာဝ စားလိုက် ကစားလိုက် ကျောင်းသွားလိုက်နှင့် အချိန်ကုန်လွန်စေခဲ့ရသည်။

ပျော်စရာကောင်းသည့် ရွာကလေးမှပျော်စရာမကောင်းသည့် ရွာအဖြစ်သို့ ကူးပြောင်းခဲ့သည်မှာပြည်တွင်းစစ်ကာလ။

၁၉၅၀ ပတ်ဝန်းကျင် နောက်ပိုင်းတွင် သူတို့ ဒေသကို လူစိမ်းတွေအများကြီးရောက်လာသည်။ လူစိမ်းတွေ ရောက်လာစက ပျော်စရာကြီး၊ သူတို့ဒေသပတ်ဝန်းကျင်မှာအတော်



ကြီးစည်စည်ကားကား ရှိခဲ့သည်။ သူတို့ဒေသသို့ ရောက်လာသည့် လူစိမ်းများမှာ ရောက်စက အပြုံးတစ်ဝေဝေနှင့် သူတို့လိုအရွယ်မရောက်တတ် ရောက်တတ် ကလေးများကို အလွန် အလိုလိုက်သည်။

နောက်ပိုင်းတော့ဆရာကြီးတို့ မျက်နှာမှာ ရောက်စကလို အပြုံးတစ်ဝေဝေ မရှိ၊ မျက်နှာထားကြီးတွေ တင်းမာလာသည်။ သူတို့တောင်းသမျှ ပေးရသည်။ ငွေဆိုငွေ၊ ရွှေဆိုရွှေ၊ လူဆိုလူ၊ နွားဆိုနွား၊ တောင်းသမျှ မဆိုင်းမတွပေးရဆက်ရသည်။

အရှည်ကြီးတို့အဖေက သူ့ခြံအသိမ်းခံရသည်ထက် သားဖြစ်သူအတွက် စိုးရိမ်လာသည်။ သားဖြစ်သူကို ဒီလူတွေနှင့် နီးနီးစပ်စပ် မနေစေချင်၊ နီးစပ်လွန်းရင်သူတို့နောက် သားပါသွားမည်ကို စိုးရိမ်လာသည်။ မာလကာခြံ အသိမ်းခံရရင် ထမင်းစားဖို့အတွက် တခြားလုပ်စရာတွေ အများကြီးရှိသည်။ သားဖြစ်သူ သူတို့နောက်ပါသွားရင်....။

မိဘများ၏ စိုးရိမ်မှုက အရှည်ကြီးကိုရန်ကုန်ပို့ထားဖို့ဆုံးဖြတ်လိုက်ကြသည်။ အလုံသဲကွင်းတွင်နေထိုင်သည့် အရှည်ကြီးတို့အဖေ၏ ညီဖြစ်သူအိမ်ကို ပို့ထားခဲ့ရာမှ သူ့ဘဝဇာတ်လမ်း စခဲ့သည်။

အရှည်ကြီး၏ နာမည်မှာ မောင်စိုးခိုင်။

www.burmeseclassic.com

www.burmeseclassic.com



မိအမျိုးကောပဲအစိုးရိမ်လွန်သလား၊ ကြမ္မာကပဲသူ့ကိုလှမ်းမိုးသွားသလား၊ သူကပဲကြမ္မာဝင်အောင် လုပ်ခဲ့သလား။

အရှည်ကြီး အိပ်ပျော်သွားသည်။

....၀....

## အခန်း ( ၈ )

နောက်တစ်နေ့ ပေါက်ခေါ်အကြောင်း ဆက်ပြီး နားထောင်ရသည်။

'ရန်ကုန်-မြောင်းမြ၊ ရန်ကုန်-ပုသိမ် တစ်လှည့်စီ ထွက်ရတဲ့ သင်္ဘောမှာ သင်္ဘောသားအဖြစ်နဲ့ လိုက်ခဲ့ရတာ၊ ကျွန်တော့် အတွက် အတော်ဟန်ကျခဲ့ပါတယ်၊ ပုသိမ်မှာ ကိုက်မယ့်ကုန်တွေ ရန်ကုန်က ယူသွားရတယ်၊ အများအားဖြင့် တော့ မှောင်ခိုပစ္စည်းပေါ့၊ ရေနံဆီ ဈေးကောင်းတဲ့အခါ ရေနံဆီတင်သွားတာပဲ၊ အပြန်ကျတော့ ကုန်သည်တွေမှာတဲ့ ပစ္စည်းအတွက် ငွေယူပြီး မီးသွေးတို့၊ ဆန်တို့ တင်လာတာပဲ၊ များများတော့မဟုတ်ပါဘူး၊ နှစ်တင်းစ သုံးတင်းစပါပဲ၊ သုံးနှစ်အတွင်းမှာ အိမ်ပြင်ဆောက်နိုင်ခဲ့တယ်၊ ညီတွေ ညီမတွေလဲ ကျောင်းထားပေးနိုင်တယ်၊ အမေဆိုတာ တပြုံးပြုံးနဲ့ပေါ့၊ မိမှာနဲ့ကျွန်တော်လဲ ပိုပြီးရင်းနှီးခဲ့ကြတယ်၊ ကျွန်တော်တို့ မိသားစုအတွက် အပျော်ရွှင်ဆုံးအချိန်ပါပဲ၊ ကျွန်

www.burmeseclassic.com

www.burmeseclassic.com

တော် သဘောလိုက်ရင်း ပုသိမ်တို့ မြောင်းမြတို့က ပစ္စည်းတွေ ဝယ်လာပြီး မိမာဆိုင်မှာ တင်ရောင်းခိုင်းတော့ မိမာအတွက်လည်း အမြတ်ကျန်၊ ကျွန်တော့်အတွက်လဲ တွက်သားကိုက်တာပေါ့

'နေပါဦး ပေါက်ခေါ်ရ၊ မင်းက ထောင်ထဲမှာတောင် လောင်းကစား ဝါသနာပါပုံထောက်တော့အပြင်မှာကတည်းက ဖဲတွေဘာတွေကစားခဲ့တာပေါ့'

'ကိုရှည်ကြီးကလဲ ကျွန်တော်တို့ သဘောသားထဲမှာ သုံးမျိုးကင်းက သိပ်ရှားတယ်ဗျ၊ သုံးမျိုးမစုံတောင် တစ်မျိုးနှစ်မျိုးတော့ မကင်းကြဘူးလေ'

'ဘာလဲကွ သုံးမျိုးကင်းဆိုတာ'

'အရက်....ဖဲ....မိန်းမပေါ့ ကိုရှည်ကြီးရ'

'မင်းကကော....'

'ကျွန်တော်ကတော့ တစ်မျိုးလုံးလုံး ကင်းတယ်၊ တစ်မျိုးကတော့ တစ်ဝက်တစ်ပျက်၊ တစ်မျိုးကတော့ လုံးလုံးမကင်းဘူး'

'ဆိုစမ်းပါဦး'

'ကင်းတာက မိန်းမ၊ တစ်ဝက်တစ်ပျက်က အရက်၊ လုံးလုံးမကင်းတာကတော့ဖဲပဲ၊ ဒါပေမယ့် ကြေးကြီးတော့ မဟုတ်ပါဘူး အပျော်ပါ'

'ကဲ....မင်းအကြောင်း ဆက်ဦး'

'ဝင်းကိုပြဿနာက ကျွန်တော် သဘောထွက်တိုင်း ကျွန်တော့်ခေါင်းကို အလုပ်ပေးနေပြီလေ၊ ဒီကောင်က မိမာကို



တော်ဌတော်ကလေး အနှောင့်အယှက် ပေးလာတယ်၊ ကျွန်တော် ကြားတာတွေလဲ ရှိတယ်၊ မကြားတာတွေလဲ ရှိတယ်၊ ကျွန်တော် သဘောလိုက်ရတာ ခါတိုင်းလို စိတ်မဖြောင့်ဘူး မပျော်ဘူး'

'ဝင်းကိုက ဆယ်တန်းကျပေမယ့်အရပ်ထဲမှာ လူတွင်ကျယ်ဖြစ်နေတယ်၊ ရပ်ကွက်လူကြီးတွေနဲ့ အဆင်ပြေအောင်ပေါင်းပြီး ဟိုပါဒီပါ ဖြစ်လာတယ်၊ ပေါ်ပြူလာ ဖြစ်လာတယ်၊ ကျွန်တော်တို့ ငယ်ပေါင်းသူငယ်ချင်းအတွက် ဂုဏ်ယူစရာ ဖြစ်ပေမယ့် ကိုယ့်အကြောင်းနဲ့ကိုယ် ဆိုတော့ ဂုဏ်မယူနိုင်ဘူး၊ ကျွန်တော့် မျက်စိထဲမှာ ကြည့်မရဖြစ်လာတယ်၊ မိမာ တစ်ယောက်ဝင်းကိုအပေါ် တိမ်းညွတ်သွားမလားဆို့ စိုးရိမ်စိတ်ဝန်တိုစိတ်တွေ ကျွန်တော့်ရင်ထဲမှာ ပြည့်ဖောင်းလာတယ်'

'မိမာက မျက်နှာများလို့လား'

'ဒီလိုတော့ မဟုတ်ဘူးကိုရှည်ကြီးရ၊ ဝင်းကိုက အတွေ့အကြုံများတဲ့ကောင်၊ နောက်ပြီး သူက မိမာအဖေအမေတွေကိုတောင် ဝင်ပူးနေပြီလေ၊ ကျွန်တော်တို့ကြားမှာ ဝင်းကိုဝင်နှောက်နေတာတော့ အမှန်ပဲ၊ ဒီတော့ မိမာကိုလောရတော့တာပေါ့'

'မိမာက ကျွန်တော့်ကို ဘာပြောတယ်မှတ်သလဲ'

'ငါ ဘယ်သိမှာလဲ မင်းပြောမှပေါ့'

'ဒီလောက် နှောက်ကျူရမလားတဲ့၊ ကျွန်တော့်ရင်ထဲမှာ ဒိန်းခနဲအသံမြည်သွားတာပဲ၊ မိမာက မိန်းမသားမို့ ငှင့်

www.burmeseclassic.com

www.burmeseclassic.com



မပြောသာလို့ကိုး၊ အိုးကမပူဘဲ စလောင်းက ဝင်ပူရမှာခက်နေတာပေါ့'

'ဒါနဲ့'

'မိမာက ဒီလောက်အချိန် စောင့်နေရသလားလို့ အပြစ်တောင်တင်တော့မှ ပြန်တောင်းပန်ရတယ်လေ၊ ကျွန်တော် ဖြင့်ဗျာ၊ အဲဒီတုန်းက ဝမ်းသာလိုက်တာ၊ ကျွန်တော့်သဘော သူ့ဒွေးကို ဖွင့်ပြော ကြိုတင်ငွေဆွဲပြီး ကိစ္စပြတ်အောင် လုပ်လိုက်ရတယ်'

'တကောင်ရ မင်းဇာတ်သိမ်းဇာတ်အဆင်ချောနေတဲ့ ဇာတ်လမ်းပါလားကွ၊ မိမာတစ်ယောက်လုံး မင်းဘက်က ရှိနေပြီပဲဟာ'

'အဲဒီအထိတော့ အဆင်ချောတယ် ကိုရှည်ကြီးရ'

'မချောတာက'

'မချောတာက သားဦးလေး မွေးတော့မှ'

'နောက်ပိုင်း အဆင်မချောတာက'

'အဲဒါပြောမယ်လေ ကိုရှည်ကြီးရဲ့'

'ဒီနောက်တော့ နှစ်ဘက်လူကြီးတွေ ကိုယ်တိုင် သဘောတူပြီး ကျွန်တော်တို့ မင်္ဂလာဆောင်ဟာလဲ စည်စည်ကားကားလေးပဲ ပြီးသွားတယ်၊ အိမ်ချင်းကလဲ ကပ်နေတော့ နှစ်အိမ့်တစ်အိမ်တစ်ဝိုင်းထဲကခြံစည်းရိုးထဲကလို ဖြစ်သွားတယ်ဆိုင်ပေါ့၊ မိမာရဲ့ ရှိရင်းစွဲအိမ်ဆိုင်ကလေးကို သူ့အမေကဆက်ပေါ့၊ မိမာနဲ့ ကျွန်တော့် အမေက ဈေးတန်းမှာ အထည်ဆိုင်ဖွင့်ကြတယ်၊ ကျွန်တော်ကတော့ သဘောမှာပဲ ဆက်လုပ်



နေခဲ့တယ်၊ မိမာနဲ့ရပြီးမှသဘောလိုက်ရတာ နောက်ဆံတင်းပဲ ကိုရှည်ကြီးရေ'

'ဒါက၊ မိန်းမရစလူတိုင်း ဒီလိုပဲဖြစ်တာပဲကွ'

'ကျွန်တော့် ပြဿနာက တစ်မျိုးကိုရှည်ကြီးရဲ့'

'မိမာကို စိတ်မချလို့ပေါ့'

'ဒါလဲပါတယ်လေ၊ အဓိကအကြောင်းက ဝင်းကို၊ ဒီကောင်က အိမ်ကိုအဝင်အထွက်မပျက်ဘူး၊ မိမာကိုလဲအပျိုတုန်းကလိုပဲ ပရောပယ်လုပ်နေတယ်၊ ဒီကောင်က အအိုရော အပျိုရော မရှောင်ဘူးဆိုပြီး အရပ်ထဲမှာ နာမည်ပျက်နေတာ၊ ကျွန်တော်က အိမ်မှာ အချိန်ပြည့်နေရတာမဟုတ်တော့ ပိုပြီး စိတ်မချ ဖြစ်ရတာပေါ့'

'ဒါတော့လဲ မင်းက သဲလွန်းတာပေါ့ကွာ'

'ဒါနဲ့မိမာကိုယ်ဝန်ရှိလာတော့ ကျွန်တော်ဝင်းကိုအတွက် နောက်ဆံမတင်းရတော့ဘူး၊ မိမာကိုယ်ဝန်အတွက်ပဲ နောက်ဆံတင်းရတယ်၊ တိုတိုဆိုကြပါစို့ဗျာ၊ ကျွန်တော်ခွင့်ယူထားတဲ့ရက်ထဲမှာပဲ မိမာကလေးမွေးတယ်၊ ယောကျာ်းလေးဗျ၊ သားဦးလေးပဲလိုချင်တဲ့ ကျွန်တော့်ဆန္ဒတော့ ပြည့်သွားတာပေါ့ဗျာ၊ ဒါပေမယ့်'

'မင်းဟာကလဲ ဒါပေမယ့်မြန်ပြီ၊ လိုတာပြည့်ပြီပဲဟာ'

'လိုတာပြည့်တာတော့အမှန်ပဲ ကိုရှည်ကြီးရေ၊ ဒါပေမယ့်ရတာက ကျွန်တော်တဝင်မကျနိုင်တဲ့ကိစ္စ၊ ကျွန်တော့်သားလေးရဲ့ အသားက ဖြူလွန်းနေတယ်လေ'

www.burmeseclassic.com

www.burmeseclassic.com

'ဖြူဖြူမည်းမည်းပေါ့ကွ၊ ဖြူတာက မည်းတာထက် ပိုမကောင်းလို့လား'

'မိမာက အသားညို၊ ကျွန်တော်ကလဲ မည်းတယ်၊ သားလေးကျတော့ ဗျိုင်းလေးလို ဖြူဖြူဖွေးဖွေးကြီးမို့ ကျွန်တော့်စိတ်ထဲမှာ စနောင့်စနင်း ဖြစ်ရတယ်လေ၊ ဝင်းကိုလို ဖြူဖြူလေး၊ ကျွန်တော့်စိတ်တွေ ကယောက်ကယက်ဖြစ်လာတယ်၊ ကျွန်တော့်အတွေးတွေကဖွာကြဲလာတယ်၊ သားလေးရုပ်က ဝင်းကိုနဲ့ပဲ တူသလိုလို ထင်လာတယ်၊ ဒါကြောင့် သားဦးလေး ရပေမယ့် ကျွန်တော်မပျော်နိုင်ခဲ့ဘူး၊ သိသယ တွေပွားနေရတယ်'

'မိမာကိုလဲ မမေးရက်ဘူး၊ ဟုတ်သော်ရှိ မဟုတ်သော်ရှိ ဖြစ်တတ်တဲ့ သဘောရှိတာကြောင့် ကျွန်တော့်စိတ်ထဲမှာ စနောင့်စနင်း ဖြစ်ရတယ်လေ'

'ကိုရှည်ကြီး တွက်ကြည့်ပေါ့၊ ကျွန်တော်အလုပ်လုပ်ရတာ ကသဘောသား၊ တစ်ပတ်ကိုနှစ်နေ့နဲ့တစ်ညပဲ အိမ်မှာနေရတဲ့ အချိန်ရှိတယ်၊ အိမ်ပြန်ရောက်တော့လဲ ဆိုင်ကိုစ္စ ဘာကိစ္စနဲ့ အေးအေးမနေရပြန်ဘူးလေ၊ ကျွန်တော်တို့ အတွေ့အကြုံအရ သင်္ဘောသားတွေရဲ့ အိမ်ထောင်ရေး အရှုပ်အထွေးတွေ နားမဆံ့အောင် ကြားနေရတာလဲရှိပြန်၊ လူတိုင်းကလဲ သားလေး အသားဖြူတာကိုပဲ ရေးကြီးခွင်ကျယ် လုပ်ပြောနေပြန်ဆိုတော့ ကျွန်တော့်စိတ်တွေဟာ မကြည်တော့ဘူး၊ နောက်ကျိ ရှုပ်ထွေးနေတယ်'



'မင်းကမရှိတဲ့ပြဿနာကို ရှာပြီပေါ့၊ ကြမ္မာဆိုတာဒီလိုပဲ ဆိုလိုအပေါက်ရှာပြီး ဝင်လာတတ်တာမျိုးကိုးကွ၊ ပေါက် ခေါ်ရ၊ ကဲ...ကဲ ဆက်စမ်းပါဦး'

'တစ်နေ့၊ ကျွန်တော်မရှိတုန်း ဝင်းကို အိမ်ရောက်လာပြီး အမေ့ဆီက ငွေနှစ်ရာ ချေးတယ်၊ အမေက ငွေမလည်တဲ့ အကြောင်းပြောတော့ ဝင်းကိုကအမေ့ကို မချေမငံပြန်ပြော သွားတယ်၊ 'ခင်ဗျားသားရော ခင်ဗျားတို့ပါ မှောင်ခိုလုပ်နေ တာ ကျုပ်အကုန်လုံး သိတယ်၊ ကျုပ်က တစ်ရှာတည်းသား ချင်းမို့ ဒုက္ခမပေးချင်လို့ကြည့်နေတာကျုပ်လက်ထဲမှာခင်ဗျား တို့ကို ဒုက္ခပေးနိုင်တဲ့ အာဏာရှိတယ်၊ မကောင်းတတ်လို့ ကြည့်နေတာ တစ်နေ့နေ့တော့ ခင်ဗျားတို့ ဒုက္ခတွေ့မယ် ဘာ သာနဲ့ ခြိမ်းခြောက်သွားတယ်၊ ပေါက်ပေါက်ရောက်ရောက် ပြောနေတော့ ကြိမ်းအားရှိတာပေါ့၊ ကျွန်တော်တို့ အပေါ် ဒီသဘောမျိုး မထားသင့်ဘူး၊ ဒီအပြောမျိုးမပြောသင့်ဘူး၊ အမေက ကျွန်တော့်ကို သတိပေးရင်း ဒီအကြောင်း ပြန်ပြော တာပါ'

'ကျွန်တော်ရဲ့ တအုံနွေးနွေးဖြစ်နေတဲ့စိတ်ကို ဝုန်းခနဲ ကျအောင် ဝင်းကို လုပ်လိုက်တယ်လေ၊ ဒီနောက်ပိုင်းမှာ တလေးဟာ သူနဲ့တူတဲ့အကြောင်း ရွာထဲမှာ လျှောက်ပြော ပြန်တယ်၊ ကျွန်တော် ဝင်းကိုနဲ့ စကားရင်းမရှင်းဖို့ မရတော့ဘူး၊ ရှင်းရတော့မယ်၊ ကျွန်တော်သင်္ဘောနားတဲ့နေ့မှာ ဝင်းကိုကို လိုက်ရှာပြီး တောင်ပိုင်းကို လှည့်ပတ်ခေါ်သွားခဲ့တယ်၊ ကျွန် တော့် ရင်ထဲမှာ ထင်နေတဲ့ ဒေါသကို မထိန်းနိုင်အောင်

www.burmeseclassic.com

www.burmeseclassic.com



မုန်တိုင်းထန်လာပြီလေ၊ ဝင်းကိုအပေါ် တစ်ခုခုလုပ်လိုက် မှာပဲ၊ ဒေါ်သက ခြေမလို ဖြစ်နေတာမို့ အချိုသပ်ပြီး လှည့်ပြေး ခေါ်သွားခဲ့တယ်'

ထိုစဉ် အခန်းထောင့်မှာ ဆူဆူညံညံ အသံကြားလိုက် သဖြင့် အရှည်ကြီးက ကမန်းကတန်း ထသွားသောကြောင့် စကားစိုင်း ပြတ်သွားသည်။ ကျသစ်ရိုးရိုး တစ်ယောက်၏ ဆေးလိပ်ကို လက်ကောက်ကျသစ် တစ်ယောက်က ခိုးသည် ကိစ္စနှင့်ပတ်သက်၍ တိုးတိုးကြိတ်ကြိတ် စကားများရာမှ ထိုး မည် ကြိတ်မည်အဆင့်ရောက်ပြီး ဆူဆူညံညံ အသံ ထွက်လာ သည်။ အရှည်ကြီးက အဖြစ်အပျက်ကို မေးမြန်းစစ်ဆေးခဲ့ရာ လက်ကောက်ကျသစ် လူလည်လုပ်ပုံ ပေါ်လာသောကြောင့် ကိုင်နေကျသားရေပြားကြီးကို ပြန်ယူပြီး လက်ကောက်ကျသစ် ကျောပေါ်ကို သားရေပြား တစ်ပေးလိုက်ရသည်။ ဒါမျိုး တွေကို မလုပ်ချင်လို့ ပုံစံကို ပါးစပ်နှင့် သတောပေါက်ခေ ခဲပါလျက် ချိုးဖောက်လာပြီ ဆိုသောအခါ သားရေပြား ကြီးကို မကိုင်ချင်ဘဲ ကိုင်လိုက်ရသည်။ သားရေပြားကို ကိုင်ပြီ ဆိုရင် ခြောက်ရှုံ့လှန့်ရုံအဆင့်မှာ ရပ်ထားလို့မရ၊ မှတ်မှတ်သား သား အထာပေးရသည်။

လက်ကောက်ကျသစ် မျက်လုံးက တစွေစွေ၊ မကျေနပ်ရိပ် ထင်ယောင်ပြနေသမို့ သူတစ်ယောက်တည်းကို ပုံစံကြီး ထပ်ကိုင်ပေးလိုက်ရသည်။ သည်တော့မှ ငြိမ်သွားလည်း ငြိမ်ကျ သွားသည်။



ကျသစ်တွေ တခြားအဆောင်ပြောင်းသို့ ပုံစံကျခလာရင် ပိုပြီးပြား၊ သေသေဝပ်ဝပ် မရှိရင် အရှည်ကြီး တာဝန်။ ... က ပုံစံအခန်းလူကြီး မဟုတ်လား။

အရှည်ကြီးက အဘတ်နိုင်ဆုံးသွားသည်၊ မရရင်ပြရသည်။ ပြီးတော့မှ ပေါက်ခေါ်အကြောင်း ဆက်နားထောင်ရ သည်။

....၀....

အရှည်ကြီး ပုံစံပြလိုက်သည်မှာ တခြားသော ကျသစ်များ ပေါ် ကူးစက်သွားပြီး တစ်ခန်းလုံး ငြိမ်သက်သိတ်ဆိတ်သွား သည်။

'ကဲ...အလပေတော့ ပေါက်ခေါ်ရေ၊ မင်းအကြောင်းက ကောင်းခန်းရောက်ပြီနဲ့ တူတယ်'

'တောင်ဖိုမ်းမှာက သစ်တော ဝါးတောပဲရှိတော့ လူပြတ် တယ်လေ၊ ကျွန်တော် မကျေမနပ် ဖြစ်နေတာတွေ ရင်ဖွင့်ပြီး ...င်းကြတာပေါ့၊ ရှင်းကြရင်း မရှင်းဘဲပိုရှုပ်လာတဲ့ အပြင် ...မာကိုတော့ သူမလိုချင်လို့ ကျွန်တော်ရတာပါ ဆိုတာ ...ထိ ပြောလာတာနဲ့ ကျွန်တော့် သက်သီးတွေဟာ သူ့ ... ...ပေါ် စွတ်ဝင် သွားတော့တာပဲ၊ သူကလဲ ဘယ်ခံမလဲ ...ယောက်သား လုံးရင်းသွေးရင်း ချောင်းစပ်နှံ့ ထဲ ... ...တယ်၊ မထမ ကျသွားတာက ခရာတောထဲကို ခဆု...

www.burmeseclassic.com



ပေမယ့်လို့ ဆူးကိုဂရုမစိုက်နိုင်ဘူးလေ၊ သူ့အသက်ကိုယ့်အသ
လုနေရပြီ မဟုတ်လား'

'နောက်တစ်ချီနဲ့ ထဲအရောက်မှာ ကျွန်တော်က အပေါ်
ရလိုက်တယ်၊ ဒီအခွင့်အရေးကိုတော့ ကျွန်တော်လဲ လက်လွ
မခံဘူး၊ ခါးကြားထဲမှာ ပါလာတဲ့ဓားနဲ့ထိုးပြီး သူ့ခေါင်း
နဲ့ ထဲ ဆွဲနှစ်ပစ်လိုက်တယ်၊ ဝင်းကို နည်းနည်းလေးမှ မ
တော့ဘူး၊ ကျွန်တော့်မှာလဲ တစ်ကိုယ်လုံး ပေရေနေတာ
ချောင်းထဲမှာ လျှော်ဖွတ် ရေချိုးပြီးပြန်လာခဲ့တယ်၊ အ
အချိန်ထိကြာ ကျွန်တော့်ဘက်မှာ ရှိတယ်လေ၊ ကျွန်တေ
တို့ ဖြစ်နေတာကို ဘယ်သူမှမသိလိုက်တဲ့အပြင် ကျွန်တေ
ပြန်လာတော့လည်း လမ်းမှာ ဘယ်သူနဲ့မှ မတွေ့ဘူး၊ အိမ်
တော့မှ အဝတ်တွေ ဆပ်ပြာနဲ့ထပ်လျှော်ပြီး ကျွန်တော်
ရန်ကုန်ဘက် ကူးခဲ့တယ်၊ နောက်တစ်နေ့က ကျွန်တော်
သင်္ဘော မြောင်းမြကိုထွက်ရမယ့်အလှည့်၊ သင်္ဘောပေါ်မ
ခါတိုင်းလိုပဲ လုပ်နေကျအလုပ်တွေ လုပ်နေပေမယ့် အအ
မချောဘူး၊ အားလုံး အလွဲလွဲအချော်ချော်ပဲ ကိုရှည်ကြီးေ

'ကျွန်တော့်စိတ်က ကျွန်တော့်ကို ပြန်ခြောက်နေတ
လေ၊ ကိုယ့်ကိုယ်ကို မလုံမလဲဖြစ်နေတယ်၊ ဟိုလူ့ပြော
တော့မလို၊ ဒီလူ့ပြောမိတော့မလိုဖြစ်တာလဲခဏခဏပဲ၊ ကို
ကိုယ်ကို မနည်းပြန်ထိန်းနေရတယ်၊ လုပ်ဖော်ကိုင်ဘက်ေ
ကတော့ မိမာနဲ့အဆင်မပြေဖြစ်လာတယ်လို့ပဲ ထင်ကြတယ်
ကျွန်တော့်အလုပ်တွေကိုလဲ သူတို့ပဲ ဝိုင်းလုပ်ပေးကြတယ်
ရန်ကုန်အပြန်ခရီးကတော့ ပိုဆိုးတာပေါ့၊ ဝင်းကိုကတော



ဘယ်လိုမှ အသက်ပြန်မရှင်နိုင်ဘူး တွက်ပြီးသား၊ ဒီလိုတွက်မိ
ပေမယ့် ကိုယ့်ကိုယ်ကိုတော့ မလုံမလဲ ဖြစ်နေတာပဲ၊ ရန်ကုန်
ရောက်ရင် ရဲတွေဆီသွားပြီး ဖွင့်ပြောရကောင်းမလား၊ ဖွင့်
ပြောမယ်လို့စဉ်းစားလိုက်တိုင်း ခံရမယ့်အပြစ်ကို ကြောက်ပြန်
ရော၊ သင်္ဘောက ရန်ကုန်ဆိပ်ကမ်းကို ဆယ့်တစ်နာရီလောက်
မှာ ကပ်တယ်၊ သင်္ဘောကပ်တာနဲ့ ရဲတွေ တက်လာတာပဲ၊
ကြည့်လိုက်တော့ တွေ့တေးက ရဲတွေ၊ ကျွန်တော် မျက်လုံး
တွေကလဲ ပြာသွားတော့တာပဲ၊ သူတို့လာတာက ကျွန်တော့်
ဆီကို တန်းတန်းမတ်မတ်'

'ဒီမှာ မင်းဇာတ်လမ်းက ပြီးပြီပေါ့'

'ဒါပေါ့ ကိုရှည်ကြီးရ၊ ခွေးသားဝင်းကိုက မသေဘူး
လေ၊ ကျွန်တော် ထိုးလိုက်တာကလဲ ဒဏ်ရာသိပ်မပြင်းဘဲကိုး၊
ကျွန်တော်လဲ ဖြောင့်ချက်ပေးလိုက်ရတယ်၊ ပုဒ်မ ၃၂၆၊
ပုဒ်မ ၅၁၁ နဲ့ စွဲချက်တင်ပြီး တစ်ပေါင်းတည်း ထောင်ဒဏ်
ခုနစ်နှစ် အပြင်ပေးလိုက်တယ်'

'အေး....ဒီလိုပဲဖြစ်ရမှာပေါ့၊ ကြမ္မာငင်တော့ ဇာတ်သိမ်း
မလှဘူး ပေါက်ခေါ်ရ'

တစ်မိသားစုလုံး ယူကြုံးမရ ငိုပွဲဆင်နွှဲနေသည့် အချိန်တွင်
ပေါက်ခေါ်မှာ အချုပ်ထဲရောက်နေပြီ၊ ကျွန်ရစ်သူ မိသား
စုက ရှိစုမဲ့စုလေးတွေထုခွဲပြီး ပေးသင့်တာပေး၊ ကမ်းသင့်
တာကမ်း ရွေ့နေငွေးပြီး အမှုဆုံးအောင် လိုက်ခဲ့ကြသော်
လည်း ပေါက်ခေါ်တစ်ယောက် ထောင်ထဲကိုသာ ရောက်ခဲ့ရ
သည်။

www.burmeseclassic.com

www.burmeseclassic.com



မိမာမှာ မျက်ရည်နှင့် မျက်ခွက်။

မိမာကား ပို၍ ယူကြုံးမရဖြစ်ရသည်။ ဇာတ်လမ်းရှင်းမြစ်ကာ သားကလေး အသားဖြူမှုကြောင့်။

အမေ အဖေ ဖြူပေမယ့် သားသမီးတွေ ကျိုးကန်းအရောင် မွေးတတ်သလို၊ အမေညို အဖေညိုပေမယ့် ဗျိုင်းအရောင် သားသမီးမွေးတတ်သည်မှာ သဘာဝနှင့် ဆန့်ကျင်သယောင် ရှိသော်လည်း ကိုယ်က ဖန်တီး၍ ရယူခြင်း မဟုတ်သည့်ကို ပေါက်ခေါ်သော သဘောပေါက်မည်ဆိုလျှင် သူလည်း ထောင်ထဲရောက်မည် မဟုတ်။ ကျန်ရစ်ခဲ့သော မိသားစုလည်း ဒုက္ခရောက်မည် မဟုတ်ပါလေ။

....၀....

အခန်း (၉)

'အရှည်ကြီး ဘာတွေစဉ်းစားနေသလဲဗျ'

နောက်ဘက်မှ ခြေသံလုံးနှင့် ပခုံးကို လာရောက် လှုပ်ကိုင်မေးလိုက်သည့် ထွန်းကျော် အသံက အရှည်ကြီး၏အတွေးစဉ်ကို ဖြတ်တောက်ပစ်လိုက်သည်။

'ဘာရယ်ညာရယ်မဟုတ်ပါဘူးကွာ၊ ထောင်ထဲမှာ၊ ကျွန်ပေါက်ခေါ်အကြောင်း စဉ်းစားရင်း ကိုယ့်အကြောင်းပါ ခဲ့တဲ့ပြန်ပြီး စဉ်းစားမိလို့ပဲ ထွန်းကျော်ရေ'

အရှည်ကြီးက မီးစက်တွင် သူနှင့်အတူ တာဝန်ကျနေသည့် ထွန်းကျော်ကို ပေါက်ခေါ်အကြောင်း အကျဉ်းချုံး ပြောပြလိုက်၏။

'အေးဗျာ....သနားစရာပဲ၊ ဒီကြားထဲနောက်တစ်မှုထပ်တိုးတော့ မိုးဆိုးတာပေါ့'

'ကြုံမှာ ငင်တာပေါ့ကွာ'

'ကျွန်တော်က ပေါက်ခေါ်ကို အရှည်ကြီးမတ်ဖေ့လားလို့'

www.burmeseclassic.com



'ကြံကြီးစည်ရာ ထွန်းကျော်ရာ၊ ငါက ဒါမျိုး ဝါသနာ မပါဘူးကွ'

'မသိပါဘူးဗျာ၊ ထောင်ထဲမှာ ခင်ဗျားတို့လို အခန်းလူကြီးတွေ မတ်စေ့ မွှေးတက်လွန်းလို့။ စိတ်မဆိုးနဲ့နော် အရှည်ကြီး၊ ခင်ဗျားကတော့ ဒီအထဲမှာ ပါမှာ မဟုတ်ပါဘူးလေ'

'မင်းပြောတာလဲ မဆိုးဘူးလေ ထွန်းကျော်ရ၊ တချို့ အကောင်ဘလောင်တွေကတော့ ဒါမျိုးဆို ဝါသနာပါတယ်လေ၊ ငါကတော့ မရဘူး၊ ဒါမျိုးကို အပြတ်ရွံမုန်းတယ်၊ ဘယ်တော့မှအားမပေးဘူး၊ ပေါက်ခေါ် မိန်းမ မိမာက ငါ့နှမ တစ်ဝမ်းကွဲကွ၊ ဒီကောင်က ငါ့ယောက်ဖ၊ ဒါပေမယ့် ငါက သူတို့ငယ်ငယ်က ရွာကထွက်လာတာ၊ ရွာနဲ့လဲအဆက်ပြတ်သွားတော့ သူတို့လဲ ငါ့ကိုမသိကြရဘူး၊ ခုထိ ပေါက်ခေါ်ကို ဒီအကြောင်း မပြောသေးဘူးလေ'

'ဒါထက် ကိုရှည်ကြီး အကြောင်းလေး ဘာလေးလဲ မသိရဘူးလား၊ ကျွန်တော့် အကြောင်းတော့ ကိုရှည်ကြီးကို ပြောပြီးပြီလေ'

'သိရပါတယ်ကွာ၊ တို့ရဲဘက်တွေဆိုတာက တစ်ယောက်အကြောင်းတစ်ယောက် ဖုံးထားဖို့ လိုတာမှ မဟုတ်ဘဲ၊ ဒါပေမယ့် မပြောချင်တာက အတိတ်အကြောင်း ပြန်ပြောရတာ တယ်မကောင်းလို့ကွ၊ တို့ မင်းတို့ အကြောင်းတွေက ကောင်းခဲ့တာမှမဟုတ်ဘဲဟာ၊ ဒါထားဦး ထွန်းကျော်ရေ၊ စက်ကိုဝင်ကြည့်လိုက်ဦး အသံတစ်မျိုးပဲ၊ ဘားတွေလဲ ဟာနေပြီ၊ ထောင်မှူးကြီးကို သတင်းပို့ဦးမှကွ'



'ဟုတ်ကဲ့၊ ကျွန်တော် ဆီနည်းနည်းထိုးပေးလိုက်မယ်'

ထွန်းကျော်ဝင်သွားပြီးမကြာခင်မီးစက်သံပြန်မှန်လာသည်။

အရှည်ကြီးရော ထွန်းကျော်ပါ မီးစက် ကောင်းကောင်းကိုင်တတ်နေကြပြီ၊ အသေးအဖွဲ့များကိုပင်ဖြုတ်တတ်ပြင်တတ်၊ ဆင်တတ်နေပြီ။ ရဲဘက်စခန်းကလွတ်သည့်အချိန် ဇာတ်ပွဲတွေမှာ မီးစက်လိုက်မောင်းရင်တောင် ဖြစ်နေပြီ။ ထောင်မှူးလေးဦးစိုးပိုင်ကလည်း အရှည်ကြီးကိုစေတနာစကားဖြင့် ဆိုခဲ့သည်။

'အရှည်ကြီး ပညာရအောင်ယူထား၊ မောင့်ဘတ်ရုံလေးနဲ့ ရေသာခိုမနေနဲ့၊ ပြင်တတ်အောင်သင်ပြီး ပြင်လဲပြင်၊ ဆရာကျော်အေးကိုလဲ မှာထားမယ်'

ဆရာကျော်အေးက ဝန်ထမ်းမီးဆရာ၊ မီးစက်ကိုင်ပုံ ကိုသူပဲ သင်ပေးတာ၊ အရှည်ကြီးကလဲ ဦးစိုးပိုင် မှာသည့်အတိုင်း ဆရာကျော်အေးဆီမှာ ကျိုးကျိုးနွံ နွံ သင်ယူခဲ့သည်။ ခုဆို မီးစက်သံမှန်မမှန် အသံကိုနားထောင်ပြီးသိသည့်အဆင့်ရောက်နေပြီ။

ထွန်းကျော် ပြန်ရောက်လာသော်လည်းသူတို့စကားဝိုင်းကို ပြန်မဆက်ဖြစ်။ မပြတ်သေးသော စကားဝိုင်း ပြန်ဆက်မည့်အလုပ် မှတ်ကြီးရောက်လာသည်။

မှတ်ကြီး လက်ထဲမှာ သူ့ လက်စွဲတော် မယ်ဒလင်ကိုင်လို့။

မှတ်ကြီးကို သူတို့ရဲဘက်စခန်းမှာ နာမည်နှစ်မျိုးနှင့်ခေါ်ကြသည်။

တစ်မျိုးက မယ်ဒလင်မှတ်ကြီး။

တစ်မျိုးက ငတိုမှတ်ကြီး။

www.burmeseclassic.com

www.burmeseclassic.com



မှတ်ကြီးက အပြင်မှာသူခိုး။ ထောင်ကျတာ သုံးလေးကြိမ်ရှိပြီ။ အားလုံးခိုးမှုချည်း။ မှတ်ကြီးဘကိုသိဆိပ်ကမ်းမှာကျက်စားပြီး ခိုးမှုအလီလီကျူးလွန်ခဲ့သူ။

ရဲဘက်စခန်းမှာ သူ့ကိုအများစုက မယ်ဒလင်မှတ်ကြီးဟု ခေါ်ပေမယ့် ရင်းနှီးသူများကမူ တော်မှတ်ကြီးလို့ပဲ ခေါ်ကြသည်။

မှတ်ကြီးက မယ်ဒလင်အတီးကောင်း၊ အဆိုလည်းရသည်။ သူ့အသံက အသံဝါ။ ထောင်ထဲရောက်ရင် မယ်ဒလင်နဲ့ စားနေတာ။ သူ့အတီး သူ့အဆိုနားထောင်ချင်သူများက ဆေးလိပ်စိုင်းပေးရသည်၊ ကျွေးရမွေးရသည်။ ထောင်၏ညဉ့်ဦးပိုင်းမှာ အဆိုအတီးလေး နားထောင်ရေးရမှ အိမ်ကိုအလွမ်းပြေသည်။ ပျင်းရိငြီးငွေ့စရာကာလကို တစ်ခဏတာ ရွှင်မြူးစေသည်။

မှတ်ကြီးက ရဲဘက်စခန်းမှာလည်း မယ်ဒလင်တစ်လက်နှင့် အလုပ်ဖြစ်နေသည်။ တစ်ညဉ့်တစ်ဆောင်လိုက်ပြီး ဖြေဖျော်နေရသည်။ တစ်ဆောင်မှာ ညဉ့်ဦးပိုင်းသုံးနာရီလောက်တီး လိုက်ဆိုလိုက်ရင်း ဆေးလိပ်အစိပ်သုံးဆယ်တော့ အသာလေး။ တစ်ခါတလေကျတော့လည်း အလကားပဲတင်း၊ အဲဒီနေ့က ဖိတ်သူရှိသော်လည်း မသွား၊ မီးစက်ကိုရောက်လာသည်။

နေ့လယ်က ထွန်းကျော် ဘောကြက်တစ်ကောင် ရထားသည်ကိုသိသဖြင့် ကမ်းတုပ်ဖို့ လာခြင်းဖြစ်၏။ မယ်ဒလင်ကိုင်လာပေမယ့် မီးစက်မှာ သူ့မယ်ဒလင်က အလုပ်မဖြစ်၊ မီးစက်



သံကို သူ့မယ်ဒလင်သံက မကျော်လွှားနိုင်၊ သူ့မယ်ဒလင်ကို အဆောင်မှာ ထားခဲ့ဖို့ကလည်း မဖြစ်၊ ဟိုလူယူတီး ဒီလူယူတီးနှင့် ကြိုးပြတ်ရမ်မလွယ်၊ အချင်းချင်းတွေ အရှော်တောင်းလို့ကလည်း မကောင်း၊ ဒါကြောင့်သူသွားလေရာသို့ မယ်ဒလင်ကို ယူသွားရသည်။ အရှည်ကြီးကို တွေ့သည်နှင့် မှတ်ကြီးက သူ့သွားတွေ အကုန်လုံးပေါ်အောင် ပြုံးဖြဲလိုက်သည်။

ကြက်ပိုင်ရှင်က ထွန်းကျော်ဆိုပေမယ့်အရှည်ကြီး မကြည်သာချင့်သည့်စားကြောကိုရင်ဖို့မလွယ်၊ တော်မှတ်ကြီးအပြုံးက ရိုးရိုးအပြုံးမဟုတ်။ ဖော်လံဖားအပြုံး၊ ထောင်ထဲ ရောက်ရင် သည်အပြုံးမျိုး ပြုံးတတ်ဖို့ အလွန်အရေးကြီးသည်။ အပြုံးတတ်ရင် အနေချောင်သည်။ အပြုံးမတတ်ရင် အနေအစား မချောင်။

‘လာဟေ့ တော်ကြီး၊ မင်းနှာခေါင်းက တယ်လဲအနံ့ခံကောင်းလှပါလားကွ’

‘ကိုရှည်ကြီးသင်ပေးထားတဲ့ ပညာပဲဗျလ၊ ကျွန်တော်က ကိုရှည်ကြီး လက်ထွက်ပဲဟာ ဘယ်ခွဲပါ့မလဲ’

‘တော်တို့ကတော့ကွာ အဆိုအတီးတင်မကဘူး အပြောလေးနဲ့ပါ စားနေတာလား’

‘ဟဲ…ဟဲ…ဟဲ…ဟဲ’

ပြောသာပြောရသည်။ ရဲဘက်စခန်းမှာ ကိုယ်တစ်ယောက်တည်း ကိုယ့်တစ်စုတည်း သိုဝှက်စားသောက်တာမျိုးမရှိ၊ ရှိ အတူရှိအတူ ဝေမျှစားသောက်ကြသည်မှာ ချစ်စရာ အကွက်လေးတစ်ကွက်ဟု ဆိုရပေမည်သာ။

www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့ညဉ့် လကလည်းသာနေသည်။

သစ်ပင်ရိပ်ကြီးများကြားမှ ဖြာဆင်းကျလာသည့်လရောင်မှာ အရှည်ကြီးတို့ နေသည့် တဲလေး၏ ပတ်ဝန်းကျင်သို့ အလင်းရောင်သမ်းနေသည်။

ငရုတ်သီး လေးစိပ်ခွဲနှင့် ချက်ထားသည့် ကာလသားချက်ကြက်သားဟင်းအနံ့မှာ သူတို့၏နှာခေါင်းများကို ကလိနေပြီ၊ ဖက်ရွက်လက်နှင့် အိုးကိုဖွင့်ပြီး ဝါးဇွန်းနှင့် ဟင်းရည်အပေါ်အငန်မြည်းနေသည့် ထွန်းကျော်က နောက်ထပ် ဟင်းရည်တစ်ဇွန်းခပ်၍ ဘိုမှတ်ကြီးဆီသို့ ကမ်းလိုက်သည်။

'အစပ်တည့်တယ် ထွန်းကျော်ရေ၊ ဒီညအဖို့ ဂွမ်သွားမှာပဲ'

အရှည်ကြီးက ဒါမျိုးဆို ခွင့်မလွှတ်။ သည်းမခံ။

အရှည်ကြီးအကြောင်း သိသည့် ထွန်းကျော်က ရယ်ကျဲကျဲလုပ်နေသည်။

'ကျွန်တော်က ကောင်းမှာကိုသာ ပြောတာပါ ကိုရှည်ကြီးရ၊ ခု ကျွန်တော် ဒါမျိုးတွေမလုပ်ဘော့ပါဘူး'

ဘိုမှတ်ကြီးက မျက်ပြေစကားလေးပြောလိုက်မှ အရှည်ကြီးမျက်နှာပေါ်တွင် အပြုံးရိပ်ပြန်ထင်လာသည်။

မီးစက်ဆရာ ဆရာကျော်အေး၊ ဝါဒါထွန်းခင်နှင့် သူတို့သုံးယောက်၏ ထမင်းဝိုင်းမှာ စိုစိုပြည်ပြည် ရှိနေသည်။ ငရုတ်သီး လေးစိပ်ကွဲက သူတို့အာတွေ လျှာတွေကို တဖျော ခတ် ပေးလိုက်သလားမသိ။ ငါးယောက်စလုံး တရှူးရှူး တရှဲရှဲနှင့် နှာရည်များပင် ယိုလာကြသည်။



အရေက ကောင်းလိုက်တာ ကောင်းလိုက်တာနှင့် အဖတ်တွေသာ ကုန်သွားသည်။ ခြေထောက်ရိုးပင် မကျန်။ ငရုတ်စေ့ကွဲကလေးများနှင့် ဟင်းရည်သာ အိုးထဲမှာ ကျန်ရစ်သည်။

သည်လိုစားမြိန်ဝိုင်းမျိုးက ရဲဘက်စခန်းမှာ နေ့တိုင်းတော့ မဖြစ်။ တစ်ပတ် တစ်ခါနှစ်ခါလောက် ဖြစ်တတ်သည်။တော ကောင်များ ရှာရင်ရသလို ဖြစ်တတ်သည်။ ရဲဘက်စခန်း အုပ်ချုပ်သူများကလည်း မသိကျိုးကျွံပြု၍ သည်လောက်တော့ စည်းကမ်း လျှော့ပေါ့ခွင့် ပေးထားသည်။

ထွန်းကျော်လက်ရာ ကာလသားချက် ကြက်သားဟင်းက အရှည်ကြီးကို နောက်ကြောင်းပြန်ဇာတ်လမ်းမလှန်သာအောင် ဟောက်သံများနှင့် အိပ်ပျော်သွားစေခဲ့သည်။

ဟင်းကောင်းလွန်းသောကြောင့်ဟု ဆိုရမည်ထက် စားပိုးနင့်ပြီး အိပ်ပျော်သွားမည်ဟု ဆိုရမည်။

ထိုနေ့ညက မီးစက်စောင့်တာဝန်ကို ထွန်းကျော်နှင့် ဘိုမှတ်ကြီးတို့က တစ်လှည့်စီ စောင့်ပေးလိုက်ရသည်။

မီးစက်သံ ဘယ်လောက်ဆူဆူ၊ ဘိုမှတ်ကြီးကလက်စွဲတော် မယ်ဒလင်နှင့် အရှည်ကြီးအတွက် အစောင့်တာဝန် ယူပေးခဲ့သည်။ ထိုနေ့ညဉ့်တွင် မီးစက်ကလည်း သဘောကောင်းနေ့သည်။

ဘာမှမဖြစ်။ မိုးလင်းသည့်တိုင်အောင် ချောချော မောမော ရှိခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



ရေနက်ကြီး ရဲဘက်စခန်း၏ မီးဇက်တာဝန်ကျသူများအတွက် ပျော်စရာကောင်းသော ညဉ့်တစ်ညဉ့်။

....o....

နောက်တစ်နေ့ညဉ့်ဦးပိုင်း၌ တော့မှတ်ကြီး အကြံအဖန်လုပ်လာသည့် ပဲလှော်သုတ်နှင့် ရေနွေးကြမ်းဝိုင်း ဖွဲ့ဖြစ်ကြပြန်သည်။

'တော့ကြီး....ဒီညတော့ မင်းအကြောင်းပြောစမ်းကွာ' ဟု အရှည်ကြီးက ကေားစ,ပေးလိုက်သည်။

'ဟာ.... ကိုရှည်ကြီးကလဲ ကျွန်တော်က ကျွန်တော့် အကြောင်း ပြန်ပြောလောက်တဲ့ အကောင်မှ မဟုတ်တဲ့ဟာ'

'ဟ....အကြောင်းဆိုတာက ကောင်းတာလဲ အကြောင်းပဲ ကွ၊ ဆိုးတာလဲ အကြောင်းပဲကွ၊ ပြောသာပြော'

တော့မှတ်ကြီးက သူ့အကြောင်း ပြောရမှာ ဝန်လေးနေဟန် ရှိသည်။ လျှာသွက်၊ အာသွက်ရှိလှန်းလှသော တော့မှတ်ကြီးမှာ လျှာလေး အာလေး နှုတ်ဆွံ့ နှုတ်တွန့်နေသည်။

ထောင်ထဲရောက်နေသူတွေထဲမှာ ထောင်ထဲရောက်ရခြင်း၏ အကြောင်းကောင်းဟူ၍ ပြောစရာအရှားသား။

ထောင်ထဲရောက်တာ ဘယ်နှစ်ခါရှိပလဲလို့ တော့မှတ်ကြီးကို မေး။



လေးခါရှိပါပြီလို့ ဖြေလိမ့်မည်။

ကဲ၊ ထောင်ထဲ လေးခါတောင် ရောက်သူအကြောင်းက ...ဂ်ပြောလို့ ဘယ်ကောင်းမှာပ။ ဒါကြောင့်လည်း နှုတ်ဆွံ့နှုတ် ...န့်နေသည်။

အရှည်ကြီးက မေးတော့ မပြောမဖြစ် ပြောရတော့မည်။ ...ရှည်ကြီးကို ကြောက်လို့တော့မဟုတ်၊ ထွန်းကျော်က လွှတ် ...နိုးနေပြီ။ ထွန်းကျော်လွှတ်လျှင် အရှည်ကြီးထောက်ခံချက် ...ဲ မီးဇက်အကူအလုပ်ကို သူဝင်လုပ်ချင်သည်။ သူ အခုလုပ် ...ရသည်က သင်မြစ်ဖော်သည့် အဖွဲ့မှာ။

သင်မြစ်ဖော်ရသည်မှာမသက်သာ။ သင်မြစ်ဆိုတာက တစ် ...ရာတည်းမှာ စုနေသည်မဟုတ်။ ရှေ့ခမြေခံ အားကောင်း ...လောက် သင်မြစ်က သဝေထိုးတတ်သည်။ သင်မြစ် သဝေ ...ရာနောက်ကိုလိုက်ပြီး ဖော်ရသည်မှာ ဘယ်နေရာတွင်လမ်း ...ရှိမှန်းမသိသော ကြက်တွင်းကို ဖော်ရဘိသို့ရှိချေ၏။

ဒါကြောင့် အရှည်ကြီးမေးသည်ကို မပြောချင်ပါလို့ ငြင်း ...ဖြစ် ပြောရတော့မည်။

'ကိုရှည်ကြီးက ကျွန်တော့်အကြောင်းကို တကယ်သိချင် သား'

'သိချင်လို့မေးတာပေါ့ကွ၊ မသိချင်ဘဲ လေကုန်ခံပြီးမေး ...ါမလား၊ အချိန်ကုန်ခံပြီး နားထောင်နေပါမလား'

'လိုင်းချင်းက မဆိုင်လို့ပါ'

'လိုင်းချင်းမဆိုင်လို့ မင်းတို့လိုင်းအကြောင်း သိချင်လို့ ...တာပေါ့ကွ'

www.burmeseclassic.com

www.burmeseclassic.com



အရှည်ကြီးအသံက မှာထန်သွားသည်။

'ပြောပါ့မယ်ဗျာ၊ အင်း....ဘယ်ကစရမလဲ'

'ကျွန်တော့်ကိုမွေးတာတော့ အဖေနဲ့အမေကပဲ'

သည့်တစ်ခါစကားကို ဝင်ထောက်လိုက်သူကထွန်းကျေ

'ဟေ့ ကောင်....လူတိုင်း အဖေနဲ့အမေက မွေးတာပဲဟ

မင်းကို အဖေနဲ့အမေက မမွေးဘဲ ဘယ်သူက မွေးမှာလဲ'

'မဟုတ်ဘူးဗျ၊ ကျွန်တော့်အဖြစ်က တစ်မျိုး၊ အဖေ

အဖေက ကျွန်တော့်ကိုမွေးပေမယ့်လို့ ကျွန်တော့်အဖေရု

ဘယ်လို၊ ကျွန်တော့်အမေရုပ်ကဘယ်လို၊ အသားဖြူသလား

မည်းသလားဆိုတာမျိုးတောင် ကျွန်တော် မသိမကွဲဖြစ်

တယ်၊ ကျွန်တော် အတော်ကြီး ပြန်စဉ်းစားတော့မှ

တေးတေးလောက်ပဲ မှတ်မိတယ်'

'မင်း ငယ်ငယ်ထဲက မိဘတွေ သေသွားလို့လား'

'မဟုတ်ဘူးကိုရှည်ကြီးရ၊ ကျွန်တော် နှစ်ခါလည်လေး

မှာတဲ့၊ ကျွန်တော့်အဖေက နောက်မိန်းမယူသွားတယ်၊

တော့်အမေက နောက်ယောကျ်ားယူပစ်လိုက်တယ်'

'ဒီတော့မင်းက'

'ကျွန်တော်က လက်သမား နောက်လိုက် ကိုတ

ပဲပြုတ်သယ် မပုခင်တို့ဆီ ရောက်သွားတာပဲ'

'သူတို့က မင်း အမျိုးတွေလား'

'ဘယ်ဟုတ်မလဲ ကိုရှည်ကြီးရ ကျွန်တော့်ပထွေးက

တော့်ကို အရှုပ်နဲ့မလိုက်အောင် ရိုက်လွှန်းလို့ မပုခင်

သနားပြီး ခေါ်မွေးစားလိုက်တာပဲ၊ ကျွန်တော်နည်း



အရွယ်ရောက်မှ အမေခင်က ပြန်ပြောပြတာ၊ သူတို့လဲ ဆင်းရဲ ကြတယ်လေ၊ ဒီတော့ ကျွန်တော့်ကို ကျောင်းတွေဘာတွေ ဘယ်ထားပေးနိုင်မလဲ၊ ကျွန်တော်လုပ်နိုင်ကိုင်နိုင်တာနဲ့ကိုတင်ခဲ နောက်လိုက်ရတာပဲ၊ နောက်တော့ ကိုတင်ခလဲ အလုပ်မရှိ၊ အမေခင်ကလဲ နေမကောင်းလို့ ဈေးရောင်း ထွက်တစ်ရက် မထွက်တစ်ရက်ဖြစ်လာတော့ ပဲပြုတ်နဲ့ထမင်းတောင် မှန်မှန် စားဖို့ ခက်လာတယ်လေ၊ ကျွန်တော်တို့နေတာက ကြံတော နားက နာနတ်တော ကုက်သစ်မှာ။ နာနတ်တော ကုက်သစ် ဆိုပေမယ့် ကျွန်တော်တို့အိမ်က သချိုင်းမြေထဲမှာပါ၊ အိမ် ပေါ်ကဆင်းပြီးလှူသွားလမ်းလေးကျော်လိုက်တာနဲ့ သချိုင်း မြေပုံတွေ ကြားထဲ ရောက်သွားတာပဲ၊ ကျွန်တော့်အပေါင်း အသင်းတွေကလဲ ကျွန်တော့်လို အကောင်တွေပဲပေါ့၊ သူဌေး သားတို့ ပညာတတ်တို့ဘယ်ပါမလဲ၊ ကျောင်းနေဖူးတယ်ဆိုတဲ့ အကောင်ကလဲ လေးတန်းအမြင့်ဆုံးပဲ၊ ကျွန်တော်တို့ သချိုင်း ထဲမှာ ကစားတယ်၊ ဂူတွေပေါ်မှာအိပ်တယ်၊ ကြံတောသချိုင်း ရောက်မှ သရဏဂုံတင်တဲ့ အသုဘတွေက ကိုက်တာ ကျွေး တာကို စောင့်စားတယ်၊ ကမ်းတာပေးတာကို ယူတယ်၊ ဆေးလိပ်တို့ ဘာတို့ဆိုရင် ပေးတာထက် ပိုယူကြတယ်၊ လင်ကြ ကစ်ကြတယ်လေ'

'ဒါဖြင့် မင်းရဲ့ငတိဘဝက အဲဒီကတည်းက စ,တာပေါ့'

'ဒါပေါ့ ကိုရှည်ကြီးရ၊ အမေခင်က ကျွန်တော့် အပေါ် မှာ တော်တော်သံယောဇဉ်ကြီးရှာတယ်၊ သားအရင်း မဟုတ် ပေမယ့် သားအရင်လိုပဲ ချစ်ရှာတယ်၊ ကိုတင်ခကလည်း ဒါ

www.burmeseclassic.com

www.burmeseclassic.com



ပေမယ့် သူ့မှာက လက်သမားအလုပ်ရှိရင် ပိုက်ဆံရတယ်၊ အလုပ်မရှိရင် ပိုက်ဆံမရဘူး၊ လက်သမားအလုပ်အပြင် သူက ဘာမှမလုပ်တတ်ဘူး၊ နောက်ပြီးသူက ဟုတ်တိပတ်တိ လက်သမားလဲ မဟုတ်ဘူး၊ သူကအကြမ်းသမား၊အိမ်ဇတ်ဘာတွေ ဆောက်မှ သူ့လို အကြမ်းသမားကိုခေါ်တာ၊ အနုစိပ်ပိုင်း ရောက်လာရင် မခေါ်တော့ဘူး၊ အဲဒီအခါဆိုရင် သူက အကြမ်းတစ်အိုးနဲ့ ထိုင်နေရတော့တာပဲ၊ အမေခင်နေမကောင်း လို့ ပဲပြုတ်မရောင်းနိုင်တော့ အိမ်အတွက် ကျွန်တော့်အလုပ် ဖြစ်လာတယ်၊ ကျွန်တော်ကလဲ ဘာမှမလုပ်တတ်တော့ အလုပ်သစ်၊ (အလင်းသုတ်)လုပ်ရင်း၊ ထောင်ထဲ ဝင်ခဲ့ရတာပဲ၊ အဲဒီကတည်းက ထွက်လိုက်ဝင်လိုက်နဲ့ဟာ ခုထိပဲဆိုပါတော့'

'ဒါဖြင့် မင်းက တော့ဖြစ်ချင်လို့ဖြစ်ရတာမဟုတ်ဘူး အခြေအနေကြောင့်လို့ ဆိုချင်တာပေါ့လေ'

'ပထမကတော့ အခြေအနေကြောင့်ပါ ကိုရှည်ကြီးရ၊ နောက်ပိုင်းကြတော့ အခြေအနေကြောင့် မဟုတ်ပါဘူး၊ ကျွမ်းကျင်မှုရယ်၊ အရချောင်တာရယ်၊ ပင်ပင်ပန်းပန်းမလုပ်ရဘဲ စားသာနေတာကြောင့်ပါ'

'နေပါဦးကွ၊ မင်းက ခိုးပုံခိုးနည်းတွေကိုတော့မပြောဘဲ ချန်ထားတာ တို့က မင်းတို့လိုင်း ဝင်မှာစိုးလို့လား'

'မဟုတ်ပါဘူးကိုရှည်ကြီးရာ၊ တခြားလူတွေအတွက် အကျိုးပြုစရာတွေ မပါလို့ပါ၊ နောက်ပြီး ကျွန်တော်တို့မှာ ခိုးနည်းရယ်လို့ သီးခြားသင်ပေးတဲ့ဆရာ မရှိပါဘူး၊ ကိုယ့်နည်းကိုယ့်ဟန်နဲ့လုပ်ရင်း ကျွမ်းကျင်လာတာပါ'



'မင်းက အဖော်တော့ မပါဘူးပေါ့'

'ဖောက်လိုင်းနဲ့ တိုလိုင်းက တခြားစီပါ ကိုရှည်ကြီးရ'

'ဖောက်လိုင်းနဲ့ တိုလိုင်း ဘယ်သင်းက ပိုခက်သလဲကွ'

'နှစ်ခုစလုံး တစ်မျိုးစီခက်တာပါပဲ၊ ကျွမ်းကျင်ရာ လိမ္မာ ဆိုသလိုပေါ့ဗျာ'

'ဒီတစ်ခေါက် ရဲဘက်စခန်းက လွတ်ရင်ကော'

'ဒါ ပထမဆုံးအကြိမ် ရဲဘက်စခန်းကို ရောက်တာပဲ ကိုရှည်ကြီးရေ၊ နောက်တစ်ခေါက် ထောင်ထဲဝင်ဖို့တော့ ခပ်လန့်လန့်ပဲ'

'ဟ...မလန့်နဲ့ကွ ငသိုရ၊ တော်ကြာ မင်းတို့လို အကောင်တွေ နည်းသွားမှဖြင့် ရဲဘက်စခန်းမှာ ထိုတဲ့အင်အား မပြည့်နိုင်ဘဲ ဖြစ်နေဦးမယ်'

'ကဲ...ကိုရှည်ကြီး ကျွန်တော့်အကြောင်းမေးလို့ ပြောပြီးပြီ၊ ခင်ဗျားအကြောင်းတော့ မပြောတော့ဘူးလား'

'အေး...ပြောရမှာပေါ့၊ ဒီနေ့ညတော့ မလုပ်နဲ့ကွ၊ နက်ဖြန်ညပေါ့'

'ဟာ... အစောကြီး ရှိသေးအားပဲဟာ လုပ်ပါဗျ'

'ဒီနေ့ည ထောင်မှူးကြီး အောင်းလှည့်လိမ့်မယ်ကွ၊ တော်ကြာ တို့ဘက်ပါ လှည့်မလာဘူးလို့ မပြောနိုင်ဘူး၊ သိတဲ့ ဘိုဇေ မမြင်စေနဲ့ သဘောတော့ရှိမှာကွ၊ မြေရေးပန်းရေးကြောက် ဆိုတာမျိုး ဖြစ်နေရင် မကောင်းဘူးကွ၊ မင်းလဲစောစောပြန်၊ ခု ရှစ်နာရီကျော်ပြီ၊ ငါတို့လဲ စက်နားနေလိုက်ဦးမယ်'

www.burmeseclassic.com

www.burmeseclassic.com



ထောင်မှူးကြီးက ည ကိုးနာရီ နောက်ပိုင်းတွင် ရောင်း လှည့်တတ်သည်။ အကျဉ်းသားရဲဘက်တွေသာ မဟုတ်၊ ရဲဘက် စခန်းတွင်ရှိသည့် ဝန်ထမ်းများကိုပါ ချက်ကျင်လုပ်ရသည်။ ရဲဘက်စခန်းကို အုပ်ချုပ်ရတာက ထောင်ကို အုပ်ချုပ်ရတာ ထက် ခက်သည်။ ထောင်ဆိုသည်က အုတ်ရိုးအမြင့်ကြီးတွေ ကာထားသည့်အပြင် အိပ်ဆောင်တွေလုံလုံခြုံခြုံရှိရုံမက အာမခံ သော့ခလောက်ကြီးများ ခတ်ထားသောကြောင့် ပြေးဖို့ ဆိုသည်မှာ ဘယ်လိုမှမလွယ်။

ရဲဘက်စခန်းမှာ အုတ်ရိုးမရှိ၊ သံဆူးကြိုးသာ ကာထား သည်။ ရဲဘက်အိပ်ဆောင်များမှာ ဝါးတဲကြီးများသာ ဖြစ်၍ အာမခံ သော့ခလောက်ကြီးခတ်လောက်အောင် ခိုင်ခိုင်ခန့်ခန့် သံတံခါးကြီးများလည်း မရှိပေ။

ထောင်ဝန်ထမ်းများ ရဲဘက်စခန်းကို အုပ်ချုပ်ရသည်မှာ ပိုခက်ခဲသည်။ အထူးဂရုစိုက်ရသည်။ ထောင်များမှာ ထောင် မှူးကြီးကိုယ်တိုင် ညဥ့်ရောင်းလှည့်မဝင်သော်လည်း ရဲဘက် စခန်းတွင်မူ ထောင်မှူးကြီးကိုယ်တိုင် ရံဖန်ရံခါ ညဥ့်ရောင်း လှည့်ပေးရသည်။

အားလုံး နိုးနိုးကြားကြား ရှိကြဖို့။

....ဝ....



ဟော....

ညဥ့်က ထောင်မှူးကြီး ရောင်းလှည့်သည်။

အတွဲတစ်တွဲမိသည်၊ ငါးယောက်။

ဖယောင်းတိုင်ထွန်းပြီး ဖဲကစားနေကြသည်။ ဖဲကစား သည်က အပြင်မှာမဟုတ်၊ ခြင်ထောင်ထဲမှာ။ ခြင်ထောင် တစ် လုံးမှာ ငါးယောက်အိပ်ရသည်။ ကင်းဘတ်ဖိနပ် စီးထား သည့် ထောင်မှူးကြီးက ခြေသံလုံလုံနှင့် အိပ်ဆောင်ဘေး ကပ်ပြီး နားစွင့်နေခဲ့သည်။

တိုးတိုးကြိတ်ကြိတ်လုပ်နေကြသော်လည်း ခြင်ထောင်ထဲမှ အသံမှာ တစ်ချက်တစ်ချက်တွင် အသံကိုမထိန်းနိုင်ဘဲ ခြင် ထောင် ပြင်ပသို့သာမက ဝါးထရံကိုပါ ဖောက်ထွင်းလာ သည်။

မိကုန်ပြီ ဖဲသမားတွေ။

အဆောင်မှူးကိုယ်တိုင် ပါနေသည့်ဖဲဝိုင်း။

နောက်တစ်နေ့မနက်။

ငါးယောက်စလုံးကို သံခြေကျင်းခတ်လိုက်သည်။

ထောင်ထဲမှာဆို အပြစ်မပေးခင် ပထမဆုံးတိုက်ထဲ ထည့် ထားလိုက်သည်။ နောက်မှ ရုံးတင်အမှုစစ်မည်။ ရဲဘက်စခန်း မှာ တိုက်မရှိ။ အမှုစစ်ဆေးသည်က နောက်။ အရင်ဆုံး ခြေ ကျင်းခတ်လိုက်သည်။ သူတို့ကိုခတ်လိုက်သည့် ခြေကျင်းမှာ တစ်ယောက်စီခွဲခတ်ခြင်း မဟုတ်။ ငါးယောက်စလုံး တွဲချက် ခတ်ထားသည့် ခြေကျင်း။

www.burmeseclassic.com

www.burmeseclassic.com

ဿဿ ကျော်မြသန်း

တစ်ယောက်စီသီးခြားခွဲပြီး လုပ်ရှားချိမရ။ တစ်ယောက် ထလျှင် ကျန်သည့်လေးယောက်ပါ ထရသည်။ တစ်ယောက် အီအီးပါချင်လျှင်ကျန်သည့်လေးယောက်ကပါတွဲလိုက်ရသည်။

လှုပ်ရှားမှုမှန်သမျှ ငါးယောက်အတူတက္က။

ရဲဘက်စခန်းတွင် ထောင်တဲမှာလို တင်းတင်းကျပ်ကျပ် မချုပ်ချယ်၊ ပုံစံမကိုင်၊ လွတ်လပ်ခွင့်အများကြီး ပေးထားပေ လျက် စည်းကမ်း ချိုးဖောက်လာရင်တော့ မသက်သာနိုင် ခပ်ကြမ်းကြမ်းလေး အရေးယူရသည်။

သူတို့ ကျူးလွန်သည့်ပြစ်မှုကလည်း တော်ရုံတန်ရုံ ပြစ်မှု မဟုတ်တာကိုး။

ခြေကျင်းအတွဲ ငါးယောက်ကို မြင်သူတိုင်းမှာ မရယ်ဘဲ မနေနိုင်အောင် ဖြစ်ကြရသည်။

ဗိုဇဆိုတာ ပျောက်ခဲအံ့ခြင်း။

....၀....

အခန်း ( ၁၀ )

နေ့ခင်းဘက် ထွန်းကျော် ဟင်းရှာ ထွက်သွားသည်။

ဗဒင်ငါးကြောင်း ရလာသည်။ ပဒပ်ဆိုတာ တောက်တွဲနဲ့ ပုံစံဆင်ဆင်တူသည်။ ပဒပ်သားက ချိုသည်။ ပဒပ်ကို ပြုတ် ထောင်းပြီး ကြက်သွန်နီကလေးနှင့် ကြော်လိုက်လျှင် ငါး ခြောက် ဘာလချောင်ကြော် အရသာမျိုးထွက်သည်။ ဟင်း ချက်စားလျှင်လည်း ကောင်းသည်။ ဟင်းချိုခတ်လျှင် အချို မှုန့်ထက် အများကြီး အချိုလေးသည်။

ဇော်ဇလည်း လက်ချည်းမလာခဲ့ပါ။ ခပေါင်းတစ်ထုပ်ရ အောင် အကြံအဖန်လုပ်လာသည်။ ဘိုလာတာပဲလား တခြား နည်းနဲ့ ရတာပဲလားဆိုသည်ကိုတော့ အရှည်ကြီးတို့က ခမေး တော့။ မေးလျှင်လည်း မှတ်ကြီးကဘိုလာတာလို့ ဖြေလိမ့်မည် မဟုတ်။

ထိုနေ့ညနေစာမှာ ပဒပ်ထောင်းကြော်နှင့် ဟင်းချိုဟင်း။ ဟင်းချိုက အတော်ကိုချိုသည်။ ဒါပေမဲ့ ဟင်းချိုခတ်အရွက်၏

www.burmeseclassic.com



အမည်ကိုမူ ဘာရွက်ရယ်လို့ အဃ်သူမှ အမည်မဖော်နိုင်။ တောထဲက တွေ့ရာအရွက်ကို ဟင်းချိုချက်ကြသည်။ ဘာရွက်ပဲဖြစ်ဖြစ် စားလို့ရရင် စားကြသည်သာ။

ထမင်းစားပြီး ရေနွေးကြမ်းဝိုင်းမှာ အငွေ့တထောင်းထောင်းနှင့် ထမင်းစားလို့ကလည်း ကောင်းသည်။ ခပေါင်းကလည်းကောင်း၊ ပြီးတော့ အရှည်ကြီးပြောသည့် သူ့ဇာတ်လမ်းကို နားထောင်ကြသည်။

အလံနီရန်ကြောင့် အရှည်ကြီး အလုံသဲကွင်းက ဦးလေးဖြစ်သူ အိမ်ရောက်လာသည်။ ဦးလေးတို့ မိသားစုကလည်း ချောင်ချောင်လည်လည် မဟုတ်။ စားနိုင်သောက်နိုင်ရှိသာ။ အရှည်ကြီးစရိတ်ကို သူ့အဖေက ထောက်ပံ့ပေးသောကြောင့်သာ အရှည်ကြီးမှာ ကျောင်းဆက်နေခဲ့ရသည်။

ရန်ကုန်နှင့် နယ်ကမတူ။

အနေအထိုင် အမူအကျင့်စရိုက် ကွာခြားသည်။ ပြီးအရှည်ကြီးတို့နေသည့် အလုံသဲကွင်းတွင် နေထိုင်ခဲ့ကြသူများမှာ နယ်စုံ၊ လူစုံ၊ စရိုက်စုံသမားတွေ။ အရှည်ကြီး လည်ပင်းဖက် ပေါင်းသင်းခဲ့သူများထဲမှာ စရိုက်ကောင်းသူနည်းပြီး စရိုက်ဆိုးသူများသည်။ ကြာတော့အရှည်ကြီးမှာ စရိုက်ဆိုးသူများဘက်လုံးလုံးလျားလျားပါသွားသည်။ စာသင်ခန်းနှင့်ကျောင်းကိုကျောခိုင်းခဲ့ရာမှ တဖြည်းဖြည်း လေလွင့်လူငယ်တစ်ယောက်ဖြစ်ခဲ့သည်။ ဦးလေးဖြစ်သူကဆုံးမပေမယ့်မရ၊ ပြောတုန်းတစ်ခဏ ဆင်ဆင်ခြင်ခြင် ရှိသော်လည်းနောက်ပိုင်းတွင် 'ခွေးမြီးကောက် ကျည်တောက်စွပ်' ဆိုသည်သို့နှယ်သာရှိခဲ့ချေ၏။



အပေါင်းအသင်းကသာခေါ် ရေခဲအထိ ပျော်ပျော်လိုက်မည်ဆိုသည့် အနေအထားမျိုးအထိ ဖြစ်လာခဲ့သည်။

သားဖြစ်သူ အခြေအနေမှာ 'ကျားကြောက်လို့ ရှင်ကြီးကိုး ရှင်ကြီးက ကျားထက်ဆိုး' ဆိုသလိုဖြစ်လာသည်ကြောင့် အရှည်ကြီးအဖေက ရွာကိုပြန်ခေါ်သွားခဲ့သည်။ အရှည်ကြီးကမနေ၊ ရန်ကုန်ကိုပဲ ခြေဦးပြန်လှည့်ခဲ့သည်။

တစ်ခါ နှစ်ခါ သုံးခါ ခေါ်ပြီးသည့်နောက် ဖခင်ကြီးကိုယ်တိုင်က လက်လျှော့လိုက်ရသည်။ ညီဖြစ်သူလက်ထဲကိုသာ ဝကွက်အပ်လိုက်ရသည်။

အရှည်ကြီးက ဖိုးကြိုင်းတုတ်။

ဦးလေးကဆူရင် သူငယ်ချင်းများနှင့် သွားနေသည်။

သူတို့မှာ အလုပ်အကိုင်ရယ်လို့ တိတိကျကျ မြစရာမရှိပေမယ့် အိတ်ထဲမှာ ငွေမပြတ်၊ တစ်ဖက်ကမ်း အရက်ပုန်းပို့သူများ၏ အရက်သယ်ပေးရသည့် အလုပ်က စားဖို့ရသည်။ ရုပ်ရှင်ကြည့်ဖို့ရသည်။ ကွမ်းဖိုး၊ ဆေးလိပ်ဖိုး ပြည့်စုံသည်။

အဖမ်းအဆီးများ၍ အရက်မသယ်ရသော အခါမျိုးတွင် အရက်ဆိုင်ရှေ့မှာတင် အလဲသောက်တတ်သူများထံမှပါသမျှကို ခွာယူပြီး ရသမျှသုံးကြစွဲကြသည်။

ဒါမှ အဆင်မပြေရင် မှောင်ရိပ်ခိုပြီး ညဥ့်နက်အိမ်အပြန်သမားတွေဆီက လုသည်။

သူတို့အပေါင်းအသင်း တစ်စု၏ ဆိုးသွမ်းမှု သတင်းမှာ တစ်နေ့တခြား ကျော်စောလာသည်။ သူတို့နှင့်တသက်လို့ အတိုင်အတောတူလာသည်။ သူတို့အထဲက သုံးလေးယောက်ကို

www.burmeseclassic.com

www.burmeseclassic.com



ရဲကဆွဲပစ်လိုက်သည်။ ရဲဆွဲသည့်အထဲမှာ သူတို့ခေါင်းဆောင် စိန်ရဲခင်းပါ ပါသွားပြီမို့ အရှည်ကြီးသို့ ရှောင်ကြ တိမ်းကြရပြီ။

စိန်ရဲခင်းနှင့် သူတို့အဖွဲ့သား တချို့ကိုဆွဲသွားပြီ။ အရှည်ကြီးတောင် သိသိကလေး ကပ်လွတ်သွားတာ။ ရွာကိုလည်း မပြန်ရဲ၊ ဟိုရှောင်သည်ပုန်းနှင့် ရန်ကုန်မှာ ဝဲသည်နေသည်။

ကီလီကမ်းနားဈေးမှာ သူတို့ခဏကျက်။

ညဥ့်သန်းခေါင်ကျော်ရောက်လာသည့် ငါးစည်ပိုင်းထဲက ငါးခိုးသည်။ ငါးမရရင် ဟင်းသီးဟင်းရွက်၊ ဟင်းသီးဟင်းရွက်မှ အဆင်မပြေရင် ငှက်ပျောသီးခိုင်ဆွဲသည်။ ကွမ်းခြင်းနှိုက်သည်။

တစ်နေ့။

မနက်က အလုပ်ဖြစ်လိုက်သဖြင့် အိတ်ထဲမှာဖွံ့ဖြိုးမောက်မောက် ရှိနေသည်။ ခါတိုင်းဆို အဝစားသုံးမုတ်၊ တစ်ကျပ်ဆိုင်မှာပဲ စားကြသည်။ ချက်ဆီအပေါ်ဝေ့ပြီး တစ်အိုးလုံး ရေချည်းသာရှိသည့် အဝစားဆိုင်မှာ အရသာခဏခဏ ထပ်တောင်းပြီး ကောင်းကောင်း မကောင်းကောင်း ဗိုက်သူပုန်မထရင်ပြီးရောနှင့် ရောင့်ရဲတင်းတိမ်ခဲ့ရသည်။

အဲဒီနေ့ကတော့ အဆီအပြား၊ အနှစ်အသားနှင့် ဟင်းဟူ၍ မည်မည်ရရ ခေါ်နိုင်သည့် ဆိုင်မျိုးကို ဝင်နိုင်သည့် အခြေအနေရှိနေပြီမို့ အဝစားဆိုင်ကို မျက်နှာလွှဲပြီး ဆိုင်းဘုတ်ကြီးကြီးနှင့် မော်တင်ကမ်းနားထိပ်က အဝစားဆိုင်ကို ဝင်ခဲ့သည်။



အဝစားဆိုင်က စားချင်သည့် ဟင်းအမည်ကို အော်ပြောလိုက်ရုံသာ၊ နီကျင်ကျင်မာတောက်တောက်ထမင်းသည်တစ်ပုံ၊ ပန်းကန်လုံးဖင်ကိုမြင်ရလောက်သော ငါးပိစိမ်းစားအညှိ့ စားကိုဖျော်ထားသည့်ငါးပိရည်နှင့်အမှိုက်ပုံကိုလှုပ်ပစ်မည့်အပေါ်ခွံကော်ဇီရွက်တစ်ပုံကြီးမှာ စားပွဲပေါ်တွင် အမြဲတန်းအဆင်သင့်ရှိနေသည်။

ခုဝင်သည့် ထမင်းဆိုင်က ဒီလိုမဟုတ်၊ ထမင်းစားပွဲပေါ်မှာ ရှင်းလင်းနေသည်။ ဝင်ထိုင်လိုက်သည်နှင့် ဘာစားမလဲ မေးသူက အနားကိုရောက်လာမည်။ ဘာဟင်းတွေရနိုင်မည်ကို မမှတ်မိလောက်အောင် ရွတ်ဆိုပြသွားသည်။

ပြီးမှ ထမင်းပန်းကန်၊ ဟင်းပန်းကန်၊ ငါးပိဖျော်တို့စရာ၊ ဟင်းချိုပန်းကန်များကို သပ်သပ်စီလာချပေးမည်။ ဆီပြန်ဟင်း ပန်းကန်အစ တို့စရာထည့်သည့် ပန်းကန်အထိ အားလုံးသန့်သန့်ရှင်းရှင်း၊ ပိုက်ဆံရှိလျှင် စားပွဲအပြည့်ဟင်းတွေမှာနိုင်သည်။

အရှည်ကြီးတို့က ဒီလိုဆိုင်မျိုးကို နေ့တိုင်းမဝင်နိုင်၊ ငွေတစ်ဆယ်လောက် အိတ်ထဲထည့်ထားနိုင်သော နေ့မျိုးမှသာ ထိုဆိုင်မျိုးကို ဝင်နိုင်သည်။

ထိုဆိုင်မျိုး ဝင်နိုင်သည့် နေ့မျိုးတွင် လျှာပေါ် ထမင်းလုပ်တင်လိုက်ကတည်းက မြိုးမြိုးမြက်မြက် အရသာ ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com

ခါတိုင်းစားရသည့် အသားဟင်းက အသားဟင်းလို့သာ အမည်တပ်ရသည်။ ပန်းကန်ထဲမှာရှိသည်က အရွက်နှင့် အရိုးချည်းသာ။

ကြက်အမြစ်အသည်းဟင်း၊ ချဉ်ပေါင်ကျော်နှင့် ခေါင်းမဖော်နိုင်အောင် ဖြစ်နေသူ အရှည်ကြီးမှာပတ်ဝန်းကျင်ကိုဂရုမထားမိ၊ သူ၏မျက်လုံးအစုံမှာ ထမင်းပွဲသာ ရှိနေသည်။

သူထမင်းစားနေသည့်စားပွဲတစ်စားပွဲကျော်က ဝဝဖိုင့်ဖိုင့် လူကြီးတစ်ယောက်က သူ့အားစူးစူးထင်ထင် ကြည့်နေသည်ကို သူမသိ။

ပန်းကန်ကြီးသုံးပန်းကန်နှင့် ပန်းကန်ငယ် တစ်ပန်းကန်မှ သူက ခါးဆန့်လိုက်နိုင်သည်။ သည်တော့မှပဲ အရှည်ကြီး မျက်လုံးအစုံက ပတ်ဝန်းကျင်ကို ဝေ့ကစားလိုက်ရသည်။

မျက်လုံးချင်းဆုံသွားရသည်။

ရင်မခုန်ရပါ။

သူ့ကို ကြည့်နေသူက ချောချောလှလှ စကီလေးတစ်ယောက်မဟုတ်။

မည်းမည်းဝဝမိုက်ဂိုက်ဖမ်းထားသည့်လူကြီးတစ်ယောက်။ ဒါပေသည့် သူ့ကိုကြည့်နေသည့် လူကြီး၏ နှုတ်ခမ်းပေါ်တွင်မူ အပြုံးရိပ်ဝေ့သီနေသည်။



အရှည်ကြီးက ပန်းကန်လာသိမ်းသူကို ပိုက်ဆံရှင်းပေးဖို့ ဘယ်လောက်ကျသည်ကို မေးမြန်းလိုက်ရာ ပန်းကန်လာသိမ်းသူ ကောင်လေးက ခေါင်းခါပြပြီး ထမင်းဖိုးပေးပြီးကြောင်း ပြောလိုက်သည်။

အရှည်ကြီး ကြောင်သွားသည်။ ထမင်းဖိုး ဘယ်သူကပေးကြောင်း သူ၏အမေးစကားကို ကောင်လေးက ပါးစပ်နှင့်မဖြေ။ အရှည်ကြီးကိုကြည့်နေသည့် လူကြီး ထိုင်နေရာသို့မေးငေါ့ပြလိုက်သည်။

အရှည်ကြီး မျက်လုံးအစုံကို အလဲအပြောင်း လုပ်လိုက်ရသည်။ မည်းမည်းဝဝ လူကြီးကပြုံးပြီး ခေါင်းညိတ်ရင်း 'ဒီကိုခဏ' လေးလုံးသောစကားဖြင့် သူ့ကိုခေါ်လိုက်သည်။

ခေါ်ပုံက ရင်းနှီးသံပါသလို အမိန့်သံဟုလည်းဆိုနိုင်သည်။

'ကဲ....ထိုင်ဟေ့ ချာတိတ်၊ မင်းနာမည်က'

'မောင်စိုးခိုင်ပါ'

'အေး....မင်းကို ကမ်းနားတစ်ပိုက်မှာ တွေ့နေတာတော့ ကြာပြီကွ၊ ဒီနေ့မှပဲ ဆုံကြတယ်၊ ငါ့နာမည်က ဘအေး၊ အေး....ဒီနားတစ်ဝိုက်မှာတော့ ငါ့ကို မရှိမသေလုပ်ဝံ့တဲ့ ငနဲ တစ်ယောက်မှ မရှိသေးဘူးကွ'

အရှည်ကြီး ကျောထဲမှာ ဖြန်းခနဲ ဖြစ်သွားသည်။

'ဒါပေမယ့် ငါက လူမိုက်တော့မဟုတ်ဘူး၊ ခါးပိုက်နှိုက်'



www.burmeseclassic.com

www.burmeseclassic.com



'ဗျာ'

အရှည်ကြီး ပါးစပ်ဖျားက 'ဗျာ' တစ်လုံး လွှတ်ခနဲ ထွက်သွားသည်။

'ငါက ဒီတစ်ဝိုက်မှာ မင်းတို့အရွယ်ကတည်းက ကျက်စားခဲ့တာ ဆိုတော့ ငါ့ကိုလှန်မယ့်လူ မရှိဘူးပေါ့ကွာ'

'ဒါနဲ့ မင်းဇာတိက'

'တွံတေးတောကြီးတန်းကပါ'

'မင်းက ကြောင်လား၊ ကြွက်လား'

'ခင်ဗျာ ကျွန်တော် နားမလည်ဘူး'

'အခုတ်သမားလား၊ အခုတ်ခံလားလို့ မေးတာပေါ့'

အရှည်ကြီးက ဘာပြန်ဖြေရမှန်းမသိသည့် မျက်နှာပေးနှင့် အမေးရှင်ကို ကြည့်နေသည်။

သူ့ ရှေ့ကို စီးကရက်ဘူးနှင့် မီးခြစ်ရောက်လာသည်။

'ကဲ...သောက်'

သူ ကိုယ်တိုင် စီးကရက်တစ်လိပ်ကို မီးညှိသောက်ပြီးမှ...

'မင်း အခု ဘယ်သွားမလဲ'

'ဟိုလျှောက်ဒီလျှောက်ပါပဲ'



'ဒါဖြင့် ငါနဲ့လိုက်ခဲ့ပါလားကွ'

'ဟုတ်ကဲ့'

အရှည်ကြီးပါးစပ်ဖျားမှ 'ဟုတ်ကဲ့' စကားလုံးမှာမဆိုင်းမတွ ထွက်သွားသည်။ ထိုစဉ်က 'ဟုတ်ကဲ့' စကားလုံး ဘယ်လိုများ လျှောခနဲထွက်သွားမှန်းကို ရဲဘက်စခန်း ရောက်သည့်တိုင် ပြန်လည်စဉ်းစား၍ အဖြေမပေါ်ခဲ့ပေ။

ခုမှစတွေ့ရသည်။ သူက ထမင်းဖိုး ရှင်းပေးသည်။ သူ့အကြောင်း အနည်းအကျဉ်း မေးသည်။ ပြီးတော့ သူနှင့်လိုက်ခဲ့ဖို့ ခေါ်သည်။

ကိုယ်ကလည်း အလွယ်တကူ ခေါင်းညိတ်လိုက်သည်။ ပြီး သူ့နောက်က လိုက်သွားသည်။

သူက ပွင့်ပွင့်လင်းလင်း ပြောသည်။

လူမိုက်မဟုတ်၊ ခါးပိုက်နှိုက်တဲ့။

သူ့နောက်လိုက်သွားရင်း။

...o...

www.burmeseclassic.com

www.burmeseclassic.com



စခန်းတစ်နေရာမှာ သေနတ်သံနှစ်ချက် ထွက်လာသည်။

ရေနက်ကြီးစခန်းတစ်ခိုက် သံချောင်းခေါက်သံဆူညံသွားသည်။ ပြေးသံ၊ လွှားသံ၊ အော်သံ ဟစ်သံများ ဟိုမှသည်မှ ထွက်လာသည်။

သည်အချိန်မျိုးမှာအားလုံး ကိုယ့်နေရာတွင်ကိုယ် ရှိနေကြရမည်။

ကိုယ့်နေရာမှာကိုယ် မရှိရင် အမှုထဲအချောင်ပါသွားတတ်သည်။

သေနတ်သံထွက်လာသည်မှာ ရဲဘက်ပြေးတွေ့၍ဖြစ်မည်။ ဒါမှမဟုတ် ကင်းစခန်းအနားကို 'ကျား' လာ၍လည်း ဖြစ်မည်။ အကျဉ်းသားများ ရန်ဖြစ်ရုံနှင့်တော့ သေနတ်ကိုမသုံး၊ အကြောင်းအလွန်ထူး၍သာ သေနတ်သံ ထွက်လာခြင်း ဖြစ်မည်။

'အရေးပေါ် တန်းစီမယ်ဟေ့'

'ကိုယ့်အိပ်ဆောင်ထဲမှာပဲ တန်းစီကြမယ်'

အဆောင်တိုင်းမှ ရူးရူးဝါါဝါါး အော်သံများနှင့်အတူ လက်နှိပ်ဓာတ်မီးရောင်များမှာ စခန်းတစ်ခုလုံးတွင်လက်ယှက်ထိုးထွက်ပေါ်လာနေသည်။

ကြိမ်းသံ မောင်းသံ၊ ဆဲသံဆိုသံတွေကလည်း စီစီညံလို့။



ခဏအကြာတွင် ထိတ်ဆိတ်မှုက လွှမ်းမိုးသွားသည်။

လူပေါင်းစေ့မစေ့ သတင်းပို့သံများမှာ ဟိုမှသည်မှ ...က်လာသည်။

အဆောင်နှစ်က သတင်းပို့သံကို အတိုင်းသား ကြားလိုက် ...ည်။

'သုံးယောက်လျော့'

...ဘိုးခ

...ဒေအးငွေ

လှကြီး

အဆောင်လူကြီးက သူ့အဆောင်တွင် သုံးယောက်လျော့သည်ဟု သတင်းပို့သော်လည်း စခန်းတစ်ခုလုံး လူပေါင်း...က်လိုက်သည့်အခါ တစ်ယောက်မှ မလျော့။

...ဖိုးခ၊ အေးငွေ၊ လှကြီးတို့ သုံးယောက် သူတို့အဆောင်...င် မရှိသည်မှာ မှန်သော်လည်း တစ်နေရာတွင် သူတို့ရှိနေ...သည်။

လုံထိန်းကင်းစခန်းထဲမှာ။

သူတို့သုံးယောက်မှာ အဆောင်အမြင်ကို ရောက်သွားကြ... ကင်းစခန်းအနားတွင် ဖြားဖြားဝပ်လျက် ရှေ့လျှာနေ

www.burmeseclassic.com



ကြသည်။ သူတို့ဘက်မှာ အမှောင်ထုအကာအကွယ်ရနေ
ကင်းရဲဘော်၏မျက်လုံးမှာ လှုပ်ရှားနေသော်လည်း အ
ထုကို ထွင်းဖောက်ခြင်းငှာ မစွမ်းသာ။

လှုပ်ရှားနေသူ သုံးယောက်တ ယုန်သူငယ်ကို ပုံပမှာ
လိပ်အသွင် ဖြည်းဖြည်းချင်း လှုပ်ရှားနေကြသည်။

ကင်းစခန်းကျော်ရင်တော့ သူတို့လှုပ်ရှားမှုမှာယုန်
သို့ ပြောင်းလိမ့်မည်။ ထိုမှနောက်တော့ မာရသွန်ခြေ
ပိုင်ရှင်များ ဖြစ်လာမည်။

'အမှာယ်လေးဗျ'

အသံထွက်လာရာဆီသို့ ကင်းရဲဘော်၏မျက်လုံးက အ
ရောက်သွားသည်နှင့်အတူ လက်နှိပ်ဓာတ်မီး အလင်းရော
လည်း ဖြာထွက်သွားသည်။

'ရောက်တဲ့နေရာမှာ ရပ်နေ' ।

အမိန့်ပေးသံနှင့်အတူ သေနတ်သံလည်း တစ်ဆက်
ထွက်ပေါ်လာသည်။

သေနက်သံကြားလိုက်သည်နှင့် သုံးယောက်စလုံး
တောင်း ထောင်သွားကြသည်။

'အမယ်လေး....သေပါပြီဗျ'

ယ်သံပါအောင် အော်သည်ဆိုသည့် အသံမျိုး။



သနတ်ထိပ်ဖျားမှ ထွက်သွားသည့် မီးပွင့်ကလေးများမှာ
ထံသို့မဟုတ်၊ မိုးကောင်းကင်ပေါ်သို့။

ထမ 'အမယ်လေးဗျ' ဟု အော်လိုက်သည့်အသံမှာ အေး
အသံ။ ပြားပြားဝပ် ရွှေ့လျားနေရင်းအေးငွေ၏လက်
က်က ပျော့စိစိကြီးတစ်ခုကို သွားကိုင်လိုက်မိသည်။

မြွေကိုကိုင်မိသည်ထင်ပြီး လွှတ်ခနဲ အော်လိုက်သည့်အသံ။

အမယ်လေး....သေပါပြီဗျ' ဟု အော်လိုက်သည့် အသံမှာ
ယောက်စလုံး နှုတ်ဖျားမှ ကယောင်ကတန်း အော်လိုက်
အသံ။

သူတို့ကို သေနတ်နှင့်ပစ်သည်ထင်ပြီး ကြောက်လန့်တကြား
းတောင်းထောင်ပြီး အော်လိုက်ခြင်းပါ။

သည့်နောက်တော့ ခြေကျင်းခတ်ခံရပြီ။

ခြေကျင်းမှာ ရိုးရိုးခြေကျင်းမဟုတ်၊ ခေါက်ခြေကျင်း။

တ်ကဇရောပဲ။

ဝပ်တိုးအမှုကလည်း လာဦးမည်။

ဘက်ပြေးအမှုအတွက် အပိုဆု၊ ထောင်ဒဏ်ဘယ်လောက်
ည်မသိ။

သူတို့သုံးယောက်အကြောင်းက ရင်နာစရာ။

www.burmeseclassic.com

www.burmeseclassic.com



ဘိုးခ၊ အေးငွေ၊ လှကြိုင်တို့မှာ ကြော်ငြာထောင်မှပြော
လာကြသော ဓားပြမှုအမှုတွဲ။ အမှုတွဲအားလုံးပေါင်း ...
ယောက်။

နောက်နှစ်ယောက်က ဘင်မြနှင့်သာအောင်။

ပြေးဖို့တိုင်ပင်တုန်းက အမှုတွဲတစ်တွဲလုံး။ ဒါပေသိ ...
မြနှင့်သာအောင် ပါမလာ။ လွတ်ခန့် အောင်လိုက်သ...
အေးငွေကပါ ခေါင်းခါခဲ့သည်။ သူတို့လွတ်ဖို့က ရှ...
လောက်ပဲလိုတော့သည်။ ထောင်ထဲမှာနေ ရဲဘက်စခ...
မှာပါ သုံးနှစ်နီးပါး နေပြီးပြီ။ သို့သော်လည်း ပြေး...
နေ့တွင်မူ အေးငွေက သူပါလိုက်မည်ဟု ခေါင်းညိတ်...
သည်။

သူတို့ခေါင်းထဲမှာ ပြေးဖို့တစ်ခုသာ စဉ်းစားကြသ...
ဘယ်လိုပြေးရမည်ကို အကွက်ချခဲ့ကြသည်။

ပြေးပြီးနောက် ဖြစ်ပေါ်လာမည့် အကျိုးဆက်များ...
လုံးဝ ထည့်မစဉ်းစားခဲ့ကြပေ။

အခုလို မတော်တဆ ဖြစ်တတ်သည်မျိုးကို လုံးဝ ...
မတွက်ခဲ့ကြ။

သူတို့ဖြစ်ကြောင်း ပြန်ပြောသည်ကို နားထောင်ပြီးရ...

သနားပဲ သနားရမလား၊ ရယ်ပဲရယ်ရမလား၊ ဖြစ်မှ...
တတ်ပလေဟု ဆိုရမလား။



အကြောင်းက သည်သို့ရှိပါသည်။

သူတို့ပြေးလမ်း အတော်လေး အဆင်ချောနေပြီဟု ဆိုရမည့်အချိန်တွင် အေးငွေ ကိုင်မိလိုက်သည့် ပျော့ပျော့ကြီးမှာ မြွေမဟုတ်။

'ကင်းလိပ်ရှော'

ကင်းလိပ်ရှောကို မြွေထင်ပြီး လန့်အော်လိုက်ခြင်း ဖြစ်၏။

ကဲ...ဘယ့်နှယ်ရှိပါစ။

လူဝတ်ဘေး ပြေးမလွတ်သလို ရဲဘက်စခန်းကလည်း ပြေးမလွတ်တတ်ပါလေ။

....၃....

နောက်တစ်နေ့ နေ့လယ်ပိုင်းတွင် ရဲဘက်ပြေး သုံးယောက်ထားသည့်နေရာသို့ အရှည်ကြီး ရောက်သွားသည်။

သူတို့အဖြစ်ကို ကြားရသည့်အခါ အရှည်ကြီးမှာ 'တက်တစ်ခေါက်ခေါက်'ဖြစ်နေသည်။ ခေါသကြောင့် ဖြစ်ပေါ်လာသည့် တက်ခေါက်သံမဟုတ်ပါ။ ယူကြုံးမရဖြစ်သည်မှ ခေါမနှသကြောင့် ခေါက်မိသည့် 'တောက်' သံပါ။

တကယ်တော့ ဘိုးခတို့အမှုတွဲမှာ လွတ်ဖို့ ရှစ်လခန့်မလို၊ ခြောက်လသာသာပဲ လိုသည်။ ရဲဘက်စခန်းမှာ အလုပ်ပင်

www.burmeseclassic.com

www.burmeseclassic.com



ပင်ပန်းပန်းလုပ်ရသူများလည်းမဟုတ်။ သူတို့အမှုတွဲက ရဲဘက်စခန်းတည်စ ကတည်းက ရောက်နေကြသူများ ဖြစ်သဖြင့် အလုပ်ကြပ်များဖြစ်နေကြပြီ၊ ကိုယ်တိုင် အလုပ်လုပ်ရသူများ မဟုတ်ဘဲ လက်ညှိုးထိုးခိုင်းရသူအဆင့် ရောက်နေပြီ။ အနေအစား ချောင်နေပြီ။ အောင့်အည်းနေရသည့် အနေအထား မျိုးပင် သူတို့မှာမရှိ။ ဒါနဲ့တောင် ပြေးဖို့စဉ်းစားကြသည် ဆိုတော့ သည်ထက်မိုက်တဲ့လူမျိုး စိန်ထုပ်နှင့်လည်ရှာသော်မှ တွေ့ပါ့မလားဟု ဆိုစရာဖြစ်နေသည်။

သူတို့အထဲမှာ ခေါင်းဆောင်က ဘိုးခ။ သူတို့အမှုတွဲခေါင်းဖြ ခေါင်းဆောင်မှာလည်း ဘိုးခ။ ရဲဘက်စခန်းမှ ပြေးဖို့အဆို စပြုသူမှာလည်း သူပင်။ သူ့ကြောင့် အတွဲနှစ်ယောက်က နောက်ဆက်တွဲပါရသည်။

ဘာကြောင့် ပြေးရန် ကြံစည်ရသည်ကို အရှည်ကြီးက ဘိုးခကို မေးကြည့်မိသည်။

ဘိုးခ၏ အဖြေကိုကြားရသည့်အခါ အရှည်ကြီး လက်သီးမှာ ဘိုးခ မျက်နှာပေါ် ဝဲသွားရသည်။ ထိုးမိတော့မလိုဖြစ်သွားသော်လည်း ထောင်းခနဲ ထလာသည့် ဒေါသကို အတင်းပြန်၍ထိန်းလိုက်ရသည်။ တကယ်တော့ အရှည်ကြီးသာမဟုတ် မည်သူမဆို ဘိုးခ အဖြေကို နားထောင်မိလျှင် အရှည်ကြီးလိုပင် ဖြစ်လိမ့်မည်သာ။

ဘိုးခ အဖြေမှာ....



'သူ့ မိန်းမအေးကြွယ် နောက်လင်နှင့် ပျော်မြူးနေတာကို သုံးခါတိတိ အိပ်မက်မက်သောကြောင့်ပါ'တဲ့။

ကဲ....ကောင်းကြပါလေရော။

ဘိုးခအကြောင်းကတော့ ရဲဘက်စခန်းမှာ ပြောစမှတ်တွင်ရစ်နေတော့မည်။ မှတ်တမ်းဝင် ဇာတ်သမ်းတစ်ပုဒ်ပါတည်း။

....o....

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၁ )

ရဲဘက်စခန်းတွင် ညှဉ့်စဉ်ညှဉ့်တိုင်း ကိုယ့်အစုနှင့်ကိုယ် ရေနွေးကြမ်း ဝိုင်းဖွဲ့ဖြစ်ကြသည်။

တစ်နေ့လုံး ပင်ပန်းလာသည်များကို ရေနွေးကြမ်းဝိုင်းဖွဲ့ရင်း ရောက်တတ်ရာရာများပြော၍ အပန်းဖြေကြရသည်။ မယ်ဒလင်သံ၊ ဂီတာသံ၊ ဒုံမင်းသံများ ကြားရသလို ပလွေကျူနေသည့် အသံများကိုလည်း ညှဉ့်စဉ်ညှဉ့်တိုင်း ကြားရစမြဲရှိသည်။

တိတ်ဆိတ် ငြိမ်သက်နေသော တောကြီးအလယ်ခေါင်မှ ထွက်ပေါ်လာသည့် ဂီတသံစဉ်များမှာ သာယာနာပျော်ဖွယ် ရှိတော့၏။ အတီးကောင်း အဆိုကောင်းများ မဟုတ်ကြသော်လည်း 'အနူတောမှာ လူချော' ဆိုသလို နားညည်းလိုက်တာဟု ပြောသူမရှိ။ တီးချင်သလိုတီး ဆိုချင်သလိုဆို နားထောင်သူက သော့ရှိစမြဲသာပင်။

အကြံအဖန်ကောင်းသည့် ထွန်းကျော်ကြောင့် အရှည်ကြီးတို့ ရေနွေးကြမ်းဝိုင်းမှာ စားစရာစုံစုံပြည့်ပြည့်ရှိသည်။ အမြဲ



ဖြစ်သည်ဟူ၍ မရှိစဖူး။ ရေနွေးကြမ်းနှင့် လိုက်ဖက်သည့် စားစရာ တစ်ခုခုရအောင် ထွန်းကျော် ကြံတတ်ဖန်တတ်သည်။

တိုနေ့ညဉ့်က ရေနွေးကြမ်းဝိုင်းအတွက် ထွန်းကျော် အကြံအဖန် လုပ်ထားသည့် စားစရာနာမည်မှာ ခပ်ဆန်းဆန်း။

'ဒီဇယ်ဆီကြော်' တဲ့။

ဒါ ထွန်းကျော်ပေးထားသည့် နာမည်။

အရှည်ကြီးက ဒီဇယ်ဆီကြော်အကြောင်း သိသော်လည်း မသိကျိုးကျွံ လုပ်နေခဲ့သည်။

တရုတ်ခေါက်ဆွဲမှုန့်ကို သူတို့က သည်အတိုင်းမစား။ ခေါ နည်းနည်းနှင့် ပြန်ကြော်ပြီးမှစားသည်။ ခေါက်ဆွဲမှုန့်ကို သည် အတိုင်း စားသည်ထက် ကြော်စားရသည်က အရသာတ မျိုး ထူးကဲသည်မှာ အမှန်။

သည်နည်းက အင်းစိန်ထောင်က ပါလာသည့်နည်း။

ခေါက်ဆွဲမှုန့်ကို ပြန်ကြော်စားသည့် နည်းမှာ အင်းစိန် ထောင်သို့ ရောက်ခဲ့ကြသည့် ငါးဖမ်းလှေမှ ထိုင်းလူ အချုပ်သားများ တီထွင်ခဲ့သော နည်းဖြစ်၏။

တီထွင်တုန်းက ခေါက်ဆွဲမှုန့်အကောင်းများကို ကြော်စား ခြင်း မဟုတ်ပါ။ မှိုတက်နေသော ခေါက်ဆွဲမှုန့်များကို မလွှင့် ပစ်နိုင်သောကြောင့် ဆီနှင့် ပြန်ကြော်စားရာမှ အရသာတွေ့

www.burmeseclassic.com



သွားပြီး နောက်ပိုင်း ဓားလှီးမုန့် အကောင်းများကိုလည်း ဆီနှင့်ပဲ ကြော်စားကြသည်။

ထွန်းကျော်က ဓားလှီးမုန့်ဆီကြော် လုပ်ထားသည်။

ဓားလှီးမုန့်ကြော်ကို 'ဒီဇယ်ဆီကြော်'ဟု အမည်ပေးထားသည်မှာ အကြောင်းရှိသည်။

သူတို့ မောင်းရသော မီးစက်တွင် အသုံးပြုရန် ဒီဇယ်ဆီများရသည်။ အပိုအလျှံလေးများ စုဆောင်းထားပြီး ရွာထဲသွားရောင်းလျှင် ငွေစက္ကူ ပြန်ခြင်းခတ်သည်။ ဒီဇယ်ဆီနှင့် ဖလှယ်လိုက်သည်မှာ ရလာသောငွေနှင့် ဆေးလိပ်၊ လက်ဖက်ခြောက် မုန့်ပဲသွားရည်စာများ ဝယ်သည်။

ဒီဇယ်ဆီရောင်းပြီး ဝယ်လာသည့် ဓားလှီးမုန့်ကြော်ကို ဖန်တီးထားသောကြောင့် 'ဒီဇယ်ဆီကြော်'ဟု အမည်ပေးထားခြင်းဟုပေါ့လို။

....၀....

ဓားလှီးမုန့်ကြော်နှင့် ရေနွေးကြမ်းဝိုင်းဖွဲ့ရင်း အရှည်ကြီးက မဆုံးသေးသော သူ့ဇာတ်ကြောင်းကို ပြန်ဆက်ခဲ့သည်။



လူမိုက်မဟုတ် ခါးပိုက်နှိုက်ဟုဆိုခဲ့သည့် ဦးဘအေးနှ လိုက်ခဲ့ရာ လူရောက်ကာပေါ ဥဒဟို ရှုပ်ထွေးနေသည့် ကာ လမ်းကို ဖြတ်ကူးခဲ့ကြသည်။

သိမ်ကြီးဈေး။

ရောင်းသူဝယ်သူများနှင့် ရှုပ်ထွေးနေသည်။ဆိုင်တိုင်းလို က သူတို့ရောင်းကုန်များကို ဆိုင်ပေါ်တွင်သာမက ဈေးဝ လာသူများ လှုပ်ရှားရာ ကျဉ်းမြောင်းသော လမ်းပေါ်သို့ သူတို့ပစ္စည်းများကို ချထားကြသည်။ တစ်ယောက်နှင့် တ ယောက် မျက်နှာချင်းဆိုင်မိလျှင် အရှောင်အတိမ်းရမလွယ် သိမ်ကြီးဈေးလို အမြဲမပြတ် လူစည်နေသည့်ဈေးမှာ ကြိ ကြိတ်တိုး ရှိနေသည်။

ညနေ ဈေးမပိတ်ခင်ကလေး ဝယ်သူတွေက အချိန်မီ ဝ ရွေး ဝယ်နေကြသည်။

ခါးများအကြိုက်။

လူတွေ ကြိတ်ကြိတ်တိုးသည့် နေရာတိုင်းတွင် ခါးမျ အလုပ်အလွန် ဖြစ်ကြသည်။

ခါးတို့၏ မျက်လုံးမှာ လူတွေတိုးနေသည့် နေရာကို ဖ ခန့် ရောက်တတ်သလို သူတို့ခြေထောက်များကိုလည်း အမြန် ဆုံး ရွှေ့လျားတတ်၏။

အရှည်ကြီးကို ခေါ်လာသည့် ဦးဘအေးက လူအုပ်ကြ ထဲကို တိုးဝင်လိုက်သည်။ သူ၏ လှုပ်ရှားမှုမှာ ခန့်ကိုယ်နှင့်

www.burmeseclassic.com

www.burmeseclassic.com



မလိုက်အောင် ပေါ့ပါးဖျတ်လတ်လှန်းသည်။ သူ၏လက်တစ်ဖက်က အရှည်ကြီးပခုံးကို မှေးကိုင်ထားရာမှကျန်လက်တစ်ဖက်နှင့် သူဘာလုပ်လိုက်သည်ကို အရှည်ကြီးလည်းမမြင်လိုက်၊ လူအုပ်ကြားထဲမှ သက်သက်ကလေး ပြန်ထွက် လိုက်ရသည်။

သူတို့ လူအုပ်ကြားထဲမှ ထွက်မိချိန်ရှိသေးသည့်အချိန်မှာပင် လူအုပ်ထဲမှကျက်စီကျက်စီ အသံများ ထွက်လာသည်ကို ကြားလိုက်ရ၏။

အရှည်ကြီးက သူ၏ရင်ဘတ်ထဲ ပစ္စည်းတစ်ခု ရောက်လာသည်ကို သိလိုက်သည်။

'အိတ်တစ်လုံး'

'မင်းစောစောက ထမင်းဆိုင်က ပြန်စောင့်နေ'

ဒါပဲပြောပြီး သူ့ပခုံးကို တွန်းလွှတ်လိုက်သည်။

အရှည်ကြီးလည်းတစ်ချိုးတည်းလစ်ခဲ့ရသည်။ အိတ်ကသူ့ဆီမှာ၊ မိသွားရင်မလွယ်။ ဘယ်သို့မှဖြေရှင်း၍ရမည်မဟုတ်။ လက်ပူးလက်ကြပ် အမိခံရမည်။အဘောအတီး ခံရမည်။

အဘောအတီးခံပြီးမှ အုတ်ရုံးကြီးထဲ သွားအိပ်ရမည်။

အရှည်ကြီးကနောက်ကြောင်းကိုလှည့်မကြည့်သလိုဘေးပတ်ဝန်းကျင်ကိုလည်း လုံးဝမကြည့်။ သူ၏ခြေထောက်များကို သွက်သွက်ကလေး လှုပ်ရှားနေရသည်။

ရင်ခုန်သံ ဘယ်လောက်မြန်နေသည်မသိ။ ရင်ခုန်သံကိုနားထဲမှာ ပြန်ပြီးကြားနေသလို ထင်ရသည်။

ရင်ဘတ်ထဲမှာ ရှိနေသည့် အိတ်ကလေးကိုလည်း မကြာခဏစမ်းကြည့်မိနေသည်။



မနက်က ထမင်းစားခဲ့သည့် ထမင်းဆိုင်ကိုဝင်လိုက်မိသည်နှင့် သူ၏မျက်လုံးနှစ်လုံး ပြူးထွက်သွားရသည်။

ဒူးယားစီးကရက်ခဲရင်း သူ့ကိုအပြုံးဖြင့်ဆီးကြိုနေသူမှာ နောင်တွင် သူ့ဆရာကြီးဖြစ်လာမည့် ဦးဘအေး။

'လာဟေ့ မောင်စိုးခိုင်'

'ဟာ....ဦးလေးက'

'အေး....လူဆိုတာ ဘာလုပ်လုပ် ဖျတ်လတ်လျင်မြန်ရတယ်ကွ'

အရှည်ကြီးက ခုံတစ်လုံးဆွဲပြီးသူ့ရှေ့မှာထိုင်လိုက်ရသည်။ သံပုရာရည်တစ်ခွက် ရောက်လာသည်။ ဒူးယားစီးကရက်ဘူးက စားပွဲပေါ်မှာ။

'ကဲ၊ မင်းချွေးတွေဘာတွေ သုတ်လိုက်ဦး၊ပြီးတော့သံပုရာရည်သောက် စိတ်ကိုငြိမ်ငြိမ်အေးအေးထား'

သူပြောပုံကအေးအေးဆေးဆေးတည်တည်ငြိမ်ငြိမ် ဘာမှမဖြစ်သည့် ပုံစံမျိုး၊ အိတ်အကြောင်းလည်းမမေး။

သံပုရာရည်သောက်ပြီး အတော်ကြီးကြာမှအရှည်ကြီးဒူးကို စားပွဲအောက်က သူ့လက်နှင့်တို့ပြီး တိုးတိုးလေးပြောလိုက်သည်။

'အိတ်ကို စားပွဲအောက်ကနေပေးတဲ့'

အရှည်ကြီးက အေးဘိလှမ်းကြည့်ပြီး စားပွဲအောက်မှာ[illegible] နေသည့် ဦးဘအေးလက်ထဲသို့ အိတ်ကလေး ထည့်ပေးလိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



သူကအိတ်ကို စားပွဲအောက်မှာပင်ဖွင့်ပြီး အထဲကပစ္စည်းများကိုထုတ်ယူလိုက်သည်။အရှည်ကြီးကမကြည့်ရဲ၊ ဘေးကလူတွေများမြင်သွားမလား စိုးရိမ်ပြီးသူ့ခေါင်းကို လှုပ်ရှားနေရသည်။

'စိုးခိုင် မင်းမျက်လုံးကို ငြိမ်ငြိမ်ထား'

ဦးဘအေးပြောလိုက်သည့်အသံမှာလေအေးကလေးနှင့်။

'မင်းစိတ်မငြိမ်ရင် သတင်းစာဖတ်နေ'

ပြောပြောဆိုဆို ထိုင်နေရာမှထပြီး နောက်ဖေးဘက် ဝင်သွားသည်။ ခဏအကြာတွင် ပြန်ထွက်လာသည်။

'မကျော့မေ ညနေစာ မစားတော့ဘူးဟေ့'

ဆိုင်ရှင်ကိုလှမ်းပြောဖြီး အရှည်ကြီးကိုထဖို့ မျက်ရိပ်ပြလိုက်သည်။ဆိုင်ပြင်သို့ထွက်ပြီး ကမ်းနားဘက်သို့ ခြေဦးတည့်လိုက်သည့်အတိုင်း အရှည်ကြီးကလည်းသူ့ဘေးကကပ်လိုက်ရသည်။

'မင်းဈေးဦးပေါက်ကမဆိုးဘူးကွ၊လေးရာကျော်လောက်ပါတယ်'

'ဟုတ်ကဲ့'

'ဒီနေ့ညစာကတော့ဟိုတယ်ထမင်းဟင်းပေါ့ကွာ'

သူတို့နှစ်ယောက်လမ်းလျှောက်လာစဉ် လမ်းမှာ တွေ့သူတိုင်းက ဦးဘအေးကို အပြုံးတဝေဝေနှင့် နှုတ်ဆက်ကြသည်။ ဘယ်သူကမှသူ့နာမည်ကိုမခေါ်၊ အားလုံးက ဆရာကြီးလို့ခေါ်ကြသည်။

မော်တင်တံတားအလွန်တွင် ရပ်ပြီး တံတားအောက်မှ ဖြတ်ထွက်လာသည့်သမ္ဗာန်ကို လှမ်းခေါ်လိုက်သည်။



သူကရှေ့မှဆင်းပြီး သမ္ဗာန်ပေါ် တက်လိုက်သည်ကြောင့် အရှည်ကြီးမှာလည်း သူလှုပ်ရှားသလို လိုက်လှုပ်ရှား လိုက်ရသည်။

အချိန်မှာ ညနေစောင်းလေပြည်လေညင်းလေး တရွေ့ရွေ့တိုက်ခတ်နေသည့် ဆည်းဆာချိန်ညိုးလျော့ချိန်။

နေလုံးကြီးမှာ ဖင်အို့ဆဲဆဲ၊အပူအားမပါသော ဒဲရောင်လွှင့်ပြာနေဆဲ။

'ဓနုဘက်ဆမ်လူ မတင့်နဲ့တော့ဟေ့၊ ခါတိုင်းလိုပဲ'

သမ္ဗာန်သမားကို အမိန့်ပေးရင်း ဓီးကရက်တစ်လိပ် မီးညှိပြီး ဘူးကိုအရှည်ကြီးဘက်ကမ်းပေးလိုက်သည်။

နိုင်ငံခြားကဒူးစရိုက်ခေါင်းဆောင်ကြီးများအနားယူသည့်အခါကိုယ်ပိုင်ရွက်လှေနှင့် ရွက်ဖွင့်အနားယူပြီး ပင်လယ်လေရှူကြသည်ဟု ဘာသာပြန်ဝတ္ထုထဲမှာဖတ်ဖူးသည်။

နောင်သူ့ဆရာကြီးဖြစ်လာမည့် ဦးဘအေးမှာကိုယ်ပိုင်ရွက်လှေမရှိပေမယ့် အငှားသမ္ဗာန်နှင့် မြစ်လေရှူပြီး အနားယူနေသည်။သူကသမ္ဗာန်ပေါ်မှာအေးအေးဆေးဆေး ဓီးကရက်ကို မျှင်းမျှင်းလေးဖွာပြီးမီးခိုးများကိုဖြည်းဖြည်းချင်းမှုတ်ထုတ်နေသည်။

စကားလုံးဝမပြော။

www.burmeseclassic.com

www.burmeseclassic.com



ဟိုဘက်ကမ်းရောက်တော့ သမ္ဗာန်သမားကို သူတို့ရောက်နေသည့်နေရာနှင့် ခေါ်လှမ်းရှိ ကျောက်ချ ထားသည့်ပင်လယ်ကူးသင်္ဘောကြီး တစ်စင်းဘက်သို့ခတ်ရန် ပြောလိုက်သည်။

သင်္ဘောကြီးနား မရောက်ခင် သမ္ဗာန်သမားက အမေးပုစ္ဆာထုတ်လာသည်။

'ဆရာကြီး သင်္ဘောကို ပတ်ရဦးမလား' တဲ့။

'အေး...ပတ်ကွာ၊ စောပါသေးတယ်'

သမ္ဗာန်သမားမှာ ဦးဘအေးအထာ သိပြီးသား၊ သူ့အမူအကျင့်ကို သိထားသမို့ မေးခွန်းထုတ်လိုက်ခြင်းပါ။

သူက အရှည်ကြီးကို လှမ်းပြောလိုက်သည်။

'ဒီမှာ...မောင်စိုးနိုင်၊ လူဆိုတာ ဘယ်သူမဆို ဇိမ်ယူချင်ကြတယ်ကွ၊ ချမ်းသာတဲ့လူတွေကချမ်းသာတဲ့အလျောက် ဇိမ်ယူကြတာပဲ၊ ငါက ကားကောင်းကြီးနဲ့ကန်တော်ကြီးတို့အင်းလျားတို့ပတ်ပြီး ဇိမ်မယူနိုင်တော့ မြစ်ထဲမှာသမ္ဗာန်စီးပြီးနေ့တိုင်း ဇိမ်ယူတယ်လေ၊ သူတို့ ခေတ်ဆီတစ်ဂါလံဖိုးလောက်တော့ ကုန်တယ်ကွ၊ တစ်ညနေကိုသုံးကျပ်၊ ဒီမှာရှိတဲ့ ကူးတို့သမားတွေကတော့ ငါ့အကြောင်း အကုန်လုံး သိနေပြီလေ၊ အလုပ်အဆင်မပြေတဲ့ အခါကျတော့လဲ အကြွေးပေါ့ကွာ၊ အဆင်ပြေတဲ့ အခါကျတော့လဲ သုံးကျပ်ရယ်မဟုတ်ပါဘူး၊ လေးငါးကျပ်ပေးလိုက်တာပဲ'



အရှည်ကြီးကဦးဘအေးကိုကြည့်ပြီး အတော်လေးသဘောတွေသွားသည်။ ဦးဘအေးက ဒုစရိုက်သမားဖြေမယ့်သူ့ကိုယ်သူ သူဌေးအသွင် ထင်နေသလား၊ ဒါမှမဟုတ် 'အနေခက်ပေမယ့် ရွှေထုပ်တဲ့မြပဝါလို' သဘောမူနေသလား မသိ၊ ကြံဖန်ပြီး ဇိမ်ယူတတ်သူဟု မှတ်ချက်ချလိုက်သည်။

ဦးဘအေးကို အရှည်ကြီးက သဘောတွေသွားပြီ။

ကိန်းကြီးခန်းကြီး မလုပ်။

ဖော်ရွေသည်၊ ပွင့်လင်းသည်။

လုပ်ရဲရဲ၊ ခံရဲရဲ စိတ်သဘောမျိုးရှိသည်။

အပေးအယူမျှလိမ့်မည် ထင်ရသည်။

ငို့ ဘဘမားပုံစံ မပေါက်။

ဒါကြောင့်လည်း တပည့်ခံဖို့ ဆုံးဖြတ်လိုက်သည်။

အရှည်ကြီး၏ ဆုံးဖြတ်ချက်နှင့် တစ်ပြိုင်တည်းလိုမှာပင် သူ့ဆီက အမေးစကား ထွက်လာသည်။ သင်္ဘောကြီးကို တစ်ပတ်ပတ်ပြီး ကမ်းဆီအပြန်တွင် အမေးစကား စလိုက်သည်။ အသွယ်အဝိုက်မပါတဲ့တိုး။

'မင်း ငါနဲ့နေမလား'

သည်သို့မေးပြီး အရှည်ကြီးက အဖြေပေးမည့်ဆဲဆဲ လေ... ပါးကာပြုပြီး ထပ်ဆင့်စကား ဆိုခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



'ငါက လူတစ်ယောက်ကို အတင်းအကျပ် မလုပ်ထားဘူး နော်၊ စားရအတူတူ မစားရအတူတူပဲ၊ ငါ့အလုပ်လဲမင်းသိ နေပြီ၊ စိတ်ဝင်စားတယ် ဖိတ်ပါတယ်ဆိုမှ ငါနဲ့တွဲ၊ မင်းကို ရှင်းရှင်းပြောမယ်ကွာ၊ ငါက အသက် နည်းနည်း ကြီးလာ တော့ အရင်လောက် မလှုပ်ရှားနိုင်ဘူး၊ အကူအညီလိုလာ တယ်၊ ငါ့တပည့်တွေတော့ ရှိတာပေါ့၊ အများအားဖြင့် သစ္စာမရှိကြဘူး၊ ရှိတဲ့ကောင်တွေလဲ ငါက သိပ်မသုံးချင်ဘူး၊ လူသစ်ပဲ တွဲချင်တယ်၊ မင်းတစ်စင်ထောင်နိုင်ရင် ငါနောက် ထပ်လူသစ်ရှာမယ်၊ မင်း နေရာရမယ်၊ ငါ့ဆီက ပညာရမယ်၊ ကဲ....ဘယ့်နှယ်လဲ'

အရှည်ကြီးအဖြေမှာ မဆိုင်းမတွ။

'ဟုတ်ကဲ့၊ ကျွန်တော် ဦးလေးနဲ့နေပါ့မယ်'

ထိုစဉ် သမ္ဗာန်ဦးက မော်တင်ဆိပ် တံတားဘေးရှိ အုတ်လှေကားထစ်များဆီသို့ ဦးတိုးလိုက်သည်။ သူတို့နှစ်ယောက် ကုန်းပေါ်တက်ခဲ့ကြသည်။

မှောင်ရီပျိုးစပြုလာပြီ။

လမ်းမီးများ ပွင့်လက်လာသည်။

'ဆာပြီလားဟေ့ မောင်စိုးခိုင်'

'မဆာသေးပါဘူး ဦးလေး'



'အိမ်ပြန်ရေမိုးချိုးပြီးမှပြန်ထွက်ကြတာပေါ့၊ အခြေအနေ ပေးတဲ့အခါ ကိုယ့်ကိုကိုယ်သန့်သန့်ရှင်းရှင်းသာ ပြီးမှ စားဖို့ရာ ဇိမ်ရှိတယ်ကွ၊ ဒါနဲ့ မင်းအဝတ်အစားတွေ ဘယ်မှာထား သလဲ'

သူငယ်ချင်းတစ်ယောက် အိမ်မှာပါ'

'သွားယူဦးမလား'

'မယူတော့ပါဘူး ဦးလေး၊ ခု ကျွန်တော်ဝတ်ထားတာ ကျွန်တော့် ဆီမှာရှိတဲ့ အကောင်းဆုံးအင်္ကျီနဲ့ လုံချည်ပါပဲ'

'ဒါဖြင့်လဲ လမ်းမတော်ပြင်မှာ စပို့ရှပ်တစ်ထည်လောက် ဝင် ဝယ်လိုက်တာပေါ့၊ လုံချည်ကတော့ အိမ်မှာအပိုတွေရှိတယ် ကွ'

ပြောပြောဆိုဆို ဦးဘအေးက သုံးဘီးတစ်စီး လှမ်းခေါ် လိုက်ပြီး ရှေ့ခန်းက တက်ထိုင်လိုက်သည်။

ကားနောက်ပိုင်းတွင်ထိုင်လာသည့် အရှည်ကြီးမှာ အတွေး ပေါင်းစုံ ရစ်သိုင်းလျက်။

လမ်းမတော်ပြင်ကိုခဏဝင်ပြီး ဆက်မောင်းခဲ့သည့်သုံးဘီးကား မှာ တာမွေမေတ္တာညွန့် ရပ်ကွက်ထိပ်မှာ ရပ်သွားသည်။

ဦးဘအေး ဝင်သွားရာလမ်းထဲသို့ သူပါလိုက်သွားသည်။ တရုတ္တ မိနိုမိုး၊ သုံးပင်အိမ်ကလေးကို အခန်းနှစ်ခန်းခွဲထား သည်။ ဦးဘအေးက အိတ်ထဲက သော့ထုတ်ပြီး သူ့အခန်းကို

www.burmeseclassic.com

www.burmeseclassic.com



ဖွင့်လိုက်၏။ အရှည်ကြီးက ဖိနပ်ချွတ်မှာပင် ရပ်နေသည်။ မီး လုံးသေး ပွင့်လာသည်။

ထူးထူးခြားခြား ဖော်ပြစရာ အိမ်ထောင်ပရိဘောဂရယ်လို့မရှိ၊ ပက်လက်ကုလားထိုင် တစ်လုံး၊ မည်ကာမတ်တတ် စားပွဲပုလေး တစ်လုံးသာရှိသည်။

'ထိုင်တော့....မောင်စိုးခိုင်၊ ဒါ ဦးလေးအုတ်ရိုးထဲရောက်မနေတဲ့အခါ နေတဲ့အခန်းပဲ၊ ဒီအိမ်က ဦးလေးပိုင်တာ၊ ဟိုဘက်ခန်းကိုတော့ လူငှားတင်ထားတယ်၊ အိမ်လဲ အစောင့်ရှိတာပေါ့၊ ဦးလေးတို့ဘဝက မရေရာဘူး မဟုတ်လား၊ မနက် အိမ်က ထွက်သွားပြီး ညနေ အိမ်ကို ပြန်ရောက်မယ်လို့ တွက်ထားလို့ရတာမှ မဟုတ်ဘဲကိုးကွ'

အရှည်ကြီးမှာ ဘအေးကိုကြည့်၍ ဒုတိယမှ အံ့ဩသွားရပြန်သည်။

ဒုစရိုက်သမားတို့မည်သည် ခြေသလုံးအိမ်တိုင် သမားတွေများသည်။ အိုးနှင့်အိမ်နှင့်နေသည့်တိုင် အိုးပိုင်အိမ်ပိုင်ရယ်လို့ မရှိ၊ ရရင်သုံးဖြုန်းပစ်ကြသည်၊ မရရင် ရှာသည်၊ ရှာရင်းဖွေရင်း လုပ်ရင်းကိုင်ရင်းအုတ်ရိုးကြီးထဲဝင်သွားရသည်။

ဦးဘအေးကတော့ တစ်ယောက်တည်း သမားဖြစ်ပေမယ့် အိမ်ပိုင်လေးတောင် ရှိလိုက်သေး။ ဒုစရိုက်သမားထဲမှာတော့ တစ်ဘာသာလို့ ပြောရမည့်သူ။



ရေမိုးချိုး အဝတ်အစားလဲပြီး ပြန်ထွက်ခဲ့ကြသည်။

ဟိုတယ်မှာ ပုလင်းလည်းထောင်သည်၊ အစားအသောက်တွေလည်း စုံအောင်မှာသည်။ ပြီးတော့ ဦးဘအေးက သူ့အကြောင်းကို အစုံအစေ့ ပြန်ပြောပြခဲ့သည်။

ဒုစရိုက်သမားတို့ပါးစပ်က ထွက်လာသည့် စကားများထဲတွင် ထူးထူးခြားခြား မှတ်သားစရာလေးများ ပါလာသည်။ အရှည်ကြီးက ရေနွေးကြမ်းလေးသောက်လိုက်၊ ဒိဇယ်ဆီကြော်လေး စားလိုက်၊ စီးကရက်ဖွာလိုက်နှင့် သူ့အကြောင်းပြောပြနေသည်ကို ထွန်းကျော်ရော တိုမှတ်ကြီးပါ ငြိမ်ပြီးနားထောင်နေကြသည်။

အရေးကောင်း ဒိန်းဒေါင်းဖျက်ဆိုသလို မီးစက်က ဖွတ်ချက်ဖွတ်ချက် အသံ ထွက်ပေါ်လာသည်။ အရှည်ကြီးမှာ ပြောလက်စ စကားဖြတ်ပြီး မီးစက်ထဲသို့ ကမန်းကတန်း ပြေးဝင်ရသည်။ သူ့နောက်က ထွန်းကျော်က ကပ်လျက်။

မီးစက်ကို ခဏရပ်ရမည်။

....ဝ....

www.burmeseclassic.com

www.burmeseclassic.com



ထွန်းကျော်ကို ထောင်မှူးလေးထံ သတင်းပို့ခိုင်းပြီး ဆရာကျော်အေးကိုပါ အခေါ်လွှတ်လိုက်ရသည်။

ထောင်မှူးလေး၏ အဆောင်မှူးများကို သတိလိုက်ပေးရင်း ဝါဒါများကို သတိဝီရိယရှိဖို့နှိုးဆော်ပြီး ထောင်မှူးကြီးထံ သတင်းသွားပို့လိုက်သည်။

ဆရာကျော်အေးလည်း ရောက်လာပြီ။

အရေးပေါ် အသက်လင်းမီးများထွန်းပြီးသည့်အချိန်တွင် မီးစက်ကိုရပ်လိုက်သည်။ မီးစက်ပြင်ဖို့ အသင့်ဖြစ်နေကြသော်လည်း စက်ကို ချက်ချင်း မကိုင်နိုင်သေး။ စက်အေးသွားအောင် စောင့်နေကြရသည်။

သူတို့သုံးယောက်မှာ ဆေးလိပ်ပင် မဖွာအား။ အေးစိမ့်နေသည့်ကြားက ချွေးပြန်အောင် အလုပ်ရှုပ်နေကြသည်။ တစ်ယောက်တစ်လက် ဇယ်ဆက်သလို မရပ်မနား လှုပ်ရှားခဲ့သောကြောင့် ညဉ့်တစ်ချက်ထိုးခါနီးကျမှ မီးစက်ပြန်မောင်းနိုင်ခဲ့သည်။

ဒါပေသည့် စိတ်မချရသေး။ မနက်ကျမှ သေသေချာချာ ပြင်ရမည်။ ဆရာကျော်အေးလည်း မပြန်။ ငတိုမှတ်ကြီးကို ထမင်းချက်ခိုင်းပြီး ရှိသည့်ဆီကလေးနှင့် ထမင်းကြော်စား၍ မိုးလင်းအောင်စောင့်ခဲ့ရသည်။

အရှည်ကြီးမှာ ပြောလက်စ သူ့အကြောင်းကို မဆက်နိုင်။ မီးစက်ထဲဝင်လိုက်၊ ပြန်ထွက်လိုက်နှင့် ဂနာမငြိမ်ဖြစ်နေရှာသည်။ မနက် အရုဏ်လင်းရောင်ခြည် ပေါ်လာတော့မှပဲ



တစ်ညဉ့်လုံး သောကနှင့် လုံးထွေးနေရသည့်များ ပြေလျော့သွားသည်။

ရဲဘက်စခန်းမှာ မီးကိုအထူးဂရုစိုက်ရသည်။

တစ်မီးထဲမဟုတ် နှစ်မီး။

ညဉ့်မီးလင်းအောင်ဂရုစိုက်ရသလိုနေ့ရောညဉ့်ပါ မီးလောင်မှု မဖြစ်ပွားအောင် ဂရုစိုက်နေရသည်။

လင်းရောင်ခြည် ပေါ်လာသည်နှင့် မီးစက်ကိုရပ်ပြီး အနားယူဖို့ အိပ်စက်ဖို့ မစဉ်းစားနိုင်ဘဲ။ မီးစက်ပြင်ရေးအတွက် လိုအပ်သည်များ အသင့်ပြင်ဆင်ကြရသည်။ သဘောကောင်းသည့် မီးစက်ဆရာ ဆရာကျော်အေးက တော့မှတ်ကြီးကို ပိုက်ဆံပေးပြီး ကြက်ရှာခိုင်းလိုက်သည်။ တစ်နေ့လုံး ပင်ပင်ပန်းပန်း လုပ်ရမည့်နေ့။ ဟင်းကောင်းလေးနှင့် စားပြီး လုပ်ချင် အလုပ်ပိုတွင်ကျယ်သည်။ ရဲဘက်စခန်းမှာက မီးစက်ကို ဇိမ်ဆွဲပြီး ပြင်၍မဖြစ်၊ ညဉ့်မီးလင်းမှ မီးတွေမှောင်နေလျှင် ပြေးချင်သည့် ငနဲများအတွက် အကွက်ရသွားမည်။

ဒါကြောင့် မီးစက်ကြီးကို အားသွန်ခွန်စိုက် မနားမနေ ပြင်ခဲ့ကြရာ သုံးနာရီထိုးခင် မီးစက်ကြီးမှာ ပုံမှန်အနေအထားအတိုင်း ပြန်၍ လည်ပတ်သွားသည်။

အရှည်ကြီးတို့ ခါးဆန့်ရပြီ။ အနားယူနိုင်ကြပြီ။

ရသလောက်အချိန် တစ်ရေးတစ်မောက် အိပ်စက် ထားရမည်။ ညကျရင်တော့ အိပ်၍မဖြစ်။ မီးစက်ကို ဂရုစိုက်ရမည်။ ခါတိုင်းလို မီးစက်တခြား လူတခြား သောင်းနေ၍ မဖြစ်။ မီးစက်နားမှာကို ရှိနေရမည်။

www.burmeseclassic.com

www.burmeseclassic.com



ထွန်းကျော်ကို လက်ဖက်သုတ်လေး အကြံအဖန်ဖြစ်အောင် လုပ်ခိုင်းလိုက်ရသည်။

ညစ္စဦးပိုင်း ထွန်းကျော်တို့အလှည့်ပေး အိပ်ခိုင်းပြီး အရုဏ်အလင်းရောင်လာမှ သူ ဝင်အိပ်မည်။

အဲသည်နေ့က သူတို့အမှတ်အပြည့် ရလိုက်ကြသည်။ ထောင်မှူးကြီးရော ဒုထောင်ပိုင်ကြီးပါ လာကြည့်ပြီး သူတို့အတွက် အထူးဆု မှတ်ရက်ပိုရအောင် ထောက်ခံပေးမည်ဟု အားပေးသွားသည်။ ညဥ့်ကျမှ မီးစက်ပျက်ရင် လုပ်ထားသမျှ သဲထဲရေသွန် ဖြစ်သွားတော့မည်မို့ တစ်ညဥ့်လုံးသူကိုယ်တိုင် မီးစက်နားတွင် နေမည်ဟု ဆုံးဖြတ်ထားလိုက်သည်။

ဆရာကျော်အေးနှင့် ထွန်းကျော်တို့မီးစက်ကြီးကို နိုးလိုက်တော့မှပဲ အရှည်ကြီးလည်းအိပ်ရာက နိုးလာသည်။ ခါတိုင်းလို အိပ်ရာက နိုးနိုးချင်းထလို့မရ။ မျက်စိတွေ ကျိန်းစပ်နေသောကြောင့် ခဏပြန်နှပ်နေလိုက်ရသည်။ အိမ်ရာက ထလိုက်သည့်တိုင် ကိုယ်လက်များ မအီမသာ ရှိနေသည်။ ရှိန်းတိန်းတိန်း ဖိန်းတိန်းတိန်း ဖြစ်နေသည်။

ထောင်ထဲမှာဖြစ်ဖြစ်၊ ရဲဘက်စခန်းမှာဖြစ်ဖြစ် ကိုယ့်ကိုယ်ကို ဂရုစိုက်နေမှ ဖျားရင်နာရင် မလွယ်၊ ပြုစုမဲ့ သူဆေးပေးမီးယူ လုပ်မည့်သူမရှိ။

အင်းစိန်ထောင်မှာတုန်းက သမဝါယမအမှုနှင့် ထောင်ထဲရောက်လာသော တိုင်းရင်းဆေးဆရာ ဦးညွန့်လှိုင်ပေးထားသည့်ငန်းနှက်ကြီးဆေးပုလင်းထဲကဆေးတစ်ခွက်စာပါ၊စပ်ထဲပက်ထည့်ပြီး ကျသစ်ခန်း လှူကြီးဘဝတုန်းက ကာကွယ်ရေး



ဗိုလ်တစ်ယောက်က ပေးထားသည့် သွယ်တာအင်္ကျီကြီးကို ကောက်စွပ်ထားလိုက်ရသည်။

ကျောရိုးထဲက ချမ်းစိမ့်စိမ့်ဖြစ်နေသည်မှာ မပြေချင်သေး၊ အပြင်မှာသာဆို စောင်ခြုံပြီးကွေးနေလိုက်မည်သာ။

ထောင်တို့ ရဲဘက်စခန်းတို့ဆိုသည်မှာ ကိုယ်နေချင်သလို ကိုယ့်သဘောနှင့်ကိုယ် နေလို့မရသောနေရာပါတည်း။

…○…

www.burmeseclassic.com

www.burmeseclassic.com

# အခန်း ( ၁၂ )

ညစာကိုလွှတ်လိုက်သည်။

ဖိုးကြီးက ဆန်နည်းနည်းတောင်းခိုင်းပြီး ဆန်ပြုတ်ပဲပြုတ်ထားလိုက်သည်။ ဆားဆန်ပြုတ်။ ဆန်ပြုတ်ပူပူလေးသောက်လိုက်တော့မှ ချွေးလေးဘာလေးပြန်ထွက်လာပြီး နေကောင်းထိုင်သာရှိသွားသည်။ ထွန်းကျော်ကို အလှည့်ပေး အိပ်ခိုင်းသော်လည်း ထွန်းကျော်က မအိပ်။ ထွန်းကျော်ဆိုသည့်အကောင်က အဖော်ကို ဒုက္ခပေးနိုင်သည့် အကောင်။ ဒါကြောင့်မို့လည်း ဒီကောင် ခရီးကြမ်းကို သွားနိုင်တာဖြစ်မည်။ သူက ခရီးကြမ်းသွားရင်း သောင်ကျလာသူ။

ကုန်းလမ်းခရီးကြမ်းက တစ်မျိုး။ ရေလမ်းခရီးကြမ်းက တစ်မျိုး။

ထွန်းကျော်တို့အဖွဲ့ အင်းစိန်ထောင်ပြောင်းလာတုန်းက တစ်တွဲကြီး။ သူတို့အဖွဲ့က (၁၄)ယောက်။ သူတို့အမှုကို မော်လမြိုင်မှာ စစ်ခဲ့သော်လည်း အမိန့်ချပြီး တစ်လအကြာ အင်းစိန်ထောင်ကိုပို့လိုက်သည်။



ထွန်းကျော်က မွန်လူမျိုး။ မော်လမြိုင်-ရေး လမ်းပေါ်ရှိ ပေရွာသား။

မွန်တိုင်းရင်းသားများ၏ အခြေခံမှာရိုးသားသည်။ အေးအေးလူလူ နေတတ်သည်။ ကျန်းမာရေး ကောင်းကြသည်။ အကြမ်းပတမ်း ခံနိုင်ကြသည်။ သူတို့ ရိုးရိုးစကားပြောသည်ကို မသိသူများကြားလျှင် ရန်ဖြစ်နေသည်ဟု ထင်ရလောက်အောင် အားမာန်ပါပါနှင့် စကားကို ကျယ်ကျယ်သောင်သောင်ပြောတတ်သည်။ အခြားသူကို ရန်မပြုတတ်သလို အခြားသူများက ရန်ပြုလာသည်ကိုလည်း မခံတတ်။ အခြားတစ်ပါးသို့သွားသည်ထက် မိမိတို့ဒေသကို ခင်တွယ်ကြသည်။

သို့သော် မှောင်ခိုလုပ်ငန်း ပေါ်လာသောအခါ မွန်တိုင်းရင်းသားများ၏ အခြေခံရိုးသားမှုများကို ငွေရှင်ကြေးရှင် မှောင်ခိုရာဇဝင်တို့က ဖျက်ဆီးပစ်လိုက်ကြသည်။

မော်လမြိုင်-ရေးလမ်းမှာ မှောင်ခိုလမ်း၊ မှောင်ခိုနယ်မြေဖြစ်ခဲ့ရာ ကိုယ့်ရပ်မြေ၊ ကိုယ့်ဒေသကို တွယ်တာခင်မင်သူ ထွန်းကျော်တို့မှာ ကိုယ့်ရပ်ကိုယ့်မြေ အပြင်ဘက်သို့ ခြေဆန့်ခဲ့ကြသည်။ ခြေကြောချဲ့ခဲ့ကြသည်။

ရေး-ထားဝယ်လမ်းရှိ 'ကလိန်အောင်'မှ ထိုင်းနယ်စပ်သို့ ခြေလျင်ခရီးနှင်ခဲ့ကြသည်။ နှစ်ညအိပ် သုံးရက်ခရီးမှာ ခရီးကြမ်း၊ တောင်ကိုတက်၍ ချောင်းကိုဖြတ်ရသည်။ တောင်ကြို ချိုင့်လျှိုကိုဆင်းရသည်။ အကြမ်းမခံနိုင်သူ၊ ငွေမရှိသူ၊ သားရဲတိရစ္ဆာန်ကြောက်တတ်သူများ လုံးဝ မသွားရဲသည့်ခရီး။

www.burmeseclassic.com

www.burmeseclassic.com



နားထဲက လေတဝူးဝူးထွက်အောင် ပင်ပန်းသည့် ခရီး။

အသွားခရီးတွင် ထမ်းပိုးသွားရသည့် 'ခဲ'အလေးချိန်မှာ စီးပိုးသည်။ အပြန်ခရီး သယ်ဆောင်လာရသည့် ပစ္စည်းက လေးသည်။ သို့သော် သူတို့မှာ စို့စို့ပို့ပို့မရ။ အသွားအပြန်မှ သုံးရာသာရသည်။ သူတို့က ငွေပင်ငွေရင်း ကိုင်ပြီး လုပ်နိုင်သူများမဟုတ်။ အငှားအထမ်းသမား။

ထွန်းကျော်မှာ ကုန်းလမ်းခရီးက နယ်စပ်ကို ရောက်ဖူး၍ ပြည်မအတွင်း မော်လမြိုင်အထိသာ ရောက်ဖူးသည်။ ရန်ကုန်ကို တစ်ခေါက်မှ မရောက်ဖူးခဲ့။

ဒါပေသိ ပင်လယ်ရေပြင်ကိုဖြတ်၍ နိုင်ငံရပ်ခြားကိုတော့ သွားချည်ပြန်လှည့် ရောက်ဖူးခဲ့သည်။

ပီနန်ကို ခဏခဏ၊ စင်္ကာပူကိုပင်ရောက်ဖူးခဲ့သည်။

ကုန်းလမ်းကသယ်ရသည်မှာတစ်ခေါက်တစ်ခေါက်ပစ္စည်း သိပ်မပါ။ မှောင်ခိုရာဇာတွေက စက်လှေကြီးတွေနှင့် ပင်လယ်ခရီးကိုဖြတ်ကြသည်။ အသွားတုန်းကစက်လှေအပြည့်၊ အပြန်ကုန်က စက်လှေအပြည့်၊ မှောင်ခိုရာဇာတွေ သိန်းချီရကြသည်။ စက်လှေသေးသေးက ကြီးကြီးဆောက်ကြသည်။

တစ်ခေါက်တစ်ခေါက် ပီနန်မှာဖြုန်းခဲ့သည့် ငွေတွေက မနည်း။ ပဲကအစ ရှောက်သီးအလယ်၊ ရာဘာအဆုံး၊ မြန်မာပြည်ထွက်ကုန်တွေ ပြည်တွင်းမှာ သုံးစွဲရမည့် ပစ္စည်းတွေ ဟိုရောက်ခဲ့သည်။



ပြည်တွင်းမှာ ကုန်ပစ္စည်းတွေ မတက်သင့်ဘဲ တက်တက်လာသည်။ မှောင်ခိုရာဇာတွေကြောင့် ကုန်ဈေးနှုန်းတွေ ကမောက်ကမ ဖြစ်ရသည်။

ပီနန်ကို အိမ်ဦးနှင့်ကြမ်းပြင်လို သဘောမှုပြီး သွားခဲ့ကြရာ ငွေစက္ကူတွေကို ဂုန်နီအိတ်နှင့် ထည့်ထားရသည်ဟု ပြောစမှတ် ရှိခဲ့သည်။

ဂုန်နီအိတ်နှင့် ထည့်ထားရသည့် ငွေစက္ကူများကို ထွန်းကျော်တို့မရ မှောင်ခိုရာဇာတွေကသာ ရကြသည်။ ထွန်းကျော်တို့ ရသည်မှာ ခေါက်ကြေး၊ တစ်ခေါက် အသွားအပြန် ထောင့်ငါးရာရသည်။ အပြန် ကိုယ့်အတွက် ပစ္စည်းလေး ဘာလေး အနည်းအကျဉ်း ဝယ်လာနိုင်သည်။

အဲဒီ ထောင့်ငါးရာကလည်း ကိုယ့်အတွက် အပြည့်အဝ ရပေမယ့် မိသားစုမှာမူ အကုန်သုံးရသည် မဟုတ်ပေ။ ရသည့်ငွေထဲက တစ်ဝက်လောက်က ပီနန်မှာ ပျော်ရှင်း ပါးရှင်း ထားခဲ့ရသည်။

အစပထမပိုင်းက သည်လမ်း သည်ခရီးမှာ အဖမ်းအဆီး အတော်နည်းသမို့ လှိုင်းဒဏ်၊ လေဒဏ်နှင့် မုန်တိုင်းဒဏ်ကိုသာခံရသည်။ တဖြည်းဖြည်း အဖမ်းအဆီးက ထူပြောလာသည်။ သဘာဝဘေးဒဏ်ကိုသာ မဟုတ်တော့ဘဲ ရေတပ်မတော် ကင်းလှည့်သင်္ဘောများကိုပါ ရှောင်ရတိမ်းရ ပုန်းရ အောင်းရနှင့် သွားရ လာရသည်မှာ တစ်ခေါက်ထက် တစ်ခေါက် ပိုခက်လာသည်။ အန္တရာယ် ထူပြောလာသည်။

www.burmeseclassic.com

www.burmeseclassic.com



သည်တစ်ခေါက်ပြန်ရင်တော့ တော်ပြီ။ ဒါနောက်ဆုံးအခေါက်ပဲ ဆိုရင်းဆိုရင်းမှ ထောင်ထဲ ရောက်လာခဲ့ရသည်။ ခုအဖမ်းခံလိုက်ရသည့် အခေါက်တွင် မြေပါလည်းဆုံး သားလည်းဆုံး အဖြစ်သို့ ရောက်ခဲ့သည်။

ခေါက်ကြေးမရှုံ့မကာ တောင်အတ်ငါးနှစ်ပါ ချခံလိုက်ရသည်။ ခုတော့ ရဲဘက်စခန်း ရောက်နေပါပြီ။

အရှည်ကြီးက လွတ်သွားရင်[illegible]မှောင်ခို ဆက်လုပ်ဦးမလား ပိန်နန်ကျ ပျော်စရာလေးတွေဆီ သွားဦးမလား မေးတိုင်း ထွန်းကျော်က သူ့ခေါင်းကို သွက်သွက်ကြီး ခါတတ်သည်။

'တော်ပါပြီဗျာ၊ ကျွန်တော်တို့ဘက်မှာနေလှန်းဆားပေါတယ်၊ ကိုယ့်လယ်ကိုယ်ပြန်လုပ်ရင် ထမင်းအတွက် ဆန်ရမယ် ဆားနဲ့ပဲစားတော့မယ် ကိုရှည်ကြီးရေ'

ဟုသာ အဖြေသွက်သွက် ပေးတတ်သည်။

မီးစက်မရောက်ခင်တုန်းက သစ်ပင်လှဲရသည့်အဖွဲ့မှာ လုပ်ခဲ့ရသည်။

'သစ်တစ်ပင်လှဲရတာ လယ်တစ်ပွဲထွန်ရတာထက် ပင်ပန်းတယ် ကိုရှည်ကြီးရေတဲ့....'

အဲဒီနောက် အကြမ်းပတမ်း ခံနိုင်သော ထွန်းကျော်လို ငနဲမျိုးပင် ရေရေလည်လည် ညည်းရသည့် ရေနက်ကြီးစခန်းမှာ အလွန်သက်သာသည့် မီးစက်မောင်းအလုပ်နှင့် အိပ်ရေးပျက်သည်ကို ထွန်းကျော်က အပျော့။



အရှည်ကြီးက ညဉ့်ဦးပိုင်း သွားအိပ်ခိုင်းသည်ကို မအိပ်၊ ငတိုမှတ်ကြီးနှင့်လေကန်ရင်း ရေနွေးကြမ်းနှင့် လက်ဖက်သုပ်များ လုပ်ပေးခဲ့သည်။

အရှည်ကြီးတို့ ဖြစ်တာပဲ တောင်းလို့လား၊ မီးစက်ကပဲ သဘောကောင်းလို့လား မသိ၊ မိုးလင်းသည့်တိုင်အောင် ဘာဒုက္ခ မပေး အိုကေ။

မီးစက်ကောင်းသွားသို့ ဂုဏ်ပြုသည့် အထိန်းအမှတ်ထင်ပ။ အရှည်ကြီးနှင့် ထွန်းကျော်တို့မှာ ထိုနေ့မနက်စာကို သူတို့ရနေကြ ပုံစံထမင်းအပြင် အထူးလူမမာအတွက် ပေးသည့် ဆေးရုံ ပုံစံကိုပါ ထပ်ဆင့်ရခဲ့ကြသည်။

ကြက်ဥနှစ်လုံး၊ ပေါင်မုန့်နှင့် နွားနို့။

နွားနို့၊ ကြက်ဥနှင့် ပေါင်မုန့်စားပြီး အရှည်ကြီးရော ထွန်းကျော်ပါ အိပ်ပျော်သွားခဲ့သည်။

ညနေ လေးနာရီထိုးခါနီးမှပဲ နိုးကြသည်။

ငတိုမှတ်ကြီးလည်း သူအကြံအဖန်လုပ်လာသည့် ဟင်းလျာနှင့်အတူ ရောက်လာသည်။

သူ အကြံအဖန်လုပ်လာသည့် ဟင်းလျာက တခြားလူတွေအတွက် အဆန်း၊ လှေလှော်အင်းနဲ့ ရေနက်ကြီးစခန်းက လူတွေအတွက်တော့မဆန်း၊ ရဲဘက်တိုင်း သောက်စားဖူးနေကြပြီ။

www.burmeseclassic.com

www.burmeseclassic.com



ဆန်ပြုတ်ရောင်းသည့် တရုတ်ဆိုင်များတွင် ငါးရံ့ တစ်ကောင်လုံးကို အရေခွံ ဆုတ်ပြီး ဆွဲထားသည်ကို တွေ့ဖူးပါလိမ့်မည်။

ငတိုမှတ်ကြီး ဆွဲလာသည့် ဟင်းလျာမှာ ငါးရံ့ အရေခွံ ဆုတ်ထားသလို ဖွေးဖွေး ဖြူနေသည်။ ငါးရံ့ထက်တော့ အကောင်ရှည်သည်။ အလုံးလည်း တုတ်သည်။

'မြွေတစ်ကောင်'

အရေခွံ ဆုတ်ပြီးသား မြွေတစ်ကောင်။

ထွန်းကျော် အလွန်ကြိုက်သည်။ မြွေသားကို မြွေသားပါလို့ မပြောရင် မသိအောင် ချက်တတ်သည်။ မြွေသားက ငါးရံ့သားလို မပေါ့ လေးလေးပင်ပင် ရှိသည်။ အရသာ ထူးကဲသည်။

ရန်ကုန်လိုမြို့ကြီးမှာ မြွေသားကိုရောင်းသူ မရှိသလို စားသူလည်း နည်းပါးလိမ့်မည်။ တွေ့သည်နှင့် နှာခေါင်းရှုံ့ကြလိမ့်မည်။

ဟောင်ကောင်တို့၊ စင်ကာပူတို့မှာ သည်အသားက အဖိုးတန်အသား၊ တော်ရုံလူ မစားနိုင်။ ကာမဂုဏ်တွင် မွေ့ပျော်လွန်းသည့် သူဌေးများသာ စားနိုင်ကြသည်။

ငတိုမှတ်ကြီး ရှာဖွေယူလာသည့် မြွေသားကြောင့် ရေနက်ကြီးစခန်းမှာ ဟောင်ကောင်၊ စင်ကာပူသို့ပမာ ဖြစ်သွားသလို သူတို့သုံးယောက်မှာလည်း ဟောင်ကောင်၊ စင်ကာပူက သူဌေးကြီးများသို့ ဖြစ်သွားရချေ၏။

....၀....

ထွန်းကျော်၏ မြွေသားဟင်းကြောင့်အရှည်ကြီးလည်းအာသွက်လျှာသွက်ရှိနေသည်။ ငတိုမှတ်ကြီး ဟိုဟာလေး နည်းနည်းထည့်လိုက်သည်ကို ထွန်းကျော်ပင် မသိလိုက်၊ အများကြီး မဟုတ်ပါ ဟင်းရည်ချိုရုံလေး လေးငါးဇယ်ဖတ်မျှသာ။

ဒါကြောင့်လည်း ခါတိုင်းဘာချက်ချက် အဖတ်ကုန်ပြီး အရည်ကျန်စမြဲရှိသော်လည်း ထိုနေ့က မြွေသားဟင်းမှာမူ အဖတ်ရောအရည်ပါ တက်တက်စင်ပြောင်သွားသည်။

အာသွက်လျှာသွက်ဖြစ်နေသည့်အရှည်ကြီးက ဘယ်သူကမှ တောင်းဆိုသမျှ မပြုဘဲ သူ့ဇာတ်လမ်းကို မှတ်တမ်းဆက်တင်သွားသည်။

ဒုစရိုက်သမားထဲမှာတော့ ဦးဘဒင်အားကို လူဆန်းကြီးဟု ဆိုရမည်။

www.burmeseclassic.com

www.burmeseclassic.com

'ငါ့မှာတော့ အိမ်မှိုင်လဲရှိတယ်ကွာ၊ ပိုက်ဆံမပေးဘဲ ထမင်းစားရတဲ့နေရာလဲ ရှိနေတယ်ကွာ၊ တစ်ကိုယ်ရေသမားမို့ ပူစရာမရှိဘူးပေါ့ကွာ၊ ဒါပေမယ့် ငါ့လက်တွေကဖြိမ်ဖြိမ်နေလို့မရဘူး၊ မနိုက်ရရင် လက်တွေဘူ ယိုင်းနေသလိုပဲ၊ ဒါကြောင့် နိုက်နိုက်ပေးရတယ်'

ဦးဘအေးပြောသွားသည့် ပိုက်ဆံမပေးဘဲ ထမင်းစားရတဲ့ နေရာဆိုသည်မှာထောင်မဟုတ်ပါ။

မနက်ကသူတို့စားခဲ့သည့် မေဒ်တင်ဆိပ်က ထမင်းဆိုင်။

ထမင်းဆိုင်ရှင် မကျော့မေမှာ မူလက ရထားလမ်းဘေးမှာခုံရှည်ချပြီး ထမင်းဆိုင်ဖွင့်ခဲ့ရသည်။ မည်ကာ မတ္တာထမင်းဆိုင်၊ ဒါပေသိမကျော့မေ ထမင်းဆိုင်ကလေးက တခြားဆိုင်များနှင့်မတူ ထူးခြားနေသည်။ တခြားဆိုင် ဟင်းအိုးတွေကအိုးအမည်းတွေ၊ ပန်းကန်ခွက်အစ ဆိုင်ခင်းကျင်းပုံမှာသပ်သပ်ရပ်ရပ်မရှိ ဖြစ်ကတတ်ဆန်းချက်ပြီးဖြစ်ကတတ်ဆန်းရောင်းကြသည်။

ဈေးပေါပေါနှင့် အဝစားရောင်းရသမို့ တွက်သားကိုက်အောင်ချက်ရသည်။ဆိုင်ကိုလှလှပပ ခင်းကျင်းဖို့မလို၊ ပါစကလေးပါ တွဲရောင်းသမို့ ပါစကာ ကြိုက်သူများ၏ ဆိုင်အခင်းအကျင်းကို အလေးမထား၊ အိုးတွေမည်းနေတာကို မကြည့်။ တစ်နေ့လုံးပင်ပန်းလာကြသဖြင့် ပါစကနှင့်ပင်ပန်းမှုကို ဖြေဖျောက်ရသည့် သူများဖြစ်ရာ ချဉ်ချဉ်တူးတူး၊ ဈေးမထူကြ၊ ဈေးပေါပေါနှင့် ဗိုက်ဝရင်ပြီးရော။



မကျော့မေဆိုင်ကသန့်လို့မဘုံ၊ ခင်းကျင်းထားပုံမှာ သပ်သပ်ရပ်ရပ်ရှိသလို ဟင်းအိုးတွေကလည်း ပြောင်ပြောင်လက်လက်ရှိနေသည်။သနပ်ခါးဖွေးကျဲ အမြဲလိမ်းထားသည့်မကျော့မေမျက်နှာကလည်း ဘယ်အချိန်ကြည့်ကြည့် ယဉ်ယဉ်ပြုံးပြုံးရွှင်ရွှင် ရှိနေသည်။ မကျော့မေ၏ မျက်နှာပေါ်က အပြုံးမှာ ထမင်းလုပ်ယူထားသည့် အပြုံးမဟုတ်၊ နဂိုရှိအပြုံး။

စေတနာပါသည်ဟု ဆိုရမလားမသိ၊ မကျော့မေချက်သည့်ဟင်းများမှာ အရသာရှိသည်။ ရေကျန်ဆီကျန်ဆိုပေသိ ရေချည်းမဟုတ် ဆီကိုပါမြင်ရသည်။

ကမ်းနားဘက်တွင်ကျက်စားနေသည့် ဦးဘအေးကတစ်နေ့ တွင်အခင်းအကျင်းသန့်ပြန့်သော မကျော့မေဆိုင်မှာ ထမင်းဝင်စားရင်း ကျော့တွေ့သွားသည်။

'ခင်ဗျားဆိုင်မှာစားရတာ ထမင်းမြိန်တယ်ဗျို့'

ဟု ယုတ်ဖော်ချီးကျူးသွားခဲ့သည်။

နောက်တော့ မကျော့မေဆိုင်မှာ ဦးဘအေး၏ ဖောက်သည့်ဆိုင် ဖြစ်ခဲ့ရာမှ ဦးဘအေးက ပါးစပ်ကဘာမှ ချီးကျူးရုံ တင်မက လက်ကပါ ကူညီခိုက်သည်။

တစ်နေ့။

ပုဆိုးဝတ်သတော်ကဆင်းလာသူ အဒေါ်ကြီး ထမ်းယောက်၏ အိတ်ကို ခွဲလိုက်ရာမှ ထင်တာထက်ပိုပြီး ရလိုက်သည်။ ငွေပေါ

www.burmeseclassic.com



မကတစ်သောင်းကျော်တန် စိန်လက်ကောက် တစ်ရံ ပါ ပါလာသောကြောင့် မကျော့မေကို ငွေနှစ်ထောင် ထုတ်ပေးပြီး၊ လက်ရှိနေရာတွင် ထူတူတန်တန် ထမင်းဆိုင်ဖွင့်ခိုင်းလိုက်သည်။

မကျော့မေကို ငွေထုတ်ပေးစဉ်က ပြောပုံကိုကြည့်ဦး။

'ဒီငွေကို ကျုပ်ပေးတာက ချေးတာလဲမဟုတ်ဘူး၊ အလကားပေးတာလို့လဲမထင်နဲ့၊ အပေးအယူနဲ့ပေးတာ၊ ပြန်ပေးစရာမလိုဘူး၊ တစ်ခုတော့ရှိတယ်၊ ကျုပ်ကို ကျုပ်စားချင်တဲ့ဟင်းနဲ့ ထမင်းနှစ်နပ် အမြဲတန်း အလကားကျွေး၊ ဘယ့်နှယ်လဲ မကျော့မေ ကျုပ်ပြောတာ သဘောကျရဲ့လား'

မကျော့မေခမျာ ပါးစပ်အဟောင်းသားနှင့်ဘာပြန်ပြောရမှန်းမသိ၊ ဦးဘအေးမူးမူးနှင့်ပေါက်ပြီး ပြောချင်ရာတွေပြောနေသလားဟု ထင်ခဲ့သည်။ မကျော့မေက မုဆိုးမ၊ သမီးပျိုလေးတွေလည်း ရှိနေသည်။ အပင်ကို လိုချင်တာလား၊ အသီးကိုချိုင်ချင်တာလား၊ စဉ်းစားရပြီ၊ ဦးဘအေး ပြောသည်ကို ချက်ချင်းခေါင်းမညိတ်လိုက်နိုင်။

'ကျေးဇူးတင်ပါတယ် ဦးဘအေးရယ်၊ ဖြစ်ပါ့မလားစဉ်းစားပါရစေဦး၊ တော်ကြာငွေပြန်တောင်းရင် ကျွန်မတို့မှာ'

'ဘာလဲ ခင်ဗျားက ကျုပ်ကိုအထင်သေးလို့လား၊ ကျုပ်က လူဆိုးမေမယ့်ရှုံ့ ချည်နှပ်ချည် မလုပ်တတ်ဘူးဗျ၊ ကျုပ်ကလဲ ဒီပိုက်ဆံကို အလကားရတာ၊ ကျုပ်အလုပ်မလုပ်နိုင်တဲ့အခါ ထမင်းအတွက် မပူရအောင် ပေးထားတာ၊ စေတနာချည်းသက်သက် မဟုတ်ဘူး၊ ခင်ဗျားချက်တာပြုတ်တာ ကျုပ်ပါးစပ်နဲ့ တည့်လို့ပဲ'

သည်နောက်ပိုင်းမှာတော့ မကျော့မေက လက်ရှိနေရာမှာ တူတူတန်တန် ထမင်းဆိုင် ဖွင့်လိုက်နိုင်သည်။

ထုံးစံအတိုင်း ပတ်ဝန်းကျင်၏ အပြောတော့မလွတ်။

မကျော့မေနှင့်အာလိုလို၊ သမီးများနှင့် ဘာလိုလို၊ သတင်းစကား အဖျဉ်းစကားများ သောသောညံ အောင် ထွက်လာသည်။

ဦးဘအေးက သမီးတွေကိုလည်းမမှန်း၊ မကျော့မေကိုလည်းမမှန်း၊ သူရည်မှန်းသည်ကထမင်းဟင်းကောင်းကောင်းအခမဲ့ စားရရေး ရည်ရွယ်ချက်သာရှိကြောင်း သိလာကြသည့်အခါ အတင်းအဖျင်းစကားများအစား သည်လူကြီးက ခပ်ကြောင်ကြောင်လူပေါကြီးပါဟု ကင်ပွန်းတပ်၍ ဦးဘအေး ထမင်းဆိုင်ထောင်ပေးသည့်ကိစ္စကို တစ်ခန်းရပ်လိုက်ကြသည်။

အိုးဘရုန်ဒီကို မှန်မှန်ဆွဲရင်း ဦးဘအေး ပြောပြသည်များကို နားထောင်နေသည့်အရှည်ကြီးမှာ ဦးဘအေးအပေါ် စိတ်ဝင်စားမိ အထင်ကြီးမိရသည်။

ဦးဘအေးက သူ့ကိုကျုံးသွင်းနေသလားဟူသော သံသယ စိတ်မှာလည်း တဖြည်းဖြည်း ပြေလျော့လာသည်။

အစားအသောက်ဝိုင်းကမထခင် ဦးဘအေးက အရှည်ကြီးကို ငွေတစ်ရာထုတ်ပေးခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



'ရော့၊ ဒါမင်းအတွက်၊ နေ့ခင်းကအလုပ်ဖြစ်တဲ့ အထဲက ဝေပုံခွဲပေးတာပဲ၊ ကျေနပ်ရဲ့လား'

'ဟာ... ဦးလေးကလဲ ဘာလို့မကျေနပ်ရမှာလဲ ကျွန်တော်က ဘာမှ မလုပ်ရဘဲ ဦးလေးဝယ်ပေးတဲ့ အင်္ကျီတစ်ထည်လဲ ရပြီးပြီ၊ မနက်စာ ညစာလဲ ကောင်းကောင်း စားရပြီ၊ ဒီငွေကိုတော့ ကျွန်တော်မယူပါရစေနဲ့တော့'

'ဒီမှာ မောင်စိုးနိုင်၊ အလုပ်ဟာအလုပ်ပဲ၊ ရှင်းရှင်းပြောရရင် နေ့ခင်းကအလုပ်မှာ နိုက်အောကင်ပါ၊ ပစ္စည်းကို အလွဲအပြောင်း ယူသွားတာကမင်း၊ မိသွားရင် လက်ထိပ်လက်ကြပ် ပစ္စည်းနဲ့ အတူရှိနေတဲ့မင်းက ဖိခံရမှာ၊ ဒါပေမယ့် မင်းက လက်သင် တပည့်တော်ခ မဖြစ်သေးတော့ မေးစရာမလိုဘူး၊ ခုမင်းကို ငါပေးတာက ဝေစုအနေနဲ့ မဟုတ်ဘူး၊ မနက်ဖြန် မင်းအဝတ် အစား ဝယ်ဖို့ကွ၊ တောင်းမှာအကွပ် လူမှာအဝတ်ဆိုတာ တို့လုပ်ငန်းမှာ ပဓာနအကျဆုံးပဲ၊ စုတ်စုတ်ပြတ်ပြတ် ဝတ်ပြီး လူတစ်ယောက်နား ကပ်သွားတာနဲ့ အကပ်ခံရတဲ့လူက အထင် သေးသွားပြီး အလုပ်ဖြစ်ဖို့မလွယ်တော့ဘူး၊ နက်ဖြန် အဝတ် အစား ဝယ်ပြီးရင် မင်းကိုယ်မင်း သူဌေးသားတစ်ယောက် ပုံစံအပြည့် ဖမ်းထားရမယ်၊ နောက်ပိုင်း အလုပ်သဘော အားလုံးပါ သင်ပေးမယ်'

သူတို့နှစ်ယောက် ဆိုင်ထဲက ထွက်လာသည့်အချိန်မှာ ညဉ့် ဆယ်နာရီခွဲကျော်ပြီ။



အဲသည်နေ့ကစပြီး အရှည်ကြီးတစ်ယောက် ခါးသောကာထဲ ကို ရောက်ခဲ့သည်။

နေတော့ဦးဘာသာနှင့်အဘူဘူ၊ စားတော့ ဒေါ်ကျော့ခမ ဆိုင်မှာ၊ အရှည်ကြီးအတွက် စားဝတ်နေရေး အားလုံးအဆင် ပြေသွားသည်။

အလုပ်ခွင် ဝင်ရေးကိုသာ မျှော်မှန်းပြီး ကြိုးစားရတော့ မည်။

အရှည်ကြီးက သူ့ဘဝရှေ့ရေးကို အသေးအနုက်စဉ်းစား သင့်သော်လည်း မစဉ်းစားခဲ့။ ပုဂ္ဂိုလ်ခင်မှ တရားမင်သည် ဆိုသော ပမာစကားအတိုင်း ဦးဘအေးအပေါ် အထင် ကြီးပြီး ခင်မင်မိပြီမို့ အတူတွဲ၍ ခြေသိတိုင်လိုက်ဖို့ ဆုံးဖြတ် လိုက်၏။

ထောင်ဆိုသည်မှာ အဝင်လွယ်သလောက် အထွက်ခက် သည်ဟု ဆိုကြသလို ဒုစရိုက်လောကသည်မှာ နွံထဲကျွံသွား သည့် ခြေထောက်လို အနုတ်ရခက်ပေတော့၏။

...၀...

www.burmeseclassic.com

www.burmeseclassic.com



ဦးဘအေး၏ အရှည်ကြီးကို လက်တွေ့အလုပ်ခွင်သို့ မဝင်ရသေးဘဲ အာတွေ့လက်ချာ သင်တန်းပေးခဲ့သည်မှာ ငါးရက် ရှိပြီ။

'ဒီမှာ မောင်စိုးနိုင်၊ ခါးပိုက်နှိုက်တို့တတ်အပ်တဲ့ အတတ်ပညာဆိုတာ အစမရှိသလို အဆုံးလဲ မရှိဘူးကွ၊ ဒီလိုလုပ်ရမယ်၊ ဟိုလိုလုပ်ရမယ်လို့ တရားသေ မှတ်ထားလို့လဲ မရဘူး၊ အလေ့အကျင့်ကနေ အခြေအနေပေးသလိုလုပ်ရတယ်၊ အနေအထားပေါ် မူတည်ပြီး လုပ်ရတယ်၊ လုပ်ဖို့ အခါသင့်မသင့် ဒက်ခနဲသိရသလို လုပ်ဖို့ဆုံးဖြတ်ချက်လဲ မှန်ရမယ်၊ ဆုံးဖြတ်ပြီးတာနဲ့ လုပ်တာဟာ တစ်ပြိုင်တည်းဖြစ်ရမယ်၊ ဒီအလုပ်က စိတ်ကိုပိုင်ရမယ်၊ လက်ကိုနိုင်ရမယ်၊ အထူး အရေးအကြီးဆုံးကတော့ ကိုယ်လုပ်မယ့်ပတ်ဝန်းကျင်မှာ ကိုယ့်လိုလူ ရှိ၊ မရှိ အကဲခတ်တတ်ဖို့ပဲ၊ ခါးချင်းဆုံရင် ဓားချင်း ဆိုတတ်တယ်'

သည်သို့အပြောနှင့် လက်တွေ့အလုပ်ကို ပူးတွဲသင်ပေးခဲ့ရာ တစ်လအတွင်း 'ဟောဒီမှာဦးလေး ဒီနေ့ကျွန်တော်ရလာတာ' ဟု ဆရာ့ကို မျက်နှာပြန့်လုပ်နိုင်သည့်အဆင့် ရောက်လာသည်။ တစ်လ၊ နှစ်လမှခြောက်လ၊ ခုနစ်လသို့ ရောက်လာသည့်အခါ အချိန်ကြာမြင့်လာသလို အလုပ်ဝါရင့်လာသည်။

ခါးလောကတွင် နာမည်လေးထွက်စ ပြုလာပြီ။

လူဆိုးထိန်းများ၏ မျက်ဝန်းထဲမှာ အမှတ်အသားပြုသူ ဖြစ်လာသည်။



ခု၊ သူက ဆရာဦးဘအေးနှင့်တွဲရသော အဆင့်ကို လွန်လာပြီ။ တစ်ကိုယ်တော်မင်းသား ဖြစ်လာသည်။ မိုးလင်းကိုထွက် တစ်ခါတလေ ထမင်းဆိုင်မှာ ဆုံမိကြသည်။ တစ်ခါတလေ အိမ်ပြန်မှ ဆုံမိကြသည်။

အရှည်ကြီးမှာ ခါးလိုင်းပေါ်မှာ စွယ်စုံမင်းသားတစ်ယောက် ဖြစ်လာသည်။

သို့သော်....

အလွန်လည်ပတ်သော လူလိမ်။

အလွန်တော်သောသူခိုး။

အလွန်ထူးချွန်သော ခါးပိုက်နှိုက်။

အလွန်ပိရိသော ဓားပြ။

အလွန်ကျွမ်းကျင်သော ဖောက်ထွင်းဝိဇ္ဇာ။

ရှစ်စပ်ကရင် ခြေလည်သော မှောင်ခိုရာဇာ။

စသည့် စသည့် ဒုစရိုက်သမားအားလုံးမှာ ထောင်ထဲသို့ မဝင်ခဲ့ရဖူးသူဟူ၍ မရှိရာ။

အရှည်ကြီးလည်း ထောင်ထဲသို့ ဝင်ခဲ့ရသည်မှာ နှစ်ကြိမ် ရှိပြီ။

ပထမတစ်ကြိမ်တွင် လူဆိုးထိန်းကဖမ်း၍ ထောင်ထဲဝင်ခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒုတိယတစ်ကြိမ်တွင်မူ လူအုပ်ထက်ထဲ ရောက်သွားသဖြင့် အိစက်နေအောင် ခံလိုက်ရသည်။ ရဲစခန်းသို့ ရောက်သည့်အချိန်တွင် နှာခေါင်းက ပါးစပ်ထဲက ခေါင်းက သွေးများပင် မတိတ်သေး။ လှိုင်းကြီးအဖြူ လက်တို အင်္ကျီမှာ အဖြူနှင့်အနီ ကွက်တိကွက်ကြားရှိနေ၍ အဖြူရောင်ထက် အနီရောင်က ပို များနေသည်။

ခါးလောက်မှာ ဆိုစကားရှိသည်။

'အဖန်ကောင်းရင်တစ်ကွက် အဖန်မကောင်းရင် ခံလှည့်'

အကြံအဖန်ကောင်းသည့် နေ့တွင် တစ်ကွက်ထ၍မိလိုက်တော့ပြီ၊ အဖန်မကောင်းလျှင် မိပြီဆိုရင် ရေရေလည်လည် ခံရမရော့။

ဒုတိယတစ်ကြိမ်အဖန်မကောင်းခဲ့သောကြောင့်သွေးအလူးလူးနှင့် ခံလှည့်မိပြီး ထောင်ထဲဝင်ခဲ့ရသည်။

သူ့ဆရာ ဦးဘအေးကမနေပါ။ ထောင်ဝင်စာလည်း လာတွေ့သည်။ ရှုံးမှာလည်း လိုက်ပေးသည်။ အရိုက်အနှက် အထုအထောင်း ခံရသည့်ဒဏ်ကိုတော့ သူက ဝင်ခံလို့မရ။ ကိုယ်ပဲခံရသည်။

မိုးဘာမက်အလိုလက်သီးမျိုး မိလိုက်သလားမသိ ဘယ်ဘက် နှုတ်ခမ်းထောင့်တွင် ကွဲထွက်သွားသည့် ဒဏ်ရာမှာ ထောင် အပြင်သို့ ပြန်ထွက်လာသည့်တိုင် ချုပ်ရာအလေး ပါလာ ခဲ့သည်။



နောက်တစ်ကြိမ် အစမ်းခံရမှု ထင်ရှားသော အမှတ်အသား မေးချောင် နှုတ်ခမ်းကွဲကလေး ဖြစ်လိုက်ရသော။

သည်နေရာအရောက်တွင် အရှည်ကြီးက သူ၏ဇာတ်လမ်းကို အဆုံးမသတ်ဘဲ ရပ်ထားလိုက်၏။

ဒုတိယအကြိမ် ထောင်ထဲ မရောက်ခင် တွယ်လာသည့် သံယောဇဉ်ကြိုးလေးတစ်ချောင်းမှာ သူ၏ နှလုံးသားကို ရစ်ပတ်မိခဲ့သည်။

လူသားပီသသော အရှည်ကြီးက နှလုံးသားရေးရာကို မျက်ကွယ်မပြုနိုင်၊ ယောကျ်ားသဘာဝ အပေါ်အပါးနှင့် မသတ်ကင်းသော်လည်း အတည်အကျ ချစ်ရမည့်သူကို တွေ့ သည့်အခါ သူ၏နှလုံးသားမှာ ထူးထူးထင်ထင်ကလေး လှုပ်ခတ် သွားရသည်။

ရမ္မက်ဆန္ဒလှုပ်ခတ်မှုနှင့် နှလုံးသားမေတ္တာ၏ လှုပ်ခတ်မှုမှာ မတူညီသလို ခံစားမှုချင်းလည်း ခြားနားလှန်းပါသည်။ ခဏ တွေ့၍ ခဏပျော်ပါးပြီးသည့် ခံစားမှုမှာ ချက်ချင်း ပျောက် ကွယ် သွားသော်လည်း နှလုံးသားမေတ္တာရှင်ကိုမူ မေ့ပျောက် အောင် ကြိုးစား၍မရနိုင်ရောပေ။

....o....

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၃ )

ခါးဝိဇ္ဇာဘအေး၏အတူနေတပည့်အဖြစ် လှေဦးဖို့ စီသလို၊ လှေဦးခြေဒက် ခြောက်သလို နေခဲ့ရာမှ မအုန်းခင်နှင့် တွေ့ခဲ့ကြသည်။

တွေ့စတုန်းက ရင်ထဲမှာ ခံစားမှုဘယ်လိုမှမရှိ။

ဒေါ်ကျော့မေဆိုင်ကို ထမင်းစားသွားတိုင်း မအုန်းခင်ကို တွေ့ရသည်။ မအုန်းခင်ကို တွေ့သည်မှာ တစ်ယောက်ချင်း ဆုံမိ တွေ့မိရသည်မဟုတ်။ မော်တော်ဂိုဒေါင်များ ကြားတွင် ပဲရွေးနေသည့် အမျိုးသမီး အုပ်စုကြီးနှင့်အတူ တွေ့ရခြင်းဖြစ်သည်။ တူပိန်းနေသည့် သနပ်ခါးပါးကွက်ကြီးများနှင့် ပဲရွေး၊ ဆန်ရွေးနေသည့် အမျိုးသမီးအုပ်စုကို ဂိုဒေါင်ထဲမှာ တွေ့ရသလို ဂိုဒေါင်တွေအကြား လမ်းပေါ်မှာလည်း တွေ့ရသည်။

မအုန်းခင်တို့က ကုန်သည်ရေးက နေ့စား အလုပ်သမတွေ။

ထမင်းစားနားချိန်တွင်ဂိုဒေါင်နှစ်လုံးထိပ်ရှိအရိပ်ကောင်းသော ညောင်ပင်ကြီးအောက်မှာ လက်ပံပင် ဆက်ရက်အုပ်



ကျသလို စကားတွေဖောင်လောက်အောင် ပြောပြီး ထမင်း ဝိုင်းဖွဲ့ကြသည်။

ဆန်ပြာနေရင်း၊ ပဲရွေးနေရှင်း တေးဆိုကြသည့် အသံကြောင့် ထိုအနီးအနားမှ ဖြတ်သန်းသွားသူတိုင်း၏ မျက်လုံး အစုံမှာ သူတို့ရှိရာသို့ အလိုအလျောက် ရောက်သွားရသည်။

အရှည်ကြီး ထမင်းစားဖို့ ဒေါ်ကျော့မေဆိုင် သွားတိုင်း ထိုအနားမှ ဖြတ်သွားရသမို့ သူ၏ မျက်လုံးများမှာလည်း အမျိုးသမီးအုပ်စုရှိရာသို့ ရောက်သွားရသည်။

မအုန်းခင်နှင့် မျက်လုံးချင်း ဆုံမိရသည်။ ရင်မခုန်ပါ။

တစ်ခါ၊ နှစ်ခါ၊ သုံးခါ၊ လေးခါမှ အရေအတွက် မမှတ်မိလောက်အောင် တွေ့ဖန်များလာသောအခါ မအုန်းခင်ကို ထွင်းဖောက် သတိထားမိရသလို ရင်ထဲမှာလည်း နွေးတေးတေး ဖြစ်လာသည်။

မအုန်းခင်ကလည်း သူလိုပဲ ခံစားရလေသလား မသိ၊ သူလာတတ်သည့်အချိန်တွင် ဂိုဒေါင်ရှေ့မှာ ရှိနေတတ်ရုံမက စကားပြောသော မျက်လုံးက အမြဲလှုပ်ရှား နေတတ်သည်။ နှုတ်ခမ်းအပြုံးက တစ်နေ့ထက်တစ်နေ့ပို၍ ထူးကဲလာသည်။

ထိုမှဒေါ်ကျော့မေသမီးကတစ်ဆင့် အရှည်ကြီးအကြောင်း မေးလာသည်။ လူပျိုလား၊ အိမ်ထောင်နဲ့လား၊ ဘယ်မှာ နေသလဲ၊ ဘာလုပ်သလဲ၊ သည်သို့မေးလာသည့် သတင်းစကား မှာ အရှည်ကြီးနားသို့ ပေါက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com

ဒေါ်ကျော့မေ သမီးကလည်း ပါးပါးနုပ်နုပ်ပဲ အဖြေပေးလိုက်သည်။ သို့အဖြေ ပေးရာတွင် တစ်ခုတော့ လိမ်လိုက်ရသည်။

အရှည်ကြီးရဲ့ အလုပ်အကိုင်။

အလုပ်သလဲ အမေးကို ပွဲစားဟု ဖြေလိုက်သည်။

မအုန်းခင်က မချော့ပါ၊ မလှပါ။

ရှက်ကြမ်းရေချိုး ရုပ်ရည်ပဲ ရှိပါသည်။ ဒါပေသိ သူမ၏ ဖြူဝင်းသော အသားနှင့် လည်နေသော မျက်လုံးနှစ်လုံးက အယ်သူမလှလှ လှလှ အရှည်ကြီး မျက်လုံးထဲမှာ လှနေသည်။

တတိယအကြိမ် ထောင်ထဲရောက်ခဲ့သည်မှာ 'ခါးမှု' နှင့် မဟုတ် မအုန်းခင်ကြောင့်။

ဒေါ်ကျော့မေသမီး ကောင်းမှုကြောင့် သူတို့နှစ်ယောက်မှာ စာတစ်စောင် ပေတစ်ဖွဲ့ မလုပ်ရဘဲ ချစ်သူများ ဖြစ်လာကြသည်။

သူတို့နှစ်ယောက်မှာ တခြားအခြားသော အတွဲများလို တွေ့ကြဆုံကြဖို့ ချိန်းစရာမလို။ အရှည်ကြီးက အရောင်းပြလိုက်ရင် မအုန်းခင်က အလုပ်ခွင်ထဲက ထွက်လာမည်။ ဂိုဒေါင်ဟော ဘေးမှာ အေးအေးလူလူ စကားထိုင်ပြောရသာ။ ဆန်အိတ်ပုံပဲအိတ်ပုံတွေကြားထဲမှာလည်း တွေ့လို့ရသည်။ ချစ်သူအနမ်းများ ပေးလို့ရသည်။



မအုန်းခင်မှာ အရင်ကအလုပ်ခွင်အဝင်နှင့် အလုပ်ခွင်အထွက်ဝတ်သည့် အင်္ကျီလုံချည်များမှာ သန့်ပြန့်သော်လည်း အရောင်မလက်၊ မှေးမှေးမှိန်မှိန် ရှိသည်။ နောက်ပိုင်းတော့ ပါတိတ်ထည်လဲ ဖြစ်လာသည်။ အလုပ်ခွင်ကအပြန် ဟန်ပန်မှာ စာရေးမလိုလို အသွင်မျိုးထင်လာသည်။ ကြော့ကြော့ရှင်းရှင်း ဝင့်ဝင့်ထည်ထည် ရှိလာသည်။ သနပ်ခါးဘဲကျားအစား ပန်းနုရောင်သွေး၊ မိတ်ကပ်ထွေးထွေးနှင့် မအုန်းခင်၏အလှမှာ ကြွဝင့်လာသည်။

အရင့်အရင်က ကမ်းနားတစ်ဝိုက်မှာ သူမကိုတွေ့ပေမယ့် ဂရုတစိုက် မရှိသူများ၏ မျက်လုံးများမှာ သူမပေါ်သို့ စူးစူးထင်ထင်ရှိလာသည်။

ချစ်ချင်သူတွေ များလာပြီ။

တစ်သွေးတစ်မွေး အလှသွေးကြွယ်လာပြီဆိုရင် ဝေ့သီဝေ့သီ လုပ်လာသူတွေ၊ အိမ်အပြန် ကပ်လိုက် သူတွေ၊ အလုပ်ခွင်အလာစောင့်နေသူတွေ ဦးရေတိုး၍တိုး၍ ရှိလာသည်။

ထိုအထဲမှ တစ်ယောက်သောသူက သဲသဲမဲမဲ ဇွဲကြီးလွန်းသည်။ စာနာရမှန်းမသိ၊ ညှာတာရမှန်းမသိ၊ မိန်းကလေးတစ်ယောက်၏မေတ္တာကို နှလုံးသားနှင့် ထွေးပိုက်ရမှန်းမသိ၊ မိုက်ရူးနှင့်လုယူရင် ရသည်ဟု နားလည်သူ၊ အလုပ်အကိုင်မည်မည်ရရမရှိ၊ ရိုးအမြည့်နှင့် အလုပ်မျိုးစုံသည့် ကမ်းနားကြမ်းပိုး။

www.burmeseclassic.com

www.burmeseclassic.com



သူ့အမည်မှာ ဝင်းမောင်။

မအုန်းခင်ကို အနှောင့်အယှက်ပေးသူတွေထဲမှာ သူကအဆိုးဆုံး၊ အေးအေးဆေးဆေး တောင်းပန်ကြည့်သည်မရ၊ တင်းတင်းမာမာတို့ ပြန်ကြည့်သည်မရ၊ ခေးတပြုံးပြုံးနှင့် ခြိမ်းခြောက်စကားကိုသာ တွင်တွင်ပြောလာသည်။

အရှည်ကြီး ဒုတိယအကြိမ် ထောင်ထဲရောက်နေစဉ် ဝင်းမောင်၏ အပြုအမူတွေက ပိုကဲလာသည်။ ပိုလွန်လာသည်။

အရှည်ကြီး ထောင်ထဲ ရောက်နေသည်ကို မအုန်းခင်က မသိ။

ဒေါ်ကျော့မေ သမီးထံမှသိရသည်က အရှေ့အသည်းအသန် ဖြစ်လို့ ကမန်းကတန်း ပြန်သွားရသောကြောင့် တစ်ဆင့်စကားသာ မှာသွားနိုင်ကြောင်း သိထားရသည်။

အရှည်ကြီးထောင်ထဲရောက်နေသည့် အကြောင်းကို ဖော်ပေးသူက ဝင်းမောင်။

ဖော်ရမည့်အကြောင်းကလည်းရှိလာသည်။

'အလုပ်မရှိ အကိုင်မရှိ နင့်လိုကြွမ်းပိုးနဲ့'

ဆိုသောစကားမျိုးကို မအုန်းခင်က သုံးလိုက်သည်။

'ထောင်ထဲရောက်နေတဲ့ ဒါးပိုက်နှိုက် စိုးခိုင်ကကော လူကောင်းကြီးတဲ့လား။ ငါကတော့ ထောင်ထဲ မရောက်ဖူး သေးဘူး



နင့်အကောင်က ထောင်ထဲရောက်တာ နှစ်ခါရှိပြီလေ၊ ဓါးပိုက်နှိုက်ကကောင်ရဲ့'

ဝင်းမောင်က....

'နင့်လိုကြွမ်းပိုး'

ဆိုသည်ကို သည်းခံဖော်ကောင်လုပ်ပြီး တုံ့ပြန် လိုက်သည်။

လမ်းမလယ်ခေါင်မှာ မျက်ရည်ပေါက်ပေါက်ကျခဲ့ရသည်။ ဒေါ်ကျော့မေသမီးကိုမေးရပြီ။ ဝင်းမောင်ပြောသည့်စကား ဟုတ်မဟုတ်။

ဟိုကလည်း မငြင်းသာ၊ ခေါင်းညိတ်လိုက်ရသည်။

အရှည်ကြီး ထောင်ကထွက်လာသည့်အခါ အုန်းခင်က အပြုံးနှင့်မတုံ့ပြန်။

'ဓါးပိုက်နှိုက်မှုယားတော့ မဖြစ်ပါရစေနဲ့၊ ဘမ္မန်ခတ်နေတဲ့ ဒုလမြားမယားပဲ ဖြစ်ပါစေတော့'

ဟု ပြတ်ပြတ်ပြောပြီး သွက်သွက်ခါ ထုတ်လိုက်သည်။

အရှည်ကြီးဒေါသက အုန်းခင်ပေါ်သို့တင်၊ ဒေါ်ကျော့မေသမီးဆီသို့ ရောက်သွားသည်။ သူ့ရာဇဝင်ကို ခင်းမည့်သူက ဒေါ်ကျော့မေသမီးက လွဲလို့ ဘယ်သူဖြစ်မလဲ။

ဆိုင်ရောက်တော့မှ အကြောင်းစုံ သိလိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဩော်... ဝင်းမောင်ကိုး'

အရှည်ကြီး ပါးစပ်ဖျားက ဒီစကားလုံးများ ထွက်သွားပြီး ထမင်းစားပွဲကို လက်နှင့်တစ်ဒေါက်ဒေါက်ခေါက်၍ ခေါင်း တညိတ်ညိတ် ဖြစ်နေသည်။

'ငှက်ပျောသီးတန်းထိပ်မှာ ဓားနဲ့ထိုးသွားလို့'

သည်သတင်းက ဇာမ်းနားတစ်ပိုက်မှာ ချက်ချင်းပြန့်သွား သည်။

အထိုးခံရသူက ဘယ်သူလဲ....။

ထိုးတဲ့လူက ဘယ်သူလဲ....။

နောက်ဆက်တွဲ ဘယ်သူပဲဘယ်ဝါပဲဆိုသည့် သတင်းများ နှင့်အတူ ဝင်းမောင်က ဆေးရုံကြီးရင်ခွဲရုံသို့ရောက်သွားသလို အရှည်ကြီးမှာလည်း အချုပ်ထဲသို့ ရောက်သွားသည်။

တက်တခေါက်ခေါက် ဖြင့်နေသူမှာ ဦးဘအေး။

သားတမည်ဖြစ်သူအပေါ် ကရုဏာဒေါသောနှင့် ဦးဘ အေးပါးစပ်က အပြစ်တင်သံ မစဲအောင် ထွက်နေသည်။ သူ့ ကိုသာပြောရင် ဝင်းမောင်လိုကောင်မျိုး မော်တင်ကမ်းနား ကနေ နာရီပိုင်းအတွင်းထွက်သွားရမည်။ ဒါမှမဟုတ် အတွင်း ကြေကြေပြီး မှောင်ရိပ်ထဲမှာ မှောက်လျက်ကြီး ဖြစ်နေရမည်။

ခုတော့ လွန်သွားပြီ၊ မတတ်နိုင်တော့။

ထောင်ဒဏ်ဆယ်နှစ်။

ထွန်းကျော်က အမေးစကားဖြင့် စလာသည်။

'ကိုရှည်ကြီး၊ ပေါက်ခေါ်နဲ့ခင်ဗျား တစ်ဝမ်းကွဲယောက်ဖ တော်တာကို ပေါက်ခေါ်ကိုဘာလို့မပြောတာလဲ'



'မြုပ်ထားတဲ့ဇာတ်ကို ပြန်မဖော်ချင်တော့ဘူးလေကွာ'

ပုစဉ်းရင်ကွဲအော်သံများမှာ ပွက်လောညံ နေသည်။ ညဉ့် သန်းခေါင်ကျော်တွင် ပုစဉ်းရင်ကွဲများ၊ ထူထည်နှင့် ညီညီ ညာညာအော်နေကြသည်မှာ ချောက်ချားစရာသို့နှယ် ရှိချေ၏။

ညဉ့်နှစ်ချက်တီး သံချောင်းခေါက်သံထွက်လာသည့်အချိန် တွင် ငါးအိုးမြောက်ရေနွေးအိုး ခွင်ပေါ်သို့ ရောက်သွား သည်။

အတွေးကိုယ်စီနှင့် သူတို့သုံးယောက်မှာ...

....ဝ....

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

'ဒေါင်ဒေါင်... ဒေါင်ဒေါင်... ဒေါင်ဒေါင်... ဒေါင်ဒေါင်... ဒေါင်ဒေါင်'

အဆက်မပြတ် ထွက်ပေါ်လာသည့် သံချောင်းခေါက်သံမှာ ရဲဘက်များအားလုံး နံနက်တန်းစီရန် အချက်ပေးခေါက်လိုက်သည့် သံချောင်းခေါက်သံများပါတည်း။

သူတို့သုံးယောက်လည်း တန်းစီရာသို့ သွားကြရသည်။ အလံတိုင်ရှိရာ မြေကွက်လပ်ဆီသို့ ခပ်သွက်သွက်ကလေး လျှောက်ခဲ့ကြသည်။

တန်းစီ။

လူစစ်။

နိုင်ငံတော်အလံ အလေးပြု။

သစ္စာစီရင်ခံဆို။

ပြီးလျှင် တန်းဖြုတ်။

အမှုထမ်းများဦးဆောင်ရာသို့ အသီးသီးအစုနှင့်ကိုယ် ထွက်ကြရမည်။ တစ်နေ့တာ လုပ်ငန်းခွင်ဝင်ဖို့အတွက် အသင့်ဖြစ်နေသူ ရဲဘက်များမှာ လုပ်ငန်းခွင်ရှိရာသို့ ထွက်သွားကြပြီ။



သူတို့ သုံးယောက်မှာ ရဲဘက်များနှင့် ဆန့်ကျင်ဘက်သို့ မျက်နှာမူ၍ မီးစက်ရှိရာသို့ ပြန်လာခဲ့ကြသည်။

သူများတွေ လုပ်ငန်းခွင်ဝင်ချိန်တွင် သူတို့အိပ်ရမည်။

အိပ်ရာပေါ် လှဲလိုက်သည်နှင့်အတူ အိပ်ဆေးကိုပါသောက်လိုက်ရသည်။ ထောင်ထဲမှာဖြစ်ဖြစ်၊ ရဲဘက်စခန်းမှာ ဖြစ်ဖြစ် အိပ်ဆေးဆိုသည်မှာ အတွေးစဉ်အားလုံးကို ဖျောက်ဖျက်ရပ်ဆိုင်းပစ်လိုက်ခြင်းဖြစ်၏။

ထွန်းကျော် သူ့ကိုလာနှိုးသည့်အချိန်မှာ နေ့ခင်းဆယ့်နှစ်နာရီ။

ထွန်းကျော် ပုံစံအဲ့ထားသည့် မနက်စာမှာ အဆင်သင့်။ ထွန်းကျော်မှာ အလွန်အားကိုးရသူဖြစ်နေသည်။ အစစအရာရာလည်း စိတ်ချရသည်။

ထမင်းစား ရေနွေးကြမ်းသောက်ပြီးမှ တစ်ရေး ပြန်အိပ်ကြသည်။ သုံးနာရီသာသာတွင် နိုးလာသည်။ မီးစက်အတွက် ပြင်ဆင်စရာရှိသည်များ ပြင်ဆင်ပြီး ညနေစာဟင်းလျာအကြံအဖန်သွားလုပ်သည့် ထွန်းကျော်အပြန်ကို စောင့်နေလိုက်သည်။

ထွန်းကျော် ပြန်ရောက်လာတော့ ငါးရှဉ့်နှစ်ကောင်ကို ဆွဲလျက်။

ရဲဘက်စခန်းမှာ ခွေးသားသည်ပင် စားကောင်းသည့် ဟင်းလျာ အမယ်ထဲ စာရင်းဝင်နေပြီဖြစ်ရာ ငါးရှဉ့်သားကို စားကောင်းမကောင်း စကားအရာတင်ပြောရန် မလိုပြီ။

www.burmeseclassic.com

www.burmeseclassic.com



ငတိုမှတ်ကြီးလည်း အကြံအဖန်အတွက် နွေခင်းထဲကထွက်သွားသည်။ သူပြန်လာချောင် တစ်ခုခုတော့ ပါလာမည်မှာ သေချာသည်။

ထွန်းကျော်နှင့် မရှေးမနှောင်း ငတိုမှတ်ကြီးလည်း ပြန်ရောက်လာသည်။

အကြံအဖန် စားစရာပါမလာ၊ သတင်းပဲပါလာသည်။

သူယူလာသည့်သတင်းမှာ သတင်းကောင်း မဟုတ်၊ သတင်းဆိုး။ အလွန်စိတ်မကောင်းစရာသတင်း။ ရဲဘက်စခန်းတစ်ခုလုံး စိတ်မကောင်းဖြစ်နေကြမည့်သတင်း။

....၀....

သစ်ပင်လှဲရာမှ ရဲဘက်တစ်ယောက် သစ်ပင်ပိသေသွားသည့်သတင်း။

မတော်တဆ ထိခိုက်မိသည့် အဖြစ်အပျက်မှာ ရဲဘက်စခန်းတွင် ဖြစ်လေ့ဖြစ်ထရှိသဖြင့် သတင်းဆန်းဟု မဆိုနိုင်သော်လည်း ထိုနေ့က ဖြစ်ခဲ့ရသည့် မတော်တဆ ထိခိုက်မှုမှာမူ သတင်းဆန်းဟု ဆိုရမလို ဖြစ်နေသည်။



သေသွားသူ ရဲဘက်ကလေးအမည်မှာ မောင်ခင်ညို။

မောင်ခင်ညို မိဘတွေက အတော်လေး ချမ်းသာသည်။ အိမ်ကကားနှင့် ကျောင်းပို့သည်။ အိမ်က ကားနှင့် ကျောင်းပြန်ကြိုသည်။

ငါးတန်းအထိ သူရသည့်မုန့်ဖိုးမှာ တစ်နေ့ငါးကျပ်။

မုန့်ဖိုးငါးကျပ်ကို အမေကပေးသည်။ အဘိုးအဘွားတွေ ပေးသည့်မုန့်ဖိုးနှင့်ပေါင်းလျှင် တစ်နေ့ ခုနစ်ကျပ်၊ ရှစ်ကျပ်။

သူနေရသည့်ကျောင်းက အထက်တွေသာမှာ နာမည်ကြီးသလို ကျောင်းဆင်းချိန် တန်းစီ ရပ်ထားသည့် ကားများမှာလည်း သိန်းကျော်တန်ကားတွေချည်း။

မောင်ခင်ညိုမှာ သူရသည့် မုန့်ဖိုးနှင့် ဗိုက်ကားအောင်စားရသလို ရီဗို့ကတ်တွင်လည်း အဆင့်မနိမ့်အောင် စာကြိုးစားခဲ့သည်။

ခုနစ်အန်းအောင်တော့ သူ့မုန့်ဖိုးက တစ်နေ့တစ်ဆယ်။

ရှစ်တန်းအောင်သည်အထိ ဘာပြဿနာမှမပေါ်။ ဝိုက်ထူးနှစ်ခုပင် ပါလိုက်သေးသည်။

ကိုးတန်း။

ပြဿနာစလာသည်။

ကျောင်းမုန့်ဖိုးအပြင် ကျူရှင်မုန့်ဖိုးပါ ပေါင်းလျှင် တစ်နေ့ ဆယ့်ငါးကျပ်လောက်ရနေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုးတန်းမှာ စာမေးပွဲတော့ အောင်သွားသည်။ သိပ်အဆင့်မမြော၊ မော်ဒရေးရှင်းကြောင့် အောင်ရသည်။

ဆယ်တန်း။

သူနှင့်တိန်းမြို့ စတွဲမိလာသည်။

စည်ကားသလောက် ပျော်စရာကောင်းသည်ဟု သတင်းကြီးသည့် မန်းသကြန်တွင် အမြို့စကိုင်ခဲ့သည်။

အမြို့က တွဲမိလျှင် ခွဲ၍မရ။ ခဏတာအတွဲမဟုတ်ဘဲ ရာသက်ပန်အတွဲဖြစ်သွားရစမြဲ။ အနုသမားကနေ အရင့်သမားဖြစ်လာသည်။

စာမေးပွဲလည်းကျသည်။

အသောက်သမားမှ အထိုးသမားဖြစ်လာသည်။

မိဘများကချမ်းသာတော့ ဆေးဖိုးငွေကနည်းအမျိုးမျိုးနှင့် ရနေသည်။ အကြောင်းအမျိုးမျိုးပြ၍ တောင်းသည်။ မရလျှင်ခိုးသည်။

တစ်နေ့....

သူငယ်ချင်းတစ်ယောက်အိမ်မှာ ဆေးထိုးရင်း ဖမ်းမိသွားသည်။ ဓာတ်ခွဲမှတ်ချက်က ဝါရင့်ဆေးသမားတစ်ယောက်အဖြစ်ဖော်ပြရုံမှအပအခြားဖော်ပြစရာမရှိ။ ပြီးသူကအဆော်ထိုးရုံသာမဟုတ် ဆေးအရောင်းအဝယ် ကိစ္စမှာပါ ပါနေသဖြင့်



အသက်ညာသုံး ထောင်ဒဏ်ငါးနှစ် ချမှတ်ခံရသည်မှ ရဲဘက်စခန်း ရောက်လာသည်။

သူတို့အမှုတွဲသမားတွေက သူ့ကိုအလုပ်မလုပ်စေခဲ့၊ သူတို့က မောင်ခင်ညိုအတွက်ပါ လုပ်ပေးကြသည်။ မောင်ခင်ညို မိဘတွေက တပ်မှတ်ကိုနှစ်ခေါက် လိုသမျှပစ္စည်း ပို့ပေးခဲ့သောကြောင့် အမှုတွဲများမှာစားရေးအတွက် ပြေလည်နေကြသည်။

မောင်ခင်ညိုက အလုပ်ခွင်ရှိရာသို့ လိုက်ခဲ့ရပေမယ့် ဘာမှမလုပ်ရ။

မောင်ခင်ညိုတို့ အမှုတွဲများမှာ အခြား ရဲဘက်များနှင့်ပေါင်း၍ သစ်ပင်လှဲအဖွဲ့မှာ ပါသည်။

ထိုနေ့က သူတို့အဖွဲ့သားများမှာ မနေ့က လက်ကျန်သစ်ပင်ကြီးကို လွှဆွဲနေကြသည်။ လွှဆွဲနေသူများတွင် မောင်ခင်ညိုမပါ။ မောင်ခင်ညိုက လှဲပြီးသား သစ်မြစ်ဆုံကြီး တစ်ခုပေါ်တွင် ထိုင်လျက် သူ့လက်စွဲတော် ဂစ်တာကို ခေါက်နေသည်၊ ဂစ်တာခေါက်နေရာမှ သူ တပိုဘာပါးသွားဖို့ ထသွားသည်ကို အဖော်သူမှ မသိလိုက်။ သစ်ပင်ကြီးလဲသွားလို့ အော်သံကြားလိုက်တော့မှ အားလုံးဟာခနဲ ဖြစ်သွားကြသည်။ အားလုံးအပြေးအလွှား သွားကြည့်လိုက်သည့်အခါ ကြည့်မိသူအားလုံးချက်ချင်း မျက်နှာလွှဲသွားကြသည်။

ကံဆိုးလွန်းပါတယ်ဆိုသော စကားကိုပဲ သုံးရမည်။

သစ်ပင်ကြီး လဲကျမည့်ဘက်ကို သတိမမူမိဘဲ မောင်ခင်ညိုက ချုံစပ်အေးမှာ အီအီးသွားပါနေသည်။ သစ်ပင်ကြီးမှာ သူ့အပေါ်သို့ လဲကျသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



မြင်တွင်းမှာ ကြည့်မလှ။

'ဖိုး'သမားများ၏ မိဘတိုင်းသည် စိတ်၏ဆင်းရဲခြင်းကို အလူးအလဲခံကြရသလို ဖိုးသမားများသည်လည်း စိတ်ဒုက္ခ၊ ကိုယ်ဒုက္ခ အသွယ်သွယ်ကို အလူးအလဲခံပြီး ဘဝလမ်းဆုံးကို ရက်ချိန်းမစေ့ခင် ပြန်ကြရ၏။

ထိုအထဲမှာ မောင်ခင်ညို၏အဖြစ်မှာ အဆိုးတကာ့အဆိုး ရွားဆုံးဟု ဆိုရပေမည်သာတည်း။

....၀....

## အခန်း ( ၁၅ )

မနက်မိုးလင်းတန်းစပြီးအိပ်ယာမှထ ပြင်နေတုန်း ဝါဘာခဲ့တော် ရောက်လာပြီး အရှည်ကြီးကို ခေါ်သွားသည်၊ ခန်းရုံးတွင် ထောင်မှူးလေး ဦးထွန်းမင်းစောင့်နေသည်။

'ကဲ....အရှည်ကြီး ရှေ့တန်းစခန်း လိုက်ခဲ့ကွာ'

'ဟုတ်ကဲ့ဆရာ'

အရှည်ကြီးဝမ်းသာသွားသည်။ တစ်နေရာတည်းမှာ နေရသည်က ပျင်းရိငြီးငွေ့ဖွယ် ကောင်းလှသည်။ ဆရာထွန်းမင်းနှင့် ရှေ့တန်းစခန်း လိုက်ရမည်ဆိုသဖြင့် ဝမ်းသာသွားသည်။

ရှေ့တန်းစခန်း ရောက်ဖူးချင်နေသည့် အခွင့်အရေးကြုံလာပြီ။ သွားရမည်ကလည်း ကိုယ့်ဆရာသမားအရင်းနှင့်။

စခန်းရုံးရှေ့တွင် အသင့်ရပ်ထားသည့် ကားပေါ် တက်လိုက်ပြီး စခန်းမှကားထွက်သည်နှင့် စိတ်လက်ပေါ့ပါးသွားရသည်။ ကားရှေ့ခန်းထဲတွင် ယာဉ်မောင်း ရဲဘက်လှသိန်းနှင့်အတူ ဆရာထွန်းမင်းနှင့် ထောင်မှူးဦးသိန်းတိုးတို့ ထိုင်ကြပြီး

www.burmeseclassic.com

www.burmeseclassic.com



နောက်တက်တွင် အရှည်ကြီးနှင့် ရဲဘက်ဆယ်ယောက်တို့လိုက်ပါခဲ့ကြသည်။

ကားလမ်းကကြမ်းသလို ဖုန်ကလည်းထူသည်။ကားနောက်ပိုင်းတွင် အလိပ်လိုက်ထလာသည့် ဖုန်လုံးကြီးမှာနောက်ဘက်မြင်ကွင်းကို အတော်ကြာကြာကြီး ဖိအုပ်ဖုံးသွားစေခဲ့သည်။

ရွှေတန်းစခန်းသို့ ရောက်သည့်အခါ ဆယ်တစ်နာရီကျော်ပြီ။ လမ်းတစ်လျှောက် မြင်ကွင်းမှာ သိပ်မထူးခြား။ တောကြီးအလယ်တွင်ထီးထီးမားမားကြီးရှိနေသည့် ရွှေတန်းစခန်းမှာ သာသာယာယာ နေချင့်စဖွယ်ရှိနေပြီ။ ရဲဘက်တို့၏လုပ်အားနှင့် ဖောက်လုပ်နေသည့်လမ်းကြီးမှာတရွှေ့ရွှေ့ရှေ့သို့ တိုးဝင်သွားနေသည်။

အပြန်ခရီးတွင် ယာဉ်မောင်း ရဲဘက်လှသိန်း၊ ထောင်မှူးလေး ဦးထွန်းမင်းနှင့်အရှည်ကြီးတို့ သုံးယောက်မဲ ပြန်ခဲ့ကြသည်၊ ထောင်မှူးဦးသိန်းတိုးနှင့် ကျန်ရဲဘက်များမှာ ရွှေတန်းစခန်းတွင် နေရစ်ခဲ့ကြသည်။သူတို့ စခန်းပြန်ရောက်သည့်အချိန်မှာ မှောင်ရီပျိုးစ။

တစ်ကိုယ်လုံးဖုန်တွေသားနေသဖြင့် ရေချိုးလိုက်သည်။ ရေချိုးပြီးစက လန်းဆန်းသလိုရှိခဲ့သော်လည်း ထမင်းစားပြီးသည်နှင့်ကျောထဲက စိမ့်ကာလာပြီး တစ်ကိုယ်လုံး တုန်လာသည်။



ထွန်းကျော်က 'ကလိုရိုကွင်း'နှစ်ပြားတိုက်ပြီး စောင်နှင့်ထွေးပေးသည်။ ရန်ကုန်–မန်း လမ်းဖောက်လုပ်ရေး စခန်းမှာ 'ကလိုရိုကွင်း' ကို ရဲဘက်တိုင်းသောက်ဖူးကြသည်။ စခန်းတွင် အများဆုံး ဖြစ်တတ်သည့် ရောဂါမှာ ငှက်ဖျား။ ကလိုရိုကွင်း' က ငှက်ဖျားကိုနိုင်သည်။ ဒီတစ်ခါတော့ 'ကလိုရိုကွင်း' ကို ငှက်ဖျားက နိုင်သွားပြီထင်ပါ။ အရှည်ကြီးမှာ တစ်ညလုံး တဟီးဟီးနှင့် ကယောင်ကတမ်းတွေပြောရင်း ငှက်ဖျားဒဏ်ကို ရေရေလည်လည်ကြီး ခံလိုက်ရသည်။

သူ၏နားထဲမှာ မီးစက်သံနှင့် ထွန်းကျော်အသံကို သဲ့သဲ့ကြားနေသော်လည်း သူ့ပါးစပ်က ဘာမျှပြန်မပြောနိုင်ရှာ။

မျက်စိထဲတွင် ပထမမြင်လာသည်မှာ အဖေနှင့်အမေ။

အဖေနှင့်အမေကို မတွေ့သည်မှာ နှစ်ကာလကြာခဲ့ပြီ။

ခုတော့မှပဲ အဖေနှင့်အမေ၏ မျက်နှာမြင် ထင်လာသည်။ 'ခလုတ်ထိမှ အမိတ' ဆိုသောပမာ စကားသို့နှယ်၊အမေခေါ် သံသည်သာ သူ၏ပါးစပ်မှ တရစပ်ထွက်နေသည်။

အဖေနှင့်အမေ မြင်ကွင်းကနေ သူ့ဆရာကြီးဦးဘအေးနှင့် ဝင်းမောင် အုန်းခင်တို့ မျက်နှာပေါ်လာသည်။

'မအုန်းခင်ရယ်...ရက်စက်လှချည်လား၊ ဝင်းမောင်နှင့်မင်း'

'တမ်းတသံ ကြိမ်းမောင်းသံများမှာ အော်ကြီး ဟစ်ကျယ် ထွက်လာသည်။အနားတွင်ရှိနေသည့် ထွန်းကျော်နှင့် တို

www.burmeseclassic.com

www.burmeseclassic.com



မှတ်ကြိုးတို့က သူ့ကိုအတင်းလှည့်နှိုးပြီး မ, ထူလိုက်တော့မှ ဝိုးတဝါးမြင်ကွင်းများပျောက်သွားသည်။ကော်ဖီကြမ်းပူပူလေး တိုက်ကြသည်။

တစ်ရက်၊

နှစ်ရက်။

အဖျားမှာ လုံးဝမကျ၊အဖျားတက်ပြီဆိုသည်နှင့်မြင်ကွင်း ထိုသို့ ဝင်လာသည့်ရုပ်ပြများမှာကိုးရိုးကားရားတွေ၊ ထမ်းပုတ်ကြီးကိုင်ထားသည့် အကောင်လည်းပါသည်။ အစွယ်ကြီးတွေနှင့်အကောင်လည်းပါသည်။ လင်းကွင်းမျက်လုံးနှင့်လျှာတစ်တောင်လောက် အကောင်ကြီးလည်းပါသည်။ သူတို့နှင့် တိုက်ရခိုက်ရ သတ်ရပုတ်ရသည်မှာ မလွယ်၊ ပင်ပန်းလှချေ၏။ မလှုပ်ရှားနိုင်လောက်အောင်အားအင်များကုန်ခန်း သွား၏။

သူသတိရ၍ မျက်လုံးကို အားယူဖွင့်ကြည့်လိုက်သောအခါ မြင်ကွင်းမှာ မသဲကွဲ ဝိုးတဝါး။

....၈....



တဖြည်းဖြည်းမှ မြင်ကွင်းကြည်လာ လာသည်။ မြင်ကွင်းကြည်လာသည်နှင့် အတူ စိတ်ထဲမှာ အံ့သြခြင်းမကာ အံ့သြသွားရသည်။

ကွဲကွဲပြားပြား၊ ပီပီသသ မြင်လိုက်ရသည့် မျက်နှာမှာ ပေါက်ခေါ်မျက်နှာ။

တကယ်မှာတပ်ပါ့မလားဟု ရူးရူးဝိုက်ဝိုက် ကြည့်လိုက်သည်။ ပေါက်ခေါ်မှပေါက်ခေါ်အစစ်။

'ကိုရှည်ကြီး သတိရပြီနော်'

'မင်း...မင်း....'

'ကျွန်တော် ပေါက်ခေါ်ပါ'

'ငါ...ငါ...ဘာယ်....'

'ကိုရှည်ကြီး ဒါဘောင်းစိန်ထောင်လေ၊ကိုရှည်ကြီး ထောင်ဆေးရုံရောက်နေတာ လေးရက်ရှိပြီလေ'

'ခြော်...ခြော်...ခြော်'

အရှည်ကြီးနှုတ်ဖျားမှ ထိုမျှသာ ပြည်နိုင်လိုက်သည်။

'ကိုရှည်ကြီး ဘာစားချင်လဲဟင်'

'မစားချင်ပါဘူးကွာ၊ စားချင်တဲ့စိတ် သိပ်မရှိဘူး'

'မစားချင်ရင် အားပြတ်သွားမှာပေါ့၊ ကိုရှည်ကြီးရောဂါ အခြေအနေက တော်တော်ဆိုးတာပဲ'

www.burmeseclassic.com

www.burmeseclassic.com



ပေါက်ခေါတင်အေးက ထောင်ကပေးသည့် ကြက်ဉနှင့် နွားနို့ကို အတင်း စားသောက်ခိုင်းနေသည်။ ပေါက်ခေါ တင်အေးဆေးရုံက ပြန်ဆင်းသွားပြီး ထောင်မပိတ်ခင်ကလေး တစ်ခေါက် ပြန်ရောက်လာပြန်၏။ အင်္ကျီလုံခြည် တစ်စုံပါ လာသည်။

ပေါက်ခေါ် ပြန်သွားပြီး အရှည်ကြီးမှာ ဟိုတွေး သည့် တွေးနှင့်။

အိပ်ဆောင်ပိတ်တော့မည်။ အိပ်ဆောင်ပိတ်ချိန်နှင့် ဖွင့်ချိန်တွင် ဆေးရုံပေါ်ရှိ လူနာများမှာ ကိုယ့်ခုတင်ပေါ်၌ တန်းစီ ထိုင်ပေးရသည်။

ထောင်ဆိုတာ ဘယ်နေရာမှ ပုံစံမလွတ်။

အဆောင်အားလုံးပိတ်ပြီးချိန်တွင် လူနာများနှင့်အတူနေခဲ့ သည့် အကျဉ်းသား ဆေးမှူးက ညစ္စာကိုသောက်ဆေးများ ကို စာရင်းနှင့်ခေါ်ပေးပြီး မဆေးထိုးရမည့် လူနာများကို လည်း သူကိုယ်တိုင် ဆေးထိုးပေးသည်။

အကျဉ်းသားဆေးမှူးဆိုသည်မှာထောင်အမှုထမ်းမဟုတ်၊ ဆေးသင်တန်းလည်း တက်ဖူးသူ မဟုတ်၊ သူသည်လည်း အကျဉ်းသား။

သူက အသားဆေးသားမက အကြောဆေးပါ ထိုးပေး နိုင်လောက်အောင် ကျွမ်းကျင်နေပြီ။



မနက်မိုးလင်း အိပ်ဆောင်ဖွင့်သည်နှင့် နို့နှင့်ပေါင်မုန့် ရ သည်။

အကျဉ်းသားများအပေါ် နိုင်ငံတော်အစိုးရ၏ ပြုစုပေး ပုံမှာ အကျဉ်းသားများအသွင် သဘောမမူ၊ ပြင်ပဆေးရုံက လူမမာများသဖွယ် ပြုစုပေးခဲ့သည်။

ဆရာဝန်ကြီးက တစ်ပတ်ကိုနှစ်ရက် တနင်္လာနေ့ နှင့် သောကြာနေ့များတွင် ရောင်းလှည့်စစ်ဆေးပေးသည်။

ပေါက်ခေါ်ကလည်း နေ့တိုင်းလိုပင်ရောက်လာတတ်သည်။ သူ့အကြောင်း ကြားရတော့ အံ့ဩသွားရပြန်သည်။ သည် ကောင်က တော်တော် အကြံအဖန် ကောင်းသည့်အကောင်၊ ကြည့်လေ နောက်တိုးအမှုပြီးသွားတာနဲ့ အခန်းလူကြီးနေရာ ကို ပြန်ရအောင် ယူထားနိုင်သည်၊

'ခုတော့ သူ့ပါးစပ်က ဆိုလာပြီ။

'ကိုရှည်ကြီး၊ ကျွန်တော်လဲ ရဲဘက်စခန်း သွားတော့ မယ်'တဲ့။

ပေါက်ခေါ်အမြင်မှန် ရလေပြီ။

....၀....

www.burmeseclassic.com

www.burmeseclassic.com

ဆရာဝန်ကြီး လူနာများ လှည့်ကြည့်မည့်နေ့။

လှုပ်လှုပ်ရှားရှား ဆိုစ်နိုင်သည့် လူနာအားလုံး သန့်ရှင်းရေးလုပ်ကြရသည်။ ကြမ်းတိုက်ရသည်။ မှန်တွေ တိုက်ရသည်။ မွေ့ယာ၊ ခြင်ထောင် စောင်များကို သပ်သပ်ရပ်ရပ် ခေါက်ပြီး ကိုယ့်ခုတင် ပတ်ဝန်းကျင်မှာ သန့်ရှင်းနေအောင် ပြင်ဆင် ထားရသည်။

နံနက် ဆယ်နာရီ။

'အားလုံးတန်းစီမယ်'

ဆေးမှူး ကိုအောင်မြတ်၏ အသံပြာပြာနှင့် လှမ်းအော်လိုက်သံကြောင့် လူနာအားလုံး အိပ်ရာပေါ်တွင် ပုံစံကျကျ ထိုင်နေကြရသည်။

ဆရာဝန်ကြီးမှာ အမှုထမ်း ၊ ဆေးမှူးများ၊ အကျဉ်းသား ဆေးမှူးများ ခြံရံလျက် အခန်းထဲသို့ ဝင်လာသည်။

ဆရာဝန်ကြီးအတွက်ပြင်ဆင်ထားသည့် အခန်းထိပ်ရှိစားပွဲပေါ်တွင် ဝင်ထိုင်ပြီး လူနာအားလုံး၏ မှတ်တမ်းများကို ကြည့်ရှုစစ်ဆေး၍ တစ်ဦးချင်း လိုက်ကြည့်သည်။ မှတ်ချက်အသစ်များ ရေးသွားသည်။

'အားလုံး တန်းဖြုတ်မယ်'

ဆရာဝန်ကြီးရောင်းလှည့်ပြီး မကြာခင် ပေါက်ခေါ်ရောက်လာသည်။ စားစရာ တော်တော်စုံစုံပါလာသည်။



'ကိုရှည်ကြီး၊ မိမာတို့ ထောင်ဝင်စာလာတယ်'

'အေး...ဟုတ်လား၊ နေကောင်းကြသယ် မဟုတ်လား'

'ဟုတ်ကဲ့...ကောင်းပါတယ်'

'မင်း ငါ့အတွက် သိပ်ဒုက္ခမရှာနဲ့ကွာ၊ ငါလဲ ကောင်းနေပါပြီ'

'ကိုရှည်ကြီးကျေးဇူးက ကျွန်တော့်အပေါ်မှာ အများကြီးပါဗျာ'

'ဒီနေ့တော့ မင်းကို မပြောသေးတာ ပြောရဦးမယ်'

'ဘာများလဲ ကိုရှည်ကြီးရဲ့'

အရှည်ကြီးက ဇာတ်ကြောင်း လှန်ပြလိုက်သည်။ နားထောင်နေသူ ပေါက်ခေါ် မျက်နှာပေါ်မှာ အံ့သြရိပ်များ ထပ်ခါတလဲလဲ ထင်ဟပ်လျက်။

'[illegible] ဒီတစ်ခါ လွတ်ရင်တော့ ဒုစရိုက်လောကကို ကျောခိုင်းတော့မယ်၊ မိမာတို့ကိုလဲ ငါ့အကြောင်းပြောလိုက်ပါ'

'နို့ ယူကြမယ်ဟေ့'

တစ်ခန်းလုံး လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။ ခွက်များ ထွက်လာသည်။

နေ့လယ်အတွက် နို့ ။

www.burmeseclassic.com

www.burmeseclassic.com



နို့ပေးသူက ပေးသလို နို့ဝယ်မည့်သူများလည်း ရောက်နေကြသည်။

သူတို့က အကြံအဖန်သမားတွေ။

သမဝါယမတို့၊ ကုန်တိုက်တို့မှာ ပစ္စည်းကောက်သည့် လူတွေလိုသာပ။

ဆေးလိပ်နှင့်နို့ အလဲအလှယ်လုပ်၍ တစ်ဆင့် ပြန်ရောင်းစားကြသူများ။

လူမမာအတွက် ပေးသည့်နို့ကို လူမမာတွေက အလွဲသုံးစား လုပ်ကြသည်။

ထောင်ဆိုသည်မှာ....

....ဝ....

## အခန်း (၁၆)

တစ်နေ့သော နေ့လယ်ဘက်တွင် ထောင်မှူးလေး ဦးထွန်းမင်း ဆေးရုံကို ရောက်လာသည်။

'ဘယ့်နှယ်လဲဖေ့ အရှည်ကြီး၊ နေကောင်းသွားပြီလား'

'ဟာ... ဆရာပါလား၊ ကျွန်တော် အတော်လေးကောင်းသွားပါပြီ ဆရာ၊ ဆရာရော....'

'အေး....ကောင်းပါတယ်၊ ငါရိုက္ခာ လာထုတ်တာလေ၊ နက်ဖြန်ပြန်ရမယ်၊ မင်းကော ပြန်လိုက်ချင်ပြီလား၊ မလိုက်ချင်သေးလဲ နေလို့ရပါတယ်ကွာ၊ ကိုယ့်အခြေအနေလဲ ကိုယ့်ဟာကိုယ်ထည့်တွက်၊ ငါနောက်ဆယ်ရက်လောက်ဆိုရင် တစ်ခေါက်လာရဦးမယ်'

www.burmeseclassic.com



'နောက်တစ်ခေါက် ဆရာလာရင် ကျွန်တော် ပြန်လိုက်ခဲ့မယ် ဆရာ'

'အေး...အေး...ငါနောက်တစ်ခေါက် လာတော့ ဆေးရုံဝင်လာခဲ့မယ်'

ထွန်းကျော်ထံမှ စာကိုဖတ်ရသည်။ ခနန်းကိုပြန်၍ လွမ်းတရာများ ပါလာသည်။ စခန်းအကြောင်းအပြင် သူတို့နှစ်ယောက်လွတ်ရက်ကို 'ဘုတ်တိုက်'ကြည့်သည့် အကြောင်းလည်း ပါလာသည်။ 'ဘုတ်တိုက်'ဆိုသည်မှာ ထောင်ကျနှစ်နှင့်ရရှိပြီးသော လျော့ရက်၊ ဆုမှတ်ရက်များကို တွက်ကြည့်ခြင်းဖြစ်၏။

ထွန်းကျော်စာထဲမှာ သူ့အတွက် သတင်းကောင်း ပါလာသည်။

အရှည်ကြီးအတွက် ဘုတ်တိုက်ကြည့်ရာ ခုနစ်လကျော်ပဲလို တော့သည့် သတင်းစကားကြောင့် အဘောက်ကလေး မြူးမြူးရွှင်ရွှင်ဖြစ်သွားရသည်။

သို့သော်....

လွတ်ရင် ဘယ်သွားမလဲ၊ ဒါကပြဿနာ။

ရွာပြန်ရမလား၊ ဦးဘအေးဆီပဲ သွားရမလား။

ထောင်ထွက်အဖြစ် ရွာပြန်ဖို့ကခက်လှယ်။ မျက်နှာအထားရခက်သလို အောက်ကျနောက်ကျလည်း ဖြစ်မည်။



ဦးဘအေးဆီသွားရင် ဘာပြဿနာမှမရှိ။ ဒုစရိုက်သံသရာမှာ ပြန်၍ကျင်လည်ရမည်။ အရှည်ကြီးက သည်သံသရာကို ကြောက်ပြီး စွန့်ဒိုးဖြတ်ပြီးသား။

ရဲဘက်စခန်းကရခဲ့သည့် မီးစက်ပြင်၊ မီးစက်မောင်းပညာကို အသုံးပြုပြီး တစ်ဝမ်းတစ်ခါးအတွက် ရှာဖွေစားသောက်ဖို့ လျာထားကြည့်သည်။

အလုပ် အလွယ်တကူရပါ့မလား။ ထောင်ထွက်မှန်း သိရင် အလုပ်ပေးပါ့မလား။

အပြင်လောကရောက်သည့်အခါ နေရထိုင်ရမည့် သက်မွေးဝမ်းကျောင်းအတွက် စဉ်းစားရသည်မှာ ရင်လေးစရာကောင်းလှပါတီ။

ရင်မောနေရသည်။

အရှည်ကြီးက ဆုံးဖြတ်ချက်တစ်ခု ချလိုက်သည်။

သည်တစ်ခေါက် ရဲဘက်စခန်း ပြန်ရင် မီးစက်မောင်းအလုပ်ကို မလုပ်တော့ဘဲ ထောင်မှူးဦးထွန်းမင်းကို ပြောပြီး ကားမောင်းသင်မည်ဟု ဆုံးဖြတ်လိုက်သည်။ ရဲဘက်လူသိုက်ဆိုရင် ရဲဘက်စခန်းရောက်မှ ကားမောင်းတတ်ခဲ့သည်။

အပြင်မှာ မီးစက်မောင်းအလုပ်ထက် ကားမောင်းအလုပ်က ဖိုလွယ်လိမ့်မည်။

www.burmeseclassic.com



ဒါက အရှည်ကြီးတွက်ကိန်း။

ထိုနေ့က သူ့ခုတင်ဘေးမှ ခုတင်သို့ လူနာသစ် တစ်ယောက် ရောက်လာသည်။

ရောဂါက အစာအိမ်ရောဂါ။ ရောက်စက အလူးအလဲ အမှယ်လေး အဘလေး အော်နေသည်မှာ နေ့ရှေ့ညဉ့်ပါ။ အရှည်ကြီးလည်း အိပ်မရ။ တတ်နိုင်သမျှသော အကူအညီများကို ပေးခဲ့ရသည်။

သားမယားဆွေမျိုးတွေ လာရောက်မပြုစုနိုင်သော နေရာတွင် အကျဉ်းသား အချင်းချင်း ဖေးဖေးမမ ကူညီရသည်၊ ပြုစုရသည်။

သုံးရက်လောက်ကျမှ ရောဂါသက်သာသွားသည်။

သမဝါယမအမှုနှင့် ထောင်ထဲရောက်လာသူ။

ထောင်ထဲမှာ သူတို့ကို သမဝါယမအမှုလို့ မခေါ်၊ ‘စူစကာ’ အမှုဟုခေါ်သည်။

သူ့နာမည်က ကိုကျော်ဇော။

ရောဂါသက်သာလို့ ညည်းညူသံများ မကြားရပြီ ဖြစ်သော်လည်း ပါးစပ်က တဖျစ်တောက်တောက် အလွန်လှုပ်တတ်သူ။

‘စားတုန်းက တတီတီ၊ ခံရတော့ လုံးခနဲခဲခနဲ၊ ယောက္ခမတွေ၊ ခယ်မတွေပါ ဝိုင်းစားပြီး ခံတော့ သူတစ်ယောက်



တည်း ခံရသည့်အကြောင်းကို အပ်ကြောင်းထပ် တဖျစ်တောက်တောက် နားညည်းလောက်အောင် ပြောတတ်သမို့ အရှည်ကြီးတို့လည်း စိတ်မရှည်နိုင်အောင်ဖြစ်ရသည်။

ဗရွတ်ရွတ်တပြောတတ်သည့် ဝင်းတင် ပြောလိုက်တော့မှပဲ ငြိမ်သွားသည်။နားညည်းသက်သာသွားသည်။

‘ဒီမှာ ကိုကျော်ဇော ခင်ဗျား အစာအိမ်ရောဂါ ဘာလို့ဖြစ်သလဲသိလား၊ လူအများအတွက်ပစ္စည်းတွေကို ခင်ဗျားက တစ်ယောက်တည်းစားတော့ အစာအိမ်ရောဂါဖြစ်တာပေါ့၊ အစာအိမ်ရောဂါ ပျောက်ချင်ရင် ဆေးမသောက်နဲ့တော့ ခင်ဗျားအတွက် ဆေးမလိုဘူး၊ နောက်ကိုဘယ်တော့မှ လူအများအတွက် ပစ္စည်းကို မစားပါဘူးလို့သာ အဓိဋ္ဌာန်ပြုလိုက်၊ ခင်ဗျားရောဂါ ပျောက်သွားလိမ့်မယ်’

သည်သို့ ရွတ်နေခက်နောက် ပြောလိုက်တော့မှပဲ ကိုကျော်ဇော တစ်ယောက် ငြိမ်သွားသည်။

....ဝ....

အရှည်ကြီး ထောင်ဆေးရုံ ရောက်ခဲ့သည်မှာ သုံး[illegible] ပါး ရှိပြီ။

www.burmeseclassic.com

www.burmeseclassic.com



အိပ်လိုက်ဖေးလိုက်နှင့် ဝဖြိုးလာပြီး ကျန်းမာရေးလည်း ကောင်းလာပြီ။ အုတ်ရိုးထဲမှာနေရတာ အသက်ရှူကျပ်ချင်သလိုလို ဖြစ်လာသည်။

သောကြာနေ့ ဆရာဝန်ကြီး ဖေ့ာင်းလည့်လာရင် ရဲအက်စခန်း ပြန်မည်ဟုပြောပြီး အခန်းဆေးမှူးကြီးထံအခွင့်တောင်းထားသည်။

....ဝ....

အင်္ဂါနေ့။

ထူ့ဆရာကြီး ဦးဘအေး ဆောင်ဝင်စာ လာတွေ့သည်။

'ငါ့အိမ်မှာလဲ လူငှားတွေ မရှိတော့ဘူး မောင်စိုးခိုင်ရေ၊ မကျော့မေတို့ သားအမိတွေအားလုံး အိမ်မှာရောက်နေကြပြီ'

'ဗျာ...'

'မင်း အံ့ဩသွားပြီ ထင်တယ်၊ မကျော့မေနှင့်ငါနဲ့ ဟဲ...ဟဲ'

'ကောင်းပါတယ် ဦးလေးရာ၊ ကျွန်တော်လဲ ဝမ်းသာပါတယ်'



'အေး...မင်း ဝမ်းသာစရာ ထင်ပြောရဦးမယ်၊ ငါလဲ ခါးပိုက်နှိုက်လုပ်ငန်းကို စွန့်လိုက်ပြီကွ၊ ထမင်းဆိုင်ကို ထပ်ချဲ့ပြီး လက်ဖက်ရည်ဆိုင်ပါ ထပ်ဖွင့်လိုက်သယ်'

'ကောင်းတာပေါ့ ဦးလေးရာ၊ ကျွန်တော်လဲ ဒီတစ်ကြိမ်လွတ်ရင် စွန့်တော့မယ်'

'အေး...ငါလဲ အဲဒါတိုက်တွန်းမလို့ပဲ၊ မင်းအတွက်လဲ စီစဉ်ထားတယ်၊ မကျော့မေ သမီးနဲ့'

'ဗျာ...ဦးလေးကလဲ'

'ဦးမလေးနဲ့လော တို့ဆိုက်ဆိုက်ဝနီဝနီး လုပ်ထားကြတာပေါ့၊ ဒါနဲ့ မင်းလွတ်ရက်ကကော'

'မလိုတော့ဘူး ဦးလေးရဲ၊ ခုနှစ်ရက်ဆို လွတ်ပြီ'

'အေး...မင်းလွတ်ရင် တယ်မှမသွားနဲ့နော်၊ အိမ်ကိုဖြစ်ဖြစ် ဆိုင်ကိုဖြစ်ဖြစ် တန်းလာခဲ့'

ဦးဘအေး ဆောင်ဝင်စာ ပြန်သွားသည့်နောက် အရှည်ကြီးမှာ စောင်ချေးခွဲပေါ်တွင် အတွေးစဉ်ပေါင်းစုံနှင့် လုံးချာလိုက်နေသည်။

ဖြစ်ချင်တာလည်းမဖြစ်၊ မဖြစ်ချင်တာလည်းဖြစ်။ ထင်သလိုလည်းမဖြစ်။ မထင်သလိုလည်း ဖြစ်တတ်သည့် လူ့ဝဋ်ဆန်းကြယ်ပုံ အကြောင်းနှင့် ကြမ္မာ၏ အလှည့်အပြောင်းကို

www.burmeseclassic.com

www.burmeseclassic.com



အတွေးဝင်နေသည့်အရှည်ကြီး၏မျက်နှာပေါ်မှာပြုံးရိပ်လည်း ထင်နေသည်။ မဲ့ရိပ်လည်း ထင်နေသည်။

....o....

ဗုဒ္ဓဟူးနေ့။

ညဉ့်ဆယ်နာရီကျော်၊ကောင်းနေလျက်သားနဲ့ တုန်ဟည်း၍ အဖျားတက်လာသည်။ဆေးမှူးအောင်မြတ်ကိုနှိုးပြီး ပြောရသည်။ အောင်မြတ်က ကာလီရှိကွင်း နှစ်ပြား ပေးလိုက်သည်။

ခါတိုင်း အဖျားတက်တာနှင့် မတူ။

ခါတိုင်းက တုန်ပြီးရင် အပူပြန်၊ အပူပြန်ပြီးလျှင် အနေအထိုင် သက်သာသွားသည်။

ခုအဖျားက တစ်မျိုး။ မိုးလင်းခါနီး အပူကျသွားသည်။ ဒါပေသိ ခေါင်းမထူနိုင်တော့။

....o....

ကြာသပတေးနေ့။

ခေါင်းလုံးဝ မထူနိုင်။



တစ်ခေါင်းလုံးကို အပ်အချောင်းပေါင်း တစ်ထောင်လောက်နှင့် ဝိုင်းထိုးသလို ခံနေရသည်။

ပေါက်ခေါ် မရောက်လာတော့ နေ့ရထိုင်ရ မသက်သာကြောင်းကို သည်သို့ ဖွင့်ပြောခဲ့သည်။

မနက်၊ ဆယ်နာရီ။

ဆရာဝန်ကြီး လာကြည့်ပြီး ဆေးထိုးပေးသွားသည်။

ခေါင်းထူလို့ မရှုရုံမက ရေမျိုရသည်မှာပင် လည်ပင်းနင်နေသည်။

ခေါင်းက တစ်နေ့လုံး မထူနိုင်။

ညဉ့်ဘက် အဖျားတက်လာသည်။

ဆေးမှူး အောင်မြတ်ကလည်း သူ့ဘတ်သမ္မေ့ လုပ်ကိုင်ပြုစုပေးသည်။ မနက်ဆရာဝန်ကြီးကိုသေသေချာချာ ပြောပြီး သတင်းပို့ပေးမည့်အကြောင်း ပြော၍ အားပေးခဲ့သည်။

တစ်ညဉ့်လုံးအော်ဟစ်နေသဖြင့် အောင်မြတ်က အိပ်ဆေးတိုက်ထားလိုက်သည်။

....o....

www.burmeseclassic.com

www.burmeseclassic.com

သောကြာနေ့။

ဆရာဝန်ကြီးက သေသေချာချာ စမ်းသပ်ပြီး ဆေးထပ်ထိုး၍ သူ၏သွေးကို ဖောက်ယူသွားခဲ့သည်။

...၀...

စနေနေ့။

အင်းစိန်ထောင်ကို ဝင်လာသည့် အပေါက်က ပြန်မထွက်ရတော့ဘဲ ထောင်နောက်ဘက် မလှမ်းသောပေါက်မှ ထွက်ခဲ့ရသည်။

မျဉ်းကြမ်းနှင့် ရိုက်ထားသည့် 'ခေါင်း'ထဲမှာ။

ဘဝဆိုတာ။

နားကြပါဦးစို့။

ကျော်မြသန်း

www.burmeseclassic.com